www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

ကြယ်မှုင့်စာပေ

www.linhtet.com



www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

**ကြယ်ပွင့်စာပေ**

အမှတ် (၄၄-ဘီ)၊ မြေညီထပ်၊ ၈၇ လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉-၅၁-၄၈၄၁၅။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအားဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ် တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

# ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်မှ
# ရယ်မောစရာ ဟာသများ

ပဉ္စမံဒီရိုင်း

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

## ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၁၆၈၄၀၆၁၂ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၈၀၃၉၉၀၄၀၇ |
| စီစဉ်သူ | - | ကြယ်ပွင့်စာပေ |
| ထုတ်ဝေသည့်အကြိမ် | - | ပထမအကြိမ် |
| ထုတ်ဝေသည့်ကာလ | - | မတ်လ၊ ၂၀၀၈ ခုနှစ် |
| ကွန်ပျူတာစာစီ | - | ကြယ်ပွင့် |
| မျက်နှာဖုံးပန်းချီ | - | မောင်နေကြည်နှင့်အဖွဲ့ - ဝင်း |
| အဖုံးဖလင် | - | EMPIRE |
| အတွင်းဖလင် | - | အေဇက် |
| စာအုပ်ချုပ် | - | ဖူးပွင့်မွေး |
| အတွင်းပုံနှိပ်နှင့် | - | ဒေါ်ခင်အေးမြင့် (၀၅၉၀၁) |
| မျက်နှာဖုံးပုံနှိပ် | - | ရာပြည့်ပုံနှိပ်တိုက်<br>တိုက်ခွဲ ၁၉၉၊ လမ်း ၅၀၊<br>ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ |
| ထုတ်ဝေသူ | - | ဦးကျော်ဆန်း<br>ရဲအောင်စာပေ (၀၉၃၂)<br>အမှတ် ၂၊ ချွန်းလမ်း ၁၊<br>မင်္ဂလာတောင်ညွန့်မြို့နယ်။ |
| အုပ်ရေ | - | ၁၀၀၀ |
| တန်ဖိုး | - | ၁၁၀၀ ကျပ် |

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

# မာတိကာ

- စာရေးသူ၏အမှာ ၇
၁။ အလှူဒါနပြုကြသူငှာ ၉
၂။ မြင့်တာချင်းသာ ယှဉ်မယ်ဆိုလျှင် ၁၂
၃။ ဆံပင်ရှည်စိတ်ကူး ၁၇
၄။ မတက်ရမနေနိုင်ပေါင် ၂၂
၅။ ရပ်ကွက်ထဲမှ လူ့ခွစာကြီးများ ၂၇
၆။ ခင့်အပူ . . . ကိုယ့်အလွဲရယ်က . . . သမီးခမျာ အသက်ပါတော့မလို့ ၃၂
၇။ ဒါမျိုးကြီးလည်း ဖြစ်တတ်ပါတယ် ၄၄
၈။ အားလုံးကြောင့်ငိုရပါသည် ၄၉
၉။ သန်းခေါင်ယံမှ ရောက်လာတတ်သူ ၅၉
၁၀။ ပျက်သုန်းသွားသော စိတ်ကူးများ ၆၃
၁၁။ ရွှေညောင်ပင်နတ်မဟုတ်ရပါ ၆၈
၁၂။ လွဲချက်ကယ်နာကိုကိုဖေသာ ၇၂
၁၃။ ကြုံတွေ့ခဲ့ရသော လူထူးလူဆန်းအချို့ ၈၀
၁၄။ ပုဆိုးကြော်ငြာများ ၈၄
၁၅။ မိန်းမတို့အကြောင်း ၉၀
၁၆။ ကိုယ့်ရာဇဝင်မှာ ကိုယ်ဟာ “နည်းပြ” ပါ ၉၇

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

၁၇။ ဖြစ်မှဖြစ်ရလေ ၁၀၅

၁၈။ ဗေဒိုးပုံရွာနဲ့ သဝေထိုးပုံရွာက အဖြစ်အပျက် ၁၁၁

၁၉။ ဂျာနယ်လစ်ရာဇာသိုင်းကျမ်း ၁၁၇

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

## စာရေးသူ၏အမှာ

စာအုပ်ထဲတွင်ပါရှိသော ကျွန်တော်တို့ လူ့ပတ်ဝန်းကျင်မှ ရယ်စရာအကြောင်းအရာများသည် ဖတ်စရာဂျာနယ်၊ သတင်းစုံဂျာနယ်၊ အင်တာဗျူးဂျာနယ်၊ မဟာဂျာနယ်၊ ပြည်မြန်မာဂျာနယ်၊ ရယ်စရာမဂ္ဂဇင်း၊ (မုခ) မဂ္ဂဇင်း၊ ရတီမဂ္ဂဇင်းတို့တွင် ဖော်ပြပါရှိသော စာမူများကို ပြန်လည်ပြင်ဆင်ရေးသားထားခြင်း ဖြစ်ပါသည်။ ဤစာအုပ်ထဲမှ အကြောင်းအရာအချို့ကိုဖတ်ကြည့်ပြီး ရယ်မိ၊ ပြုံးမိပါသည်ဆိုလျှင်တော့ ထိုစာဖတ်သူများကိုပဲ ရည်ညွှန်းပါသည်။ တစ်ဆက်တည်းဆိုသလို 'ပြည်မြန်မာ' ဂျာနယ်တွင် အပတ်စဉ်အခန်းဆက် ရေးသားခဲ့သော ကျွန်တော်တို့ရဲ့ အနုပညာလောကကို သရော်ထားသည့် "ဂျာနယ်လစ်ရာဇာသိုင်းကျမ်း" စာမူကိုပါ ယခုဤစာအုပ်တွင် ပြန်လည်ဖော်ပြထားပါသည်။ ခေတ်တစ်ခေတ်မှာ ဖြစ်ခဲ့တဲ့ အကြောင်းအရာတွေလည်း ဖြစ်ပါသည်။

လေးစားစွာဖြင့်
**ပဥ္စမံဒီရိုင်း**

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

## အလှူဒါနပြုကြသူငှာ

ဒီနေ့ တနင်္ဂနွေနေ့။ ရုံးပိတ်ရက် အားလပ်ရက်ဖြစ်လို့ အိမ်ရှေ့မှာ ကိုအုန်းကျော်တစ်ယောက် ပက်လက်ကုလားထိုင်မှာထိုင်ရင်း အေးအေးဆေးဆေး ဟိုတွေး ဒီတွေး,တွေးရင်း အနားယူနေတာ ပင်လယ်ကမ်းခြေမှာ ဇိမ်ယူနေတဲ့ အတိုင်းပဲ။

ကိုအုန်းကျော်ရဲ့အိမ်က လမ်းမကြီးရဲ့ ဘေးမှာရှိတာမို့ ကားတွေ၊ ဆိုက်ကားတွေက ဥဒဟိုပြေးလွှားနေတယ်။ ဒီကြားထဲ စက်ဘီးတွေက ပါသေး။

ကိုအုန်းကျော်ကတော့ ဆေးပေါ့လိပ်ကိုဖွာရင်း ပတ်ဝန်းကျင်ကို မစူးစမ်းမလေ့လာပေမယ့် သူ့နားထဲအသံတွေက တရစပ်ဝင်လာနေတယ်။ အသံတွေ ကြားနေရတယ်။

"ဟုတ်ကဲ့ ခင်ဗျား။ ဧရာဝတီတိုင်း ဘိုကလေးမြို့နယ်မှာ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



သီတင်းသုံးမယ့် ရဟန္တာရှင်သီဝလိကိုယ်တော်မြတ်ကြီးဟာ ရပ်ထဲဒေသစာရီကြွချီလို့လာပါပြီ။ သဒ္ဓါကြည်လင် ပါရမီရှင်များအနေနဲ့ သဒ္ဓါတတ်အား နည်းများမဆို ကုသိုလ်တော်ယူနိုင်ကြပါပြီ ခင်ဗျာ”

ကိုအုန်းကျော်က ဆေးပေါ့လိပ်ကို ဆက်ဖွာနေတယ်။

“ကျန်းမာပါစေ၊ ဘေးရန်ဝေးကွာအေးငြိမ်းကြပါစေ၊ မိမိကောင်းမှုအကြောင်းပြု တောင်းဆုပြည့်ပါစေ။ သဒ္ဓမဝါစ သီလရှင်စာသင်တိုက်မှ ဆွမ်းဆန်စိမ်းအလှူခံပါတယ်”

ကိုအုန်းကျော်ရဲ့ သမီးက ဆန်ထွက်လောင်းတယ်။ ကိုအုန်းကျော်က ဆေးပေါ့လိပ်ဖွာနေဆဲ။

“သုစိတ္တာလူငယ်လေးများ အင်္ဂါပတ်ဆွမ်းလောင်းအဖွဲ့ အလှူခံရောက်ရှိလို့လာပါပြီ”

ကိုအုန်းကျော်ရဲ့မိန်းမ မခင်အေးက ငွေနှစ်ဆယ်လှူလိုက်တယ်။

“စေတနာရှင် ဦးအုန်းကျော်မိသားစုက ငွေနှစ်ဆယ်ကျပ်”

လူငယ်လေးတစ်ဦးရဲ့ အော်သံကိုကြားရတယ်။ ကိုအုန်းကျော်က ဆေးလိပ်ဆက်ဖွာနေရာကရပ်ရင်း လမ်းမဘက်ကို ကြည့်လိုက်တယ်။

“ဆွမ်းအလှူရှင် ဒါယိကာ၊ ဒါယကာမတို့ ရဟန်း၊ သံဃာစာသင်သားတွေကို ဆွမ်းဆန်စိမ်းလှူရတာ မွန်မြတ်တဲ့ကုသိုလ်ပါပဲ။ စာသင်သား သံဃာတော်တွေဟာ ဒါယိကာ၊ ဒါယကာမတို့ လှူဒါန်းတဲ့ဆွမ်းကိုဘုန်းပေးရင်း မြတ်စွာဘုရားရှင်ရဲ့ ပရိယတ္တိ၊ ပရိပတ္တိစာပေများကို သင်ကြားနိုင်မှာမို့ ဆွမ်းဆန်အိတ်လေးများ အိမ်တိုင်ရာရောက် ဝေငှပါတယ်။ လှူဒါန်းကြပါလို့”

ကိုအုန်းကျော်ရဲ့ အိမ်ရှေ့ခြံတံခါးရှေ့မှာ စာအိတ်တစ်အိတ်လာချိတ်တာကို ကိုအုန်းကျော် မြင်နေရတယ်။

“ကန်တော့ပါသေးရဲ့”

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



သမီးဖြစ်သူအသံကို ကြားရတယ်။

"ဗျို့ . . . ကိုအုန်းကျော် . . . ရပ်ကွက်ကထိန်အတွက်ရော၊ လမ်းမီးထွန်းဖို့ရော အလှူခံဗျို့"

အိမ်ထဲဝင်လာတဲ့ လမ်းအကျိုးဆောင်အဖွဲ့ကို ကိုအုန်းကျော် ငွေတစ်ရာလှူပြီး ကုလားထိုင်မှာ ပြန်ထိုင်လိုက်တယ်။

"အဖေ လမ်းထိပ်က တန်ဆောင်တိုင်လပြည့်နေ့ မဟာဒုတ် မဲဖောက်မှာမို့ သားတို့က ဘုရားတစ်ဆူလှူရမယ်ဆိုလို့ စာရင်းပေးခဲ့တယ်"

သားဖြစ်သူက အိမ်ထဲဝင်လာရင်း လှမ်းပြောလိုက်တယ်။ ကိုအုန်းကျော်က ဆေးလိပ်ကို ဆက်ဖွာနေတယ်။ ဆေးလိပ်ကုန်ခါနီး လောက်မှ ကိုအုန်းကျော်ကုလားထိုင်ပေါ်မှာ အိပ်ပျော်သွားတာ နေ့လယ် လောက်မှ နိုးတယ်။

"အုန်းကျော်ကြီးရေ့ . . မင်းဆီကို မလာလို့က မဖြစ်လို့ဟေ့။ ဟိုဘက်ရပ်ကွက်က ပဋ္ဌာန်းပွဲမှာ မင်းက မနက်အရုဏ်ဆွမ်းအတွက် တတ်နိုင်သလောက် ကူဦးဟေ့"

ကိုအုန်းကျော်အိမ်ထဲ သူငယ်ချင်းတွေ ဝင်လာကြတယ်။ ကိုအုန်းကျော်က ကုလားထိုင်မှထရင်း သူငယ်ချင်းတွေကို ခုံတွေချပေး ထိုင်ခိုင်းရင်း စကားပြောနေတုန်း ခပ်ဝေးဝေးလော်စပီကာက အသံကို ကြားနေရသေးရဲ့။

"ဒီသိမ်တော်ကြီးကို လှူခြင်းအားဖြင့် မိမိဘဝမှာ ပြည့်စုံပြီး"

(ဖတ်စရာဂျာနယ်)

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

## မြင့်တာချင်းသာ ယှဉ်မယ်ဆိုလျှင်

ဦးတင်ငြိမ်းတစ်ယောက် ကျိုက်ထီးရိုးဘုရား မရောက်ဖြစ်တာ အတော်ကြာပြီ။ ကိုယ်က လူပျိုကြီးဆိုပေမယ့် တူတွေ၊ တူမတွေကိစ္စ ဝိုင်းလုပ်ပေးရ၊ ကိုယ့်စီးပွားရေး ကိုယ်လုပ်ရနဲ့မို့ ခရီးကသိပ်မသွားဖြစ်၊ ဒီကြားထဲ တန်ခိုးကြီးဘုရားတွေ ဖူးချင်တာလည်း မဖူးရလို့ တီဗွီကသတင်း ကြည့်ပြီး လက်အုပ်ပဲ ချီနေရတယ်။

"ဗျို့ . . . ကိုတင်ငြိမ်း။ ကျုပ်တို့လက်ဖက်ရည်ဆိုင်ထိုင်တဲ့ သူတွေ ကျိုက်ထီးရိုးဘုရားဖူးသွားကြမယ်။ အခုမှ ဘုရားပွဲက စဖွင့်တာ ဆိုတော့ လူကလည်း သိပ်မများသေးဘူး။ ကားနဲ့တက်လို့ရတယ်ဆိုတော့ အဆင်ပြေတယ်ဗျာ"

"အေးဗျာ. . . ဘုရားမဖူးရတာလည်းကြာတော့ လိုက်မယ်"

အဲဒီလိုနဲ့ လက်ဖက်ရည်ဆိုင်ထိုင် မိတ်ဆွေတွေစုပြီး ကားငှား

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ရင်နဲ့ ဦးတင်ငြိမ်း ကျိုက်ထီးရိုးဘုရားဖူး ဖြစ်ပါတယ်။ ဦးတင်ငြိမ်းအဖို့ မြို့ပြရဲ့ မွန်းကျပ်မှုတွေကို ထွက်ပြေးလာရလို့ ကျေနပ်မဆုံး။

"ကြည့်စမ်းဗျာ။ ဟိုတုန်းကနဲ့ ဘယ်တူမလဲ။ တခြားစီပဲဗျာ"

ကင်မွန်းစခန်းကစလို့ ပြောင်းလဲလာမှုတွေနဲ့ ပတ်သက်ပြီး ဦးတင်ငြိမ်းက မှတ်ချက်ချပါတယ်။

ဒါ့အပြင် မော်တော်ကားနဲ့ တောင်ကိုတက်တော့ ဦးတင်ငြိမ်း ရင်ထဲမှာ အသည်းတယားယား။ မတ်စောက်တဲ့ ဒီလောက်တောင်တွေကို ဘာအန္တရာယ်မှ မဖြစ်အောင်မောင်းတဲ့ ကားမောင်းသူကိုလည်း ချီးကျူးနေမိတယ်။ မော်တော်ကားစီးရင်း ပတ်ဝန်းကျင်ရဲ့ အလှအပတွေကို ဦးတင်ငြိမ်း ခံစားနေမိတယ်။

"ဟော့ . . . နိုင်ငံခြားက ရိုလာကိုစတာကို သနားတယ်။ ဒီလိုတောင်တက်ကားကို လာစီးခိုင်းစမ်းဗျာ။ နိုင်ငံခြားသားတွေ အသည်းအေးတာမှ ပိုးစက်ပက်စက်ကို အေးသွားမှာဗျို့"

ဒီကြားထဲ ဦးတင်ငြိမ်းက ချီးမွမ်းခန်းဖွင့်သေးရဲ့။

ဘုရားရင်ပြင်တော်ပေါ်ရောက်တော့လည်း ဘုရားကို အရင်ဖူးပြီး ဘေးဘီဝဲယာကို ကြည့်မိတယ်။ ပေပေါင်းထောင်ကျော်မြင့်ရာကနေ ပတ်ဝန်းကျင်ကိုကြည့်ရတာ ကြည်နူးစရာ။ ဒီအထဲ နှင်းငွေ့တွေက မျက်နှာကို လာပြီးထိတွေ့ကျီစားလို့ အေးခနဲ၊ အေးခနဲ။

"ဘာစားမလဲ၊ ဘာသောက်မလဲရှင်"

ဦးတင်ငြိမ်းထင်နေတာက ကျိုက်ထီးရိုးမှာ ထမင်းစား။ လက်ဖက်ရည်သောက်ရင် ဈေးကြီးမယ်လို့ ပြောကြတာလည်း ကြားဖူးရဲ့။ ဒါပေမယ့် ဦးတင်ငြိမ်းက လက်ဖက်ရည်သောက်တယ်။ ထမင်းစားတယ်။ ခေါက်ဆွဲပြုတ်သောက်တယ်။ ရန်ကုန်နဲ့ဈေးက နှစ်ဆယ်၊ အစိတ်ပဲ ကွာတယ်။ ကျိုက်ထီးရိုးဘုရားဖူးရင်း ဦးတင်ငြိမ်း အရသာအရှိဆုံးက

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



မနက်စောစော အေးမြတဲ့အရသာကို ခံစားရင်း လက်ဖက်ရည်သောက်ပြီး ရေနွေးကြမ်းလေး တစိမ့်စိမ့်သောက်၊ ဆေးလိပ်ကလေးဖွာနေရတာ ဘာနဲ့မှမလဲနိုင်။

ရန်ကုန်ပြန်ရောက်တော့ အိမ်မှာ ကျိုက်ထီးရိုးဘုရားဖူးခြင်း အကြောင်းကို ပြောတော့တာပါပဲ။

ဒီလိုနဲ့ တစ်နေ့မှာ စမ်းချောင်းဘက်မှာနေတဲ့ ညီမကမွေးတဲ့ တူတော်မောင် ရောက်လာတယ်။ ဦးတင်ငြိမ်းကို ဂျော်ဒန်နိုးဆိုင်က စပို့ရှပ်ဝယ်ပေးချင်လို့ မြို့ထဲလိုက်ခဲ့ပါ။ ထမင်းကျွေးမယ်ဆိုပြီး ကားနဲ့ ခေါ်သွားတယ်။ ဦးတင်ငြိမ်းက ဂျော်ဒန်နိုးဆိုင်က သူအကြိုက်ဆုံး ကြက်သွေးရောင် စပို့ရှပ်ရွေးတယ်။ သူ့တူတော်မောင်က ကျသင့်ငွေကို ပေးလို့။

"လေးလေးကို ပြောရဦးမယ်။ ရန်ကုန်မြို့ရဲ့ အမြင့်ဆုံးဟိုတယ်ကြီးရဲ့ အပေါ်ဆုံးထပ်မှာရှိတဲ့ လက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည် တိုက်မယ်။ အဲဒီဟိုတယ်အမြင့်ကြီးပေါ်ကနေ လက်ဖက်ရည်သောက်ရင်း ရန်ကုန်မြို့ရဲ့ ရှုခင်းကိုကြည့်ရတာ အဲကွန်းကဖွင့်ထားတော့ အေးကအေး သိပ်အရသာရှိတာ။ လေးလေးကို ကြုံတုန်းပြရမယ်"

တူတော်မောင်ရဲ့ ကောင်းမှုကြောင့် ဟိုတယ်ကြီးရဲ့ အမြင့်ဆုံး ထပ်က လက်ဖက်ရည်ဆိုင်ကို ဓာတ်လှေကားစီးပြီး တက်လာခဲ့တယ်။ လက်ဖက်ရည်ခန်းထဲဝင်တော့ အေးလိုက်တာဆိုတာ စောင်တောင်ခြုံထား ရမတတ်ဘဲ။ ဟုတ်ပါရဲ့။ တူတော်မောင်ပြောတဲ့အတိုင်း အပေါ်စီးကနေ ရန်ကုန်မြို့ရဲ့ ရှုခင်းတွေကို မြင်နေရတာ။ ရွှေတိဂုံဘုရား သပ္ပာယ်ပုံကို လည်း အံ့မခန်း။ ဟိုးအဝေးက စိမ်းလန်းနေတဲ့ လယ်ကွင်းတွေ၊ တိုက်တွေနဲ့။

"မင်းတို့လက်ဖက်ရည်ကလည်း တစ်မျိုးပါလားကွ။ ကိုယ့်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ဘာသာကိုယ် ဖျော်သောက်ရတာပဲ။ မှာဦးကွ။ ရေနွေးပါလာချဦးလို့။ ဆေးလိပ်လည်းလုပ်ဦး”

ဝန်ထမ်းကောင်မလေးကို တူတော်မောင်က ရေနွေးတစ်အိုးနဲ့ ဆေးလိပ်တစ်ဗူးမှာပါတယ်။ လက်ဖက်ရည်လေးသောက်လိုက်၊ ရေနွေးလေးသောက်လိုက်၊ ဆေးလိပ်ကလေးဖွာလိုက်၊ ရှုခင်းတွေကို အပေါ်စီးကနေကြည့်လိုက်၊ တူတော်မောင်နဲ့ စကားပြောလိုက် ရေနွေးကုန်လို့ ထပ်မှာလိုက်နဲ့ ရေနွေးတောင် သုံးအိုးကုန်သွားပါတယ်။

“ပိုက်ဆံရှင်းမယ်ဟေ့”

ဒီလိုနဲ့ အချိန်အတော်ကြာတော့ တူတော်မောင်က ပိုက်ဆံရှင်းဖို့ ခေါ်လိုက်ပါတယ်။ မကြာပါ။ ဘောက်ချာစာရွက်ကို ဝန်ထမ်းမလေးက လာပေးပါတယ်။ ဘယ်လောက်ကျလဲလို့ ဦးတင်ငြိမ်းကြည့်လိုက်တော့ ‘ဟိုက်’ လို့ ရေရွတ်မတတ်ပါပဲ။

လက်ဖက်ရည်နှစ်ခါက် = ၂၈၀၀ ကျပ်

ရေနွေး (၃)အိုး = ၃၉၀၀ ကျပ်

၆၇၀၀ ကျပ်

“ဘုရား . . . ဘုရား လက်ဖက်ရည်တစ်ခွက် တစ်ထောင့်လေးရာ၊ ရေနွေးတစ်အိုး တစ်ထောင့်သုံးရာ ငါနှမျောလိုက်တာကွာ”

“ဘာနှမျောစရာလိုလဲ လေးလေးရ။ ဒီလောက်မြင့်တဲ့ ဟိုတယ်ကြီးမှာ လေအေးစက်လည်း ဖွင့်ထားသေး။ ရှုခင်းတွေကိုမြင်ရသေး။ ဒီဟိုတယ်ရဲ့ ဝန်ဆောင်မှုအတွက်တော့ ပေးရမှာပေါ့”

တူတော်မောင်က ရှင်းပြပါတယ်။

“ဟ. . . ဒီလိုမြင့်တဲ့နေရာမှာသာဖွင့်လို့ ဈေးပိုပေးရကြေးဆို ငါဘုရားဖူးခဲ့တဲ့ ကျိုက်ထီးရိုးဘုရားက ဈေးသည်တွေပါ ပါလို့ရမှာပေါ့ကွာ။ ဒီဟိုတယ်နဲ့ ပေပေါင်းအဆပေါင်းထောင်ပေါင်းများစွာ မြင့်တယ်ကွာ။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



လေကလည်း ဘာအေးသလဲမမေးနဲ့။ အဲကွန်းတောင် သနားတယ်။ နှင်းတွေကလည်း စဉ်ဆက်မပြတ်ကျတယ်ကွာ။ လက်ဖက်ရည်ရှယ်မှ တစ်ရာ့ငါးဆယ်။ ရေနွေးအလကားရတယ်။ မင်းဒီဟိုတယ်က ကျိုက်ထီးရိုးဘုရားရင်ပြင်တော်ပေါ်က ဆိုင်တွေလောက်မမြင့်ဘဲနဲ့။ အထပ်မြင့်လို့ ပိုက်ဆံပိုယူကြေးဆို ကျိုက်ထီးရိုးဘုရားက ဆိုင်တွေက ပိုယူရမှာပေါ့ကွ"

ဦးတင်ငြိမ်းရဲ့ တူတော်မောင်ကို စကားပြောတဲ့အသံက နည်းနည်းကျယ်တော့ ဘေးနားက ဝိုင်းတွေက လူတွေကလည်း ကြားရဆိုတော့ သူတို့လည်း ပြုံးစိစိနဲ့။

ရပ်ကွက်ထဲရောက်တော့လည်း အထက်ပါစကားကို ဦးတင်ငြိမ်းက ကြုံတိုင်း အခုထိပြောမဆုံး။

၂၉ ရက်၊ နိုဝင်ဘာလ၊ ၂၀၀၅ ခုနှစ်
ဖတ်စရာဂျာနယ်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

## ဆံပင်ရှည်စိတ်ကူး

ဒေါ်ခင်တင့်တစ်ယောက် တီဗွီက အိန္ဒြာကျော်ဇင်နဲ့ ကင်းကောင်ရဲ့ ရှမ်ပိုကြော်ငြာတိုင်း သူ့ရဲ့ထုံးထားတဲ့ဆံပင်ကို ကိုင်ကိုင်ကြည့်မိရဲ့။ ကြော်ငြာထဲမှာက ဆံပင်ရှည်တွေ ဈေးကောင်းပေးဝယ်တယ်ဆိုပြီး ကင်းကောင်ကအော်ရင်း သရုပ်ဆောင်လို့ပါ။ အိန္ဒြာကျော်ဇင်က ကင်းကောင်ကို ပြောသေးတယ်။ ရှမ်ပိုနဲ့ပဲလျှော်လို့ ဆံပင်တွေရှည်တာဆိုတော့ ဒေါ်ခင်တင့်က ရယ်တောင်ရယ်မိသေးရဲ့။ ဟုတ်တယ်လေ။ သူ့မှာရှိတဲ့ ဒီဆံပင်တွေက အခုအသက်ခုနစ်ဆယ်နားနီးတဲ့အထိ နက်မှောင်သန်စွမ်း ဆံပင်မဖြူဘဲနေတာက တရော်၊ ကင်ပွန်းနဲ့ လက်ဖြစ်ခေါင်းလျှော်ရည်ကို တစ်သက်လုံးလျှော်လာတာဆိုတော့ သူလိုအမျိုးသမီးတွေများရင် အဲ့ဒီကြော်ငြာထဲက ရှမ်ပို မွဲရချည်ရဲ့လို့ သူသွားကြည့်တဲ့ခေါင်းရင်းအိမ်က တီဗီရှေ့မှာ ခဏခဏပြောလို့ သူ့စကားကို ကလေးတွေကတောင် အလွတ်

**ကြယ်ပွင့်စာပေ**

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ရနေပြီ။

"မခင်တင့်ရယ်. . . နင့်ကိုလေ ငါချစ်သွားတာ နင့်ရဲ့မိန်းကလေးပီသတဲ့ ဆံပင်တွေရှည်တာလည်း ပါတာပေါ့ဟာ"

အဲဒီစကားကို ယောကျ်ားဖြစ်တဲ့ ကိုဖိုးမောင်က ကွယ်လွန်သည်အထိ ဒေါ်ခင်တင့်ကို တဖွဖွ ပြောမဆုံး။ ဒေါ်ခင်တင့်ကလည်း အဲဒီလိုပြောတိုင်း သဘောကျလို့ မဆုံး။

ဒေါ်ခင်တင့်မှာက သားသမီးဆိုလို့ သားတစ်ယောက်၊ သမီးတစ်ယောက်ပဲရှိတယ်။ သားသမီးနှစ်ဦးစလုံးက ရန်ကုန်မှာ မရှိဘူး။ နယ်မှာပဲနေတယ်။ နယ်မှာခရီးသွားရင်း အိမ်ထောင်ကျကြတာဆိုတော့ ဒေါ်ခင်တင့်က အိမ်မှာရပ်ကွက်ထဲက ပစ္စည်းလေးတွေ အပေါင်ခံရင်း ဝမ်းရေးကို ဖြေရှင်းရတာ။

"ဆံပင်တွေ ဈေးကောင်းပေးပြီး ဝယ်တယ်"

"ဆံပင်ရှည်တွေ ဈေးကောင်းပေး ဝယ်တယ်"

အဲဒီအသံတွေကို ဒေါ်ခင်တင့်ရဲ့ အိမ်ရှေ့ကနေ အော်အော်သွားတာ ခဏခဏ ကြားရတယ်။ ယောကျ်ားတွေကော၊ မိန်းမတွေကော။ ယောကျ်ားတွေက ဆာလာအိတ်ကိုင်ထားရင်း အော်တာတစ်မျိုး၊ မိန်းမတွေကြတော့ ဆွဲခြင်းကို လက်ကဆွဲရင်းအော်တာ။

အဲဒီဆံပင်တွေဝယ်တယ်ဆိုတဲ့ အသံကြားတိုင်း ဒေါ်ခင်တင့်က သူ့ဆံပင်တွေ လက်နဲ့စမ်းစမ်းမိရဲ့။ ဒါပေမယ့် ဘယ်ဈေးပေးမှန်းမသိလို့ ဆံပင်ဝယ်တဲ့သူကို မေးလည်းမမေးမိ။ ပြီးတော့ ဒီဆံပင်တွေကို ဝယ်တဲ့သူတွေက ဘာပြန်လုပ်ရမှာလဲဆိုတာကိုလည်း သိပ်သိချင်နေရှာပေါ့။

တစ်နေ့တော့ ဒေါ်ခင်တင့်လမ်းထိပ်က လက်ဖက်ရည်ဆိုင်ရှေ့ ထီရောင်းတဲ့လှည်းတွေ့လို့ ထီဝင်ထိုးတယ်။ သူ့မှာ ဆန္ဒတစ်ခုက ရှိတယ်။ အဲဒါက သမီးနဲ့သားက မွေးတဲ့ယောကျ်ားလေး မြေးနှစ်ယောက်ကို

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ရှင်ပြုပေးချင်လို့။ ထီသာပေါက်ရင် ပွဲကပြီးပြီ။ ဒါနဲ့ ထီထိုးပြီး လမ်းထိပ်က လက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည်သောက်တယ်။

မနက်ပိုင်းဆိုတော့ လက်ဖက်ရည်ဆိုင်က လူပြည့်နေတာပေါ့လေ။ ဒါနဲ့ ဒေါ်ခင်တင့်လည်း လွတ်တဲ့ခုံတစ်လုံးမှာ ဝင်ထိုင်ရင်း လက်ဖက်ရည်သောက်တယ်။

သူထိုင်တဲ့စားပွဲမှာက ရပ်ကွက်ထဲက ကိုသာဝင်း။ ကိုထွန်းမြင့်နဲ့ ဦးတင်မောင်တို့ရှိတယ်။ ကိုသာဝင်းက အားကစားဂျာနယ်တစ်စောင်ကို ဖတ်နေတယ်။ အဲဒီဂျာနယ်ကိုဖတ်ရင်း ကိုသာဝင်းက အံ့အားတသင့်နဲ့ ပြောပါတယ်။

"ဟာဗျာ. . . အာဆင်နယ်အသင်းက ဂိုးသမားဟောင်းကြီး ဆီးမင်းက ဘော်ဘီမိုးရဲ့ လူမှုရေးရန်ပုံငွေအတွက် သူ့ရဲ့ဆံပင်ရှည်တွေကို ဖြတ်ရောင်းတာ ပေါင်တစ်သောင်းတောင် ရတယ်တဲ့။

လက်ဖက်ရည်သောက်ရင်း ဒေါ်ခင်တင့်က ကိုသာဝင်းရဲ့ စကားကို စိတ်ဝင်စားသွားတယ်။

"သာဝင်းရ. . . ဒါဆို ပိုက်ဆံတွေ ဘယ်နည်းမလဲကွ။ ရလှချည်လား"

ဦးတင်မောင်က ကိုသာဝင်းကို မေးလိုက်ပါတယ်။

"ဘယ်နည်းမလဲ ဦးတင်မောင်ရ"

အဲဒီစကားကြားတော့ ဒေါ်ခင်တင့် မသိမသာ သူ့ဆံပင်တွေကို ကိုင်ကြည့်ရင်း ရင်ထဲမှာ အတော်ဝမ်းသာလုံးဆို့သွားတယ်။ သူ့အတွေး တွေထဲမှာ အတော့်ကို ဟုတ်နေလို့။

အိမ်လည်းရောက်ရော ခေါင်းကိုလျှော်ပါတယ်။ ခေါင်းကို ခြောက်အောင်လုပ်ပြီးတော့ သနပ်ခါး၊ ခြေဆုံးခေါင်းဆုံးလိမ်းရင်း လမ်းမဘက်ကိုပဲ ဆေးပေါ့လိပ်ဖွာရင်း ကြည့်ကြည့်နေရဲ့။ အတွေးထဲမှာ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



မြေးနှစ်ယောက်ရဲ့ ရှင်ပြုပွဲက အတော့်ကို စည်ကားနေလို့။

"ဆံပင်ရှည်တွေ ဈေးကောင်းပေးဝယ်တယ်။ ဆံပင်တွေ ဝယ်တယ်"

ဒီအချိန်မှာပဲ လမ်းမကနေ ဒေါ်ခင်တင့် သူသိပ်ကြားချင်တဲ့ အသံကြားရလို့ အော်ခေါ်လိုက်တယ်။

"အဒေါ်ကြီး ဆံပင်ရောင်းမလို့လား"

"အေး . . . ငါ့ခေါင်းက ဆံပင်ရောင်းမလို့။ ဘယ်ဈေးလဲ"

"အဒေါ်ကြီးဆံပင်တွေက နက်နေတာပဲ။ ဆံပင်ကောင်းတယ်။ တစ်ပိဿ တစ်သောင်းပေးမယ်"

"တစ်သောင်းဟုတ်လား"

ဒေါ်ခင်တင့် ထခုန်မတက် ဝမ်းသာသွားတယ်။ သူ့မျက်စိထဲမှာ ငွေတွေအပုံလိုက် မြင်နေမိတယ်။

"ဒါနဲ့ တစ်သောင်းဆိုတာ ပေါင်တစ်သောင်းနော်။ မြန်မာငွေနဲ့ ပေးမှာလား"

သူ့စကားကြောင့် ဆံပင်ရောင်းသူမျက်လုံး ပေကလပ်ပေကလပ် ဖြစ်သွားတယ်။

"မြန်မာငွေနဲ့ပေါ့ အဒေါ်ရာ။ တစ်ပိဿကို မြန်မာငွေ တစ်သောင်းပေးမယ်"

"ဘာ . . . မြန်မာငွေတစ်သောင်း။ နင်တို့ ဒါမျိုး ငါ့ကို လူလည်မကျနဲ့။ ငါ့ကို အနေတယ်များထင်နေလား။ ငါလက်ဖက်ရည် ဆိုင်မှာ ကြားပြီးပြီ။ ဆီးမင်းက ဘော်ဘီမိုးရဲ့ ရန်ပုံငွေအတွက် သူ့ဆံပင် ချိန်တောင်မချိန်ဘဲ ဖြတ်ရောင်းတာ ပေါင်တစ်သောင်းရတယ်တဲ့။ နင်ကငါ့ကို လာပြီးမလိမ်နဲ့။ ခင်တင့် အသက်သာကြီးမယ် မအဘူးဟေ့"

"ဗျာ. . . အဒေါ်ကြီး . . . ဒုက္ခပါပဲ။ ဟိုဟာက အင်္ဂလန်မှာဗျ။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



မြန်မာနိုင်ငံမှာ မဟုတ်ဘူး။ ဒုက္ခပါပဲ။ ဈေးဦးမပေါက်ရတဲ့ကြားဗျာ။ ရန်တွေ့ခံရသေးတယ်"

"ဟေ. . . ဟုတ်လား။ သိပါဘူးဟယ်။ ငါက မြန်မာနိုင်ငံမှာ မှတ်လို့"

ဆံပင်တွေဝယ်သူက ဒေါ်ခင်တင့်အနီးအနားကနေ ထွက်သွားပါတယ်။

ဒေါ်ခင်တင့်ကတော့ သူ့ဆံပင်ကို လက်နဲ့ကိုင်ရင်း တွေတွေကြီး ကျန်ရစ်လို့။

ပြောမယ့်သာပြောတာ၊ နေ့လယ်ခင်း တရေးတမောအိပ်ရင်း ဒေါ်ခင်တင့် အိပ်မက်သေးရဲ့။ အိပ်မက်ထဲမှာ သူ့ဆံပင်တွေကို အင်္ဂလန်မှာ သွားရောင်းတာ ပေါင်စတာလင်တွေ အများကြီးရလို့ နယ်မှာမြေးနှစ်ယောက်ကိုရှင်ပြုတာ လာလိုက်ကြတဲ့ ပရိသတ်တွေတဲ့။

ဒီအကြောင်းတွေကို ညဘက်တီဗွီကြည့်ရင်း ဒေါ်ခင်တင့် ပြောတော့ ဘာပြောကောင်းမလဲ ရယ်လိုက်ကြတာဆိုတာ။

၆ ရက်၊ ဒီဇင်ဘာလ၊ ၂၀၀၅ ခုနှစ်
ဖတ်စရာဂျာနယ်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဥ်တင်ဆက်သည်

## မတက်ရမနေနိုင်ပေါင်

မမြင့်သိန်းတို့များ အသက်ကလေးဆယ်ကျော်လို့ ငါးဆယ်နီးတော့မယ်။ အကျင့်က အခုထက်ထိ မပျောက်သေးဘူး။ သူ့အကျင့်က တစ်မျိုး။ သူများနဲ့မတူဘူး။ ဘယ်လိုပြောရမလဲဆို ရေအိမ်တက်တဲ့ကိစ္စပဲ။ သူက အိမ်သာဆိုရင် ကိစ္စရှင်းခါနီးမှာကြည့်လိုက်ရင် ခြောက်သွေ့နေမှ၊ လေကောင်းလေသန့်ရမှ။ ဒါကို သူ့ယောကျ်ား ကိုဝင်းမောင်ကတော့ ပြောပါရဲ့။ "အိမ်သာပါဆို ဘယ်လေကောင်းလေသန့်ရပ့ါမလဲ။ ကမ္ဘာကျော်ရေမွှေးနံ့တွေနဲ့ တစ်ထပ်တည်းပဲ နံလိုက်တဲ့အိမ်သာနံ့ပဲ ဖြစ်မှာပေါ့" လို့ နောက်တတ်သေးတယ်။ မမြင့်သိန်းက အိမ်သာဆိုရင် အုတ်နဲ့အလုံပိတ်ဆောက်တဲ့ အိမ်သာမျိုးကို မကြိုက်ဘူး။ အိမ်သာတက်ရတာ မွန်းကျပ်တယ်တဲ့။ ကိုယ့်ခြံကိုယ့်ဝင်းထဲမှာ သစ်သားနဲ့ဆောက်တဲ့ အိမ်သာဆို အပြင်က သစ်ပင်တွေကို လေတိုးလို့မြည်တဲ့ အသံလည်း

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ကြားရ။ အိမ်သာအကာ ဝါးထရံတွေကို နေပြောက်ကလေးတွေက ထိုးနဲ့ဆိုတော့ အိမ်သာတက်ရင်း ဝတ္ထုစာအုပ်လေးလည်း ဖတ်လို့ရ၊ ဟိုအကြောင်း ဒီအကြောင်း စီးပွားရေးအကြောင်းလည်း စဉ်းစားလို့ရတယ်လို့ သူ့ရဲ့အိမ်သာဋီကာ ခဏခဏဖွင့်တယ်။

"ငါ့မိန်းမများကွာ. . . အိမ်သာတစ်ခါတက်ရင် အပင်ပေါက်မတတ်ပဲဟေ့"

အဲဒီလို လင်တော်မောင် ကိုဝင်းမောင်တို့များ ပြောလို့ကတော့ မမြင့်သိန်းလားနေမှာ သူ့ရဲ့အိမ်သာတက်ခြင်းဋီကာကို ဖွင့်ပြတော့မယ်။

"အိမ်သာကို အိမ်သာလို သဘောထားရင် ဘာမှမဖြစ်ဘူး။ ဒီမှာ ကိုဝင်းမောင်. . . ရှင် အိမ်သာကို မစော်ကားနဲ့။ မိန်းမသားတစ်ယောက်ဟာ အိမ်သာထဲမှာ သူ့ဘဝရဲ့ အနာဂတ်ခရီးကို ဆုံးဖြတ်ချက်ချတာ ရှင်သိလား။ တစ်ယောက်ယောက်က စာပေးရင် ကိုယ်ကလည်း သိပ်ဟိတ်ဟိတ်ဖြစ်တယ်ဆိုရင် တစ်ခါတည်း ဗုက်ယူလာတဲ့စာကို အလုံခြုံဆုံးဖြစ်တဲ့ နေရာမှာ သွားဖတ်ရတယ်။ မိန်းမသားတွေအတွက် အလုံခြုံဆုံးနေရာက အိမ်သာပဲ။ အိမ်သာထဲမှာ ရည်းစားစာကိုဖတ်ရင်း တစ်ခါတည်း စာပေးတဲ့လူကို ပြန်ချစ်ရမလား၊ စွဲဆန့်ထားရမလား၊ ဖြတ်ပစ်လိုက်ရမလား၊ ဆုံးဖြတ်တော့တာပဲ။ တစ်ယောက်ယောက်သိမှာစိုးလို့ ဆိုရင်လည်း ရည်းစားစာဟာ ဖျောက်ဖျက်ပစ်ဖို့ အကောင်းဆုံးနေရာက အိမ်သာပဲ။ ရှင့်တောင် ကျွန်မက အဲဒီအိမ်သာထဲမှာ ဆုံးဖြတ်ချက်ချခဲ့လို့ ယူဖြစ်တာ"

အဲဒီမမြင့်သိန်းစကားတွေက ကိုဝင်းမောင်ရဲ့ 'ဟတ်' ကို တန်းထိတော့ ကိုဝင်းမောင်မလှုပ်နိုင်။ နောက်ပြီး မမြင့်သိန်းရဲ့ အကျင့်က ရှိသေးတယ်။ ဗိုက်ထဲကအလုံးကို ထုတ်ပြီးကတည်းက အပေါ့ခဏခဏသွားတာ။ မြို့ထဲမှာတောင် သွားရင်းလာရင်း မအောင့်နိုင်လို့ စတိုးဆိုင်တစ်ဆိုင်ကို ဝင်ပြီးအပေါ့သွားချင်တယ်ပြောပြီး အိမ်သာတက်တာ။ ဒါကို

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



အဖော်ပါတဲ့သားဖြစ်သူက ရှက်သေးရဲ့။ ဒါ့အပြင် ခရီးသွားရင် ကားနဲ့သိပ် မသွားဘူး။ ရထားစီးပြီး ခုံနေရာကိုလည်း အိမ်သာနဲ့နီးတဲ့နေရာကိုမှ ယူပြန်တော့ ကိုဝင်းမောင်က မမြင့်သိန်းနဲ့ ခရီးသွားရတာ လန့်လန့် နေတယ်။

တစ်နေ့မှာ မမြင့်သိန်းဆီ မင်္ဂလာဆောင်ဖိတ်စာတစ်စောင် ရောက်လာတယ်။ အစ်မဝမ်းကွဲမွေးတဲ့ သမီးအကြီးမ မင်္ဂလာဆောင်တာ။ မြို့ထဲမှာ အစ်မဝမ်းကွဲက ပိုက်ဆံရှိတယ်။ သမီးနဲ့ယူတဲ့သူကလည်း မျိုးကောင်းရိုးကောင်းဆိုတော့ 'ဆီဒိုးနား' ဟိုတယ်မှာ မင်္ဂလာဆောင်တယ်။ 'ဆီဒိုးနား' ဆိုတာနဲ့ မမြင့်သိန်းအလုပ်ရှုပ်တော့တာပဲ။ တစ်ခါဖူးမှလည်း မရောက်ဖူးတော့ အဝတ်အစားသစ်ချုပ်ရ ဘာနဲ့ညာနဲ့။ ဒီလိုနဲ့ မင်္ဂလာ ဆောင်တဲ့နေ့ကြတော့လည်း ယောကျ်ားဖြစ်သူ ကိုဝင်းမောင်နဲ့အတူ ကားငှားပြီးသွားရတယ်။

'ဆီဒိုးနား' ဟိုတယ်ရဲ့ ကြီးကျယ်ခမ်းနားတဲ့ ဖြစ်အင်ကိုကြည့်ပြီး မမြင့်သိန်းက အကျေနပ်ကြီး ကျေနပ်လို့နေတယ်။ လာလိုက်တဲ့ဧည့်သည် တွေကလည်း ရွှေတွဲလွဲ၊ ငွေတွဲလွဲတွေချည်းပဲ။ မင်္ဂလာသတို့သား၊ သတို့ သမီးမထွက်ခင် အဆိုတော်တွေက တေးသံသာတွေနဲ့ ဖျော်ဖြေတယ်။ ဒီအချိန်မှာ မမြင့်သိန်းဇာတိကပြပြီ။ အပေါ့သွားချင်တာပဲဖြစ်တယ်။ ကိုဝင်းမောင်က အောင့်ထားဖို့ပြောပေမယ့် မမြင့်သိန်းက မရဘူး။ ဒါနဲ့ ဟိုတယ်ဝန်ထမ်းတစ်ယောက်ကို အိမ်သာမေးတယ်။ ဟိုတယ်ဝန်ထမ်းက အမျိုးသမီးအိမ်သာကို ညွှန်ပြတယ်။

ဟိုတယ်ရဲ့ အိမ်သာထဲကို ဝင်လိုက်ရတဲ့ မမြင့်သိန်းအဖို့ 'ဟာ' 'ဟင်' ဖြစ်မတတ် ဖြစ်သွားတယ်။ ခင်းထားတဲ့အခင်းတွေက ကော်ဇော ထင်ပါရဲ့။ အိခနဲ. . . အိခနဲနဲ့။ ဒါမျိုးသူ့တစ်သက်အိမ်မှာ ခင်းအိပ်ဖို့ ဝယ်နိုင်မယ် မထင်တာကို အခုခြေထောက်နဲ့ နင်းနေရလို့ပါ။ ပြီးတော့

www.linhtet.com
လင်းထက် မြန်မာ မှ စီစဥ်တင်ဆက်သည်



အိမ်သာတွေကို သန့်ရှင်းလှပ်ကျင်းထားတာ ပြင်ထားဆင်ထားတာကလည်း တော်ရုံသူဌေးတွေနေတဲ့ အခန်းထက်တောင် သာသလားလို့ထင်ရတယ်။ လက်အခြောက်ခံစက်တို့၊ ဘာတို့ကိုလည်း ဟိုခလုပ်နှိပ်၊ ဒီခလုပ်နှိပ် လျှောက်နှိပ်နေမိတယ်။ မမြင့်သိန်းဘဝမှာ ဒီလိုဟိုတယ်ကြီးထဲက အိမ်သာမျိုး တစ်ခါမှမတက်ဖူးတာ။ ဒီလောက်ကောင်းတဲ့ အိမ်သာမျိုး တက်ရတာ ကံကောင်းလေခြင်းပေါ့။ အိမ်သာထဲ သိုင်းဝတ္ထုတွေ အတွဲလိုက်ဖတ်ချင်စိတ်တောင် ပေါက်သွားမိတယ်။

"ကိုဝင်းမောင် . . . အိမ်သာကရှယ်ပဲ။ ရှင်ရောက်ဖူးတုန်း ပါဖူးတယ်ရှိအောင် ပါသွားပါလား။ အိမ်သာလေ"

မင်္ဂလာခန်းမထဲ ပြန်ရောက်ရောက်ချင်း ကိုဝင်းမောင်ကို ဝမ်းသာအားရနဲ့ပြောတာ မမြင့်သိန်းအသံကျယ်သွားလို့ ကိုဝင်းမောင်က လှမ်းသတိပေးရသေးတယ်။

မင်္ဂလာအခမ်းအနားကစတယ်။ မင်္ဂလာအခမ်းအနားမှူးက မင်္ဂလာသတို့သား၊ သတို့သမီး နှစ်ဖပ်မိဘခြံရံပြီး စင်မြင့်ကိုခေါ်တယ်။ သြဘာစာဖတ်တယ်။ ဧည့်ပရိသတ်တွေကို ကျွေးမွေးတယ်။ တီးဝိုင်းက သီချင်းဆိုတယ်။ အဲဒါတွေကို မမြင့်သိန်း စိတ်မဝင်စားဘူး။ မမြင့်သိန်း စိတ်ဝင်စားတာက 'ဆီဒိုးနား' က အိမ်သာပဲ။ ဖြစ်ချင်တာဖြစ် ရောက်တုန်း ရောက်ခိုက် ကိုယ်နေတဲ့အိမ်ထက် အဆပေါင်းများစွာသာတဲ့ အိမ်သာကို တန်အောင်တက်မယ်ဆိုပြီး ခုနစ်ခါတိတိ အိမ်သာတက်အပေါ့သွားတာ ကိုဝင်းမောင် ဘယ်လိုမှတားလို့မရ။

ဒါ့ထက်ဆိုးတာက အိမ်လည်းရောက်ရော မမြင့်သိန်း ဘယ်နေ လိမ့်မလဲ။ ဆီဒိုးနားမှာ အိမ်သာတက်ဖူးလား၊ ဆီဒိုးနားအိမ်သာက ဘယ်လိုဖြစ်ကြောင်း၊ သူအိမ်သာခုနစ်ခါ တက်ခဲ့တဲ့အကြောင်းတွေကို အသေးစိတ် တစ်အိမ်တက်ဆင်းရှင်းပြတာ ကိုဝင်းမောင်ခမျာ ရှက်လွန်း

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



လို့ ညလည်းရောက်ရော လင်မယားနှစ်ယောက် စကားများကြတာ ခေါင်းရင်းခြေရင်းအိမ်တွေက ဝင်ဖျန်ဖြေပေးရတယ်။ ပြီးတော့ မမြင့်သိန်းက ငိုပါလေရော။ ငိုတဲ့နေရာကလည်း ကြည့်ဦးလေ။ အိမ်သာထဲမှာ တရှိုက်ရှိုက် ငိုနေတာ။ ကိုဝင်းမောင်ခမျာ အိမ်သာရှေ့ကနေ မိန်းမကို ချော့ရတော့တာပေါ့ဗျာ။

ဖတ်စရာဂျာနယ်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

## ရပ်ကွက်ထဲမှ လူ့ခွစာကြီးများ

"ကဲ. . . ထွက်ခဲ့စမ်း ဘီလူးတွေ၊ လာ. . . ငါနဲ့ယှဉ်မယ်။ သြော်. . . မင်းက ငါ့ကိုကြောက်လို့ပုန်းနေတာလား။ လာစမ်း လာပါကွ။ ကြိုင်ကြီးကို လန့်နေပြီ မဟုတ်လား။

ရပ်ကွက်ထဲမှာ ညလူခြေတိတ်ချိန် အဲဒီလို စကားသံမျိုး ကျယ်ကျယ်လောင်လောင်နဲ့ ကြားရပြီဆိုရင် ဦးကြိုင်ကြီး အရက်တော်တော်မူးနေပြီဆိုတာ သိကြတယ်။ ဦးကြိုင်ကြီးက သူ့အိမ်ရှေ့ကနေ လက်သီးလက်မောင်းတန်း စိမ်ခေါ်တော့တာပါပဲ။ ဒါက သူ့ရဲ့ အရက်မူးလာရင် လုပ်နေကျအပြုအမူပါပဲ။ ဦးကြိုင်ကြီး ခွကျတာကတစ်မျိုး။ သူ့မိသားစုက ပိုက်ဆံရှိတယ်။ ကားတွေဘာတွေလည်း ပိုင်တယ်။ သူ့မိသားစုမှာ သူကအိမ်ထောင်ဦးစီးဆိုပေမယ့် မယားဖြစ်သူ ဒေါ်သန်းရင်က အရှာအဖွေကောင်းဆိုတော့ သူကဘာမှ လုပ်ကိုင်ကျွေးမွေးဖို့မလို။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



အကြော့ကလေးနေလိုက်၊ ညနေဆို ယမကာလေး မှန်မှန်မှီဝဲလိုက်နဲ့ ဟုတ်နေလို့။ ဦးကြိုင်ကြီးကလွဲပြီး ဇနီးဖြစ်သူကော သားသမီးတွေကော ရပ်ကွက်လူမှုရေး၊ သာရေး၊ နာရေး၊ အလှူအတန်းအားလုံး ရက်ရက်ရောရော လှူဒါန်းကြတယ်။ အလှူဒါနဲ့ပတ်သက်လို့ လက်မတွန့်ဘူး။ ဒါ့ပြင် ဘာသာတရားကိုလည်း ကိုင်းရှိုင်းကြတယ်။ ဥပုသ်သီတင်းဆောက်တည်၊ ရိပ်သာဝင်တဲ့ဓလေ့လည်း ရှိကြတယ်။

ဦးကြိုင်ကြီးကတော့ စိတ်လိုရင် မယားဖြစ်သူဒေါ်သန်းရင်ကို ဘုန်းကြီးကျောင်းလိုက်ပို့လေ့ရှိတယ်။ တစ်ခါတလေ ဒေါ်သန်းရင်က ရိပ်သာဝင်ခိုင်းရင် ဝင်တော့ဝင်ရဲ့ ရိပ်သာကထွက်တာနဲ့ နဂိုလုပ်မြဲအတိုင်း သောက်မြဲအတိုင်းဆိုသလို အရက်သောက်လိုက် မူးလာရင် အိမ်ရှေ့မှာ စိမ်ခေါ်လိုက်နဲ့။ ရပ်ကွက်ထဲက လူတွေကတော့ ရယ်ပေါ့။ သူစိမ်ခေါ်တာက လူတွေမှ မဟုတ်တာကို။

"ကြိုင်ကြီးမူးလို့ စိမ်ခေါ်တာဘာဖြစ်လဲ။ လူတွေကိုစိမ်ခေါ်ရင် ပြဿနာဖြစ်မယ်၊ ရှင်းရမယ်၊ စိတ်ညစ်ရမယ်။ ဟော အခုဘီလူးတေါကို စိမ်ခေါ်တော့ ဘယ်သူမှ ပြောလို့မရဘူး။"

ဒါက သူစိမ်ခေါ်ရခြင်းအကြောင်းကို သူကစိမ်ခေါ်ရင်း ရှင်းပြလေ့ရှိတဲ့ စကားပါ။

တစ်ခါကလည်း ဦးကြိုင်ကြီးမူးမူးနဲ့ ပေါက်ကရလျှောက်လုပ်လို့ မနည်းရှင်းလိုက်ရတဲ့ကိစ္စက ရှိသေးတယ်။ အဖြစ်က ဒီလိုပါ။ တန်ဆောင်မုန်းလရောက်လာတော့ လမ်းတိုင်း၊ ရပ်ကွက်တိုင်းမှာ ကထိန်ခင်းကြတဲ့ ယဉ်ကျေးမှုက ရှိတယ်။ ဒီတော့ အလှူခံတွေဘာတွေက ရပ်ကွက်ထဲ ဒိုင်းဝိုင်းနဲ့တစ်မျိုး အရုပ်ကြီးထဲလူဝင်ပြီး ကရင်းကတစ်ဖုံ လှည့်လည် အလှူခံကြပါတယ်။ အဲဒါကိုမြင်တော့ ဦးကြိုင်ကြီးက ဘယ်လိုဖြစ်သွားမှန်း မသိဘူး။ လူကလည်း နည်းနည်းလေးထွေနေတယ် ထင်ပါရဲ့။ အိမ်ထဲက

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ဝှိုက်ဘုတ်ကိုထုတ်၊ ဆော့ပင်နဲ့စာရေးပြီး အိမ်ရှေ့မှာ ချိတ်ထားပါတယ်။ သူရေးတာကလည်း ကြည့်ပါဦး။

"ဤအိမ်သည် အဖက်ဖက်က ကုန်ကျစရိတ်များပြားနေပါသဖြင့် အလှူလှူခြင်းကို ရက်အကန့်အသတ်မရှိ ရပ်ဆိုင်းထားပါသည်"

သူရေးတာကို လမ်းသွားလမ်းလာတွေက ဖက်ရင်းပြုံးသူပြုံး၊ တစ်ချို့ကလည်း မဲ့သူမဲ့ပေါ့။ အဲဒါနဲ့ ညနေလည်းရောက်ရော ဇနီးဖြစ်တဲ့ ဒေါ်သန်းရင်က အပြင်ကလည်းပြန်လာရော အရှက်ခွဲတာလားဆိုပြီး ရန်ဖြစ်ကြပါရော။ သားသမီးတွေကလည်း ဝိုင်းဆူပေါ့။ နောက်ဆုံး ဝှိုက်ဘုတ်ကို ဖြုတ်ပစ်ရတယ်။ ညနေတော့ ထုံးစံအတိုင်း ယမကာတွေထွေနဲ့ ဘီလူးတွေကိုစိမ်ခေါ်တော့တာပါပဲ။

ဒီလိုနဲ့ ရပ်ကွက်ထဲမှာ ဒီနေ့ထိပြောစမှတ်တွင်တဲ့အဖြစ်က ဦးကြိုင်ကြီးမှာ ရှိခဲ့ပါတယ်။ တစ်နေ့ဦးကြိုင်ကြီးအိမ်မှာ အလှူလုပ်ပါတယ်။ အဲဒီတော့ ဒေါ်သိန်းရင်က ပင့်ဖိတ်တဲ့ဆရာတော်ကို သူ့ခင်ပွန်းယမကာသမားကြီးကိုလည်း တရားဓမ္မအဆိုအမိန့်တွေနဲ့ သွန်သင်ဆုံးမပေးပါလို့ လျှောက်ထားပါတယ်။ အလှူလုပ်တဲ့နေ့နံနက်မှာ ဆရာတော်သံဃာတော်တွေ ကြွရောက်လာပြီး ဆွမ်းဘုဉ်းပေးပြီးတော့ အလှူရေစက်ချတရားနာပါတယ်။ ကျောင်းထိုင်ဆရာတော်က သီလပေးတယ်။ ပြဿနာက ကျောင်းထိုင်ဆရာတော်က သီလပေးမှုစတာပါ။ ဆရာတော်က တရားဓမ္မကို ဟောပြောဖို့ စတယ်ဆိုရင်ပဲ ဦးကြိုင်ကြီးက ရုတ်တရက် ကျောင်းထိုင်ဆရာတော်ကို လျှောက်ပါတယ်။

"ဦးပဉ္ဇင်း တခြားတရားပြောင်းဟောပေးပါ။ ဒီဇာတ်လမ်းက အရက်မကောင်းကြောင်းတရားဆိုတာ တပည့်တော်သိပါတယ်။ ဒါကြောင့် တစ်ခြားဟာ ပြောင်းဟောပါ"

ဦးကြိုင်ကြီးစကားဆုံးတော့ တရားနာကြတဲ့ ပရိသတ်တွေလည်း

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ရယ်၊ သံဃာတော်တွေရော တရားဟောတဲ့ကျောင်းထိုင်ဆရာတော်ပါ ရယ်နဲ့ အိမ်သားတွေကတော့ ဦးကြိုင်ကြီးလုပ်ချလိုက်ပြန်ပြီပေါ့။ ဆရာတော်တွေလည်း ပြန်ကြွသွားရော ဒေါ်သန်းရင်က ဦးကြိုင်ကြီးကို ဒေါသတကြီးနဲ့ဆူတာ အရပ်ထဲကလူတွေ မနည်းကိုရှင်းရတယ်။ ဦးကြိုင်ကြီးကတော့ ဘာမှမဖြစ်သလိုနဲ့။

ဒီနေ့ထိ ရပ်ကွက်ထဲမှာ ဦးကြိုင်ကြီးက ရှိနေပါတယ်။ အခုချိန်ထိ ညဘက်တွေမှာ ဦးကြိုင်ကြီးမူးလာရင် ဘီလူးတွေကိုစိမ်ခေါ်တာ ကြားနေရတုန်းပါပဲ။

သတင်းစုံဂျာနယ်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

## ခင့်အပူ. . . ကိုယ့်အလွဲရယ်က. . . သမီးခများ အသက်ပါတော့မလို့

ဟိုးတုန်းက ဆရာသာဂဒိုးက 'ခင့်အပူ' ဆိုပြီး ဝတ္ထုတိုတစ်ပုဒ် ရေးဖူးတယ်။ ဇနီးဖြစ်သူ ကိုယ်ဝန်ရှိတာ ခင့်ရဲ့အပူက ကိုယ့်အပူဖြစ်ရပုံ ကမောက်ကမတွေကို အသောအထေ့နဲ့ ရေးခဲ့တာပါ။ ဟုတ်ပါတယ်။ ဆရာသာဂဒိုးရဲ့ 'ခင့်အပူ' လို ပဥ္စမံဒီရိုင်းတစ်ယောက်လည်း အလွဲတွေကော အပူတွေကော ကြုံလိုက်ရတာဆိုတာ မပြောပါနဲ့တော့။

မဒမ်ဒီရိုင်းတစ်ယောက် ကိုယ်ဝန်ရပြီဆိုတော့ ရုပ်ရှင်တွေ၊ ဗီဒီယိုတွေထဲကလိုတော့ ထမကဖြစ်။ အချို့က အကြံပေးတာနဲ့တင် နဖူးကချွေးပြန်လာပါတယ်။ ကလေးမွေးရင် မိခင်နို့ထွက်အောင်လုပ်။ နို့မိုရင် ဒူးမတ်နို့မှုန့်ဗူးနဲ့ စီးပွားပျက်မယ်။ ဗူးကြီးတစ်ဗူးဆို ကလေးကို တစ်ပတ်ပဲတိုက်ရတာ။ တစ်ဗူးကို တစ်သောင်းနီးပါးရှိတယ်။ အနည်းဆုံး

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



တစ်လလေးဗူးကုန်မယ်။ တစ်နှစ်လောက်ကလေးက နို့စို့မယ်ဆိုရင် ပြီးရော။ ပဥ္စမံဒီရိုင်း စိတ်တွက်နဲ့တွက်ကြည့်တာတင် 'ဟိုက်လို့' တောင် အော်မိရဲ့။ ဒါနဲ့မဒမ်ဒီရိုင်းကို ရေများများသောက်။ နွားနို့များများသောက် ဆိုပြီး အကြံပေးရပါတယ်။ ဟုတ်တာမဟုတ်တာ ထားလို့ပေါ့လေ။

အဲ. . . ဒီကြားထဲရှိသေးရဲ့။ ပဥ္စမံကြီးက သားဦးကလေးကို ယောကျ်ားလေးလိုချင်တယ်။ ဘာဖြစ်လို့လည်းဆိုတော့ 'အား' လေ။ ကိုယ်ဝန်လွယ်ထားတဲ့ ဇနီးနှစ်လလောက်ရှိမှ အရပ်ထဲက အကြံပေးရဲ့။ ယောကျ်ားလေးလိုချင်ရင် နှစ်ဆန်းတစ်ရက်နေ့မှာ ရွှေတိဂုံဘုရား တောင်ဘက်မုခ်နားကိုသွား။ နတ်ရုပ်ကြီးတွေဆီမှာ သားဆုပန်တဲ့။ နွေနေ ပူပူ နှစ်ဆန်းတစ်ရက်မှာ ရွှေတိဂုံဘုရား လင်နဲ့မယားအရောက်သွားလို့ သားဆုသွားပန်ရပါသေးတယ်။ နတ်ရုပ်ကြီးရဲ့ ချက်တော်အောက်ကဟာကို ကိုင်ပြီး သားဆုပေးပါ။ အမြွာလို့ဆုတောင်းတော့ ဇနီးဖြစ်သူက အတင်းကို တားပါတယ်။ နှစ်မြွာပူးပဲ တောင်းနော်။ သုံးမြွာပူးလို့ ပါးစပ်ကမထွက်နဲ့။ အဖေကော အမေကော ပုဆိုးတောင်ပါမှာ မဟုတ်ဘူးတဲ့။ မသိလိုက်တာက သားဆုပန်တယ်ဆိုတာ ကိုယ်ဝန်ရရချင်းမှာသာ ပန်ရတာ။ ကိုယ်ဝန်လွယ် ထားပြီး နှစ်လသုံးလလောက်ကြာမှ ပန်လို့မရဘူးဆိုတာကို မသိလိုက်တာ ပါဘဲ။ အလွဲက အဲဒီကစတာပါ။

နောက်တစ်ချက်က လွယ်ထားတဲ့ ကိုယ်ဝန်ထဲက ကလေးကို မွေးလာရင် ဘာပုံထွက်လာမလဲဆိုတာကလည်း တစ်ဒုက္ခပါ။ မဒမ်ဒီရိုင်း ကို "ဒေးဗစ်ဘက်ခမ်း" ဘဝဇာတ်ကြောင်းဘောလုံးအခွေ ကြည့်ခိုင်း ပါတယ်။ မဒမ်ဒီရိုင်းက ဒေးဗစ်ဘက်ခမ်းကို မမြင်ဖူးမသိ။ ဒွိုက်ယော့ခ်ကို ဒေးဗစ်ဘက်ခမ်းဟာ ဒါလား။ အသားမည်းမည်းနဲ့ ဘာလုပ်ရမှာလဲပြော လို့ မဟုတ်ဘူး။ မဟုတ်ဘူးပြောရင်း ဒွိုက်ယောခ်နဲ့တွဲပြီး ရပ်နေတာက ဒေးဗစ်ဘက်ခမ်းလို့ ပြောရပါတယ်။ ဒီတော့မှ မဒမ်ဒီရိုင်းက ချောသား

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ပဲတဲ့။ အဲ. . . သမီးလေးမွေးရင် မြန်မာဆန်ဆန် နန္ဒာလှိုင်နဲ့တူအောင် ဆိုပြီး နန္ဒာလှိုင်ပါတဲ့ ဇာတ်ကားတွေကြည့်ခိုင်းရပါတယ်။ ဒီကြားထဲ သတ်တာဖြတ်တာ ကြမ်းတာရက်စက်တာတွေ မကြည့်ခိုင်းဘဲ ဟာသ ဇာတ်ကားတွေချည်း ပြရပါတယ်။ ရာဇာနေဝင်းဇာတ်ကားတွေလည်း ပါသေးရဲ့။ ဒါကိုမသိတဲ့ ဗီဒီယိုအခွေငှားဆိုင်က ပဥ္စမံဒီရိုင်းကို မြန်မာ ဇာတ်ကားတွေ ကြည့်လှချည်လားဆိုပြီး သီတောင်သီကျူးသေးသဗျ။ အိမ်ခန်းနံရံမှာလည်း ဒေးဗစ်ဘက်ခမ်းပုံတွေနဲ့ နန္ဒာလှိုင်ပုံတွေချည်း ကပ်ထားပါတယ်။ မဒမ်ဒီရိုင်းကိုတောင် မှာထားပါသေးရဲ့။ တစ်နေ့ကို အဲဒီပုံတွေ ငါးခါလောက်ကြည့်လို့။

ဒီကြားထဲမှာ မဒမ်ဒီရိုင်းရဲ့ဗိုက်ကို ဆရာဝန်နဲ့ မအပ်ရသေးခင် အသိမိတ်ဆွေတစ်ယောက်ရဲ့ ဇနီးက ကိုယ်ဝန်ကြီးနဲ့ချော်လဲလို့ ဆေးရုံ တင်ရတယ်။ ဆေးရုံကို ကွင်းကွင်းကွက်ကွက် တစ်ခါဖူးမှမရောက်ဖူးတဲ့ မဒမ်ဒီရိုင်းလည်း ဆေးရုံကို လူမမာမေးလိုက်လာခဲ့တယ်။ မိတ်ဆွေရဲ့ ဇနီးက ကိုယ်ဝန်နဲ့ဆိုတော့ သားဖွားဆောင်မှာတက်ရတယ်။ အဲဒီမှာတင် ပြဿနာစတာ။ အခန်းသွားလို့ ခွဲစိတ်ဆောင်တို့ ဖျားနာဆောင်တို့ကို ဖြတ်ရတော့ မဒမ်ဒီရိုင်းက ဆေးရုံနံ့တွေကြောင့် မူးချင်ချင်ဖြစ်လာပြီ။ ဒီကြားထဲ မိတ်ဆွေရဲ့ဇနီးက သားဖွားဆောင်မှာ ဆေးရုံတက်ရတာ ဆိုတော့ သားဖွားဆောင်ကလည်း နေ့စဉ်မွေးလူနာတွေကရှိတော့ ကြပ်ပိတ်သိတ်နေ။ ဒီကြားထဲကလေးက ညမှမွေးမယ်။ အခု ဗိုက်နာတဲ့ ဆေးထိုးထားတယ်။ ထမင်းကျွေးထားလား။ ဟာ. . . ဘာလို့မကျွေးတာ လဲ။ ဒါဆို အခုကော်ဖီနဲ့မုန့်သွားဝယ်။ ဒါလေးတောင် မသိဘူးလား။ ဟင်း . . . မွေးတော့ မွေးချင်တယ်။ ဒါတွေကြတော့ ဘာလုပ်ရမယ်မသိ။ နောက်ကိုယ်ဝန်သည်ရဲ့ အိမ်ကလူပါလား။ ပြော မြန်မြန်။

ဤကဲ့သို့သော မွေးဖွားခန်းထိပ်ကနေ သက်ဆိုင်ရာ တာဝန်ရှိသူ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



များက အော်ဟစ်ပြောဆိုသံတွေကြားကတည်းက မဒမ်ဒီရိုင်းက မျက်နှာပျက်နေပြီ။ ‘ကျွန်မတော့ ဆေးရုံမှာ မမွေးဘူး။ အပြင်ဆေးခန်းမှာပဲ မွေးမယ်။ ကျွန်မက သမီးအငယ်ဆုံး။ အိမ်မှာ ဘယ်သူမှ မဆူဘူး။ ကလေးမွေးမှသာ ဆူခံရတာမျိုး ကျွန်မအဖြစ်မခံနိုင်ဘူး။’

အိမ်ရောက်ရောက်ချင်းဆိုသလို မဒမ်ဒီရိုင်းက ပြောပါတယ်။ ပဉ္စမံဒီရိုင်းက ‘မဟုတ်သေးဘူးထင်တယ်။ ဆေးရုံမှာက ဆရာဝန်စုံတယ်။ ဆေးစုံတယ်။ တစ်ခုခုဖြစ်ရင်လည်း ဘာမှမပူရဘူး’ လို့ ပြောပါတယ်။ ‘ဆေးရုံမှာလည်း စရိတ်မျှပေးဆိုပြီး အပြင်က ဆေးဝယ်ရတာပဲ။ ဘာမှမထူးဘူး။ အပြင်မှာပဲမွေးမယ်။’ မဒမ်ဒီရိုင်းက သူ့စကားနဲ့သူ ဟုတ်နေပါတယ်။

အဲဒီမှာတင် ဆေးရုံကဆရာဝန်မ ဆေးခန်းထိုင်တဲ့ အထူးကုဆေးခန်းမှာ ဗိုက်အပ်ပါတယ်။ ခက်တာက အဲဒီဆရာဝန်မနဲ့ပြနေတာ ကိုယ်ဝန်သည်ဆိုလို့ တစ်ယောက်နှစ်ယောက်လောက်ပဲ အဲဒီဆေးခန်းမှာ ရှိပါတယ်။ ဒီတစ်ခါ ရပ်ကွက်ထဲက အကြံပေးပုဂ္ဂိုလ်များက စကားဆိုလာပါတယ်။ “ဘာဖြစ်လို့ အဲဒီဆေးခန်းမှာ ပြရတာလဲ။ ဟိုဆေးခန်းက သိပ်ကောင်းတာ။ ဆရာဝန်မကြီးက တစ်မြို့နယ်လုံးက ကိုယ်ဝန်သည်တွေ သူပဲမွေးတာ။ ဗိုက်ခွဲတာ ချုပ်တာ ဘာမြန်သလဲမပြောနဲ့။ သိပ်ကျွမ်းတာ။ အဲဒီဆေးခန်းမှာမွေး လှည့်ကြည့်စရာမလိုဘူး။ သူကဗိုက်ခွဲမွေးတာ အားသန်ပါတယ်။

ပဉ္စမံဒီရိုင်းတို့မြို့နယ်မှာရှိတဲ့ နာမည်ကြီးတဲ့ အထူးကုဆေးခန်းကြီးတစ်ခန်းမှာ ပြခိုင်းပါတယ်။ သူတို့ပြောတာ ဟုတ်တော့ဟုတ်ပါတယ်။ ကလေးအမေတော်တော်များများကို မေးကြည့်တော့ အဲဒီဆေးခန်းမှာ ကလေးမွေးတာ သိပ်ကောင်းကြောင်း။ ခွဲတာစိတ်တာ ဘာမှမလို အားလုံးကွက်တိတဲ့။ ဒါနဲ့ ပဉ္စမံဒီရိုင်းရဲ့ဇနီးကို အဲဒီအထူးကု ဆေးခန်းကြီးမှာ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ပြပါတယ်။ ဗိုက်အပ်ပါတယ်။ ဆရာဝန်မကြီးကလည်း ကျွမ်းပါတယ်။ တန်းစီပြီးစောင့်နေတဲ့ ဗိုက်ကြီးသည်တွေကို ဗိုက်လှည့်၊ ဟိုစမ်း၊ ဒီစမ်း ပြီးရင် နောက်နှစ်ပတ်လာခဲ့ခိုင်းပါတယ်။ ပြီးရင် လူမမာခဏထား အပေါ်မှာကလေးတက်မွေးပါတယ်။ တကယ့်ကို ကွက်တိဟုတ်နေလို့။

ဒီလိုနဲ့ မဒမ်ဒီရိုင်းတစ်ယောက် ပတ္တမြားရွှေကြုတ်မှာ နှုတ်ငုံ ကာလတော်ရင့်လာလို့ မွေးခါနီးဖွားခါနီး ဖြစ်လာပါပြီ။ ဒီအခါ ဘယ်နေ့ မွေးရင် ကောင်းမလဲလို့ ဗေဒင်တွေဘာတွေကြည့်တော့ ဆရာလေး အောင်စိုးသူနဲ့ သော်မိုးခန့်က တန်ဆောင်မုန်းလဆို ဗုဒ္ဓဟူးကောင်းတယ်။ ကြာသပတေးနေ့ကောင်းတယ်နဲ့ တွက်ပေးကြပါတယ်။ အဲ ဦးလေး ဦးမြတ်သစ်ကလည်း ငါတွက်ပေးမယ်တဲ့။ ဒါပေမယ့် ဦးလေးခမျာ ခရီးခဏခဏထွက်နေလို့ ဗေဒင်မတွက်ဖြစ်။ ဆရာဟိန်းလတ်က အနောက်တိုင်းနည်းနဲ့တွက်ချက်တာ ဗုဒ္ဓဟူးနေ့နေ့လည် (၁၂) နာရီထိ အကောင်းဆုံးတဲ့။ ဆရာဝန်မကြီးရှိသော အထူးကုဆေးခန်းမှာပါ။ ဗုဒ္ဓဟူးနေ့မွေးမယ်။ မနက် (၉) နာရီလို့။ ဖြစ်ချင်တော့ တနင်္လာနေ့ နံနက်မှာ မဒမ်ဒီရိုင်းက ဗိုက်နည်းနည်းနာလာပါတယ်။ ဒါနဲ့မဖြစ်ဘူးဆိုပြီး ဆေးခန်းပြေးပြောတော့ ဆေးခန်းကခေါ်လာခဲ့ပါ။ ဆရာဝန်မကြီးကို ဖုန်းဆက်ပေးမယ်တဲ့။ မဒမ်ဒီရိုင်းကံကောင်းသွားတာက မနက်ကတည်းက ဘာမှမစားရသေးတော့ ဗိုက်ခွဲမှာဆိုတော့ အိုကေပဲလို့။ ဆေးခန်းရောက် တော့ ဝမ်းတွေဘာတွေချုနဲ့။ ဒီအချိန်မှာ ဆရာဝန်မကြီးကရောက်လာပြီး မဒမ်ဒီရိုင်းကရသေးတယ်။ အရင်နှစ်ယောက်ကို မွေးဦးမယ်ဆိုပြီး ဗိုက်ခွဲ မွေးပါတယ်။ နေ့လည် (၂) နာရီကျော်မှ မဒမ်ဒီရိုင်းကို ဗိုက်ခွဲမွေးပါတယ်။

သမီးလေးမွေးပါတယ်။ လွဲပြီဟလို့။ မပြောပါ။ ကလေးကော မိခင်ကော မွေးခန်းကထွက်လာပါတယ်။ သူနာပြုဆရာမကြီးက ကလေး ကို ထွေးပွေ့လို့။ အဲဒီမှာ အသင့်ဖျော်ထားတဲ့ နို့ဗူးကိုတိုက်ပါတယ်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ကလေးက သိပ်အေးတာ။ မွေးတာ ငိုတောင်မငိုဘူး။ ပဥ္စမံဒီရိုင်းလည်း ဝမ်းသာလို့။ ဒီကြားထဲ သမီးက ဘွားအေနဲ့တူလို့ ဘွားအေကော ဘိုးအေပါ ရောက်လာ။ ကလေးကိုကြည့်။ ကလေးက အိပ်နေလို့။

ညရောက်လာတော့ ကလေးကို နို့ဗူးနဲ့ ညသူနာပြုဆရာမက တိုက်ပါတယ်။ ကလေးက နို့မစို့။ သည်ကြားထဲ ဗိုက်ခွဲထားပါတဲ့ မဒမ်ဒီရိုင်းကို ဆေးလာထိုးတာ ဆေးမတည့်လို့ သူနာပြုဆရာမကို ပြောတော့ သူနာပြုဆရာမက တာဝန်ကျဆရာတစ်ယောက်ကို ခေါ်ပေးပါတယ်။ အတော်ကြာမှရောက်လာပြီး အခြားဆေးတစ်မျိုး ပြောင်းပေးပါတယ်။

နောက်တစ်နေ့ရောက်တော့လည်း ကလေးက နို့ကောင်းကောင်း မစို့ပါဘူး။ သူနာပြုဆရာမကြီးက ကလေးကိုနေပြ၊ ရေချိုး။ နို့ဗူးတိုက်ပါတယ်။ ကလေးက နို့ကောင်းကောင်းမစို့ပါ။ ကလေးရဲ့ခန္ဓာကိုယ်မှာ အဖုကလေးတွေပေါက်လာတာ သတိထားမိပါတယ်။ ဒီလိုနဲ့ ညရောက်တော့လည်း တာဝန်ကျသူနာပြုဆရာမလေးက ကလေးကို နို့တိုက်ပြန်ပါတယ်။ ကလေးကမစို့လို့ ပါးညှစ်လိုက်၊ ရင်ဘတ်ဖိလိုက်၊ လက်ဆိတ်လိုက်နဲ့။ ကလေးကမအော်။ အိပ်ပဲအိပ်နေလို့။ မဒမ်ဒီရိုင်းကတောင် ကုတင်ပေါ်ကနေ ကလေးကို သိပ်ပြီးအကိုင်အတွယ်မကြမ်းဖို့ စကားဆိုပါသေးတယ်။ ဒီလိုနဲ့ တတိယမြောက်နေ့မှာလည်း ကလေးက နို့ကောင်းကောင်းမစို့ပါ။ ရင်ဘတ်က အဖုကလေးတွေကလည်း ပြည်ဖုလေးတွေလို ဖြစ်လာပါတယ်။

လေးရက်မြောက်နေ့မှာ ဆေးခန်းက ဆင်းလို့ရပြီလို့ပြောလို့ အိမ်ပြန်လာပါတယ်။ အိမ်လည်းရောက်ရော အရပ်ထဲကလူတွေက လာကြည့်ရင်း ကလေးက နို့မစို့လို့ အားဆေးတိုက်ဆိုလို့ အားဆေးတိုက်ရပါတယ်။ ရေချိုးဆိုလို့ ရေချိုး၊ ပြီးတော့ ပေါင်ဒါမှုန့်ပွတ်ဖြူးဆိုလို့ ဖြူးနဲ့

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



နေ့လည်လောက်ရောက်တော့ အသိမိတ်ဆွေရဲ့ ဇနီးက ကလေးကို လာကြည့်ရင်း ကလေးနို့စို့လားမေးတော့မစို့။ မငို။ အိပ်ပဲအိပ်နေတယ်လို့ ပြောမိတော့ မဖြစ်ဘူး။ ပဥ္စမံရဲ့မိဘတွေကို သွားပြပါဆိုလို့ အဖေတွေ အိမ်ရောက်တော့ အမေနဲ့ညီဖြစ်သူက ကလေးကိုလှုပ်နှိုးတာ သိပ်မနိုးလို့ ဆေးရုံကိုပို့မှဖြစ်မယ်ဆိုပြီး လေးရက်သားသမီးကို ဆေးရုံအရေးပေါ် ဌာနကို ခေါ်သွားပါတယ်။

ဆေးရုံလည်းရောက်ရော တာဝန်ကျဆရာမတွေက ဘာဖြစ်တာလဲ မေးတော့ အပြင်ဆေးခန်းမှာမွေးတာ ကလေးက နို့မစို့ဘူးလို့။ အိပ်ပဲ အိပ်နေတာလို့ပြောတော့ ဆရာဝန်တွေက ကလေးနဲ့ ခန္ဓာကိုယ်ကိုယ် လှန်ကြည့်ရင်း ဘာဖြစ်လို့ ပေါင်ဒါမှုန့်တွေ ဒီကလေးကို တို့ပေးရတာလဲ။ ခန္ဓာကိုယ်မှာထွက်နေတဲ့ အဖုတွေက ကလေးကို အပြင်ဆေးခန်းမှာ မွေးတုန်းက ကိုင်တာတွယ်တာမသန့်လို့ ပိုးပါလာတာ။ အဲဒါအနာရှိန် ကြောင့် အဖျားတက်နေတာ။ ဒီကြားထဲ ပေါင်ဒါမှုန့်တွေတို့တော့ ကလေး က ပေါင်ဒါနဲ့မတည့်လို့ အနာကရင်းနေပြီဆိုပြီး ကလေးကို ချက်ချင်း သွေးဖောက်ပါတယ်။ ကလေးကငို၊ ပဥ္စမံကော မဒမ်ဒီရိုင်းကောငို။ ခေါင်းနပန်းတွေ ကြီးသွားပါတယ်။ စိုးရိမ်စရာရှိလားဆိုတော့ ဆရာဝန် တွေက ကလေးကငယ်နေလို့ ပြောဖို့ခက်ကြောင်း။ ဒီကြားထဲ သွေးစစ် တော့ သွေးထဲမှာ အချိုဓာတ်လိုနေလို့ ဆေးသွင်းရပါတယ်။ ဆေးက တစ်မိနစ်ကို (၉)စက်ပဲကျပါတယ်။ ကလေးကို ဆေးသွင်းထားရင်း သိပ်ပြီး လှုပ်လာမယ်။ တုန်လာရင်ပြောပါတဲ့။ ဗိုက်ခွဲထားတဲ့ မဒမ်ဒီရိုင်းကို သွေးတက်သွားမှာလည်း ကြောက်ရ။ ဒီကြားထဲ ကလေးကို နို့ရအောင် တိုက်ပါ။ မိခင်နို့သာဖြစ်ရမယ်တဲ့။

နောက်တော့ သက်ဆိုင်ရာဆရာဝန်က ပဥ္စမံဒီရိုင်းကို စစ်ချက် ယူပါတယ်။ ကလေးအမေမှာ ရောဂါရှိလား။ ပထမဦးဆုံးကလေးလား။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ကိုယ်ဝန်ဆောင်စဉ် ကာကွယ်ဆေးဘာထိုးသလဲ။ ကလေးကိုမွေးပြီး သက်ဆိုင်ရာဆရာဝန်တွေက မကြည့်ဘူးလား။ အားလုံးအသေးစိတ်မေးပြီးတော့ ကောက်ချက်ချပါတယ်။

ကလေးက မွေးကတည်းက အချိုခေတ်လိုတာရယ်။ မွေးတာမသန့်လို့ပိုးပါ။ အသားဝါဝင်မှာပါကြောက်ရ။ မိခင်နို့လည်းမစို့။ ဘာမှလုပ်လို့မရရင် သွေးဖောက်လဲရမှာဖြစ်ကြောင်း။ နောက်ကို ကလေးမွေးရင် ဆေးရုံမှာမွေးပါ။ ဆေးရုံကို လူတွေက ကောင်းမှာမဟုတ်ဘူး။ အပေါက်ဆိုးတယ်လို့ ထင်နေပေမယ့် တကယ်တမ်းဆေးဝါးတွေနဲ့ အတတ်ပညာရှင်တွေက ဆေးရုံမှာသာရှိကြောင်း ကလေးက မွေးစမှာနို့မဝင်လို့ နို့ဝင်အောင်တိုက်ဖို့ ဟိုနှိပ်ဒီနှိပ်,နှိပ်လို့ ရက်သားကလေးနဲ့ ခန္ဓာကိုယ်ကနာနေ။ ပိုးမသန့်လို့ အပူဖုကလေးတွေက အဖျားဝင်၊ ဒါကိုရေချိုး၊ ပေါင်ဒါမှုန့်လူးနဲ့။ အဖျားကြောင့် မြောနေသလိုဖြစ်လာ ဆေးရုံပို့တာမြန်လို့ဖြစ်ကြောင်း ရှင်းပြပါတယ်။ အရေးကြီးကတော့ ကလေးဟာ မိခင်နို့စို့ဖို့ပဲလို့ အထပ်ထပ်သတိပေးပါတယ်။

တစ်ချိန်လုံး ဆရာဝန်တွေအနားမှာရှိတဲ့ အရေးပေါ်ခန်းမှာထားပါတယ်။ ဆရာဝန်တွေက ခဏခဏလာကြည့်ပါတယ်။ လေးရက်သားသမီးလေးက လက်မှာအပ်သွင်းထားပြီး ဆေးသွင်းထားလို့ ခဏခဏရုန်း။ မဒမ်ဒီရိုင်းက ဗိုက်ခွဲထားရင်းက ကလေးကို နို့ခဏခဏတိုက်ရ။ အရေးပေါ်အခန်းဆိုတဲ့အတိုင်း ပဥ္စဒီရိုင်းကော မဒမ်ဒီရိုင်းပါ အဲဒီညက ငရဲခန်းထဲရောက်နေသလို ခံစားရတာပါပဲ။

ဘေးကုတင်ကိုရောက်လာပါတယ်။ အထက်လှန်အောက်လျှောဖြစ်လို့။ မိဘက လက်လုပ်လက်စား။ ပိုက်ဆံမရှိလို့ ဝမ်းသွားတာဓာတ်ဆားရည်နဲ့ ဂလူးကို့စ်တိုက်တာ။ ဝမ်းသွားတာကမရပ်။ ပိုက်ဆံမရှိလို့ တစ်ရက်ကြာပြီးမှ အရပ်ထဲအလှူခံပြီးရတဲ့ငွေနဲ့ ဆေးရုံရောက်လာ။ ဆေးရုံ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ရောက်တော့ အောက်ဆီဂျင်စက်တွေပေးရ။ သည်ကြားထဲ အနှီးကမရှိ။ အဲဒီကလေးက ကြွက်တက်နေ။ ဆေးဝါးဝယ်ခိုင်းတာ ပိုက်ဆံမရှိလို့ ဆေးရုံက ဆေးလှူရ။ ပဥ္စမံဒီရိုင်းလည်း မနေနိုင်တာနဲ့ သမီးရဲ့အနှီးတွေ ပေး။ အဲဒီအနှီးတွေကိုဖြဲ။ အဲဒီအောက်ဆီဂျင်တွေ ပေးထားရတဲ့ကလေးကို တစ်ကိုယ်လုံးကြွက်မတက်အောင်ချည်။ ဆရာဝန်တွေက အဲဒီကလေးနား မှာ ဝိုင်းနေတုန်း ချွဲကျပ်ပြီး အသက်ရှုမရလို့ နောက်ထပ်ကလေး တစ်ယောက်ရောက်လာ။ ပဥ္စမံဒီရိုင်းရဲ့ သမီးကုတင်ဘေးနားမှာ ထားရ။ သူ့လည်း အောက်ဆီဂျင်တွေပေးရ။ အဲဒီကလေးရဲ့ မိဘနှစ်ပါးကလည်းငို။ ပဥ္စမံဒီရိုင်းရဲ့ သမီးကလည်းလှုပ်။ အမေဖြစ်သူက ကလေးတစ်ချက်အော်ရင် နို့ပြေးတိုက်ဖို့လုပ်ရ။ ဟော. . . လာပြန်ပြီ။ ရေနစ်လို့တဲ့။ ရပ်ကွက်က သေပြီဆိုပြီး အိမ်မှာထားတာ။ လူကြီးတွေက ဆေးရုံပို့ကြည့်ပါဦးဆိုလို့ ဆေးရုံရောက်လာ။ ဆရာဝန်တွေက အဲဒီရေနစ်တဲ့ကလေးလေးကို ဘယ်လိုလုပ်တယ်မသိ ရေတွေပါးစပ်ထဲကထွက်လာပြီး ကလေးက နည်းနည်းအသက်ရှူလာ။ သူ့လည်း ပိုက်တွေတပ်။ အောက်ဆီဂျင်တွေ ပေးရ။ ဘယ်လိုဖြစ်တာလဲလို့မေးတော့ အမေလုပ်သူက အကြော်ရောင်း တာ ကလေးရေမြောင်းထဲပြုတ်ကျသွားတာ မသိလိုက်လို့တဲ့။

မနက်ရောက်တော့ သမီးက နို့နည်းနည်းစို့လာလို့ အခန်း ပြောင်းရပါတယ်။ အထက်လှန်အောက်လျှောဖြစ်တဲ့ ကလေးကတော့ ဆေးရုံအရောက်နောက်ကျလို့ ကြိုးစာကုပေမယ့် ကွယ်လွန်သွားပါတယ်။ နောက်တစ်နေ့မှာ သမီးက အသားဝါပါလာလို့ မီးကင်ရပြန်ပါတယ်။ တစ်သက်နဲ့တစ်ကိုယ် မီးတစ်ခါဖူးမှ မပြင်ဖူးတဲ့ ပဥ္စမံ မီးကင်မယ့် မီးချောင်းတွေ ပြုတ်နေလို့ပြန်တပ်ရ။ ချောင်နေတဲ့မီးခေါင်းကို ပြန်ကျပ်ရနဲ့ တော်ကြာကိုယ်တုံးလုံးချွတ်ပြီး မျက်စိသာ အဝတ်စည်းထားရတဲ့ ကလေး ပေါ် မီးချောင်းပြုတ်ကျမှဖြင့်လို့ လျှပ်စစ်မီးလွှတ်ထားတာ ခတ်လိုက်တယ်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ဆိုတာတောင် သောကကြောင့် ဘာမှမသိနိုင်တော့။ ဒီကြားထဲ တစ်သက်နဲ့တစ်ကိုယ် ဘုရားစာသုတ်တွေအကုန် သမီးကုတင်ဘေးနားမှထိုင်ရင်းရွတ်ရ။ တစ်ခုခုဆေးပြေးဝယ်လည်း ငိုသံကြားတိုင်း ကိုယ့်သမီးငိုတာပဲထင်နေ။ မဒမ်ဒီရိုင်းခဗျာလည်း သွေးနုသားနုနဲ့ သုံးရက်လောက်ထိမအိပ်ရသေး။ သွေးတက်မှာဖြင့် ဒုက္ခလို့ပူရ။

သမီးကို မီးအပူနှစ်ရက်ပေးပြီးတဲ့အခါ သမီးက အတော်လေးဟုတ်လာပါတယ်။ နို့စို့တယ်။ ဆီး၊ ဝမ်းတွေ မှန်မှန်သွားတယ်။ ဒီတော့မှသက်ပြင်းချနိုင်ပါတယ်။ အဲဒီအခါကျမှ အနီးပတ်ဝန်းကျင်ကို သတိထားမိလာပါတယ်။ သမီးကို ကလေးဆောင်မှာထားရတော့ သားဖွားခန်းနဲ့နီးနီးလေးပါ။ ရေအိမ်သာနားကဆိုရင် သားဖွားခန်းမှာ မွေးနေတာကိုတောင် မြင်ရပါတယ်။ မွေးမယ့်လူနာမှာ ဆရာဝန်ဆရာမတွေ ဆယ့်ငါးယောက်လောက်ရှိပါတယ်။ ကလေးမွေးပြီးပြီဆိုတာနဲ့ သက်ဆိုင်ရာတာဝန်ကျဆရာဝန်၊ ဆရာမ သူနာပြုတွေက အလုပ်ရှုပ်ကုန်တော့တာပါပဲ။ ကလေးအမေရဲ့အော်သံ။ ကလေးငိုသံ။ မနက်ရောက်တဲ့အခါမွေးဖွားတဲ့ကလေးကိုယူလာပြီး ရောဂါပါလား မပါလား ဆရာဝန်ကစစ်ဆေးဖို့ပြရနဲ့ အထူးကုဆေးခန်းမှာတုန်းက အဲဒါမျိုးတွေ ဘာမှမရှိဗိုက်ခွဲမယ့်ကလေးအမေများလေ ဆရာဝန်ကော ဆေးခန်းကပါ ပိုက်ဆံပိုရလေလေ။ မွေးမယ့်လူများလေ သူတို့အတွက် ပိုကောင်းလေဆိုတဲ့တွက်ကိန်းနဲ့ တစ်ခြားစီပါပဲ။

ဆေးရုံမှာကတော့ ပဥ္စမံ နည်းနည်းလေ့လာကြည့်တဲ့အခါသောကတွေကြားထဲက ရယ်စရာတွေပါ တွေ့ရပါတယ်။ မွေးခန်းနားကစင်္ကြံလမ်းတစ်လျှောက်မှာ မွေးဖွားမယ့် လူနာရဲ့အိမ်ကလူတွေ ထိုင်သူထိုင်။ လှဲသူလှဲနဲ့ ရန်ကုန်ဘူတာကြီးကစင်္ကြံမှာ နယ်ရထားစောင့်နေသလိုပါပဲ။ ဒီကြားထဲ အံ့ဩမှုက အသက်ခြောက်ဆယ်နားနီးတဲ့ အိန္ဒိယအမျိုးသမီး

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ကြီးက သုံးမွှာပူးယောကျ်ားချည်းမွေးပါတယ်။ သားအကြီးကတောင် အသက်က လေးဆယ်ရှိပါပြီ။ အဖေကုလားအဘိုးကြီးရော သားသမီး တွေကပါ သုံးမွှာပူးကိုကြည့်ပြီး ပျော်နေလို့။ ဒီဘက်က ကုတင်မှာတော့ အမျိုးသမီးတစ်ဦးက နှစ်မွှာပူး မိန်းကလေးချည်းမွေးပါတယ်။ ကလေးတွေ ကြည့်ပြီး စားဖို့မရှိရတဲ့အထဲ မိန်းကလေးအမွှာက မွေးလာပြန်ပြီ။ ဝတ်ဖို့ဆင်ရ၊ စားဖို့ကျွေးရ။ ပိုက်ဆံမရှိရတဲ့အထဲ မွေးပဲဒီအမွှာက မွေးနိုင် လွန်းဆိုပြီး ပြစ်တင်စကားသံကြားရပါရဲ့။ တစ်ခါ ကုတင်တစ်လုံးမှာ ကလေးအမေတစ်ယောက်က ငိုနေလို့ ဘာဖြစ်လတာလဲ။ ကလေးမွေးတာ ချုပ်ရိုးတွေကနာလို့လားလို့ ပဥ္စမံက စပ်စုကြည့်တော့ မဟုတ်ဘူးတဲ့ ယောကျ်ားလေးလိုချင်တာ မိန်းကလေးမွေးလာလို့ ငိုတာတဲ့။ တစ်ခါ ပဥ္စမံဒီရိုင်းရဲ့ သမီးအခန်းဘေးနားက အခန်းမှာကြတော့ လူနာရှင် နှစ်ယောက်ခမျာ မျက်လုံးလေးပေကလပ်ပေကလပ်နဲ့။ အနီးနားကုတင်က လူတွေကပြောတာက အဲဒီလင်မယားနှစ်ယောက်ရဲ့ ကလေးချွဲကျပ် အမောဖောက်လို့ ဆေးရုံလာတက်တာ အဒေါ်ကြီးတစ်ယောက်က လူနာ စောင့်လိုလိုနဲ့ ဟိုဟာလေးဝိုင်းလုပ်၊ ဒီဟာလေးဝိုင်းလုပ်ပေး။ ဘယ်လိုထား ရတယ်ပြောရင်း အလစ်မှာ ပိုက်ဆံအိတ်ဆွဲသွားတာ သားသမီးဇောနဲ့မို့ မသိလိုက်။ အဲဒီအိတ်ထဲမှာ ဝယ်ထားတဲ့ဆေးတွေ အကုန်ပါသွားလို့ ဘာလုပ်ရမှန်းမသိတဲ့။

ဒီထက်ရယ်စရာကောင်းတာက ပဥ္စမံပါ။ သမီးက ဆေးရုံမှာ ကျန်းမာရေး နည်းနည်းကောင်းနေလို့ ညဖက်ပဥ္စမံက ဆေးရုံရှေ့က လက်ဖက်ရည်ဆိုင်မှာ မန်ချက်စတာအသင်းနဲ့ နယူးကာဆယ်အသင်း ဘောလုံးကန်တာ တီဗွီကလွှင့်လို့ သွားကြည့်ပါတယ်။ တနင်္ဂနွေဆိုတော့ ကလေးဆောင်မှာ လူနာတွေကဆင်းလို့ လူရှင်းပြီး ပဥ္စမံဒီရိုင်းရဲ့ သမီး အပါအဝင် လေးငါးယောက်ပဲရှိမယ်။ ဒါ့ကြောင့် တာဝန်ကျက အဆောင်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



တံခါးပိတ်ထားတယ်။ ပဋ္ဌမံက အပြင်ကနေ တံခါးခေါက်တော့ လူနာစောင့်အဒေါ်ကြီးတစ်ဦးက ထွက်လာပြီး မှန်ကနေ ခေါင်းတစ်ခြမ်းမြင်နေရတဲ့ ပဋ္ဌမံဒီရိုင်းကိုကြည့်ပြီး လက်ညှိုးထိုးရင်းက အော်ပြောပါတယ်။ ပဋ္ဌမံခမျာ နာရီဝက်လောက် တံခါးပြင်ဖက်မှာ မတ်တပ်ရပ်နေရတယ်။ နောက်တော့ အဲဒီစောစောက အဒေါ်ကြီးနဲ့ လူနာစောင့်ကောင်မလေးတစ်ဦးရောက်လာပြီး လက်တုန်ခြေတုန်နဲ့ တံခါးလာဖွင့်တယ်။ ပဋ္ဌမံကိုမြင်တော့မှ သူတို့က ရယ်လို့မောလို့။ ဘာဖြစ်လို့လဲဆိုတော့ ကလေးဆောင်က ရေခဲတိုက်နားမှာဆိုတော့ သူရဲခြောက်တတ်တယ်ထင်လို့ တံခါးတွေကလည်းပိတ်ထား ညဉ့်ကနက်၊ ပဋ္ဌမံဒီရိုင်းရဲ့ ခေါင်းချည်းပဲမြင်တော့ သူရဲထင်လို့လန့်ပြီးအော်တာ။ မကျေနပ်လို့ အိပ်လို့မရလို့ ဘေးနားကလူကိုနှိုးရင်း တံခါးလာဖွင့်ကြည့်တာတဲ့။ ဒီအကြောင်းကိုမဒမ်ဒီရိုင်းကသိတော့ ဆေးရုံမှာဆူပါလေရော။ နောက်ရက်တွေမှာတော့ တာဝန်ကျဆရာဝန်မကြီးတွေက Round လှည့်ရင်း သမီးရဲ့ အခြေအနေကောင်းလို့ ဆေးရုံကဆင်းလို့ရကြောင်း၊ တစ်ပတ်တစ်ခါ ပြင်ပလူနာဌာနမှာပြဖို့ လေးဆယ့်ငါးရက်ပြည့်ရင် ကာကွယ်ဆေးထိုးဖို့ အထပ်ထပ်မှာကြားပါတယ်။ ဆရာဝန်တွေကလည်း ပြောပါတယ်။ ကလေးမွေးမယ်ဆိုရင် ဘယ်သူတွေဘာပဲပြောပြော ဆေးရုံမှာမွေးပါ။ ဆရာဝန်တွေ၊ သူနာပြုတွေ ပါးစပ်က အပေါက်ဆိုးတယ်ဆိုတာ လူနာအတွက်ပါ။ လူအများနဲ့လုပ်ရလို့ပါ။ အရေးကြုံလာရင် ဘယ်ဆရာဝန်မှ မနားရဘူးဆိုတာ ပဋ္ဌမံတို့အမြင်ပဲ မဟုတ်လားတဲ့။

ဟုတ်ပါတယ်။ ပဋ္ဌမံဒီရိုင်းအဖို့ အလွဲတွေအများကြီး ကြုံခဲ့ရပါတယ်။ အလွဲတကာ့အလွဲထဲမှာ ဒီအလွဲဟာကိုယ့်ရင်သွေးလေး အသက်ပေးပြီး လွဲရမယ့်အလွဲဖြစ်တော့မလို့ပါ။ ဒီလိုအလွဲမျိုး ကလေးရှင်မိဘတွေအားလုံး လွဲကြခြင်းဘေးမှဝေးပါစေလို့။

**ကြယ်ပွင့်စာပေ**

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ပြောရဦးမယ်။ ကလေးမွေးမယ်ဆိုရင် ဘယ်မှာဘာပဲပြောပြော ဆေးရုံမှာမွေးပါလို့ အရပ်ထဲက အကြံပေးတာတွေထက် သက်ဆိုင်ရာ ဆေးရုံက ဆရာဝန်တွေရဲ့ အကြံပြုချက်ကို ယူပါလို့။

အတွဲ (၂)၊ အမှတ် (၈၉)
မဟာသတင်းဂျာနယ်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

## ဒါမျိုးကြီးလည်း ဖြစ်တတ်ပါတယ်

"ပြောကို မပြောချင်ဘူး။ အိမ်ကလူ ကိုဖိုးတာပေါ့၊ ပိုက်ဆံလည်း မပေးဘူး။ တစ်နေ့တစ်နေ့ ဒီအရက်တွေပဲ ဖိသောက်။ ကျွန်မကပဲ ရှာကျွေးရတယ်"

"ဒါမျိုးကြီးလည်း ဖြစ်တတ်ပါတယ် မခင်လှရယ်။ ခင်ဗျား ယောကျ်ားက အလုပ်ကလည်း အလုပ်ကြမ်း၊ သားသမီးကလည်း မလိမ္မာဆိုတော့ ထွက်ပေါက်ရှာတာ နေမှာပေါ့"

အထက်ပါ အချီအချစကားသံများကို ရပ်ကွက်ထဲက ဖြတ်သွားဖြတ်လာလူတွေ ကြားမိလျှင်ဖြင့် နေရာတကာမှာ "ဒါမျိုးကြီးလည်း ဖြစ်တတ်ပါတယ်" ဆိုသည့်စကားကို တွင်တွင်ကျယ်ကျယ် ပြောဆိုလေ့ရှိသည့် ကိုစိန်မှန်မှန်း အားလုံးသိကြမည် မလွဲပါ။ သူ့ကို စကားစရှာမပြောလိုက်နှင့် ပြောလိုက်ပြီဆိုသည်နှင့် သူ၏ဖွင့်ဆိုရှင်းလင်းပြချက်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



များနှင့်အတူ သူ့လက်စွဲ "ဒါမျိုးကြီးလည်း ဖြစ်တတ်ပါတယ်" ဆိုသည့် စကားကို ဆက်တိုက်နားဆင်ရတော့မှာမို့ပါ။

တစ်ခါကလည်း ကြည့်ပါဦး။ ရပ်ကွက်ထဲမှ လူငယ်အချို့ သမီးရည်းစားကိစ္စနှင့် စကားများကြသည်။ လူငယ်ပီပီ သွေးဆူလွယ်ကြပြီး တုတ်ကိုင်၊ ဓားကိုင်နှင့် ဖြစ်ကုန်ကြသည်။ ထိုရန်ပွဲဖြစ်ရာသို့ ကိုစိန်မှန် ရောက်သွားသည်။ သူက ဖျန်ဖြေပေးမည့်ပုံစံမျိုးနှင့်။

"တော်ကြပါတော့ကွာ။ လူငယ်ဘဝမှာ ဒါမျိုးကြီးလည်း ဖြစ်တတ်ပါတယ်။ လူငယ်ဆိုတာ သွေးဆူလွယ်တယ်၊ စဉ်းစားချင့်ချိန်မှု အားနည်းတယ်၊ ရန်မဖြစ်ကြပါနဲ့ကွာ။ တို့လိုအရွယ်ရောက်မှ ရယ်စရာကြီး ဖြစ်မှန်း သိနေလိမ့်မယ်"

"တော်ဗျာ ရယ်စရာအသာထား ဒီကောင်တွေက ကျုပ်နှကို လက်ဆွဲပြီး စော်ကားရိသဲ့သဲ့လုပ်လို့ဖြစ်တာဗျ ခင်ဗျားပါ အဆစ်ပါသွားမယ်"

အကျိုးအကြောင်း ဘာဖြစ်မှန်းမသိဘဲ ဝင်ပြီးဖျန်ဖြေပေးချင်သည့် ကိုစိန်မှန်မှာ ရပ်ကွက်ထဲမှလူကြီးများ လာရောက်ဖျန်ဖြေပေးမှုကြောင့် ကံသီသွားခဲ့ရသည်။ နို့မို့ဆို လူငယ်တစ်ဦးလက်ထဲမှာရှိသည့် တုတ်က အနည်းဆုံး သူ့ဦးခေါင်းသုံးချက်လောက် ချုပ်လိုက်ရမှာမို့ပါ။

"ကိုစိန်မှန် ရှင့်ရဲ့ ဒါမျိုးကြီးလည်း ဖြစ်တတ်ပါတယ်ကို ထည့်ထည့်မပြောနဲ့ ရှင့်မှာ ပြဿနာဖြစ်ပေါင်းလည်းများပြီ"

ကိုစိန်မှန်၏မိန်းမ မခင်တင့်က အမျိုးမျိုးပြောပေမယ့် ကိုစိန်မှန်က မမှုရေးချမမှု။ ပြောစရာက ရှိသေးသည်။ ကိုစိန်မှန်က အိမ်မှာ "ကက" အငှားထောင်သည်။ မခင်တင့်က ဈေးထဲမှာ အထည်ဆိုင်ဖွင့်သည်။ သားကသုံးယောက်ရှိသည်။ အားလုံး အလုပ်ကိုယ်စီနှင့်။ သမီးအငယ်မ တစ်ဦးရှိသည်။ အဝေးသင်တက္ကသိုလ် ပထမနှစ်တွင် ပညာသင်ကြားနေသူ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ဖြစ်သည်။ ရုပ်ကလေးကလည်း ချောသည်။ ရပ်ကွက်ထဲက ပိုးပန်းသူများလည်း ရှိသည်။ သို့သော်. . .

"ဒီမှာ သမီးက ရုပ်လည်းလှတယ်၊ အနေအထိုင်လည်း ပိရိတယ်၊ ရပ်ကွက်ထဲကကောင်တွေကို လုံးဝမကြိုက်နဲ့။ မချစ်နဲ့။ သိရင်တော့ မလွယ်ဘူးမှတ်။ ဒါမျိုးကြီးတွေက ဖြစ်တတ်လွန်းလို့။ ဒါမျိုးကြီးလည်း ဖြစ်တတ်ပါတယ် သမီး"

ကိုစိန်မှန်က ထိုစကားကို သမီးဖြစ်သူအား မကြာခဏပြောဆိုဆုံးမဖူးသည်။ သူ့သဘောကတော့ သမီးဖြစ်သူကို ဘွဲ့ရမှ သူငယ်ချင်းသားတစ်ဦးနှင့် လက်ထပ်ပေးဖို့လည်း ကြံရွယ်ထားသည်။ တစ်နေ့တော့ ကိုစိန်မှန်တစ်ယောက် ယမ်းပုံမီးကျဖြစ်သည်။ ဈေးထဲကအထည်ဆိုင်သို့ မခင်တင့်အား ထမင်းချိုင့်သွားသွားပို့သော သမီးဖြစ်သူက ဈေးထဲမှ မုန့်ဟင်းခါးဖတ်ရောင်းသောကောင်လေးနှင့် ရည်းစားဖြစ်နေခြင်းကို သိသွားသောကြောင့်ပင်။ သမီးဖြစ်သူကို အိမ်ထဲက အိမ်ပြင်လုံးဝမထွက်ခိုင်း။ သူကိုယ်တိုင် တင်းကျပ်စွာ စောင့်သည်။ အလွတ်မပေး။

ကိုစိန်မှန်မှာ အမိက ဝါသနာတစ်ခု ရှိပါသေးသည်။ ထိုဝါသနာကို ဘယ်လိုမှ ဖျောက်ဖျက်၍မရ။ ထိုဝါသနာမှာ မီးပုံပွဲလုပ်၍ ရပ်ကွက်ထဲမှ လူကြီးလူငယ်များနှင့် ထမင်းစုချက်စားခြင်းပင်ဖြစ်သည်။ ကိုယ်တိုင်ချက်သည်။ ဘယ်တော့မှ မောရပန်းရမှန်းမသိ။ သူ့ခမျာ ထမင်းစုချက်စားမည့် အထိမ်းအမှတ်ကိုသာ ရွေးလို့နေသည်။ ဘာနေ့ ညာနေ့သာရောက်။ သူ့အိမ်ရှေ့မှာ အုန်းလက်များနှင့် မီးပုံဖိုပြီးပြီ။ လူငယ်တွေက ဂစ်တာတီးသူတီး။ သူကလည်း ကြက်ပဲကိုချက်နေလို့။

မျက်နှာကလည်း တပြုံးပြုံး။ ယမကာလေး အနည်းငယ်ကိုလည်း မော့လိုက်နှင့်။

တစ်နေ့ဆိုပါတော့။ ထိုနေ့က တန်ဆောင်မုန်းလပြည့်ကျော်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



(၁) ရက်နေ့။ တစ်နည်းအားဖြင့် ကျီးမနိုးပွဲနေ့။ ထိုနေ့ညမှာ ကိုစိန်မှန် အိမ်ရှေ့တွင် မီးပုံပွဲအကြီးအကျယ်လုပ်သည်။ ရပ်ကွက်ထဲက လူငယ်တွေကလည်း စုံသလားမမေးနှင့်။ ယမကာတွေလည်း အများကြီး။ ကိုစိန်မှန်ကိုယ်တိုင်လည်း မောရပန်းရမှန်းမသိ။ ဒိုင်ခံချက်ပေးနေလို့။ ဤသို့ဖြင့် ညဥ့်နက်သောအခါ စားတာကလည်း ဗိုက်ကပြည့်။ ယမကာတွေကလည်း အတော့်ကိုမူးနေကြလို့ အားလုံးကိုစိန်မှန်အိမ်ရှေ့မှာ ကိုစိန်မှန်အပါအဝင် ပိုးလိုးပက်လက် အိပ်ပျော်ကုန်ကြသည်။ ကိုစိန်မှန် သားသုံးယောက်ကလည်း အဖေတူသားအတိုင်း အကုန်မူးပြီး အိပ်ပျော်နေကြသည်။ ထိုအချိန်တွင် သမီးဖြစ်သူက ထိုအချက်ကို အခွင့်ကောင်း ယူပြီး ဈေးထဲမှ မုန့်ဟင်းခါးဖတ်ရောင်းသောကောင်လေးနှင့် ခိုးရာလိုက်ပြေးပါတော့သည်။ ကောင်လေးက လမ်းထိပ်တွင် စောင့်လို့နေသည်။ မည်သူမှ မသိလိုက်။

"ကိုစိန်မှန် ထစမ်းပါဦး။ ဟင် ကောင်းကြသေးရဲ့လား ရှင့်သမီး လင်နောက်လိုက်သွားပြီ။ လုပ်ဦးလေ မီးပုံပွဲ၊ လုပ်ဦးလေ စုပေါင်း ထမင်းချက်စားချင်လို့"

နောက်တစ်နေ့နံနက်စောစောမှာ မခင်တင့်၏ အလန့်တကြား သံကြောင့် ကိုစိန်မှန်အပါအဝင် ညတုန်းက ယမကာထွေနေသော လူတွေပါ လန့်နိုးလာကြသည်။ အားလုံးရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။ အဆိုးဆုံးက ကိုစိန်မှန်။ သမီးဖြစ်သူက အခွင့်အလမ်းကိုရအောင် အသုံးချလို့ ဖြစ်သည်။ သမီးဖြစ်သူကိုကော သမီးကိုခိုးပြေးသွားသည့် ကောင်လေးကိုပါ သတ်မယ်ဖြတ်မယ်ဟု ကြိမ်းလို့နေသည်။ ထိုအချိန်တွင် ရပ်ကွက်ထဲမှ ညတုန်းက သူတို့နှင့်အတူ မီးပုံပွဲတွင် ပါဝင်ဆင်နွှဲသည့် ကောင်လေး တစ်ဦးက ပြောလိုက်သည့်စကားကြောင့် သူ့ခမျာ ပိုဒေါသထွက်သွားပါသည်။

ကြယ်ပွင့်စာပေ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



"ဒါမျိုးကြီးလည်း ဖြစ်တတ်ပါတယ် ဦးလေးရယ် လူငယ်ချင်း သဘာဝပဲဗျာ။ ဘာဖြစ်လဲ ဦးတို့လည်း ငယ်ရာကကြီးလာတာပဲ ဒါမျိုးကြီးမျိုးဖြစ်တတ်တာ ဘယ်ဆန်းမလဲ"

"ဘာကွ အခုဟာက ငါ့သမီးကွ ငါ့သမီး"

သူ့စကားနှင့်သူ ဆိုသလို ပြန်ခံစားရသဖြင့် အနီးအနားရှိ အုန်းလက်နှင့် ထိုလူငယ်လေးကို လိုက်ရိုက်သဖြင့် ထိုလူငယ်လေးမှာ နောက်ကျသည့်ခြေထောက် သစ္စာဖောက်ပုံစံမျိုး ခြေကုန်သုတ်ထွက်ပြေး ရပါတော့သည်။

ယခုအချိန်မှာတော့ သမီးဖြစ်သူက ဈေးထဲကကောင်လေးနှင့် သားဦးလေးတောင် ရလို့နေပါပြီ။ အားလုံး သူ့အိမ်မှာပဲနေသည်။ သို့သော် "ဒါမျိုးကြီးလည်း ဖြစ်တတ်ပါတယ်" ဟူသော စကာကိုတော့ ရပ်ကွက်ထဲမှာ ကိုစိန်မှန်တစ်ယောက် ပြောတာသိပ်မတွေ့ရတော့သဖြင့် တစ်ခါတစ်ရံ ရပ်ကွက်ထဲက လူတွေက ထိုစကားကိုကြားချင်ကြောင်း အချင်းချင်း ပြောဆိုလို့နေကြသည်။

သတင်းစုံဂျာနယ်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

## အားလုံးကြောင့်ငိုရပါသည်

လွှန်းထားထား(ဆေးတက္ကသိုလ်)၏ ဝတ္ထုတစ်ပုဒ်ထဲမှ စကားလုံးကို ငှားသုံးပြီး ပြောလိုက်ချင်ပါသည်။ "လက်မှာရွှေဟန်းချိန်းပတ်ထားတဲ့လူတွေကိုမုန်းတယ်၊ မုန်းတယ်"ဆိုတာပါပဲ။ ဘာဖြစ်လို့လဲမမေးလိုက်ပါနှင့်။ မေးလိုက်သည်နှင့် ရပ်ကွက်ထဲက လူပျိုကြီးကိုအုန်းကျော်၏ မျက်နှာကို မျက်စိထဲမှာ မြင်မြင်နေရသည်။ တစ်ဆက်တည်းဆိုသလို သင်းကြောင့်ဆိုသည့် အသိကဝင်လာသည်။

ထိုင်နေရင်ကောင်းပါသည်။ ထသွားမှ ကိုအုန်းကျော်နှင့် တန်းတိုးမိသည်။ ရပ်ကွက်ထိပ်က လက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည်သောက်ပြီး ပြန်မလို့လုပ်နေချိန်ဖြစ်သည်။ "မျိုးအောင်ကြီးနေပါဦး" ဆိုပြီး သူက လက်ဖက်ရည်ဆိုင် ပြန်ထိုင်ခိုင်းသည်။ ရာသီဥတုက အနည်းငယ်ပူသဖြင့် အင်္ကျီလက်ကို မတင်လိုက်သည့်အခါ ကိုအုန်းကျော်က မျိုးအောင်၏

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



လက်ကို မြင်ဖြစ်အောင် မြင်သွားသည်။

"ဟာ မင်းက ဟန်းချိန်းတွေဘာတွေနဲ့ အတော်ထောနေပြီပဲ။ သည့်ထက်ထောအောင် အကြံတစ်ခုပေးမယ် လုပ်ကြည့်ပါလား။ ဟန်းချိန်းတွေ ဆယ်ကွင်းတောင် ဖြစ်လာနိုင်တယ်"

ကိုအုန်းကျော်က စကားကိုရယ်ရင်း လက်ဖက်ရည်မှာသည်။ စီးကရက်မှာသည်။ မုန့်မှာသည်။ သောက်သည်။ ဖွာသည်။ လုံးဝ ခန္ဓာကိုယ်ကို ငြိမ်သက်ခွင့်မပေး။ ပြီးမှ

"အခုလို ရာသီဥတုသာယာတဲ့ အချိန်မျိုးမှာ ဘုရားဖူးလုပ်ငန်း လုပ်ပါလား။ တွက်ခြေကိုက်တယ်ဗျ။ ပြီးတော့ မင်းကမိတ်ဆွေလည်း ပေါတယ်။ လုပ်ကြည့်စမ်းပါဗျာ"

"မဖြစ်ဘူးဗျ၊ ဒါက ကိုယ်ပိုင်ကားရှိမှ၊ လမ်းမှာ စားရေး၊ သောက်ရေး၊ နေရေးအားလုံး ကွက်တိဖြစ်မှဗျ၊ ဟာဗျာ မဖြစ်နိုင်ပါဘူး"

ထိုအခါ ကိုအုန်းကျော်က ဟက်ဟပ်ပက်ပက်ရယ်လိုက်သည်။ စီးကရက်ကိုဖွာသည်။ ထို့နောက်

"မျိုးအောင် ဒီတစ်ခါတော့ မင်းအောက်သွားပြီ၊ ကိုယ်ပိုင်ကားရှိဖို့ မလိုဘူး။ သတ်မှတ်တဲ့ လူဦးရေရရင် ကားတစ်စီးငှားမယ်၊ အဲဒီကားမောင်းတဲ့လူကို ဘယ်မြို့ဘယ်ဘုရားမှာ ဘာရှိသလဲမေး၊ သင်းတို့က လမ်းညွှန်သွားလိမ့်မယ်။ လုပ်မှာသာလုပ်ကြည့်။ လူတစ်ယောက်ကို သုံးသောင်းပဲထား၊ ခရီးကို သုံးရက်ပဲလုပ် တစ်ရက်လျော့ရင် တစ်ရက်စရိတ် သက်သာတယ်။ လူလေးဆယ်ဆို ဘယ်လောက်လဲ၊ ကားခစားရေးသောက်ရေး အားလုံးဖယ်လိုက် အနည်းဆုံးကိုယ့်အတွက် ငါးပုံးခြောက်ပုံးလောက် ကျန်တယ်"

ကိုအုန်းကျော်ပြောသည့်စကားကို နားထောင်လိုက်ရသည့်အခါ အတော့်ကို ဟုတ်၍နေသည်။ မပင်ပန်းဘဲ ငွေကလေးမြိုးမြိုးမြတ်မြတ်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ရမှာမို့ စိတ်ဝင်စားသွားသည်။

"ဒါဆို ဘာလုပ်ရမှာလဲ"

"ဘာမှမလုပ်နဲ့ မျိုးအောင်၊ လမ်းထိပ်နဲ့ ဒီလက်ဖက်ရည်ဆိုင်မှာ ကျောက်သင်ပုန်းနှစ်ချပ်ထောင်၊ ကြော်ငြာရေး၊ ကျုပ်လည်းလိုက်ပြီး ကြော်ငြာပေးမယ်။ ခရီးသွားလုပ်ငန်းကို "ကျိုးကန်းဖြူ" ဝန်ဆောင်မှုလုပ်ငန်းဆိုပြီး နာမည်ပေး။ မန္တလေးပါသွားဗျာ။ လုပ်ဆို မြန်မြန်လုပ်ဗျာ"

ဘုမသိ ဘမသိဖြင့် မျိုးအောင်တစ်ယောက် နောက်နေ့မှာ သုံးထပ်သားပြား နှစ်ချပ်ဝယ်လိုက်သည်။ ထို့နောက် လက်ဖက်ရည်ဆိုင်ရှေ့မှာ လမ်းထိပ်တွင် ဘုရားဖူးကြော်ငြာသင်ပုန်းနှစ်ချပ်ကို ထောင်ထားလိုက်သည်။

**ကျိုးကန်းဖြူဘုရားဖူးခရီးသွားဝန်ဆောင်မှုလုပ်ငန်း**

- အထင်ကရ မန္တလေးဦးပိန်တံတား
- ရာဇဝင်ထဲက မဟာပုဂံဘုရားများ
- ဒဏ္ဍာရီထဲက ပုပ္ပါးတောင်ကလပ်
- သမိုင်းစာမျက်နှာထဲက ဗိသနိုးဘုရင်မရဲ့ ပြည်မြို့
- ဧရာဝတီမြစ်တစ်ဖက်ကမ်းက မေ့မရတဲ့ ရွှေဘုံသာမုနိ
- လူတစ်ဦး - ၃၀၀၀၀ ကျပ်
- စားရေး၊ သောက်ရေး၊ နေရေး အပြီးအစီး
- ညအိပ်ခရီး

လိုက်ပါလိုလျှင် မျိုးအောင်ထံ စာရင်းပေးပါ။

မျိုးအောင်၏ "ကျိုးကန်းဖြူ" ဘုရားဖူးခရီးသွားဝန်ဆောင်မှုလုပ်ငန်းကို စိတ်ဝင်စားသူများလှပါသည်။ တစ်နေ့တည်းဆိုသလို လာမေးကြသူတွေက အများသား။ အဖေနှင့်အမေကတော့ မျိုးအောင်ကို ဒီကောင်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ဘာတွေကြောင်နေပြီလဲဟု သုံးသပ်နေသည်။ သို့နှင့် ရက်သတ္တပတ် တစ်ပတ်အကြာမှာ ဘုရားဖူးလိုက်ပါမည့်သူလေးဆယ် စာရင်းကောက်ခံ ရရှိသည်။ လိုက်ပါမည့် အခကြေးငွေကိုလည်း ပေးကြသည်။ ကိုအုန်းကျော် အကူအညီဖြင့် အဲကွန်းဘတ်စ်ကားကြီးတစ်စီးငှားသည်။ တစ်ရက်ကို တစ်သိန်း။ သုံးရက်ခ သုံးသိန်းပေးလိုက်သည်။ လမ်းခရီးအတွက် ရေသန့်ဗူး၊ သကြားလုံးထုပ်အကြီးတွေဝယ်ပြီး လူတစ်ယောက်အတွက် သကြာလုံးသုံးလုံးကျစီဝေပေးဖို့ ထုပ်ထားသည်။ စနိုးတာဝါများလည်း မကျန်ရ။ စတိုးဆိုင်တွေက ရောင်းမကုန်တာတွေ အောက်ဈေးနှင့် ဝယ်ထားသည်။ စားစရိတ်ငါးသိန်းကို ဖယ်လိုက်သည်။ လက်ထဲမှာ လေးသိန်းခန့်ကျန်သေးသည်။ ဤသို့ဖြင့် ဘုရားဖူးခရီးထွက်မည့်နေ့သို့ ရောက်လို့လာသည်။

အဲကွန်းကားကြီးကို လမ်းထိပ်တွင် စုရပ်အဖြစ် ရပ်လို့ထားသည်။ လက်ထဲတွင် ဟန်းချိန်းပတ်ထားပြီး စပို့ရှပ်နှင့်ဘောင်းဘီရှည် ဝတ်ဆင်ထားသော မျိုးအောင်တစ်ယောက် လိုက်ပါမည့်လူစာရင်းနှင့် အလုပ်ရှုပ်လို့ နေသည်။ ကိုအုန်းကျော်ကိုလည်း အကူအညီခေါ်ထားရသည်။ ရပ်ကွက်ထဲက လူငယ်လေးတစ်ဦးကိုလည်း လမ်းခရီးအကူအညီဖြင့် ခေါ်ထားရ သေးသည်။ လိုက်ပါသည့်လူတွေက အတော့်ကိုစုံလှသည်။

ကဗျာလက်သင် မောင်ချစ်မွှေး၊ နတ်ကတော်ဇန်ဇန်၊ မရှိမဖြစ် ကိုလှသောင်း၊ အဆိုဝါသနာရှင် ကိုလှသန်း၊ ယမကာလုလင်ကိုဗိုက်ပူ၊ စတိုးဆိုင်က လင်းလင်း၊ ထွေးထွေးတို့ညီအစ်မ၊ ငွေတိုးချေးစားဒေါ်စိန်မြင့်၊ ဒီဘက်ရပ်ကွက်က လူအချို့။ မော်တော်ကားထွက်ခါနီး လိုက်ပါပို့ဆောင်သူ တွေနှင့် ပစ္စည်းမှာသူမှာနှင့် လမ်းထိပ်မှာ ဆူညံလို့နေသည်။ မော်တော်ကား သည် ဘုရားဖူးဖို့ထွက်ခွာလို့လာနေပါပြီ။

"ဟယ် ကားထဲမှာ ကာရာအိုကေဆိုလို့ရတယ်"

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



"ဗွီဒီယိုခွေတွေလည်းပါတယ်၊ ဖွင့်ခိုင်းရမယ်"

"မိုက်ကရိုဖုန်းနဲ့ ငါ့ကဗျာတွေ ခရီးသည်တွေကို ရွတ်ပြရမယ်"

"ပုပ္ပါးသွားမှာ ကိုယ်တော်လေး ကိုယ်တော်ကြီးတို့ နတ်ချင်းသီချင်းခွေတွေ ပါသလားမေးရဦးမယ်"

ရပ်ကွက်ထဲက လူငယ်လေးက ခရီးသည်များကို ရေသန့်ဗူး၊ သကြားလုံး၊ စနိုးတာဝါများကို လိုက်လို့ဝေပါသည်။

"မောင်မျိုးအောင် လာပါဦးကွယ်"

ရပ်ကွက်ထဲက ဘုရားကိုးဆူဆရာ ဦးဖိုးတုတ်ကခေါ်သဖြင့် သွားရသည်။ မေးကြည့်တော့ ရေသန့်ဗူးမဖွင့်တတ်လို့တဲ့။ ဦးဖိုးတုတ်လိုပဲ ရေသန့်ဗူးမဖွင့်တတ်တဲ့သူတွေကို မျိုးအောင်ခမျာ ဖွင့်ပေးရ၊ စနိုးတာဝါဆိုတာ ဘာလုပ်ရတာလဲလို့ မေးသူကို ပြန်ရှင်းပြရနှင့် အလုပ်ရှုပ်လို့နေသည်။

"ဟဲလို ဟဲလို တတ်စတင် ဝမ်း တူး သရီး"

ရုတ်တရက် အသံကြား၍ လှည့်ကြည့်လိုက်သည့်အခါ ကားမောင်းသူနေရာ အနီးအနားတွင် မိုက်ကရိုဖုန်းကိုင်ထားသော ကိုအုန်းကျော်ကို တွေ့လိုက်ရသည်။ မျိုးအောင် ဘုရားတမိသည်။ သင်းလက်ထဲ မိုက်ကရိုဖုန်းရလျှင် လက်ကချသူမဟုတ်။ ဒီအထဲမှာ ကိုလှသန်းတို့ ကိုလှသောင်းတို့ကလည်း မိုက်ကရိုဖုန်းနှင့် လက်စွမ်းပြကြဦးမည်။ အတွေးမဆုံးခင်. . .

"ဗျို့ ကိုအုန်း၊ မိုက်ကိုင်ပြီး ပြောရင်ပြော မပြောရင် ကျွန်တော်ပြောမယ်"

ကိုလှသောင်း၏ စကားမဆုံးခင် ကိုအုန်းကျော်က သူ့လက်ထဲမှ မိုက်ကရိုဖုန်းကို ရွှေချောင်းအလား စိုးရိမ်စိတ်ကြီးစွာဖြင့် ကြည့်လိုက်သည်။ ထို့နောက်-

"အစဉ်ထာဝရ ချစ်ခင်လေးစားရပါသော ရွှေပွဲလာပွဲကြည့်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ပရိသတ်အပေါင်း အဲ. . . အဲ. . . မှားသွားလို့ . . . ဘုရားဖူးခရီးသွား အပေါင်းတို့ခင်ဗျား၊ ကျွန်တော်တို့က ရာမညတိုင်းစံဌာနီမှ သာသနာစက်၊ ဘာသာစက်၊ တည်တံ့ခိုင်မြဲစေဖို့ လူမင်းရာဇာ. . . နတ်မင်း . . . ရာဇာ"

"ဟော့လူ. . သိန်းဇော်ရဲ့ မြတ်ဆုမွန်သီချင်းနဲ့ မှားကုန်ပြီ၊ ဟာ"

မျိုးအောင်ခမျာ အပြေးအလွှား ကိုအုန်းကျော်လက်ထဲက မိုက်ကရိုဖုန်းကို ပြေးယူလိုက်ရသည်။ တစ်ဆက်တည်းဆိုသလို

"လမ်းခရီးမှာ ပျော်ရအောင်လို့ သီချင်းဆိုတတ်သူကဆို၊ ပြောတတ်သူကပြောပါ"

စကားတောင်မဆုံးပါ။ ကဗျာလက်သင် မောင်ချစ်မွှေးက မျိုးအောင်ထံ ရောက်လာပါသည်။ လက်ထဲမှ မိုက်ကရိုဖုန်းကို ယူလိုက်သည်။

"အို ပုဂံ . . .

ကျွန်ုပ်ရောက်လာခဲ့ပြီ

လွန်ခဲ့တဲ့ နှစ်ထောင်ကျော်ဆီက

ကျွန်ုပ်ဟာ မင်းကျွန်စစ်

မဏိစန္ဒာကြောင့် ပုဂံနဲ့ဝေးခဲ့

ချစ်သူနဲ့လွဲခဲ့ရ

နွမ်းလှပါသည်။

ကျွန်ုပ်ယခုလာပြီ။ ဒီကဗျာထဲကလိုပါပဲ။ ကျွန်တော်ဟာ မဏိစန္ဒာကြောင့် ချစ်သောအနော်ရတာနဲ့ စိတ်ဆိုး အရိန္ဒမာလုံကြောင့် သမ္မုလရှိတဲ့အရပ်ကို ပြေးခဲ့ရ၊ အင်မတန်လွမ်းစရာ ဖြစ်ခဲ့ပါတယ် ဟီး . . . ဟီး"

"မောင်ချစ်မွှေး ညီလေး အလွမ်းဓာတ်ခံရှိရင် ပြန်ထိုင်ကွာ၊ ငိုတော့မငိုပါနဲ့"

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



မျိုးအောင်ခမျာ အတင်းကိုချော့မော့ပြီး ပြန်ထိုင်ခိုင်းရသည်။ ဤသို့ဖြင့် မော်တော်ကားပေါ်တွင် ပါလာသူများက သီချင်းဆိုကြ၊ ကကြ၊ ကားကိုခဏခဏရပ်ပြီး 'ပေါက်တော' ဟုအော်ပြီး အပေါ့အပါး ခဏခဏ သွားကြသည်မို့ ကားကိုခဏခဏ ရပ်ပေးရသည်။ မြန်မာပြည်လှည့်ပြီး အပေါ့အပါးသွားသည်နှင့် တူပါသည်။ လမ်းခရီး ညစာစားသည့်အခါ မျိုးအောင် မျက်ခုံးစလှုပ်ရပါတော့သည်။ အဝစားဟု ပြောထားသဖြင့် ဟင်းကိုတစ်ယောက်တည်း သုံးလေးမျိုးမှာကြသည်။ အချိုရည်ဗူးတွေ မှာသောက်ကြနှင့်။

"မျိုးအောင် ဒီလောက်က ပါးပါးလေး၊ ဖယ်ထားတဲ့လေးပုံးကို လုံးဝမထိခိုက်နိုင်ဘူး"

ကိုအုန်းကျော်က အားပေးစကားပြောသည်။ မန္တလေးသို့ အသွားလမ်းခရီးမှာ စားလိုက်သောက်လိုက်နှင့် တကယ့်ကိုဟုတ်လို့ နေသည်။ နောက်တစ်နေ့နံနက်ပိုင်းမှာ ဦးပိန်တံတားသို့ရောက်သည်။

"မျိုးအောင်ရေ ဒေါ်ဒေါ်ပုဇွန်ထုတ်စားချင်တယ်၊ ပုစွန်ထုပ်ကြော် တစ်ပွဲမှာကွယ်"

ရပ်ကွက်ထဲက ငွေတိုးချေးစားသူ ဒေါ်စိန်မြင့်က စကားဆိုလာပါသည်။ မျိုးအောင်ခမျာ ဘာပြောရမှန်းမသိ။ ဤတောင်သမန်အင်းမှာ ပုဇွန်ထုပ်က ဘယ်လိုမှမရနိုင်။ အခြားခရီးသည်တွေကလည်း ပုဇွန်ထုပ် ဟင်းနှင့်စားမည်ဟု တညီတညွတ်တည်း အဆိုပြုလာပါသည်။ မျိုးအောင် ခမျာ ကားသမားကို မန္တလေးမြို့ထဲ ပုဇွန်ထုပ်ရှာခိုင်းရပြန်ပါသည်။ ပုဇွန်ထုပ် ဟင်းတစ်ပွဲကို ရှစ်ရာကျပ်နှင့် ပွဲလေးဆယ်ဖိုး သုံးသောင်းနှစ်ထောင် ရှင်းလိုက်ရပါသည်။ ဘုရားဖူးခရီးသည်တွေမှာ ပုဇွန်ထုပ်မစားဖူးသည့် အလား တဝတပြ စားကြပါသည်။ မျိုးအောင်ခမျာတော့ ဖယ်ထားသည့် အမြတ်လေးပုံးထဲမှ မည်ရွေ့မည်မျှပါသွားလေမလဲ စိုးရိမ်ကြီးစွာဖြင့်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



တွေးနေမိသည်။ ပုဂံသည် လှ၏။ ကျက်သရေရှိ၏။ မြန်မာ့ယဉ်ကျေးမှုမျိုးစုံရှိ၏။ ဘုရားဖူးအပေါင်းကလည်း ဘုရားဖူးဖို့ထက် ဘုရားတစ်ဆူရှေ့ရောက်သည်နှင့် ဈေးဝယ်ကြသည်မှာ အလုအယက်။ မြန်မာပြည်အနှံ့ဈေးဝယ်ထွက်သည့်ပုံမျိုး ဖြစ်လို့နေသည်။ သည်ကြားထဲ ကိုအုန်းကျော်ကဘုရားဖူးသည်မှာ ကြာမှာစိုးပြီး ကားကနောက်တစ်ရက်ကူးပြီး ငွေထပ်ကုန်မှာစိုးသည့်အတွက် ဝီစီဖြင့် အချက်ပေးလို့နေသည်။

"အရှင်ဘုရား ခွင့်လွှတ်ပါ။ ဦးပဲချပြီး မကြည်ညိုနိုင်သည်ကိုခွင့်လွှတ်ပါ။ အုန်းကျော်ရဲ့ ဝီစီသံကြားရလို့ပါဘုရား"

ရပ်ကွက်ထဲက ဓမ္မာရုံလူကြီးဦးသာဗျင်စကားကြောင့် ကိုအုန်းကျော်နှင့် စကားများကြ၍ မျိုးအောင်ဆွဲရပြန်သည်။ ဘုရားဖူးတွေကအကောင်းဆုံးဟိုတယ်မှာ တည်းကြသည်။ မနက်မိုးလင်း ပုပ္ပါးသွားကာနီးကားထွက်ခါနီးရောက်မှ ပြဿနာတက်တော့သည်။ ဟိုတယ်ကဝန်ထမ်းက မျိုးအောင်ထံ ဘီလ်စာရွက်တွေလာပေးသည်။ ကြည့်လိုက်သောအခါမျက်ခုံးလှုပ်ပြီး တက်ချင်သလို ဖြစ်သွားသည်။ ဘီလ်စာရွက်မှာ ရှင်းရမည့်ငွေက တစ်သိန်းကျော်လို့နေသည်။

"ဘာဖြစ်လို့လဲ"

"ဒီမှာ ဘုရားဖူးတွေက တည်းတဲ့အခန်းတိုင်းက ရေခဲသေတ္တာထဲက ပုလင်းတွေ၊ ဘီယာပုလင်းတွေကို လက်ကျန်မရှိ အကုန်စားကြသောက်ကြတယ်လေ"

မျိုးအောင်က ဘုရားဖူးခရီးသည်များကို ဘာဖြစ်လို့ ဒီလိုလုပ်တာလဲ မေးသည့်အခါ သူတို့က တညီတညွတ်တည်းဖြေကြသည်။ အခန်းထဲမှာ ရေခဲသေတ္တာထည့်ထားသည့် အချိုရည်စားစရာတွေကိုအခန်းထဲမှာတည်းလျှင် အကုန်စားလို့ရသည်။ သောက်လို့ရသည်ထင်လို့စားလိုက်တာဟု ပြောကြပါသည်။ မျိုးအောင်ခမျာ ဘာတတ်နိုင်ပါမည်နည်း။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ပုပ္ပါးတောင်သည် အင်မတန်လှသည်။ အင်မတန်အေးမြသည်။ မအေးမြနိုင်တာက မျိုးအောင်ပင်ဖြစ်ပါသည်။ လမ်းထဲက ဦးကြီးမောင် ပုပ္ပါးတောင်တက်ရင်း အမောဖောက်သဖြင့် နီးစပ်ရာဆေးခန်း အမြန် ပို့လိုက်ရသည်။ ကိုလှသန်းက ပုပ္ပါးတောင်တွင်နေသော မျောက်တွေကို စသဖြင့် မျောက်တွေကုပ်သဖြင့် ဆေးခန်းပို့ရပြန်သည်။ ယမကာလုလင် ကိုဗိုက်ပူက လမ်းထဲကကောင်မလေးနှစ်ယောက်ကို ပုပ္ပါးတောင်တက်ရင်း စသဖြင့် ကောင်မလေးနှစ်ယောက်က တောင်ကလပ်မှာငိုသဖြင့် မျိုးအောင် ခမျာ ချော့ရပြန်သည်။ သည်ကြားထဲ နတ်ကတော်ဇန်ဇန်က တိုင်ပြန် သည်။ ကိုလှသောင်းက ဘာမှမယုံဘူးပြော၍ ရန်ဖြစ်ကြသည်။ မျိုးအောင် ခမျာ ဆွဲရပြန်သည်။

မော်တော်ကားသည် ပုပ္ပါးတောင်ကနေ ရန်ကုန်သို့ အပြန်ခရီး ထွက်လာခဲ့သည်။ လမ်းတစ်ဝက်မှာ ကားဘီးပေါက်သည်။ ကားဘီးဖာပြီး ထပ်ထွက်လာသည်။ ထပ်ပေါက်ပြန်သည်။ ကားသမားက စကားဆိုလာ သည်။ သူ့မော်တော်ကားဘီးက အသစ်မို့ လျော်ရမည်တဲ့။ လူက ထင်တာထက် များနေသည်တဲ့။ လျော်လိုက်ရပါသည်။ ကားဘီးအသစ်ဖိုး ငွေတစ်သိန်း။ ဆက်လက်ခရီးထွက်လာသည်။ သာယာဝတီမှာ ကားစက် ပျက်ပြန်သည်။ ညကမိုးချုပ်ညဥ့်နက်နေပြီထင်သည်။ ထိုအခါ နတ်ကတော် ဇန်ဇန်က ရန်တွေ့ပါလေတော့သည်။

"မျိုးအောင် ကောင်းလား၊ မပြောချင်လို့ ပုပ္ပါးတောင်မှာ အရှင်ကြီးတွေကို ခွင့်မတောင်းဘဲ အပေါ့အပါးသွား၊ လမ်းမှာလည်း တွေ့တဲ့နေရာအပေါ့သွားကြတယ်။ ကွင်းပိုင်လမ်းပိုင်တွေကို ခွင့်မတောင်း ဘူး။ ကိုဗိုက်ပူက ပိုဆိုးတယ်။ တို့ကိုရှေ့ထားပြီး မတ်တပ်ရပ် အပေါ့သွား တယ်၊ တို့မကျေနပ်ဘူး။ သင်းကိုမကျေနပ်ဘူး။ ဒါနတ်ကိုင်တာ"

"ဟဲ့ . . . နင်ဒီလိုမပြောနဲ့"

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



"ပြောတော့ဘာဖြစ်လဲ၊ ဟဲ့ကောင်ရ"

မကြာပါ၊ ကားကပျက်၊ မှောင်ကမှောင်၊ သင်းတို့နှစ်ယောက် နပန်းသတ်ကြပါတော့သည်။ ဆွဲသူကဆွဲ၊ သည်ကြားထဲ အနီးအနားက ဖြတ်သွားသည့် ဆိုက်ကားသမားက အော်ပြောပြန်သည်။

"ကားကိုမြန်မြန်ပြင်၊ ရှေ့ဆယ်ကိုက်မှာ မနေ့က ကားမှောက်တာ လူဆယ်ယောက်သေတယ်"

"အမလေး တို့ကြောက်တယ်၊ ကြောက်တယ်"

ရပ်ကွက်ထဲက အပျိုကြီးမတင်မိကအော်သည်။ ဦးသာဗျင်က မေတ္တာသုတ်တွေ မရပ်မနားရွတ်လို့နေသည်။ ညဥ့်ကနက်သည်ထက် နက်လာသည်။ ကားက မကောင်းသေး။ ခရီးသည်တွေက ညတွင်းချင်း အိမ်ပြန်ရောက်ဖို့ပြောသည်။ မျိုးအောင်ခမျာ ဘာလုပ်ရမှန်းမသိ။ မကြာပါ ကားတစ်စီးတွေ့သည်။ ကားကအလွတ်၊ ငှားမလားမေးတော့ ရန်ကုန် အထိနှစ်သိန်းတဲ့။ ဈေးလျှော့ခိုင်းသည်မရ၊ ခရီးသည်တွေကလည်း ပွတ်လောရိုက်ကုန်သည်။ မတတ်သာသည့်အဆုံး ကားငှားလိုက်ရသည်။

ရပ်ကွက်ထဲသို့ ရောက်သောအခါ လမ်းခရီးမှာ ဆေးခန်းပြခ၊ စားစရိတ်၊ ကားငှားခ၊ ဖယ်ထားသောလေးပုံး သို့မဟုတ် ငွေလေးသိန်း သာမက မျိုးအောင်၏ ဟန်းချိန်းပါရောင်းပြီး စိုက်ပေးလိုက်ရသည်။

မျိုးအောင်ခမျာ နေ့စဥ်ငိုလိုက်ရပါသည်။ ငိုရင်း ကိုအုန်းကျော် မျက်နှာကြီးကိုသာ ပြေး၍မြင်နေမိပါသည်။ သြော်. . . ဘုရားဖူး ခရီးသွားဝန်ဆောင်မှုလုပ်ငန်း လုပ်မှလုပ်တတ်လေခြင်းလို့။

Faces မဂ္ဂဇင်း

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

## သန်းခေါင်ယံမှ ရောက်လာတတ်သူ

ည။ လရောင်ရှိတယ်။ ကြယ်ရောင်ရှိတယ်။ မီးကင်းတဲက မီးကင်းစောင့်သူရဲ့ ဟောက်သံရှိတယ်။ တစ်ရပ်ကွက်လုံးရဲ့ အိပ်မောကျနေမှုရှိတယ်။ တစ်ရပ်ကွက်လုံး ငြိမ်သက်လို့။ ကျွန်တော်လည်း နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေလို့။

"ဆရာရေ၊ စာရေးဆရာရေ"

ရုတ်တရက်ဆိုသလို အော်ခေါ်သံကြောင့် ကျွန်တော်လည်း အိပ်ပျော်နေရာက လန့်နိုးလာတယ်။ အိမ်နီးနားချင်းတွေကလည်း အလန့်တကြား ကျွန်တော့်ကို အော်ခေါ်တဲ့အတွက်ကြောင့် ဘာများဖြစ်လေသလဲ ရယ်လို့ အိမ်မီးတွေဘာတွေ ဖွင့်သူဖွင့်နဲ့ တစ်ရပ်ကွက်လုံးနီးပါး လန့်နိုးလာကြတယ်။ အိမ်ရှေ့ကိုကြည့်လိုက်တော့ လူတစ်ယောက်က အော်ခေါ်နေတာတွေ့ရတယ်။ သေသေချာချာကြည့်တော့မှ ဂျာနယ်တွေထဲမှာ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ဆောင်းပါးရေးတဲ့ ကလောင်ရှင်တစ်ဦးဖြစ်နေတယ်။

"ဆရာရယ်၊ ဒီညလေ ကျွန်တော်စဉ်းစားတယ်။ ဆရာ ဟိုတုန်းကရေးဖူးတဲ့ မော်ဒန်အကြောင်းကို ဒီညမှာ အဖြေမှန်သိလာရတဲ့ အတွက် ကျွန်တော်ရေးထားတဲ့ ဝတ္ထုတိုဟာ မော်ဒန်ဖြစ်လား၊ မဖြစ်လား ဆွေးနွေးချင်တယ်။ ဒါနဲ့ ထွက်လာခဲ့တာ"

သူကပြောရင်းဆိုရင်းမှ အလိုက်ကန်းဆိုးမသိဘဲ အိမ်ပေါ် တက်လာပါတယ်။ ကျွန်တော့်ခမျာလည်း လူမှုရေးအရ သူပြောတဲ့ အကြောင်းအရာကို လိုက်ပြီးပြောဆိုရပါတယ်။ သူမြန်မြန်ပြန်ဖို့က အဓိကလေ။

"မော်ဒန်ကိုသိချင်ရင် ဂန္ထဝင်ကျေရမယ်။ တင်ပြပုံ ဆန်းသစ် ရမယ်။ စကားလုံးအားကောင်းရမယ်။ ပရီးဗတ်၊ ဟိုးလပ်၊ မောင်ချောနွယ်၊ အောင်ချိမ့်၊ သစ္စာနီတို့ရဲ့ ကဗျာတွေကြည့်"

ကျွန်တော်က သူမြန်မြန်ပြန်ဖို့အရေး ကိုယ်သိသလောက် ပြောလို့ မဆုံးခင်မှာ သူ့မျက်နှာက ဝမ်းသာအားရဖြစ်ရင်းက "ဟန်ကျပြီ ဆရာရေ. . . ဒီညဆရာ့အိမ်မှာ ကျွန်တော်အိပ်မယ်။ တစ်ညလုံး ဆွေးနွေးမယ်. . . နော်. . . နော်"လို့ ကြော်ငြာတွေထဲက သရုပ်ဆောင် ကောင်မလေးတစ်ဦးရဲ့ အမူအယာမျိုးနဲ့ ပြောလာပါတယ်။ နာရီကိုကြည့် တော့ မနက်တစ်နာရီထိုးတော့မယ်။

"ဆရာ ဒါ ကျွန်တော်ရေးထားတဲ့ မော်ဒန်ဝတ္ထုလေး။ ဖယောင်း တိုင်တစ်တိုင်ရဲ့ အတ္ထုပ္ပတ္တိလို့ အမည်ပေးထားတယ်။ ဖယောင်းတိုင်ဆိုတာ သူ့ရဲ့အလင်းကိုပေးရင်း သူ့ဘဝအဆုံးရှုံးခံရတာကို တင်စားထားတာ။ ဘယ့်နဲ့လဲဆရာ"

သူက သူရေးလာတဲ့ဝတ္ထုကို အတင်းဖတ်ခိုင်းပါတယ်။ ရေးသား ပုံက မပြေပြစ်၊ မော်ဒန်ဖြစ်အောင် သူကရေးတာပါ။ ဖတ်ကြည့်ရင်း

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



အိပ်ချင်တဲ့မျက်လုံးတွေတောင် ကျယ်လာပြီး ဒီလိုဝတ္ထုမျိုးသာ မော်ဒန်ဝတ္ထုလို့တင်စားရင် ပြဿနာတော့ မြန်မာစာပေလောကမှာ အကြီးအကျယ်တက်ပြီလို့။ သူရေးထားတာက အင်မတန် ပြောင်မြောက်လှပါတယ်။

မိတ်ဆွေ၊ သင်ဝမ်းနှုတ်ပြီးပြီလား။ ဖယောင်းတိုင်တစ်တိုင်ဝယ်လိုက်ပါ။ သင့်ဂစ်တာကြိုး မညှိပါနဲ့။ ကြိုးသာကုန် မောင်ပုံစောင်းမတီးတော့ပါ။ ကွန်ပျူတာသင်တန်း တက်နေပါသည်။ ဖယောင်းတိုင်မှအရည်ပျော်ကျလာသော မျက်ရည်သည် သုဘဒ္ဒါငိုသွားနိုင်ပါသည်။ အလင်းရောင်သည် အစာကြေအားတိုးဆေးလုံးမဟုတ်ပါ။ လူသားများပျော်ရွှင်နေကြသည်။ လေးဖြူသီချင်းဆိုနေသည်။ ဖယောင်းတိုင်၏ စျာပနကို မွန်ရိုး၊ ကိုသံချောင်း၊ မတင်ရီ၊ ဂျိမ်း(စ်)ဘွန်းတို့ လိုက်ပို့ကြသည်။

ဆက်မဖတ်တော့ဘဲ သူ့ကိုမော်ဒန်နှင့်ပတ်သက်သော အကြောင်းအရာများကို သူအိပ်မောကျပြီး တခေါခေါဟောက်သည်အထိ ရှင်းပြပြီးနာရီကြည့်တော့ မနက်ငါးနာရီထိုးပါတော့မယ်။ အိပ်ချင်စိတ်နဲ့ အိပ်ပျော်သွားကာ မနက်ကိုးနာရီကျမှ ကျွန်တော် နိုးလာတော့ ထိုပုဂ္ဂိုလ်မရှိတော့ပါ။ ဘယ်အချိန်တံခါးဖွင့်ပြီး ပြန်သွားမှန်းမသိ။ ဒီလိုနဲ့ သူ့ကိုမေ့ထားတာတစ်လခန့်အကြာမှာ ကျွန်တော်အစားမှားတဲ့ရောဂါနဲ့ ဝမ်းတွေအရမ်းသွားလို့ ဆေးရုံတင်ရပါတယ်။ ပင်ပန်းနွမ်းနယ် မောဟိုက်လွန်းလို့ ဘယ်သူ့ကိုမှ စကားမပြောချင်ပါဘူး။ ဆေးရုံမှာ အစောင့်ကောင်လေးတစ်ယောက်ငှားထားတာ ကျွန်တော်ညဥ့်နက်လို့ အိပ်ပျော်နေတုန်း ကောင်လေးကအပြင်ကို သွားနေချိန်မှာ ကျွန်တော့်ရဲ့ခြင်ထောင်ကို လူတစ်ယောက်ကလာဆွဲလို့ ရုတ်တရက်လန့်လန့်နဲ့ ကြည့်လိုက်တဲ့အခါ ခြင်ထောင်ထဲကိုလူဦးခေါင်းကြီးတစ်ခြမ်းက ရောက်နေပါတယ်။ ဝမ်းသွားလို့ ဆေးရုံခုတင်ပေါ်မှာ နွမ်းနယ်နေတဲ့ ကျွန်တော့်ခမျာ ရုတ်တရက် လန့်ပြီးသတိလစ်မတတ် ဖြစ်သွားပါတယ်။ သေချာကြည့်မှ မော်ဒန်ကိစ္စ ညဥ့်နက်သန်းခေါင်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



လာမေးတဲ့လူ ဖြစ်နေပါတယ်။

"ဆရာရယ်. . . ဆရာက ဆေးရုံရောက်နေတယ်ဆိုလို့ လိုက်လာတာ။ ဆရာဒီဝတ္ထု သုံးသပ်ပေးပါဦး။ ပို့စ်မော်ဒန်နဲ့ရေးတာ ဆရာကြိုက်ရင် မဂ္ဂဇင်းကိုပို့မလို့၊ ဝတ္ထုနာမည်က ကန်စွန်းရွက်ရဲ့ ဒိုင်ယာရီလို့ နာမည်ပေးထားတယ်"

ကျွန်တော့်ခမျာ သူ့ကိုဘယ်လိုပြန်ပြောရမှန်းမသိအောင် ဆေးရုံခုတင်ပေါ်ကနေ စိတ်ပျက်လက်ပျက်နဲ့ ကြည့်မိပါတယ်။ အဲဒီအချိန်မှာ ကျွန်တော်ရှိနေတဲ့နေရာကို ဆေးရုံဝန်ထမ်းတစ်ဦးက ရောက်လာပါတယ်။

"ဟော့လူ ခင်ဗျား ဆေးရုံကိုလာတာ ဆိုက္ကားခမပေးရသေးဘူး မဟုတ်လား။ ဆေးရုံတံခါးဝမှာ ဆိုက္ကားဆရာကတောင်းခိုင်းလို့ သွားပြီး ရှင်းဦး"

"ဟာ. . . ဟုတ်ပါရဲ့။ ကျွန်တော် ပို့စ်မော်ဒန်ကိစ္စ အရေးကြီးသွားလို့၊ မေးချင်ဇောအားကြီးလို့ဗျို့"

သူ့ရဲ့အပြုအမူကို ကျွန်တော့်ရဲ့ ခုတင်ဘေးနားက အခြားလူနာတွေကတော့ ဘယ်လိုမြင်မလဲမသိ။ ကျွန်တော့်ခမျာတော့ တစ်ညလုံး ဆေးရုံခုတင်ပေါ်မှာ ပင်ပန်းနွမ်းနယ်စွာနဲ့ သူပြောသမျှအကြောင်းအရာတွေကို သူ့အားစကားပြန်မပြောနိုင်ဘဲ နားထောင်ခဲ့ရပါတယ်။ သူက မနက်မိုးလင်းရောက်မှ ဘယ်အချိန်ပြန်သွားမှန်းမသိ။ အဲဒီကစလို့ သူဘယ်အချိန်ရောက်လာဦးမလဲလို့ တွေးရင်းတွေးရင်းနဲ့ရှိနေတာ ဒီနေ့ထိအောင်ပါပဲ။ ဩော်. . . ဒီလိုလူမျိုးလည်း ရှိသေးသပ။

၃၀ ရက်၊ ဩဂုတ်လ၊ ၂၀၀၀ ခုနှစ်
အင်တာဗျူးဂျာနယ်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

## ပျက်သုဉ်းသွားသော စိတ်ကူးများ

မြန်မာ့ရုပ်သံတွေကနေ တရုတ်သိုင်းဇာတ်လမ်းတွဲတွေ ထုတ်လွှင့်ပြသနေတဲ့အခါ တင်ထွန်းအဖို့ ဟိုးငယ်ငယ်တုန်းက ဖြစ်ပျက်ခဲ့တာတွေရော၊ လူလတ်ပိုင်းအရွယ်မှာ ဖြစ်ပျက်ခဲ့တာတွေကိုပါ လွမ်းမိပါတယ်။ တင်ထွန်းတို့ ကလေးအရွယ်တုန်းက ကာတွန်းစိန်ဂွန်းကြီးမြင့်ရဲ့ "မကွခရာဓား" ကာတွန်းက အတော့်ကို နာမည်ကြီးခဲ့ပါတယ်။ တင်ထွန်းအဖို့လဲ ကလေးပီပီ သိုင်းပညာတွေ ဘာစိတ်ဝင်စားသလဲ မမေးနဲ့။ ငှက်ပျောရိုးနဲ့ လုပ်တဲ့ဓားကိုင်ပြီး သူငယ်ချင်းတစ်စု တယားယားနဲ့ ကွင်းပြင်ထဲမှာ သိုင်းရူးရူးနေမိပါတယ်။ အဲ့ဒီနောက်ပိုင်းမှာ ဒေးဗစ်ချန်းပါဝင်တဲ့ တရုတ်လက်တစ်ဖတ်ပြတ် ဓားသမားဇာတ်ကား ရန်ကုန်ရုပ်ရှင်ရုံတွေမှာပြတော့ တင်ထွန်းတို့ရဲ့ သိုင်းပညာရူးသွပ်မှုဟာ အထွတ်အထိပ်ရောက်လာပါတယ်။ ရုပ်ရှင်ထဲက ဒေးဗစ်ချန်းလက်တစ်ဖက်တည်းနဲ့

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ကြက်ဥတွေ၊ ပန်းကန်လုံးတွေ ကျင့်သလိုမျိုး ဘယ်ဘက်လက်ကို အင်္ကျီလက်ရှည်လက်ပေါက်ထဲကနေ ခန္ဓာကိုယ်အတွင်းထဲဝှက်ထားပြီး လေ့ကျင့်လိုက်တာ အိမ်ကရေနွေးပန်းကန်လုံးတွေ၊ ဟင်းချိုပန်းကန်လုံးတွေ ခဏခဏကွဲလွန်းလို့ အမေရဲ့ ကြိမ်လုံးဒဏ်ထိတာလဲ မပြောပါနဲ့တော့၊ ဒီကြားထဲ ဝါးတုတ်ချောင်းတွေနဲ့ ကျင့်တာမျက်စိကို ဝါးခြမ်းပြားစိုက်ပြီး မျက်စိကန်းမလို ဖြစ်တာကလဲ အကြိမ်ကြိမ်။

ဒီလိုနဲ့ တင်ထွန်းရဲ့ သိုင်းပညာဝါသနာကြီးမှုကို ထပ်မံဖြည့်ဆည်းပေးသူက ရပ်ကွက်ထဲကိုပြောင်းလာတဲ့ သိပ်ပြီးစိတ်မနှံ့တဲ့ ဦးသူတော်ပါ။ သူက တင်ထွန်းတို့ကို ညဘက်မှာ သိုင်းသင်ပေးပါတယ်။ တစ်ရက်ကို သင်တန်းကြေး ဆယ်ပြားပေးရပါတယ်။ သူ့ရဲ့ သိုင်းပညာကလည်း အံ့မခန်းပါပဲ။ တင်ထွန်းတို့လို ကလေးတွေကို တုတ်တစ်ချောင်းစီ ဒါမှမဟုတ် ဝါးရင်းတုတ်တစ်ချောင်းစီပေးပြီး တစ်ယောက်ချင်းတုတ်ကိုင်ပြီး ယှဉ်ပြိုင်ခိုင်းပါတယ်။ သိုင်းတတ်သလား၊ မတတ်သလားတော့ မသိပါ။ အချင်းချင်း တစ်ယောက်နဲ့တစ်ယောက် ဝါးလုံးတွေနဲ့ရိုက်ရင်း ဒေါသဖြစ်ကြရင်းက တစ်ညတည်း တင်ထွန်းအပါအဝင် သူငယ်ချင်းလေးဦး ထိပ်ပေါက်၊ ခေါင်းပေါက်ဖြစ်လို့ ဆေးခန်းပြပြီး လူကြီးတွေရဲ့ တားမြစ်ခြင်းကို ခံလိုက်ရပါတယ်။ တစ်ညဆယ်ပြားပေးပြီးသင်ရတဲ့ သိုင်းသင်တန်းလဲ တစ်ရက်တည်းနဲ့ ပိတ်လိုက်ရပါတယ်။

ဒါပေမယ့် တင်ထွန်းရဲ့ သိုင်းပညာဝါသနာပါမှုက ငုပ်လျှိုးမသွားခဲ့ပါဘူး။ ရုံတင်ပြသတဲ့ ဂျပန်သိုင်းကား၊ တရုတ်သိုင်းကားတွေကို ထပ်ခါတလဲလဲကြည့်ရင်းက ဝါသနာပါသထက်ကို ပါလာပါတယ်။

"သူတို့ဆီမှာက ဒီလိုသိုင်းကားတွေရိုက်ဖို့ သိုင်းသင်တန်းကျောင်းတွေထဲက သိုင်းသမားတွေကိုခေါ်သုံးပြီး ရုပ်ရှင်ရိုက်တာကွ။ တို့ဆီမှာလဲ ဒါမျိုးတွေ အနည်းအကျဉ်းတော့ ရှိတာပဲ။ သူငယ်ချင်းရဲ့

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



စကားက တင်ထွန်းအဖို့ ငါလဲသိုင်းသင်တန်းတက်ဖြစ်ခဲ့ရင် ကိုယ့်ရဲ့သိုင်းသင်တန်းသားအချင်းချင်း ညီညီညွတ်ညွတ်နဲ့ ရုပ်ရှင်တွေထဲမှာ သိုင်းဇာတ်ကားတွေ ဝင်သရုပ်ဆောင်ဖို့ စည်းရုံးမယ်လို့ စိတ်ကူးလိုက်ပါတယ်။

ဒီလိုနဲ့ သူငယ်ချင်းနဲ့တိုင်ပင်ပြီး အသက် (၂၀) မပြည့်ခင်အရွယ်မှာ "မျိုးမြန်မာ" လို့ အမည်ပေးထားတဲ့ မြန်မာသိုင်းသင်တန်းကို တက်တယ်။ ဝါသနာကို အရင်းခံတဲ့ တင်ထွန်းဟာ သိုင်းသင်တန်းမှာ မဆုတ်မနစ်သင်ယူရင်း လက်ကွဲ၊ ခြေထောက်အသားမာ တက်တဲ့အထိကို ကြိုးစားပါတယ်။ ဆရာဖြစ်သူကလဲ သဘောကျလို့ပေါ့။ တစ်နေ့မှာ မှတ်မှတ်ရရ ဆရာဖြစ်တဲ့သူက သင်တန်းမှာ အရန်ဆရာလုပ်ဖို့ လူရွေးချယ်ပါတယ်။ နောက်ဆုံးဆန်ခါတင်အဆင့် တင်ထွန်းနဲ့အခြားသင်တန်းသားတစ်ဦးကျန်ပါတယ်။ ပညာပြိုင်ရတာလဲ အဆင့်တွေတူလို့ ညတိုက်ပွဲကို ယှဉ်ပြိုင်ခိုင်းပါတယ်။ လမိုက်တဲ့ည အမှောင်သန်းခေါင်ယံမှာ ယှဉ်ပြိုင်ရတာပါ။ ဆရာလုပ်တဲ့သူက တင်ထွန်းနဲ့ ယှဉ်ပြိုင်ဖက်တစ်ယောက်ကို (၁၀) မိနစ်လောက် မျက်စိကိုအဝတ်စည်းပြီးမှ ပြန်ဖြေပေးပါတယ်။ ဆရာ့လက်ထဲမှာလဲ ခေါင်းလောင်းလေးတစ်ခုကို ကိုင်ထားပါတယ်။

သူ့ခေါင်းလောင်းမထိုးမချင်း ယှဉ်ပြိုင်မှုကို ပွဲသိမ်းလို့ မရပါဘူး။ မျက်စိဖွင့်ပေးလိုက်ပေမယ့် မှောင်ကလဲမှောင်၊ မျက်စိကလဲပြာလို့ ဘာမှ မမြင်ရပါဘူး။ အချိန်ကြာလာတာနှင့်အမျှ နှစ်ယောက်လုံးလဲမောနေပြီ။ ဆရာကလဲ ခေါင်းလောင်းမထိုးသေး။ နောက်ဆုံးယှဉ်ပြိုင်ဖက်ကို ခဏရပ်ဦးလို့ပြောရင်း မျက်စိတွေပြာနေတာကလဲ ပြေစပြုပြီမို့ ပတ်ဝန်းကျင်ကို ကြည့်လိုက်တဲ့အခါ ဘေးနားက တင်ထွန်းတို့နှစ်ယောက်ရဲ့ ကန်ချက်နဲ့ ဆရာဖြစ်သူ သတိမေ့နေမှန်းသိလိုက်ရပါတယ်။ ဒီလိုနဲ့ ဆရာ့ကို ဆေးခန်းပို့လိုက်ရတယ်ဆိုပါစို့။

ဒီကြားထဲ တင်ထွန်းတို့ သိုင်းသင်တန်းသားအချို့ အခြား

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ကရာတေးကလပ်က သင်တန်းသားတွေနဲ့ တစ်ပတ်တစ်ခါချိန်းပြီး ပညာစမ်းကြတာ ဘယ်သူနိုင်သလဲ၊ ရှုံးသလဲထက် တစ်ဖက်နဲ့တစ်ဖက် ပညာပြိုင်ရင်း ရန်ပွဲတွေဆင်နွှဲရလွန်းလို့ ရပ်ကွက်ထဲက ရပ်မိ၊ ရပ်ဖတွေ ဖြေရှင်းရတာကလည်း ခဏခဏပါပဲ။ ဒါပေမယ့် တင်ထွန်းအားမလျော့ပါဘူး။ ဆက်ဆံရေးကောင်းလွန်းလို့ တင်ထွန်းရဲ့ဆရာက တင်ထွန်းကို အုပ်ချုပ်ရေးမှူးခန့်ပါတယ်။ တင်ထွန်းကလဲ ကိုယ်အုပ်ချုပ်ရတဲ့ သင်တန်းသားတွေကို ကြိုးစားဖို့ တစ်နေ့ကျရင် တင်ထွန်းတို့သိုင်းအဖွဲ့ကို ရုပ်ရှင်တွေက မငှားဘူးလို့ မပြောနိုင်ကြောင်း၊ ငှားလာခဲ့ရင် အားလုံး သရုပ်ဆောင်ရမှာဖြစ်ကြောင်း စည်းရုံးတော့ ရုပ်ရှင်ထဲပါချင်တဲ့ သင်တန်းသားတွေက ကြိုးစားကြပါတယ်။

တစ်နေ့ အဲဒီနေ့ကိုတော့ မမေ့နိုင်ပါဘူး။ တင်ထွန်းသင်တန်းမှာ ရှိနေတုန်း လူတစ်ယောက်ရောက်လာပါတယ်။

"ဒီ သိုင်းသင်တန်းက လူတွေကို ငှားသလား"

အဲဒီလူရဲ့အမေးကြောင့် အဲဒီလူရဲ့ ရုပ်ရည်ကိုကြည့်ပြီး ဇာတ်ကွက် ရုပ်ရှင်ထုတ်လုပ်သူလား၊ ဒါရိုက်တာလား တစ်ခုခုတော့ ဖြစ်မယ်လို့ ထင်တာကြောင့် ရုပ်ရှင်ထဲမှာ သရုပ်ဆောင်ရအောင် သိုင်းသမားတွေ ငှားဖို့လား၊ သရုပ်ပြခိုင်းဖို့လားလို့ တွေးမိရင်းက အဲဒီလူကို မေးမိပါတယ်။

"ကျွန်တော်တို့အဖွဲ့ကို သရုပ်ပြငှားမလို့လား"

"ဟုတ်ပါတယ် ဆရာ"

အဲဒီလူစကားကြားရတော့ တင်ထွန်းဝမ်းသာလိုက်သည့်ဖြစ်ခြင်း၊ တင်ထွန်းရဲ့ အနှစ်နှစ်အလလ စိတ်ကူးယဉ်တွေ အောင်မြင်ပြီလို့ပေါ့။

"ကျွန်တော်တို့အဖွဲ့က ဘယ်လိုအခန်းကဏ္ဍက သရုပ်ပြပေးရမှာလဲ"

"ဒီလိုပါ ကျွန်တော်က သူများနဲ့မတူအောင် လုပ်ချင်လို့ပါ။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ကျွန်တော်က ဟိုဘက်ရပ်ကွက်ကပါ။ ကျွန်တော်တို့လမ်းရဲ့ ဘုံကထိန်က အခြားလမ်းတွေရဲ့ ဘုံကထိန်ထက်သာချင်လို့ ဘုံကထိန်လှည့်တဲ့နေရာမှာ ဆရာတို့သိုင်းအဖွဲ့က သရုပ်ပြပေးပါ။ ပြီးတော့ ဘုံကထိန်မလှည့်ခင် အလှူခံရပ်ကွက်ထဲထွက်တဲ့အခါမှာလဲ လိုက်ပြီးသရုပ်ပြပေးပါ။ ဒါမှ လူတွေက စိတ်ဝင်စားပြီး အလှူငွေများများထည့်မှာ။ အလှူငွေများများ ထည့်တဲ့အိမ်ရှေ့မှာ ကြာကြာလေး သရုပ်ပြပေးပါ။

အဲဒီလူရဲ့ စကားကြောင့် တင်ထွန်းရင်ထဲ နင့်သွားပါတယ်။ တစ်ခါတည်း ထွက်ပြေးချင်စိတ်ကို ပေါက်သွားပါတယ်။ မျက်စိထဲမှာလည်း ရှမ်းဘောင်းဘီကိုယ်စီဝတ်တဲ့ တင်ထွန်းရဲ့ သင်တန်းသားတွေ၊ လမ်းတကာ လူပုံအလယ်မှာ ရယ်စရာဖြစ်နေမှာပဲ ဆိုတာတွေးရင်း အတော့်ကို ရယ်ရမလို၊ ငိုရမလိုဖြစ်ပြီး တင်ထွန်းစိတ်ကူးတွေလဲ ပျက်သုဉ်းရပါတယ်။

အဲဒီလူကို အကြောက်အကန်ငြင်းဆန်ရင်း မဖြစ်နိုင်ဘူးလို့ ပြောပေမယ့် အဲဒီလူက သူ့ရဲ့လမ်းလူကြီးတွေနဲ့ တင်ထွန်းဆရာကို လာပြီးညှိဦးမယ်လို့ ပြောပြီးထွက်ခွာသွားပါတယ်။ တင်ထွန်းရပ်ကွက်ထဲမှာ သိက္ခာမကျဖို့အရေး နေ့ချင်းဆိုသလို အမေတို့ရဲ့ရွာမှာ တစ်လခန့် တိမ်းရှောင်နေပါတယ်။ ကထိန်ပွဲပြီးလို့ အတော်ကြာမှ ရပ်ကွက်ထဲကို ပြန်ရောက်လာပြီး တင်ထွန်းအုပ်ချုပ်ရတဲ့ သိုင်းသင်တန်းကျောင်းကိုလဲ မသွား။ သိုင်းသရုပ်ပြပွဲ လုပ်သလား၊ မလုပ်သလားကိုလဲ မမေးတော့ဘဲ တင်ထွန်းရဲ့ ရုပ်ရှင်ထဲမှာ သင်တန်းသားတွေနဲ့ သိုင်းသရုပ်ပြပွဲစိတ်ကူး ပျက်သုဉ်းရတာကို နာကြည်းရင်း ဘာသိုင်းမှ မလုပ်ဖြစ်တော့တာ ဒီနေ့ထိပါပဲ။

၁၂ ရက်၊ ၅ လ၊ ၂၀၀၀ ခုနှစ်
ပြည်မြန်မာသတင်းဂျာနယ်

**ကြယ်ပွင့်စာပေ**

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

## ရွှေညောင်ပင်နတ်မဟုတ်ရပါ

အဝေးမှ ပျံ့လွင့်လာသော သီချင်းသံကို ကျွန်တော်သည် ဆန်ခါဖြင့်ဖမ်းယူရင်း လျှောင်အိမ်ထဲသို့ ထည့်လိုက်သည်။ ကားများ ပေတရာလမ်းပေါ် သွားလာနေကြသည်။ ငါးများ ရေကူးနေကြသည်။ ငှက်များ ပျံနေကြသည်။ ခွေးလေးများကို မက်ဒေါနားချစ်သည်။ ကြောင်လေးများကို မထားထားချစ်သည်။ ဆေးပေါ့လိပ်ကို ကျွန်တော် ကြိုက်သည်။ ရော်နယ်ဒိုလက်ထပ်သည်။ မော်ဒယ်မလေး ရည်းစား ပျောက်၍ ငိုနေသည်။ ပန်းများ ကြွေနေသည်။

အင်း . . . ရေးရတာ လွယ်လိုက်တာ။ တွေးဖြစ်ဖို့ ဖြစ်လာဖို့ပဲ ကျွန်တော့်ခမျာ ခက်နေတာပါ။ ဒီလိုအရေးအသား တင်ပြပုံတွေကြောင့် ကျွန်တော့်ကို လူငယ်စာဖတ်ပရိသတ်တွေက ကြိုက်လို့နေကြပါတယ်။ ကျွန်တော့်ရဲ့ အထက်ပါ အရေးအသားမျိုးကြောင့် လူငယ်စာပေသမားတွေက လေးစားသမှုနဲ့ ဖြစ်လို့နေပါတယ်။

**ကြယ်ပွင့်စာပေ**

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ဒီနေ့လည်း တနင်္ဂနွေနေ့ဖြစ်တာကြောင့် ကျွန်တော်ဘာလုပ်ရမလဲလို့ စာရေးရင်း စဉ်းစားမိပါတယ်။ မင်္ဂလာဆောင်တွေက သွားဖို့တော့ ရှိပါရဲ့။ ဒါပေမယ့် လက်ဖွဲ့ပေးရမှာမဟုတ်။ အကုန်အကျက များနေတာကြောင့် မဖြစ်သေး။ ဒါကြောင့် အိမ်မှာပဲထိုင်ပြီး စာရေးနေရတာက အကောင်းဆုံးဆိုပြီး ဆုံးဖြတ်ချက်ချရင်းက နေနေမိပါတယ်။

"စာရေးဆရာကြီးဗျို့ . . . စာရေးဆရာကြီး"

အိမ်ခြံဝင်းတံခါးကိုဖွင့်ရင်း အိမ်ထဲကို လူငယ်လေးတစ်ဦးနဲ့ ကောင်မလေးတစ်ဦး ဝင်ရောက်လာပါတယ်။ ဘယ်သူလဲလို့ကြည့်တော့မှ လပွတ္တာမြို့ကနေ စာပေအသက်မွေးဝမ်းကျောင်းမှုနဲ့ အခြေချဖို့ ရန်ကုန်မှာအဆောင်ငှားပြီးနေတဲ့ ကဗျာလက်သင် ဆရာလေးမိုးတိမ်မြင့်ခေါင်ဖြစ်လို့နေပါတယ်။

"စာရေးဆရာကြီးရေ, ခင်ဗျားနဲ့ မိတ်ဆက်ပေးချင်လို့။ ဒါ ကျွန်တော့်လိုပဲ ကဗျာဝါသနာရှင် မြင်းမိုရ်လက်ထက်မွန်တဲ့။ သူလဲ ခင်ဗျားရဲ့စာဖတ်ပရိသတ်ပေါ့" ကဗျာဆရာလေး မိုးတိမ်မြင့်ခေါင်က သူ့ဘေးနားမှာရှိတဲ့ ကောင်မလေးနဲ့ မိတ်ဆက်ပေးပါတယ်။ "ဟုတ်ပါတယ်ဆရာ၊ သမီးက ဆရာရဲ့ စာပေသဘောတရားတွေ၊ သီအိုရီတွေ၊ တကယ့်ဝေဖန်ရေးဆရာကြီးတွေကို ဆရာကပြန်ရေးပြတာ။ ဘာကြိုက်သလဲ မမေးနဲ့။ ဆရာရဲ့ အဆက်အစပ်မဲ့ ဝတ္ထုတိုလေးတွေကလဲ ကမ္ဘာ့စာပေတွေဖတ်စရာမလိုဘဲနဲ့ကို ကိုယ့်အနီးအနားမှာရှိတဲ့ ပစ္စည်းတွေနဲ့ ဝတ္ထုဖွဲ့သီလို့ရတာ ကမ္ဘာမှာဆရာပထမပဲ"

ကရားရေလွှတ်သလို တတွတ်တွတ်နဲ့ အဲဒီကဗျာဆရာမလေး မြင်းမိုရ်လက်ထက်က ပြောလို့နေပါတယ်။ ကျွန်တော်လည်း ကိုယ့်အိမ်လာတဲ့ ဧည့်သည်မို့ လက်ဖက်ရည်ဆိုင်မှာ လိုက်ဧည့်ခံလို့ပေါ့။ အဲဒီနှစ်ယောက် ပြန်သွားပြီးအိမ်ရောက်တော့ အိမ်ရဲ့ဧည့်ခန်းမှာ စုံတွဲတစ်တွဲ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



တွေ့ရပြန်ပါတယ်။

"ဟာ ဝင်းထိုက်ပိုးဖလံပါလား။ အံမယ် အဖော်ကောင်မလေးနဲ့ ပါလား"

"ဟုတ်တယ် စာရေးဆရာ၊ ဒီကကျွန်တော့်ရဲ့ အချစ်ကလေး က ခင်ဗျားကို မမြင်ဘူးလို့၊ ပြီးတော့ မိတ်ဆွေဖြစ်ချင်လို့တဲ့"

"ဟုတ်တယ် ဆရာ၊ ဆရာရဲ့ရုပ်သွင်က မင်္ဂဇင်း၊ ဂျာနယ်တွေ ထဲမှာ မြင်ရတဲ့ပုံထက်တောင် ချောသေးတယ်။ ဆရာ့စာတွေက တင်ပြ ဝေဖန်ပုံကြမ်းသလောက် ဆရာ့သွင်ပြင်က တကယ့်မော်ဒယ်ဘွိုင်းလေး အတိုင်းပဲ။"

စာရေးဆရာ ဝင်းထိုက်ပိုးဖလံရဲ့ ကောင်မလေးစကားကြောင့် ကျွန်တော့်ခမျာ တံတွေးကို မနည်းမျိုချလိုက်ရရင်း စကားစမြည်ပြောမိပြန် ပါတယ်။

"ဒီလို, စာရေးဆရာကြီးရေ အခု ကျွန်တော်က ကျွန်တော့် အသက်ကလေးကို ခိုးပြေးမှာမို့ ခင်ဗျားကို ကြုံလို့လာနှုတ်ဆက်တာ။ အချစ်ဟာ ခိုးပြေးခြင်းပဲလေ။ ရင်ခုန်သံပေါ့"

သူတို့နှစ်ယောက် အိမ်ထဲကနေ စကားပြောပြီးတဲ့နောက် ညနေချိန်မှာ ထွက်ခွာသွားကြပါတယ်။ သူတို့နှစ်ယောက်စလုံးဟာ ဘယ်ကိုခိုးပြေးကြမယ်ဆိုတာ ကျွန်တော့်ကို ပြောမသွားခဲ့ပါဘူး။ အဲဒီ နောက်ပိုင်းတော့ ကျွန်တော့်ထံကို မကြာခဏဆိုသလို အသိမိတ်ဆွေ ကဗျာဆရာတွေနဲ့အတူ ကျွန်တော့်ကိုမိတ်ဆက်ချင်လို့ မြင်ဖူးချင်လို့ဆိုပြီး လာတဲ့သူတွေက အများကြီးရှိလာပါတယ်။ သူတို့တွေ့လိုကြတဲ့အခါမှာ ကျွန်တော့်ခမျာ စာရေးတဲ့အလုပ်ကပျက်၊ လက်ဖက်ရည်လိုက်တိုက်ရ၊ သူတို့နဲ့စာပေအယူအဆတွေပြောရ၊ ငြင်းရခုံရနဲ့ အလုပ်ပျက် အကိုင်ပျက် ဖြစ်လို့လာပါတယ်။ တစ်ခါများဆို တစ်နေ့လုံးမပြန်ဘဲ အိမ်မှာတောင်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



နေ့လည်နေ့ခင်း တမေ့တမော အိပ်ကြပါသေးတယ်။ ညရောက်မှ ညဆက်အိပ်ရင် ဧည့်စာရင်းစစ်မှာစိုးလို့ အတင်းကိုနှင်လွှတ် ပြန်လွှတ် ရပါတယ်"

တစ်လအတွင်း ကျွန်တော့်ထံကိုလာပြီး ရန်ကုန်ရောက်ခိုက် တွေ့ချင်လို့ဆိုပြီး လာတဲ့သူတွေရဲ့ စာရင်းတွေကို ချရေးကြည့်မိပါတယ်"

- ဝေသန္တရာစာအုပ်ထုတ်ဝေရေးမှ ပိုင်ရှင်နှင့်လူငယ်ငါးဦး
- ကဗျာဆရာမိုးတိမ်မြင့်ခေါင်နဲ့ ကဗျာဝါသနာရှင်မလေး မြင်းမိုရ် လက်ထက်မွန်
- စာရေးဆရာလေး ဝင်းထိုက်ပိုးဖလံနဲ့ သူ့ကောင်မလေး
- အချစ်ဝတ္ထုရေးဆရာလေး မောင်သွန်ဖြိုးနဲ့ မန္တလေးတိုင်း၊ နွားထိုးကြီး မြို့နယ်က ဝါသနာရှင်မလေးမြလေးထင်
- ပို့စ်မော်ဒန်မှလွဲ၍ ဘာမှမရေးကြွေးကြော်တဲ့ လက်ဝဲလက်ယာညီစွာနဲ့ ပုသိမ်ကြီးက ထင်မှူးမှူးခင်

"ဟေ့ကောင် မင်းကိုငါမပြောချင်လို့ ကြည့်နေတာ။ မင်းနဲ့ တွေ့ချင်လို့ ရန်ကုန်ရောက်တုန်းရောက်ခိုက် အိမ်မှာမင်းကို လာလာ တွေ့နေကြတာ ကားဝယ်ရင် ရွှေညောင်ပင်ဘိုးဘိုးကြီးကိုပြရသလိုမျိုး၊ ရန်ကုန်မှာ စာရေးဖို့လာကြသူတွေက မင်းကိုရွှေညောင်ပင်ဘိုးဘိုးကြီး ထင်နေလို့လားကွ၊ အိမ်လူက ရှုပ်သနဲ့"

ဖခင်ဖြစ်သူရဲ့ ဒေါသသံပါတဲ့စကားကြောင့် ကျွန်တော် တစ်ယောက်လဲ စာပေမယ်မှာ စာပေလက်သင် လူငယ်လေးတွေအတွက် ရွှေညောင်ပင်နတ် ဖြစ်မှန်းမသိ ဖြစ်လို့နေပါတယ်ဆိုတာ သဘောပေါက် လာမိပါတော့တယ်။ နောက်နေ့ကစပြီး အိမ်မှာဧည့်သည်မလာရလို့ စာကပ် ထားရပါတော့တယ်။

၂၅ ရက်၊ ၁ လ၊ ၂၀၀၀ ခုနှစ်
သတင်းလွှာဂျာနယ်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

## လွှဲချက်ကယ်နာကိုဖေသာ

<u>လွှဲချက်ကယ်နာကိုဖေသာ</u>
ဤအိမ်သည်
သင့်အတွက်
အနာဂတ်ကို ပုံသွင်းပေးမည့်
ဖန်တီးသူ၏ အိမ်ဖြစ်သည်။
မေးလိုရာမေး
လာမေးသမျှ လူအားလုံးကို
လက်ခံသည်။
(လူဦးရေ မကန့်သတ်ပါ)

ဆြာကိုဖေသာ

ရပ်ကွက်ထဲကို ဝင်လိုက်ပါ။ ညာဘက်ကို ကြည့်လိုက်ပါ။

**ကြယ်ပွင့်စာပေ**

www.linhtet.com
လင်းထက် မြန်မာ မှ စီစဥ်တင်ဆက်သည်



လမ်းထိပ်ဆုံးအိမ် ဝါးခြံစည်းရိုးတွင် သွပ်ပြားအား ဗြောင်ပလိန်းဖြစ်အောင် ရိုက်ထားပြီး ထိုသွပ်ပြားပလိန်းပေါ်တွင် သဘော်ဆေးအနီဖြင့် ရေးထိုးထားသော ကြော်ငြာစာတန်းကို တွေ့ရပါလိမ့်မည်။ ထိုအိမ်တွင် လူပျိုကြီးကိုဖေသာနေထိုင်ပါသည်။

"ကျုပ်ရဲ့လက္ခဏာက အတော့်ကို ထူးခြားတာ။ ဘာမှမလုပ်ဘဲ လေကိုစနစ်တကျသာ သူ့အချိန်နဲ့သူ အကန့်အသတ်နဲ့သုံး။ ထမင်းစားဖို့ မပူရဘူး။ နေဖို့မပူရဘူးတဲ့"

"ဒါနဲ့ ကျုပ်လည်း မျိုးရိုးစဉ်ဆက် လက္ခဏာပညာရပ်ကို ဟောစားတဲ့သူ ဖြစ်လာတော့တာပါပဲ"

ကိုဖေသာပြောတာ ဟုတ်ပါသည်။ သူ့မိဘများက ဤရပ်ကွက်ထဲမှာ မျိုးရိုးစဉ်ဆက် ဗေဒင်ဟောပါသည်။ ကိုဖေသာလည်း ပညာရေးမှာ ကံမပါလာဘူးဆိုလား ဘာဆိုလားနှင့် နဝမတန်းမှာ ကျောင်းကထွက်ပြီး ဗေဒင်ပညာကို အသားကုန်လိုက်စားပါသည်။ တွေ့သမျှလူကို ဗေဒင်အလကားဟောပေးပါသည်။ သူကပြောပါသည်။ သိပ္ပံပညာရပ်တွေမှာ လူတွေ၊ တိရစ္ဆာန်တွေနှင့် စမ်းသပ်ကြတာ ငွေလည်းကုန် အကုသိုလ်လည်း ဖြစ်ပါသည်တဲ့။ သူ့ပညာရပ်က ငွေမကုန်ဘဲ လူတွေစိတ်ချမ်းသာဖို့ သူ့ပညာရပ်လည်း တိုးတက်ဖို့ဖြစ်သည်ဟု သူကတွေ့သမျှလူကို လက်ဖက်ရည်တိုက်ပြီး ရှင်းပြပါသည်။

သူ့ပညာရပ်က ဗေဒင်မေးသမျှ လူတွေအားလုံးဟာ ဟင်၊ ဟယ် . . . ကို ဖြစ်သွားရမလောက်ပါ။ ကြည့် ယောက်ျားအိမ်ပေါ်က ဆင်းသွားလို့ ယတြာလုပ်ပေးပါလို့ လာပြီးဗေဒင်မေးသည့် မတင်အေးကို သွားတိုက်ဆေးနှင့် ယတြာလုပ်ပေးလိုက်ပါသည်။ ယောက်ျားက နောက်မိန်းမနှင့် အိမ်ပေါ်တက်ချလာပါသည်။ နောက်မိန်းမဘက်မှ လိုက်ပွဲနှစ်ပွဲတောင် အဆစ်ပါလာပါသေးသည်။ တခြားရပ်ကွက်က

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



လူတစ်ယောက်ကို ရပ်ကွက်ထဲက မိတ်ဆွေကိုမြင့်သန်းက ဗေဒင်မေးဖို့ ခေါ်လာပါသည်။ ဖောက်သည်အသစ်မို့ ကိုဖေသာက အစွမ်းကုန် ယတြာ ကော၊ ဗေဒင်ဆန်းကျမ်းတွေကော တွက်ချက်ပေးလိုက်ပါသည်။ ထိုလူက သူ့အိမ်အမြန်ရောင်းထွက်ချင်လို့ဟု ပြောပါသည်။ တစ်ရက်၊ နှစ်ရက် အတွင်း အရောင်းထွက်စေမည်ဟု သူကဟောလိုက်ပါသည်။ ဟောချက်က ဒက်ထိပါပဲ။ ဗေဒင်လာမေးသူ၏အိမ်မှာ သူ့ကိုဗေဒင်မေးပြီး နောက်တစ်ရက် မှာပဲ မီးထဲပါသွားပါသည်။ ခေါင်းရင်းအိမ်က ဝါယာကြိုးရှော့ဖြစ်ပြီး မီးလောင်လို့ဟု သိရပါသည်။ ကိုဖေသာရပ်ကွက်တောင် ကံကောင်း၍ မီးဘေးကယ်ဆယ်ရေးစခန်း မရောက်သွားခဲ့တာကိုပဲ ကျေးဇူးတင်ရပါဦး မည်။ ကိုဖေသာ၏ နောက်လမ်းက နာတာရှည်ရောဂါ ဦးဘမြင့်အတွက် ခေါ်စာပစ်ရမလား၊ ဗလိနတ်စာကျွေးရမလား သမီးဖြစ်သူက ဗေဒင်မေး ပါသည်။ လမ်းထိပ်မှာ ကလေးတွေကို ပဲကုလားဟင်းနှင့် ထမင်းကျွေးဟု ယတြာကော ဗေဒင်ကော လုပ်ပေးဟာပေးလိုက်ပါသည်။ သမီးဖြစ်သူက လမ်းထိပ်မှာ ခုံတွေခင်းပြီး ပဲကုလားဟင်းနှင့် ထမင်းကို ကလေးတွေ ကျွေးနေတုန်းမှာပဲ အဖေဖြစ်သူဦးဘမြင့်က ချွဲပိတ်ပြီး ကွယ်လွန်သွား ပါသည်။ သမီးဖြစ်သူခမျာ ငိုရအခက်၊ အလှူကတန်းလန်း၊ ကလေးတွေက တရှန်းရှန်း၊ ဟင်းရေပေးပါဦး၊ ထမင်းပေးပါဦးနှင့် တောင်းသည့်ကလေးက တောင်းနှင့်။

သည်လိုနှင့် ရပ်ကွက်ထဲမှာ ဆိုရိုးစကားတွင်သွားပါသည်။ "လွဲချင်သလား ကိုဖေသာဆီမှာ ဗေဒင်သာသွားမေး" တဲ့။ ကိုဖေသာ၏ အဖေကော အမေပါ ရင်နှစ်သည်းချာ ချစ်လှစွာသော မိဘပညာရပ်ကို အမွေအနှစ်ဆက်ခံသော သားအတွက် နောင်ရေးရင်အေးသည့်အလား စိတ်ချလက်ချစွာဖြင့် အသက်ခုနှစ်ဆယ်အရွယ်အသီးသီးမှာ ရှေ့ဆင့် နောက်ဆင့်ဆိုသလို တုပ်ကွေးရောဂါဖြင့် ကွယ်လွန်သွားခဲ့ပါသည်။ မိဘ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



နှစ်ပါးထံမှ အမွေရလိုက်သော အိမ်နှင့်ဗေဒင်စာအုပ်များကိုကြည့်ပြီး ကိုဖေသာက ဗေဒင်ပညာရပ်များကို ဆုံးခန်းတိုင်လေ့လာဦးမည်ဟု သန္နိဋ္ဌာန်ချတာကလည်း အကြိမ်ကြိမ်ပါ။

တစ်နေ့ လက်ဖက်ရည်ဆိုင်မှာ ငယ်သူငယ်ချင်းနှင့် တွေ့ပါသည်။ သူကလည်း မြို့နယ်တစ်ခုမှာ ဗေဒင်ဟောခန်းဖွင့်နေသူဖြစ်ပါသည်။

"ကိုဖေသာ၊ အခုအချိန်မှာ ဗေဒင်ပညာရပ်က ဒီလောက်မဟုတ်ဘူး။ ဂါထာမန္တာန်တွေက သိပ်ဟုတ်နေတာ။ ခင်ဗျားကို ကျွန်တော် ဂါထာ၊ မန္တန်ဆရာတစ်ယောက်ဆီ ခေါ်သွားမယ်။ သူ့ဆီက ခင်ဗျားပညာရအောင်ယူ။ ဗေဒင်အဟောနဲ့ဆို ခင်ဗျားအတွက် နာမည်ကြီးသထက် ကြီးလာမှာ"

ထိုအချိန်မှစ၍ မိတ်တွေသူငယ်ချင်း ဗေဒင်ဆရာပြောသော ဂါထာမန္တန်ဆရာဆီမှာ ကိုဖေသာတစ်ယောက် စိပ်ပုတီးစိပ်၊ သတ်သတ်လွတ်စားပြီး ရက်တစ်ရာအဓိဋ္ဌာန်ဝင်ကာ ဂါထာမန္တန်ပညာရပ်များကို သင်ကြားပါတော့သည်။

ဂါထာမန္တန်ပညာရပ်များကို လေ့လာနေသော၊ သင်ယူနေသော ကိုဖေသာအဖို့ ရက်ပေါင်းတစ်ရာသည် တိုတောင်းလှသည်ဟုပင် ထင်နေမိပါသည်။ ထိုရက်များတွင် ကိုဖေသာသည် ညစဉ်ကြည့်နေသော ကိုရီးယားဇာတ်လမ်းတွဲများ၊ တရုတ်သိုင်းဇာတ်လမ်းတွဲများ၊ ပရီးမီးယားလိဂ်ဘောလုံးပွဲများ၊ ဗေဒင်မဂ္ဂဇင်း၊ ဂျာနယ်များ ဘာဆိုဘာမှ စိတ်မဝင်စားတော့ပါ။ ဂါထာမန္တန်ကို သင်ကြားတတ်မြောက်ပြီး ရက်တစ်ပတ်ခန့်မှာဖြစ်ပါသည်။

ထိုအချိန်တွင် မုတ်သုန်က ဝင်လာသဖြင့် မိုးစရွာပါသည်။ ရပ်ကွက်ထဲက ဝ,သူများ၊ မိတ်ပေါက်သူများ၊ သွပ်မိုးဖြင့် နေသူများအဖို့ နွေဥတုကာလ သုံးလပတ်လုံး အပူဒုက္ခဝေဒနာ ခံစားခဲ့ရသည့်အတွက်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ကျေနပ်ပျော်ရွှင်ပြီး အေးမြသော မိုးရေစက်တွေကိုကြည့်ကာ ပီတိဖြစ်လို့နေပါသည်။ ထိုအချိန်တွင် ပီတိမဖြစ်နိုင်သူက ကိုဖေသာလက်ဖက်ရည်သောက်သော လမ်းထိပ်က လက်ဖက်ရည်ဆိုင်မှာ ဆိုင်ရှင်မဖွားမိဖြစ်ပါသည်။

တိုးတက်လာသော ခေတ်နှင့်အညီ မဖွားမိသည် ရပ်ကွက်ထဲတွင်သူ့လက်ဖက်ရည်ဆိုင်ကို ပြိုင်ဖက်လက်ဖက်ရည်ဆိုင်များနှင့် မတူအောင်ဆွဲဆောင်မှုအမျိုးမျိုး စားသုံးသူတွေအတွက် လုပ်ခဲ့ပါသည်။ ကက်ဆက်တွေခတ်စားနေချိန်မှာ သူကအကောင်းစား ကက်ဆက်ဆောင်းဘောက်ကိုသူများထက်သာအောင် လုပ်ခဲ့သည်။ တီဗွီ၊ ဗီဒီယိုပေါ်လာတော့လည်းထိုနည်းလည်းကောင်း။ ဗီစီဒီ၊ ဒီဗီဒီပေါ်လာတော့လည်း နောက်ဆုံးပေါ်။ဟော အခုစလောင်းတွေပေါ်လာတော့လည်း သူ့ဆိုင်ခေါင်မိုးပေါ်မှာသူများထက်သာအောင် ရှစ်ပေစလောင်းက ဝင့်ဝင့်ကြွားကြွားနှင့် အခြားပြိုင်ဖက် လက်ဖက်ရည်ဆိုင်များကို စိန်ခေါ်နေသလို။

သို့သော် မဖွားမိမပျော်နိုင်ပါ။ ရပ်ကွက်ထဲမှာ ကိုယ်ကသူများထက်သာအောင် လုပ်မယ်ဆိုပြီး စလောင်းတပ်ခါမှ ညပိုင်းလက်ဖက်ရည်ရောင်းကောင်းမယ့်အချိန် စလောင်းက ဘောလုံးပွဲတွေလာမယ့်အချိန်ရောက်ခါမှ မိုးကရွာလာတာမို့ လက်ဖက်ရည်ဆိုင်မှာ သောက်သူအနည်းငယ်သာရှိလို့ တွက်ခြေမကိုက် ဖြစ်လို့နေပါသည်။ သည်မှာတင်ဂါထာမန္တန်ကို တတ်ကျွမ်းလာသော ကိုဖေသာနှင့် ဆုံပါတော့သည်။

"ဘာမှမပူနဲ့ မဖွားမိ။ ဒါက ဂါထာမန္တန်အစွမ်းနဲ့ ရတယ်။ နယ်တွေမှာ မိုးမရွာလို့ လွှန်ဆွဲတာသိတယ်မဟုတ်လား။ ဂါထာမန္တန်တွေရဲ့အစွမ်းကလည်း ဒီလိုပဲ။ ကောင်းတာကို ဆိုးအောင်၊ ဆိုးတာကိုကောင်းအောင် လုပ်နိုင်တယ်။ ကျွန်တော် လုပ်ပေးမယ်"

ကြောင်ခံတွင်းပျက်နှင့် ဇရက်တောင်ပံကျိုးလို ဂါထာအစွမ်း

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ပြချင်သူနှင့် မိုးမရွာအောင် လုပ်ချင်သူတို့နှစ်ယောက် ထိပ်တိုက်တွေ့ကြပါတော့သည်။

"ဂါထာက ညခုနစ်နာရီမှာ လုပ်ရမှာ။ ဒီအချိန်က လက်ဖက်ရည်ဆိုင်မှာ ညပိုင်းသောက်သူတွေ လူဝင်တာဆိုတော့ ဒီအချိန်အကောင်းဆုံးပဲ"

ကိုဖေသာ၏ အကြံပြုချက်ကို မဖွားမိက လက်ခံပါသည်။ ကိုဖေသာကလည်း သူ့အကြံနှင့်သူ။ သူဂါထာရွတ်တာကို လက်ဖက်ရည်သောက်သူတွေက ကြည့်မည်။ အဲဒီကနေ တစ်ယောက်စကားတစ်ယောက်ဖောက်သည်ချလျှင် သူ့ဆီဂါထာရွတ်ပေးဖို့ လူတွေလာမည်။ အိပ်ကပ်ထဲငွေတွေရောက်လာမည်။ ကြော်ငြာထိုးဖို့မလို။

ဤသို့ဤပုံဖြင့် မဖွားမိဆိုင်ရှေ့မှာ ဂါထာရွတ်ဖို့ ကိုဖေသာ ညခုနစ်နာရီ ရောက်လာပါသည်။ ထိုညက ရှစ်ပေစလောင်းမှ ကမ္ဘာ့လူငယ်ဘောလုံးပြိုင်ပွဲ အာဂျင်တီးနားနှင့် စပိန်အသင်းဘောလုံးကစားသည်ကို ညခုနစ်နာရီခွဲမှာ စလောင်းကလာမှာ ဖြစ်ပါသည်။ ထိုပွဲကို မဖွားမိ လက်မလွှတ်နိုင်ပါ။ မိုးရွာလျှင်သွားပြီ။

ကိုဖေသာ လက်ဖက်ရည်ဆိုင်သို့ ရောက်လာချိန်တွင် ကောင်းကင်တစ်ပြင်လုံး ကြည်လင်ဝင်းပနေပြီး ကြယ်ကလေးများပင် လက်နေပါသည်။

"မဖွားမိ စိတ်ချ၊ ဘာမှမဖြစ်ဘူး။ ကျွန်တော့်ဂါထာကြောင့် ခင်ဗျားရဲ့ဆိုင် ဒီညလူပိုဝင်စေရမယ်"

အဖြူရောင်ဝတ်စုံနှင့် ကိုဖေသာတစ်ယောက် လက်ထဲတွင် ဓားမကြီးတစ်ချောင်းကိုကိုင်ပြီး လူကြားလောက်အောင် ဂါထာရွတ်ပါသည်။

"ကဲ . . . လာကြစမ်း လေနတ်သား။ ကဲ . . . လာကြစမ်း မိုးနတ်သား။ ဟောဒီဓားမနဲ့ ရန်တွေကို ခွင်းပြမယ်။ ဦး-သျှီ-တြီ-----"

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ပါးစပ်က တတွတ်တွတ်နှင့် ကိုဖေသာ ဂါထာရွတ်နေတာကို ဆိုင်ရှင်မဖွားမိအပါအဝင် လက်ဖက်ရည်သောက်သူအချို့က ကြည့်နေပါသည်။

"မဖွားမိ မပူနဲ့။ ဂါထာအစွမ်းပြလိမ့်မယ်။ ဒီည လုံးဝမိုးမရွာစေရဘူး"

ကိုဖေသာစကားကြောင့် မဖွားမိ၏ အဆီပြန်နေသောမျက်နှာမှာ ပြုံးယောင်သန်းသွားပါသည်။ မဖွားမိတည်ခင်းဧည့်ခံသော လက်ဖက်ရည်နှင့်မုန့်ကို ကိုဖေသာတစ်ယောက် ဂုဏ်ယူဝင့်ကြွားစွာဖြင့် စားသောက်နေတုန်း ငါးမိနစ်ခန့်မှာပဲ လေတွေတိုက်လာပါသည်။ လေကြောင့် အေးခနဲအရသာကို ခံစားလိုက်ရပါသည်။ မကြာပါ။ မိုးချုန်းသံတွေ ကြားရပါသည်။ စောစောက ကြည်လင်နေသော ကောင်းကင်မှာ တိမ်စိုင်တိမ်လိပ် မည်းမည်းမှောင်လာပါသည်။ သိပ်မကြာပါ။ မိုးက အဆက်မပြတ်ရွာလာပါသည်။ လေနှင့်မိုးနှင့်အတူ လျှပ်စစ်အန္တရာယ်ဖြစ်မှာစိုး၍ မီးကပြတ်သွားပါသည်။ မဖွားမိ၏ တောက်ခေါက်သံက တစ်ဆိုင်လုံးကို လွှမ်းမိုးသွားပါသည်။

"ကိုဖေသာနဲ့ဗျာ။ မိုးဦးလေဦးမှာ ဒီလိုမထင်မှတ်ဘဲ မိုးရွာလေတိုက်တာမသိဘူးလား မသိဘူး"

လက်ဖက်ရည်ဆိုင်ထဲက လူအချို့မှ ကိုဖေသာကိုဝိုင်းပြီး မှတ်ချက်ချကြပါသည်။

"မဖွားမိ ဂါထာမှာ ဘာလိုလို့လဲမသိဘူး မပူနဲ့။ နောက်ရက်မှ တွေ့မယ်"

ကိုဖေသာ ကြိမ်းဝါးသလိုပါပဲ။ နောက်ရက်တွေမှာ မဖွားမိလက်ဖက်ရည်ဆိုင်ရှေ့မှာ ခုံမကြီးကိုင်ပြီး ဂါထာတွေကို ရွတ်ပါသည်။ သူရွတ်ပြီးမကြာပါ မိုးကသည်း၊ လေကတိုက်နှင့် ရပ်ကွက်ထဲက လမ်းတွေ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ထဲတောင် ရေတွေက တက်လာပါတယ်။ သူ့ခမျာ လပြည့်လကွယ် ဒီရေတက်တာကိုလည်း သတိမမူအား။

လက်ဖက်ရည်ဆိုင်ရှင် မဖွားမိအဖို့လည်း ကိုဖေသာ တစ်ယောက် ဓားမကြီးကိုင်ပြီး သူ့ဆိုင်ရှေ့ဂါထာလာရွတ်မှာကို နောက်ပိုင်း အတော်လန့်သွားပါသည်။ သူလာလျှင် မိုးကအဖော်ပါလာပြီ။

ကိုဖေသာကကော။ သူ့ဂါထာအစွမ်းသိလို့လားမသိ။ ဂါထာ ရွတ်လျှင် သူကိုင်သော ဓားမကြီးကို အုန်းပင်တက်သူတွေကို ရက်ရက် ရောရော လှူလိုက်ပါသည်။ သူ့အိမ်ရှေ့က ဆိုင်းဘုတ်ကိုလည်း ဖြုတ်လိုက်ပါသည်။ သူ့ပါးစပ်က ဗေဒင်၊ လက္ခဏာ၊ ယတြာ၊ ဂါထာ တစ်သက်လုံး မရွတ်ပါတော့ဟု ကြွေးကြော်ပါသည်။

အရပ်ထဲမှာလည်း မိုးရွာချင်သလား ကိုဖေသာ မိုးတားခိုင်းဟု ပြောကြ၊ ဆိုကြ၊ ရယ်ကြ၊ မောကြပါသည်။

ကိုဖေသာတစ်ယောက်ကတော့ အလုပ်ပြောင်းသွားပါသည်။ ဘာရယ်ကြောင့်မှန်းမသိ။ အလှူခံမဏ္ဍပ်တွေမှာ နိဗ္ဗာန်ဆော်ကြီးကိုဖြစ်လို့။ သူ့အသံကို မနက်လင်းတာနှင့် ရပ်ကွက်ထဲက ကြားနေရပါတော့သည်။

ရယ်စရာမဂ္ဂဇင်း

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

## ကြုံတွေ့ခဲ့ရသော လူထူးလူဆန်းအချို့

ဘုရားရင်ပြင်တော်ပေါ်က ကိုတင်မောင်ဆင်းလာတော့ မနက်ရှစ်နာရီထိုးတော့မယ်။ အခုလို ဝါတွင်းဝင်ခါနီးကာလမှာရော ဝါတွင်းမှာပါ သူငယ်ချင်းဗေဒင်ဆရာက လက္ခဏာကြည့်ပေးရင်း ကိုတင်မောင်ရဲ့ အညံ့တွေ ပျောက်သွားအောင် ပုတီးစိပ်ပါလို့ အကြံပေးပါတယ်။ ဝါထွက်လို့ သီတင်းကျွတ်ရင် အညံ့တွေလွတ်ပြီ။ ရာဟုက လွတ်ပြီတဲ့။ ဒီလို ပုတီးစိပ်တဲ့အခါမှာ စိတ်ကိုဖြူဖြူစင်စင်ထားဖို့ အင်္ကျီအဖြူ၊ ပုဆိုးအဖြူကိုဝတ်ပြီး ပုတီးစိပ်ပါလို့မှာပါတယ်။ အဲဒီလို မှာကြားချက်တွေကိုဟာ ကိုတင်မောင်အဖို့ အခက်တွေ့စရာ ဖြစ်လာရပါတယ်။ ကိုတင်မောင်တစ်ယောက် အခုလို ဘုရားသွား ပုတီးစိပ်တာမျိုးက တစ်ခါမှ မလုပ်ခဲ့ဖူးပါဘူး။ ရပ်ကွက်ကလူတွေကတော့ သူငယ်ချင်းတွေကပါ ဝေဖန်မှုကိုလည်း ကြောက်မိပါတယ်။ အဲဒါနဲ့ အိမ်ကမနက်အစောကြီးထ၊ သူငယ်ချင်းတစ်ဦးအိမ်မှာ အပေါ်အင်္ကျီအဖြူ ပုဆိုးအဖြူလဲ။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ပြီးမှ ဘုရားသွားပုတီးစိပ်ရပါတယ်။ သူငယ်ချင်းအိမ်က ရပ်ကွက်နဲ့ဝေးတော့ ရပ်ကွက်ကလူတွေ၊ သူငယ်ချင်းတွေက ကိုတင်မောင်ဘာလုပ်မှန်း မသိကြတော့ဘူးလေ။

ဒီလိုနဲ့ ဘုရားမှာ ပုတီးစိပ်ပြီး ဘုရားခြေတော်ရင်းရောက်တဲ့ အခါမှာ ဗိုက်ကဆာလာပါတယ်။ ဒါနဲ့ မနီးမဝေးမှာရှိတဲ့ လူရှင်းတဲ့ မုန့်ဟင်းခါးဆိုင်မှာ မုန့်ဟင်းခါးစားမယ်ဆိုပြီး ဝင်လိုက်ပါတယ်။ လဆန်းရက် ဖြစ်ပါလျက်နဲ့ နံနက်ခင်းအချိန်ဖြစ်တာတောင် မုန့်ဟင်းခါးစားမယ့်သူက မရှိဖြစ်နေပါတယ်။ ဒီလိုနဲ့ ဆိုင်ရှင်ကို မုန့်ဟင်းခါးတစ်ပွဲ မှာပြီးစားနေမိတယ်။ ဆိုင်ရှင်အဒေါ်ကြီးက ကိုတင်မောင် မုန့်ဟင်းခါးစားနေတာကို မျက်တောင်မခတ် စိုက်ကြည့်ရင်းက သူမရဲ့မျက်နှာမှာ ကိုတင်မောင်ကို အားကိုးတကြီးပုံစံမျိုးနဲ့ပါ။ ကိုတင်မောင်လည်းစားရင်းက ဒီအဒေါ်ကြီး ဘယ်လိုဖြစ်လို့ ကိုယ့်ကိုကြည့်လှချည်လားပေါ့။ ဒါနဲ့လက်က မသိမသာ မုန့်ဟင်းခါးပန်းကန်ကိုချရင်း "အဒေါ်ကြီး ပဲကြော်ထည့်" လို့ ပြောပါတယ်။ အဒေါ်ကြီးက ဝမ်းသာအားရနဲ့ ကိုတင်မောင်ရဲ့ မုန့်ဟင်းခါးပန်းကန်ထဲ ထည့်ပေးတယ်။ ပြီးတော့ ပိုက်ဆံခွက်ထဲက ငါးဆယ်တန်တစ်ရွက်ကိုယူရင်း ပန်းကန်ဆေးနေတဲ့ကောင်မလေးကို "ဟဲ့ ငါးနှစ်နော် ရော့ ငါးဆယ်" ဆိုပြီး ပေးလိုက်တယ်။ ကောင်မလေးလည်း အဒေါ်ကြီးဆီက ပြေးထွက်သွားတယ်။

ကိုတင်မောင်လည်း ဘာတွေပါလဲလို့ ခေါင်းစားမိရင်း မုန့်ဟင်းခါးကို မြန်မြန်စားပြီး ဆိုင်ထဲက ထွက်လာခဲ့ရတယ်။ ဒီလိုနဲ့ သူငယ်ချင်းအိမ်ကိုပြန်ပြီး အဝတ်အစားလဲဖို့ သွားတဲ့အခါ ဈေးဆွဲခြင်းတောင်းနဲ့ မိန်းမတစ်ယောက်က ကိုတင်မောင်နောက်ကို အပြေးလိုက်လာတာ တွေ့ရပါတယ်။

"ဒီမှာ ဆရာကြီးရယ် ကျွန်မကို မ,စပါ"

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



"ဘာကွ"

ရုတ်တရက် ကိုယ်က ဆရာကြီးလည်းအခေါ်ခံရ၊ မ,စပါလို့လည်း အပြောခံရနဲ့ ဘာတွေလာကြောင်နေတာလဲဆိုပြီး ဒေါသတကြီးနဲ့ပြောလိုက်တာကို ဈေးဆွဲခြင်းတောင်းနဲ့မိန်းမက ဝမ်းသာအားရ အမူအယာမျိုးနဲ့ "ဘာကွဆိုတော့ ငါးနှစ် ဟုတ်ပြီ ငါးနှစ်" လို့ ပါးစပ်ကရေရွတ်ရင်း ကိုတင်မောင်အနားက ပြေးထွက်သွားပါတယ်။

"ဟယ် ဘိုးတော်လေးလားမသိဘူး။ ဟိုမှာ မိန်းမတစ်ယောက်ပြေးသွားတယ်။ ဒီမှာဆရာရယ် သမီးတို့ကိုလည်း မ,စပါဦး၊ ဘာကောင်းလဲ"

ပြဿနာတွေ တစ်ခုပြီးတစ်ခု တက်နေပါလား။ ကိုတင်မောင်တော့ တစ်ခုခုထူးခြားနေပြီ။ ကိုယ်က ကောင်းတာတွေလုပ်လို့ အဖျက်ကဝင်လေသလားလို့ တွေးမိရင်းက

"ပုတီးစိပ်၊ ဂုဏ်တော်ကိုးပါးမမေ့နဲ့"

"ဟယ် ဂုဏ်တော်ကိုးပါးတဲ့ သေချာတယ် ကိုးပဲ"

ကိုတင်မောင်ပြောတဲ့ စကားမဆုံးခင်မှာပဲ သူ့ဖာသာသူကောက်ချက်ချအဖြေထုတ်ရင်းက ကိုတင်မောင်အနားကနေ ထွက်သွားကြတယ်။ ကိုတင်မောင်က ဘာတွေဖြစ်နေကုန်ပြီလဲလို့။

ကားမှတ်တိုင်ကို ပြန်ဖို့ရောက်လာတဲ့အခါ ကားမှတ်တိုင်မှာရေခဲရေရောင်းဖို့ ရေပုံးပြင်ဆင်နေတဲ့ကောင်လေးက ကိုတင်မောင်အနားကို ရောက်လာရင်း

"ဘဘဆရာ ကားမလာခင်ထိုင်ပါဦး သားသားကိုလည်း တစ်ခုခုပေးခဲ့ဦး" ဆိုပြီး တကယ့်ကို အနှစ်နှစ်အလလက ကွဲကွာနေတဲ့ဆရာတစ်ယောက်ကို ပြန်တွေ့နေရတဲ့ပုံစံမျိုးနဲ့ အတင်းကြီးပြောနေလေတော့ ကိုတင်မောင်လည်း ဘာလုပ်ရမှန်း မသိဖြစ်ရင်းက အကျီအိတ်ကပ်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ထဲက ငါးကျပ်တန်တစ်ရွက် ထုတ်ပေးလိုက်ပါတယ်။ ကောင်လေးက ငါးကျပ်တန်လည်းရရော ဘာမပြော ညာမပြောနဲ့ သူ့ရေခဲပုံးကို ထားခဲ့ရင်း ငါးနှစ်ကျိန်းသေပြီ" ဆိုပြီး ကားမှတ်တိုင်ကနေ ပြေးသွားပါတယ်။ ကိုတင်မောင်လည်း ဒုက္ခပါပဲလို့ စိတ်ရှုပ်ထွေးရင်း ကားကလည်း မှတ်တိုင်ကို အဆင်သင့်ရောက်လာလို့ တက်စီးလိုက်ပါတယ်။

သူငယ်ချင်းအိမ်ရောက်တော့ ဒီနေ့ဖြစ်ပျက်တာတွေကို ပြောပြမိတော့ သူငယ်ချင်းနဲ့ သူ့မိန်းမက အားရပါးရရယ်မောကြရင်း ကိုတင်မောင်ကို ဘုရားသွားတာ အပေါ်အဖြူ အောက်အဖြူဆိုတော့ ကိုတင်မောင် ကြုံတွေ့ခဲ့ရတဲ့ လူတွေက သူတို့ဘာသာသူတို့ ထင်ချင်သလိုထင် ကောက်ချက်ဆွဲချင်သလိုဆွဲပြီး လဆန်းရက်ပိုင်း လူအချို့ စိတ်ဝင်စားကြတဲ့အရာအတွက် အတိတ်တောင်းတယ်ဆိုတာကိုရှင်းပြလို့ ကိုတင်မောင်ခမျာ ဘာမသိညာမသိ အူတူတူကြီး ခံစားလိုက်ရပါတော့တယ်။

သတင်းစုံဂျာနယ်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

## ပုဆိုးကြော်ငြာများ

တစ်ခါတုန်းက ရွှေကသစ်ဆိုတဲ့ ရွာကြီးတစ်ရွာရှိတယ်တဲ့။ အဲဒီရွာကြီးနဲ့ မလှမ်းမကမ်းမှာ ဘုရင့်မင်းနေပြည်တော်လဲရှိတယ်။ အဲဒီရွှေကသစ်ရဲ့ ရွာစားကြီးက ဦးဂျမ်းတဲ့။ သြော်. . . ပြောရဦးမယ် ဘုရင်ကြီးမှာ စိန်ရတနာတစ်ခုလို အဖိုးထိုက်တန်ပြီး ရွှေစင်မေလို့ အမည်တွင်ရလောက်အောင် အသားအရေ ဝင်းဝါချောမွတ်လှပတဲ့ ရွှေမင်းသမီးလေးတစ်ပါး ရှိသတဲ့ကွယ်။ မင်းသမီးလေးရဲ့ နာမည်က မှုန်ရွှေရည်တဲ့။ မင်းသမီးလေး အပျင်းတော်ပြေစေဖို့ ပျော်တော်ဆက်တဲ့ ဂျိုကာဆိုတဲ့ လူရွှင်တော်တစ်ဦးလဲရှိတယ်။ မင်းသမီးလေးရဲ့ အရိပ်အခြည်ကို စောင့်ကြပ်ကြည့်ရှုဖို့ တာဝန်ပေးခြင်းခံရသူက ရွှေပြည်ဝန် ဘိုးဘိုးပေါ့ကွယ်။ ရွှေရောင်အဆင်းသဏ္ဍာန်နဲ့ ရွှေရွက်ဝါတွေ ကြွေကျတဲ့ နွေအခါသမယမှာပေါ့ကွယ်။ ရွှေကသစ်ရွာကြီးရဲ့ ခပ်လှမ်းလှမ်းမှာ ရှိတဲ့ တောထဲမှာ ရွှေကျားကြီးနဲ့ ကျားနက်ဆိုတဲ့ တိရစ္ဆာန်ကျားကြီး

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



နှစ်ကောင်က မင်းမူသောင်းကျန်းနေတယ်ကွယ်။ တောထဲထင်းခုတ်မသွားနဲ့ သူတို့က ကိုက်သတ်စားသောက်ပြီးသား။ အဲဒီကျားဆိုးနှစ်ကောင် ခိုအောင်းနေတာက စမ်းချောင်းလေးဘေးနားမှာပေါ့။ ဂူတစ်ဂူရှိတယ်။ အဲဒီဂူဟာ အတွင်းကိုဝင်သွားရင် သဘာဝတရားက ဖန်ဆင်းပေးထား လို့လားမသိဘူး။ ကမ္ဘာလိုကျယ်ဝန်းလှပြီး ဂူအတွင်းထဲမှာ ရွှေရောင်တွေ ကလဲ တဖျပ်ဖျပ်တောက်ပနေလို့ ရွှေကမ္ဘာဂူလို့ ခေါ်ကြတယ်ကွယ့်။ အဲဒီစမ်းချောင်းလေးထဲမှာ ရွှေအဆင်းလိုဝါဝင်းနေတဲ့ ရွှေပုစွန်ဆိုတဲ့ ရေသတ္တဝါလေးတွေ ကျင်လည်ကျက်စားလို့နေတယ်။ ရွှေကသစ်ရွာကြီး မှာ ဇော်မှိုင်းဆိုတဲ့ လုလင်ပျိုတစ်ဦးရှိတယ်။ သူ့ကို တစ်ရွာလုံးမှာရှိတဲ့ အပျိုလေးတွေ၊ ကာလသားတွေက ယောကျ်ားပီသလွန်းလို့ ခန့်ချောကြီးလို့ ခေါ်ကြတယ်။

တစ်နေ့မှာ ခန့်ချောကြီးဇော်မှိုင်းက အိပ်မက်မက်တယ်။ အိပ်မက် ထဲမှာ ကောင်းကင်ယံကနေ ဂဠုန်မင်းဟာ ဆင်းသက်လာပြီး ရွာထိပ်က ညောင်ပင်အောက်ရဲ့ အရှေ့ဘက်ချုံပုတ်မှာ ဓားနှစ်လက်ရှိတယ်။ အဲဒါကို ယူပြီး ဘယ်ရန်ပဲလာလာဖြေရှင်းပါ။ အနိုင်ရလိမ့်မယ်တဲ့။ ဩော် . . . ပြောရဦးမယ်။ ခန့်ချောကြီးမှာ သိပ်ပြီးလိမ္မာတဲ့ ရွှေဗျိုင်းလေးတစ်ကောင် လဲ မွေးထားတယ်။ ခန့်ချောကြီးဟာ အိပ်မက်ထဲကအတိုင်း နောက် တစ်နေ့မှာ ရွာထိပ်ကညောင်ပင်ရဲ့ အရှေ့ဘက်မှာရှိတဲ့ ချုံပုတ်ကို သွားတဲ့ အခါ အိပ်မက်ထဲကအတိုင်း ဓားနှစ်လက်ကိုတွေ့တယ်။ ရတနာကျောက်စီ ခြယ်ထားတဲ့ ဓားနှစ်လက်ပေါ့။ အဲဒီဓားနှစ်လက်ကို အိမ်ယူလာခဲ့တယ်။ နေ့စဉ်ရက်ဆက်ဆိုသလို ကျားဆိုးနှစ်ကောင်ကလဲ သောင်းကျန်းတာ နောက်ဆုံး ရွာထဲမှာရှိတဲ့လူတွေကို ဝင်ဆွဲတဲ့အဆင့်တောင် ဖြစ်လာတယ်။ လိုက်ဖမ်းတော့လဲ ပြေးလိုက်တာ အဲဒီကျားနှစ်ကောင် ဘယ်မှာနေမှန်းကို မသိဘူး။ အဲဒါနဲ့ ရွှေကသစ်ရွာစားကြီးဦးဂျမ်းက ဘုရင်မင်းမြတ်ကို

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



တင်ပြတာပေါ့။ ဘုရင်မင်းမြတ်လဲ အဲဒီကျားဆိုးနှစ်ကောင်ကို နှိမ်နင်းနိုင်တဲ့သူကို ရဲဝံ့သတ္တိရှိတဲ့အတွက်ကြောင့် ဆုလာဘ်တော်အဖြစ် သမီးတော်လေး မှုန်ရွှေရည်နဲ့ ထိမ်းမြားလက်ထပ်ပေးပြီး အိမ်ရှေ့အရာ ပေးသနားမယ်ဆိုပြီး ရွှေပြည်ဝန်ကို အမိန့်ထုတ်ခိုင်းတယ်။

ရွှေကသစ်ရွာသားတွေခမျာ ဘုရင်ရဲ့အမိန့်ကို ကြားတဲ့အခါမှာ ကျားဆိုးနှစ်ကောင်ကို နှိမ်တော့နှိမ်နင်းချင်ပါရဲ့။ ဒါပေမယ့် ကျားဆိုး နှစ်ကောင်က ဘယ်နေရာမှာရှိမှန်း မသိဘူး။ တစ်နေ့မှာ ခန့်ချောကြီး ဇော်မှိုင်းရဲ့ ရွှေဖျိုင်းကလေးဟာ အစာရှာထွက်ရင်း ရွှေပုစွန်တွေ ကျင်လည် ကျက်စားတဲ့ စမ်းချောင်းလေးဆီ ရောက်လာရင်းက ကျားဆိုးနှစ်ကောင် ပုန်းခိုနေတဲ့ ရွှေကမ္ဘာဂူကို တွေ့သွားပါလေရော။ ဒါနဲ့သခင်ဖြစ်တဲ့ ခန့်ချောကြီးကို အမူအရာနဲ့ပြတယ်။ ခန့်ချောကြီးကလဲ အိပ်မက်ထဲမှာ ဂဠုန်မင်းပေးတဲ့ ဓားနှစ်လက်ကိုယူရင်း တောထဲကို အပြေးလာခဲ့တယ်။ ရွှေကမ္ဘာဂူနားလဲရောက်ရော ရွှေကျားကြီးနဲ့ ကျားနက်နှစ်ကောင်ကို တွေ့ပါရော။ ဘာပြောကောင်းမလဲ ကျားဆိုးကြီးနှစ်ကောင်က ခုန်အအုပ် မှာ ဓားနှစ်လက်ကို လက်နှစ်ဖက်ဘယ်ညာကိုင်ရင်း တစ်ချက်ထဲ ပြိုင်တူ ခုတ်ချလိုက်တာ ကျားဆိုးကြီးနှစ်ကောင် တစ်ခါထဲ ပွဲချင်းပြီးသေပါလေ ရော။ ဒီတော့မှ ကျားသေနှစ်ကောင်ကို ပခုံးနှစ်ဖက်မှာထမ်းရင်း ရွာကို ပြန်လာခဲ့တာ ရွာမှာစူပါစတား ဖြစ်သွားတာပေါ့။ ပြီးတော့ ကျားသေ နှစ်ကောင်ကို ချက်ချင်းဆိုသလို ဘုရင်းမင်းမြတ်ကို ဆက်သတယ်။ ဘုရင်မင်းမြတ်ကလဲ ကျေနပ်အားရတော်မူပြီး ခန့်ချောကြီးရဲ့ ရုပ်ရည် သွင်ပြင်ကလဲ ပြေပြစ်ချောမိုပီသတဲ့ အဆင်းသဏ္ဌာန်ရှိလို့ သမီးတော့ လေး မှုန်ရွှေရည်နဲ့ စုလျားရစ်ပတ်ပေးတယ်။ ရှေးရေစက်ကြောင့်ထင်ပါရဲ့ မင်းသမီးလေး မှုန်ရွှေရည်နဲ့ ခန့်ချောကြီးဇော်မှိုင်းတို့ဟာ မြင်မြင်ချင်း ဆိုသလို ချစ်ကြိုက်သွားတဲ့အမူအရာကို မင်းကြီးကြိုက်တော်မူပြီး

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ပြုံးလေတယ်။ ဒါကို မင်းသမီးလေးရဲ့ ပျော်တော်ဆက် လူရွှင်တော်ဂျိုကာ ကလဲ ပိုပြီးပျော်ရအောင် ပြက်လုံးတွေ အမျိုးမျိုးထုတ်ပြပေ့ါ။ ရွှေကသစ်ရွာသားတွေ၊ ဦးဂျမ်းနဲ့ ရွှေပြည်ဝန်တို့လဲ သဘောတွေကျလို့ပေ့ါ။ ဒီလိုနဲ့ မင်းသမီးလေး မှုန်ရွှေရည်နဲ့ ခန့်ချောကြီးတို့ဟာ ဒီရေအလား ဒီတီနေ တိုးတက်လာတာ နေ့ချင်းညချင်းဆိုသလိုပါပဲ။ ရွှေကသစ်ရွာကြီးဟာလဲ စည်ပင်ဝပြောလာခဲ့တယ်။ အဲဒီရွှေကသစ်ရွာကြီးဟာ ဒီနေ့ မန္တလေးတိုင်း၊ ဝမ်းတွင်းမြို့ပေ့ါကွယ်။ ကိုင်း . . . ပုံပြင်လေးကတော့ ဒါပါပဲကွယ်။

ကိုမြတ်ကြီးတစ်ယောက် အိမ်ပေါ်မှာ စာဖတ်နေရင်းက အိမ်အောက်မှာ တူမလေးသဲသဲက သူ့သူငယ်ချင်းတွေကို ပုံပြောပြနေတာ ကြားရတော့ နားထောင်ရင်းက ဒီခေတ်ကလေးတွေများ တော်လိုက်တာ။ ပုံပြင်တွေကို ချက်ချင်းဖတ် ချက်ချင်းပြောနိုင်တယ်။ အခုကြားရတဲ့ပုံပြင်ကို ကိုမြတ်ကြီးတစ်ခါမှ မကြားဖူးဘူး။ တူမလေးက ဘယ်ပုံပြင်စာအုပ်ထဲက များ ပြောသလဲမသိဘူးဆိုပြီး မေးမိတယ်။

“တူမ သဲသဲရေ သမီး အဲဒီပုံပြင် ဘယ်စာအုပ်ကလဲ စာအုပ်ဆိုင်မှာ သွားငှားကွယ်၊ ဦးလေးဖတ်ချင်လို့”

“ဟာ ဦးဦးကလဲ အဲဒါတကယ့်ပုံပြင်မဟုတ်ဘူး။ အ,ရန်ကော၊ အဲဒါ တီဗီကလာတဲ့ ပုဆိုးကြော်ငြာတွေကို ပုံပြင်လိုလုပ်ထားတာ”

ကိုမြတ်ကြီးခမျာ ကိုယ့်နဖူးကို လက်နဲ့ရိုက်ရအောင် လွဲချော သွားပါတယ်။ ကိုမြတ်ကြီး မစဉ်းစားမိလေခြင်းလို့။ ပုံပြင်အဆုံးမှာ ဝမ်းတွင်းမြို့လို့ပါနေတာ။ ဒီလောက် ပုဆိုးထွက်တဲ့မြို့ကို မသိရန်ကောလို့။ ဒီလိုနဲ့နေရင်း အရပ်ထဲမှာလဲ ပိုဆိုးကြော်ငြာတွေအကြောင်း ပြောသံတွေ ကြားရလို့ ကိုယ်လဲပုဆိုးကြော်ငြာခေတ်မှာ ခေတ်မီအောင်လို့ ပုဆိုး တစ်ထည်လောက်တော့ ဝယ်မယ်ဆိုပြီး စတိုးဆိုင်တွေဆီ ရောက်သွားပါတယ်။ ဟုတ်ပါရဲ့ ဝယ်ချင်စရာမျိုးဖြစ်အောင် ပုဆိုးကို ပါကင်ဘူး

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



လှလှလေးနဲ့ ထည့်ထားတာ။ ဟာ ဟိုမှာ ဒွေးဝတ်တဲ့အရောင်လေး။ ဒါက လွင်မိုးဝတ်တဲ့ပုဆိုး၊ ဒါက သရဲလေးကောင်၊ ဟာ ဒါမိုးဒီနဲ့ မော့စ်ပြတဲ့ ပုဆိုး၊ ပုဆိုးတွေက အရောင်စုံလှသမို့ ကြိုက်ရာရွေးယူရုံပဲ။ ဒီလိုနဲ့ ဈေးမေးကြည့်တော့ ဈေးကလဲ ကောင်းပါဘိသနဲ့။ ကိုယ်က ပုဆိုးနှစ်ထည် လောက်လိုချင်တာ ငွေကလိုနေတာနဲ့ နောက်မှပဲ ဝယ်မယ်ဆိုပြီး နောက်နှစ်ပတ်ကြာတဲ့အခါ ဦးဂျမ်းနဲ့ မင်းကြီးကြိုက်ပုဆိုးနှစ်ထည်ကို ဝယ်လာခဲ့တယ်။ လက်ထဲမှာ တီဗီကကြော်ငြာတဲ့ပုဆိုးနဲ့ ပါကင်ဘူးလှလှ လေးကိုကိုင်ပြီး လမ်းလျှောက်ရတာ လောကကြီးမှာ ကိုယ့်လောက် ဂုဏ်ယူဖို့ကောင်းတဲ့သူ မရှိဘူးလို့ကို ထင်ပါတယ်။ ကောင်မလေးတွေက ကိုမြတ်ကြီးလက်ထဲက ပုဆိုးပါကင်ဘူးတွေကိုကြည့်ပြီး "ဟယ် . . . ဦးဂျမ်းနဲ့ မင်းကြီးကြိုက်တော်ရေ" လို့ ရေရွတ်သွားတော့ ကိုမြတ်ကြီးခမျာ ကြည်နူးလိုက်ရတာ။ အဲဒီလိုနဲ့ လမ်းလျှောက်လာနေရင်းက မျက်နှာချင်း ဆိုင်တည့်တည့်ကနေ ကိုယ့်လိုပဲ ပုဆိုးပါကင်ဘူး လှလှလေးတွေကို ကိုင်လာကြတဲ့ ရပ်ကွက်ထဲက ဒေါ်ဖွားတင့်တို့၊ မတင်ရီတို့၊ မမြခင်တို့ကို တွေ့ရတယ်။ စိတ်ထဲကလဲ ကိုယ့်လိုသူတို့တစ်တွေလဲ သူတို့သားတွေ၊ ခင်ပွန်းတွေအတွက် ဝယ်ယူလာပြီပေါ့။

"ဟယ် . . . ကိုမြတ်ကြီးလက်ထဲမှာလဲ တို့တွေလို တီဗီကြော်ငြာ ထဲကပုဆိုးနဲ့ ပါကင်ဘူးတွေနဲ့ပါလား။ တို့ထက်စောအောင် ဘယ်အချိန် ထဲက သွားဝယ်ထားလဲမသိဘူး"

"ဟုတ်တယ်၊ ဒေါ်ဖွားတင့်ရေ၊ အဆင်လှအောင် ဆိုင်ဖွင့်ထဲက အရင်ဆုံးသွားဝယ်တာ။ တစ်ထောင်ကျော်တောင် ပေးရတယ်၊ တစ်ထည် ကို . . ."

"ဟယ်၊ ဘယ်လိုဖြစ်လို့လဲ၊ တို့ဝယ်တဲ့ဆိုင်က မဟုတ်ဘူး ထင်တယ်။ တို့က ငါတို့ဝယ်တဲ့ဆိုင်ကမှတ်လို့၊ တစ်ထည်ကို လေးရာပဲ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ပေးရတာ သုံးထည်ယူရင် တစ်ရာလျှော့ပေးသေးတယ်”

“ဟာဗျာ၊ မဖြစ်နိုင်တာ၊ ဘယ်ဆိုင်ကမို့လို့လဲ”

“အမိန့်ရအပေါင်ဆိုင်ကလေ အပေါင်ဆုံးတွေ ဈေးလျှော့ရောင်းတာ၊ ဝယ်ကြတာ အုန်းအုန်းထပဲ”

ဒီတစ်ခါတော့ ကိုမြတ်ကြီးခမျာ လွဲချော်မှုကို မခံစားနိုင်ဘဲ အိတ်ကပ်ထဲမှာ ကျန်တဲ့ပိုက်ဆံ ငါးရာတန်တစ်ရွက်ကိုကြည့်ရင်းက အပေါင်ဆိုင်ဘက်ကို သုတ်ခြေတင်ပြေးလိုက်တယ်။ ဒေါ်ဖွားတင့်တို့အုပ်စုကတော့ ရုတ်တရက် ကြောင်နေမှာပဲ။ ကိုမြတ်ကြီးကတော့ ပြေးရင်းက တံဆိပ်မျိုးစုံနဲ့ ပုဆိုးတွေ၊ ဘူးခွံတွေကို မြင်နေလို့ပေါ့။

၂၆ ရက်၊ ၁၁ လ၊ ၁၉၉၉ ခုနှစ်
ပြည်မြန်မာသတင်းဂျာနယ်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

## မိန်းမတို့အကြောင်း

မိန်းမတို့အကြောင်းနှင့်ပတ်သက်လို့ ပဥ္စမံဒီရိုင်းတစ်ယောက် အမျိုးမျိုး ကြားနာမှတ်သားခဲ့ရတာတွေ အများကြီးပါ။ ပိုဆိုးတာက ပဥ္စမံဒီရိုင်းတစ်ယောက် အိမ်ထောင်ကျတဲ့အခါ မိန်းမတို့အကြောင်းနှင့် ပတ်သက်ပြီး ဆုံးမသြဝါဒစကား လမ်းညွှန်သူတွေ၊ ဆောင်ရန်ရှောင်ရန် အကြံပြုသူတွေနဲ့ အတော့်ကိုဟုတ်နေပါတယ်။

တစ်သက်လုံး ရည်းစားလည်းမထားဘူး၊ မိန်းမကိုလည်းလိုချင်၊ ယူပါဆိုတော့လည်း တာဝန်တွေယူရမှာကို ကြောက်တတ်တဲ့ လူပျိုကြီး ကိုရင်ကြွက်က အောက်ပါနီတိကို လမ်းညွှန်ပါတယ်။

**"မိန်းမယူတယ်ဆိုတာ ကိုယ့်ဘက်က လူ့အဖွဲ့အစည်းနဲ့ ကိုယ်နဲ့ သွေးမတော်သားမစပ် ကိုယ့်မိန်းမဘက်က လူ့အဖွဲ့အစည်းနှစ်ခု ခေါင်းချင်း ဆိုင်တိုက်ကြတာ၊ ရှောင်နိုင်မှလွတ်မယ်"**

ခေါင်းမာတယ်၊ မရှောင်ဘူး၊ တိုက်မယ်၊ ဘာဖြစ်လဲ။ ဤကဲ့သို့

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



သော ကြွေးကြော်သံများဖြင့် လူ့အဖွဲ့အစည်းကြီးနှစ်ခု ခေါင်းချင်းဆိုင်တိုက်မှာကို မကြောက်မရွံ့ ရဲဝံ့စွာဖြတ်သန်းကြပါတယ်။ ဟုတ်ပါတယ်။ သူနဲ့ကိုယ်နဲ့ညားမှ ဟိုဘက်အမျိုး၊ ဒီဘက်အမျိုး လူ့အဖွဲ့အစည်းကြီးနှစ်ခု ခေါင်းချင်းဆိုင်တိုက်လိုက်ကြတာ ရပ်ထဲရွာထဲမှာ နေ့စဉ်ခေါင်းချင်းဆိုင်တိုက်တဲ့အသံတွေ နားသာဆင်ကြည့်ပေတော့။ ပဉ္စမံဒီရိုင်းနဲ့ မဒမ်ဒီရိုင်းတို့လည်း လူ့အဖွဲ့အစည်းကြီးနှစ်ခု ခေါင်းချင်းဆိုင်တိုက်ပြီးကြပြီ။ အာလူး၊ ဘူးသီးတွေဆိုတာ ပဉ္စမံခေါင်းမှာအပြည့်။

**"တကယ်လို့များ မှော်ဆရာတစ်ဦးက သူဖန်တီးပြီး ထာဝရမပျက်စီးနိုင်တဲ့ သုခမြို့တော်ကြီးကိုပေးမယ်၊ ကျွန်တော့်ရဲ့ ချစ်ဇနီးမယားမိန်းမကို စွန့်လွှတ်ရမယ်ဆိုရင် ကျွန်တော်က မှော်ဆရာကို အသင့်ရဲ့ဖန်တီးထားတဲ့ သုခမြို့တော်ကြီးပြန်ယူပါလို့ ပြောလိုက်မှာပဲ"**

အထက်ပါစကားကို ပြောကြားသူက အတွေးအခေါ်စာပေတွေကို ဝါသနာဖတ်ရှုသူ ရပ်ကွက်ထဲက လူငယ်လေးတစ်ဦးကပြောတာပါ။ ပဉ္စမံဒီရိုင်းခမျာ သူ့ကိုပြောရပါတယ်။ ဘယ်ကနေများ ဒီစကားလုံးကိုဆောင်ကြဉ်းသယ်ဆောင်ယူလာရသလဲလို့။ ဒီစကားပြောတဲ့သူခမျာ သတ္တိရှိရှိပြောရဲလိုက်တာလို့။ ဒါဟာ ဟိုးရှေးတုန်းက စကားဖြစ်မှာ။ တစ်လတစ်ခါစီးတဲ့ ဖိနပ်ပြောင်းချင်လို့ ဖိနပ်ထည်လဲဝယ်တာ၊ ဘယ်ဆိုင်မှာနိုင်ငံခြားဖိနပ်အသစ် ဒီဇိုင်းဆန်းပေါ်သလဲကို ပန်းချီပြပွဲကြည့်သလိုအသေးစိတ်ခံစားကြည့်ပြီးဝယ်တာ။ ရေအေးအေးလေးသောက်ချင်တယ်။ အသီးတွေဘာတွေ အေးအေးဆေးဆေးစားချင်တယ်ဆိုပြီး သိန်းကျော်တန်ရေခဲသေတ္တာကြီးကိုဝယ်ခိုင်းပြီး တစ်စည်းနှစ်ဆယ်တန်ကန်စွန်းရွက်တို့၊ ချဉ်ပေါင်ရွက်တို့ သိန်းကျော်တန်ရေခဲသေတ္တာကြီးထဲ ထည့်ပြီးစားတာ၊ သား၊ ငါးကို ရေခဲသေတ္တာထဲ အပုပ်ခံစားတာ၊ ကက်ဆက်ဖွင့်ပြီး သီချင်းနားထောင်ရတာ နားညောင်းတယ်။ အရုပ်ကြည့်ပြီး သီချင်းဆိုလိုက်ဆိုမယ်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ဆိုပြီး ကာရာအိုကေစက်ဝယ်ခိုင်းတာ၊ ပြီးတော့ . . . (အဲဒီလို လိုချင်တာတွေပူဆာပြီး ဝယ်ဝယ်ခိုင်းတတ်တဲ့ ပဥ္စမံမိန်းမကို စွန့်ပါဆိုရင် အဲဒီမှော်ဆရာ ခေါ်ခဲ့ပါလို့။ အိမ်ဦးခန်းမှာကို ထားဦးမှာ)။

**"အိပ်စက်ခြင်းဆိုတာ မိန်းမသားတစ်ဦးလို နှစ်ခြိုက်စရာကောင်းတယ်။ အဲဒီမိန်းမကို ပိုပြီးလိုက်လေလေ၊ သူကပိုပြီးပြေးလေလေ"**

အဲဒီအဆိုအမိန့်ကို လက်ဖက်ရည်တိုက်ပြီးကို တွင်တွင်ကျယ်ကျယ်နဲ့ပြောပြီး ထိုအဆိုအမိန့်မှန်ကြောင်း သက်သေပြပြောဆိုသူက ပဥ္စမံဒီရိုင်းရဲ့ ကျောင်းနေဘက်သူငယ်ချင်း အရာရှိတစ်ဦးဖြစ်ပါတယ်။ သူပြောပုံက မိန်းမဆိုတာ ယောကျ်ားထက်စောပြီး အိပ်ရာမဝင်ရဘူး၊ နောက်ကျအိပ်ရာဝင်ရတယ်။ အိပ်ရာထတဲ့အခါမှာလည်း ယောကျ်ားထက်စောပြီး အိပ်ရာထရတယ်ဆိုတဲ့နီတိနဲ့ ဆန့်ကျင်ဘက်လို့ပြောလို့ရအောင် သူ့ထက်စောပြီး မိန်းမလုပ်သူက အိပ်ရာဝင်တယ်၊ အိပ်ရာထတော့လည်း နေဖင်ထိုးမှ ထတယ်။ အားတာနဲ့ အိပ်တဲ့မိန်းမ။ ဒင်းကပဲ အိပ်နိုင်သလား၊ ကိုယ်ကပဲ အိပ်နိုင်သလား တွေ့ကြရောပေါ့ဆိုပြီး မိန်းမနဲ့ အပြိုင်အိပ်တာ မျက်ခွံတွေ၊ မျက်လုံးတွေဖောင်း၊ ကျော့ပြင်က ကြာကြာအိပ်ရလို့ပူနဲ့။ ဒီအချိန်မှာ မိန်းမဖြစ်သူက မနိုးတဲ့အပြင် ဟောက်များတောင်ဟောက်ချည်းသေးတဲ့။ နောက်ဆုံး အအိပ်မက်တဲ့မိန်းမကို အရှုံးပေးလိုက်ရတယ်တဲ့။ ဒီကြားထဲ ဒင်းကပဥ္စမံကို ကပ်ကြွားသွားသေးတယ်။ ကမ္ဘာပေါ်မှာ မိန်းမတွေ ဘယ်သူအအိပ်နိုင်ဆုံးလဲ၊ ကမ္ဘာ့မိန်းမများ အအိပ်ပြိုင်ပွဲလုပ်ရင် သူ့မိန်းမက ခြေစစ်ပွဲမန္တရဘဲကို ဗိုလ်စွဲမှာတဲ့။

**မိန်းမများသည် အောင်မြင်မှုကို လိုလားသည်။**

**အောင်မြင်မှုအရသာကိုလည်း ခံစားလိုချင်ကြသည်။**

အထက်ပါကဲ့သို့ ဂုဏ်ယူဝင့်ကြွားဖွယ်ရာကောင်းသော ဒဿနကို ပဥ္စမံဒီရိုင်းရဲ့ လမ်းထိပ်နှစ်အိမ်ကျော်က ကိုအာကာကြီးတို့ရဲ့ ဧည့်ခန်း

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



နံရံမှာ ကွန်ပျူတာဖြင့် စာလုံးရိုက်ကပ်ထားတာ ခန့်ခန့်ညားညားကြီးကို တွေ့ရပါတယ်။ ဘာဖြစ်လို့ ဒီလိုကပ်ထားရသလဲဆိုတာ ကိုအာကာကြီးရဲ့ မိန်းမ,မခင်ချစ်က ကပ်ထားရမယ်ဆိုတဲ့ တစ်သွေးတစ်သံအမိန့်ကြောင့်ပါ။ ဟုတ်တော့လည်း ဟုတ်တာပေါ့။ မခင်ချစ်က ဣတ္ထိယဝါဒခေတ်ရောက်ကိုရောက်ရမယ်ဆိုတဲ့ ဝါဒကိုလက်ကိုင်ထားသူ။ ဒါကြောင့် သူ့ခင်ပွန်းကိုအာကာကြီး ဘာမှမလုပ်ဘူး။ မိန်းမရှာသမျှကို ယမကာ တစ်နေ့လုံးမှိဝဲသုံးစွဲဖြုန်းတာ။ စားလိုက်၊ သောက်လိုက်၊ အိပ်လိုက်။ မခင်ချစ်က ပါးစပ်ကြမ်းကြမ်းနဲ့ တစ်ရပ်ကွက်လုံးကြားအောင် လင်ကို အော်တုတ်။ ဆဲဆို၊ ရန်ဖြစ်။ လူကြားမရှောင် လင်ကိုနိုင်ရကြောင်း တွေ့သမျှလူကိုပြော။ အဲဒီလင်နိုင်တဲ့အရသာကို မိန့်မိန့်ကြီးလူကြားထဲမှာ အရသာခံရတာကို ဇိမ်တွေ့နေပေမယ့် ကိုအာကာကြီးကတော့ သူ့မိန်းမ ဘယ်လောက်ပြောပြော အရက်သောက်မပျက်၊ မူးမပျက်နဲ့ အရက်ဖိုး မပေးရင် မိန်းမဆင်ထားတဲ့ ဆွဲကြိုး၊ လက်စွပ်ရောင်းပြီးသောက်၊ မိန်းမ ပိုက်ဆံခိုးပြီးသောက်နဲ့ မခင်ချစ်ကသိတော့ဆဲ၊ ဆူနဲ့ တစ်နှစ်ပတ်လုံး ကမ္ဘာ့ဘောလုံးပွဲတွေနဲ့ ပြက္ခဒိန်အပြိုင်ဆွဲထားသလို သံသရာလည် နေတော့တာပါပဲ။ ဒီကြားထဲ မခင်ချစ်တို့များ လင်သာနိုင်တယ်ပြောတာ ကိုအာကာကြီး ယမကာသောက်သုံးခြင်း ခေတ္တခဏရပ်ဆိုင်းထားတဲ့ အခိုက်အတန့်မျိုးဆို အသံတောင် ကျယ်ကျယ်မပြောရဲဘူး။ လင်က ဘာချက်ညာချက်ဆို ပြာနေတာပဲ။ ဒီကြားထဲ မခင်ချစ် နေ့ပြန်ငွေအတိုး တွေ အကြွေးရှင်တွေလာမပေးတာနဲ့ကြုံရင် ကိုအာကာကြီးက မခင်ချစ်ကို ဆူတာ ဘာသံမှမကြားရဘဲ ရိပ်သာထဲမှာ သူတို့အိမ်ကလူတွေ တရားဝင် နေသလားတောင် ထင်ရတယ်။

**"မိန်းမသားတစ်ဦးမှာ ရှိသင့်ရှိထိုက်တဲ့ ပါဝင်သင့်ပါဝင်ထိုက်တဲ့ ကောင်းမြတ်ခြင်းတွေမှာ ယဉ်ကျေးသိမ်မွေ့တဲ့ အမူအရာနဲ့ အသံသာယာ**

ကြယ်ပွင့်စာပေ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



**တိုးညှင်းပျော့ပျောင်းခြင်းဟာလည်း တစ်ခုပါဝင်လို့နေတယ်”**

ထိုစကားကို ကျေကျေနပ်နပ်ကြီး အဝတ်လျှော်ရင်း မှာတမ်း ခြွေမိန့်ကြားလေ့ရှိတာက ပဒ္မမ်ဒီရိုင်းထက် အိမ်ထောင်ကျတစ်နှစ်စောတဲ့ ကိုမြင့်သောင်းပါ။ သူ့ဇနီးမလေးက တကယ့်ကို ကိုယ်အမူအရာ၊ နှုတ်အမူအရာက သိပ်မွေ့ယဉ်ကျေးလှပါတယ်။ ရပ်ကွက်ထဲမှာ သူ့ကို ဥပမာပေးပြီး လူကြီးသူမတွေက ပြောကြဆိုကြတာပါ။ စကားပြောတော့လည်း တိုးတိုးအေးအေးလေး။ အဲဒီအချက်တွေကြောင့် ကိုမြင့်သောင်းခမျာ အာမခံဌာနအရာရှိမလေးကို ကြွေသွားတယ်ထင်ပါရဲ့။ ကိုမြင့်သောင်းကလည်း နိုင်ငံခြားသင်္ဘောအင်ဂျင်နီယာ။ သင်္ဘောလိုက်ပြီးပြန်လာတဲ့ ကိုမြင့်သောင်းခမျာ မလေးကရုံးသွားခါနီးမှာ ပြောတာဆိုတာကိုက နားထဲမှာ ပျားရည်လောင်းချသလိုကိုနေတာ။

“ကိုရေ . . . မလေးရုံးကဖယ်ရီလာတော့မယ်၊ ထမင်းချိုင့်တွေထဲ ထမင်းနဲ့ဟင်း ထည့်ထားတော့နော်၊ ကိုချက်တဲ့ဟင်း ဘယ်လောက်ကောင်းကြောင်း ရုံးမှာကြွားပြရမယ်။ ကိုယ်မနက်အစောကြီး ချက်ထားရတာကို ဘယ်လောက်ဝီရိယကောင်းကြောင်း ရုံးကအရာရှိမယောကျ်ားတွေနဲ့ ပြိုင်ပစ်လိုက်ဦးမယ်။ ကိုသွေးထားတဲ့ သနပ်ခါးက မွှေးနေတာပဲ။ မလေးသိပါတယ်။ ကိုသွေးတဲ့သနပ်ခါးမှာ ကိုကမလေးအပေါ်ထားတဲ့ ချစ်ခြင်းမေတ္တာတွေ ပါနေတယ်ဆိုတာ။ ဩော် . . . ကိုရေ၊ ဆယ်နာရီလောက်ကျရင် နေပူလာပြီ။ စောင်တွေ၊ ခြင်ထောင်တွေ ထုတ်လှမ်းထားဦးနော်။ နေရောင်ခြည်ဟာ ရောဂါပိုးကို သေစေနိုင်တယ်ဆိုတဲ့အတိုင်း အနံ့လည်းပျောက်၊ ကြမ်းပိုးတွေဘာတွေလည်း သေတာပေါ့။ မှာလက်စနဲ့ မှာတမ်းခြွေရဦးမယ်။ ဇနီးမယားမှာတမ်းလို့ပဲ မှတ်တော့ကိုရေ။ ကို့အကျႌတွေက မလေးပြန်လာမှလျှော်ရင် တော်တော်နဲ့ခြောက်မှာ မဟုတ်ဘူး။ အဝတ်လျှော်စက်ကျပြန်တော့ မီးကစိတ်မချရ၊ ကို့ကို

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ခေတ်လိုက်မှာလည်းစိုးရဲ့။ ဒီတော့ မလေးဆပ်ပြာမှုန့်နဲ့ အဝတ်တွေ စိမ်ထားတယ်။ ကိုအဆင်သင့် လျှော်လိုက်ရုံပဲ။ ပြီးတော့ ကိုချက်ထားတဲ့ ကြက်သားဟင်းနဲ့ ငါးပိကြော်ကို ဖေဖေတို့၊ မေမေတို့အိမ်ကို ဟင်းတစ်ခွက် ပို့လိုက်ဦးနော်။ စားဦးစားဖျားဆိုတော့ ကိုကော မလေးကော ကုသိုလ်ရ တာပေါ့။ အဲ. . . မေ့နေလို့၊ မြန်မာကား ဟာသခွေနှစ်ခွေလောက် ငှားထားဦး၊ တော်ကြာဟာသကားဆို သူများဦးသွားမယ်။ အိမ်လည်း နည်းနည်းရှင်းထားဦးနော်။ သဘော်အင်ဂျင်နီယာအိမ်ဆိုပြီး လူတွေက အထင်သေးကဲ့ရဲ့နေဦးမယ်။ စလောင်းကလှှင့်တဲ့ ကိုရီးယားဇာတ်ကား ဒါရိုက်တာရင်ရဲ့ကားလည်း ဗီဒီယိုကနေ ကူးထားဦးနော်။ လွတ်လို့မဖြစ် ရေးချမဖြစ်။ ကိုကော ညနေဘာဟင်းစားချင်သလဲ။ ကိုကြိုက်တာ ဈေးမှာဝယ်ပြီးချက်ပေတော့။ မလေးလည်း ညနေကိုနဲ့အတူ ဝိုင်းစား ပေးမယ်။ ပြီးတော့ ကိုရေ . . . . . . . . . . . . . . . . . . . . . . . . .။

အထက်ပါ စကားလုံးတွေက ကိုမြင့်သောင်းရဲ့မိန်းမ မလေး ရုံးမသွားခင် စကားကို သိမ်သိမ်မွေ့မွေ့ ညင်ညင်သာသာနဲ့ ချစ်လင်ကို မှာတမ်းခြွေနေတဲ့ အကြောင်းအရာတွေပါပဲ။ ကိုမြင့်သောင်းအဖို့ မိန်းမဖြစ်သူမလေးမှာတာတွေကို တစ်လုံးတစ်ပါဒမှ ပြန်ပြောခြင်းမရှိ၊ ကျောင်းသားတစ်ယောက် ဆရာမစာသင်တာကို ဂရုတစိုက်နားထောင် သလိုမျိုးကို နားထောင်မှတ်သားနေတာပါ။ မိန်းမဖြစ်သူရဲ့ စကားအတိုင်း တစ်သဝေမတိမ်း မိန်းမရုံးသွားတာနဲ့ လုပ်ပါတော့တယ်။ သူ့ကြည့်ပြီး ပဋ္ဌမံဒီရိုင်းခမျာ သက်ပြင်းချမိပါရဲ့။ စကားကို ဖြည်းဖြည်းနဲ့ ဒီလိုအကွက်ချ အောင် မလေးခမျာ ကိုမြင့်သောင်းနားဝင်အောင်ပြောမှ ပြောတတ် လေခြင်းလို့။

ဟုတ်ပါရဲ့၊ မိန်းမတို့အကြောင်းက ခရေစေ့တွင်းကျရေးရ၊ ပြောရမယ်ဆိုရင် ကုန်နိုင်ဖွယ်ရာပါပဲ။ ဒီစာကိုရေးပြီးရုံရှိသေး၊ မီးဖိုချောင်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ကနေ မဒမ်ဒီရိုင်းက "သူတို့အဖေရေ ဒီမှာ ကန်စွန်းရွက်တွေ လာခြွေပေးပါဦး၊ ဒီမှာ ထမင်းအိုးငှဲ့နေတာ လက်မအားလို့" ဆိုပြီး လှမ်းအော်တာကြောင့် ဘောပင်ကိုအသာချ၊ မဒမ်ဒီရိုင်းဟင်းချက်တဲ့ မီးဖိုချောင်ဆီ စာရေးနေရာမှ သုတ်ခြေတင်သွားရပါတော့တယ်။

အောက်တိုဘာလ၊ ၂၀၀၄ ခုနှစ်
ရတီမဂ္ဂဇင်း

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

## ကိုယ့်ရာဇဝင်မှာ ကိုယ်ဟာ "နည်းပြ" ပါ

ရပ်ကွက်ဘောလုံးပြိုင်ပွဲကြီးက ကျင်းပခါနီးမို့ထင်သည်။ ဖိုးတာတို့ ရပ်ကွက်သူ၊ ရပ်ကွက်သားတွေက လှုပ်လှုပ်ရှရှဖြစ်နေကြသည်။ နှစ်စဉ်နှစ်တိုင်း ဖိုးတာတို့ရပ်ကွက်ဘောလုံးအသင်းက အရှုံးပန်းတွေ တဝေဝေဖြစ်ပေမယ့် ရပ်ကွက်သူ၊ ရပ်ကွက်သားတွေက အပြစ်ဘယ်လောက်ပဲပြောပြော ဘောလုံးပွဲနောက်တစ်ကြိမ် ကျင်းပခါနီးပြီဆိုရင် အားလုံး မေ့လျော့ကုန်ကြပြန်သည်။ ဟိုးတုန်းက ဖိုးတာတို့ ရပ်ကွက်အသင်းက ရွှေထီးကော၊ ငွေထီးပါ ဆောင်းခဲ့ဖူးသည်ဟု ပြောရမည်။ နောက်တော့ နည်းစနစ်မှန်၊ ဘာမမှန်။ နည်းပြကလည်း ဟိုနည်းတစ်မျိုး၊ နောက်နည်းပြကလည်း ဒီနည်းတစ်မျိုးနှင့် တစ်ခါတည်း ဘောလုံးအသင်းက နာလန်မထူတော့ပါ။

သည်လိုနှင့် ဘောလုံးပြိုင်ပွဲဝင်ဖို့ ရပ်ကွက်ထဲမှာ အစည်းအဝေး ကျင်းပမည့်နေ့ကို ရောက်လာသည်။ ရပ်ကွက်ဓမ္မာရုံထဲမှာလည်း လူက အပြည့်။ ဦးသာဗျင်ဆိုသည့် ပင်စင်စားအရာရှိကြီးကို အခမ်းအနားမှူး လုပ်ခိုင်းသည်။ အစည်းအဝေးမှာ ဦးသာဗျင် အခမ်းအနားမှူးလုပ်သည်ကို

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ကန့်ကွက်မည့်သူမရှိ။ ဘာ့ကြောင့်လဲဆို ရပ်မိရပ်ဖကလည်းဖြစ်ပြန်၊ ဟိုးတုန်းက ဦးသာဗျင်၏ အရှိန်ကလည်း ယနေ့အထိရှိပြန်။ ပြီးတော့ ဦးသာဗျင်အစည်းအဝေးမှာ ပြောသည့်စကားကလည်းတိုပြီး ဘာထိမိသလဲမမေးနှင့်။ ကြည့် . . .

"ကျုပ်ဆိုတဲ့သာဗျင် . . . ဖိုးတာကိုဒီရပ်ကွက် နည်းပြခန့်မယ်။ သူနဲ့ကျုပ်နဲ့က ခင်တယ်။ ပြီးတော့ ဒင်းကလူပျိုကြီးလေ။ ကျုပ်တို့ရပ်ကွက်အတွက် တခြားမြို့နယ်ရဲ့ရပ်ကွက်က နည်းပြကိုငှားရင် ပိုက်ဆံကုန်တယ်။ ဖိုးတာရဲ့ ခေါင်းရင်းအိမ်မှာက စလောင်းရှိတယ်။ နိုင်ငံတကာ ဘောလုံးပွဲတွေ ကြည့်လို့ရတယ်။ အဲဒီက ကစားကွက်တွေ ပြန်အသုံးချဖို့ ဖိုးတာက ဝေးဝေးသွားကြည့်စရာမလိုဘူး"

"နေပါဦး . . . ဦးသာဗျင်ရ။ ဖိုးတာက ဘောလုံးကန်တတ်လို့လား"

ဦးသာဗျင်၏စကားကို အနေးယာဉ်ဆရာ ကိုသံချောင်းက ထကန့်ကွက်သည်။ ထိုအခါ ဖိုးတာခမျာ ကိုယ့်သိက္ခာအတွက် ကိုယ်မနေသာ။ လူပုံအလယ်မှာ ကိုယ့်အရည်အသွေး မပြလို့မဖြစ်တော့မှာမို့ . . .

"ဒီမှာ ကိုသံချောင်း . . . ကျွန်တော်က မူလတန်းကျောင်းသားလက်ရွေးစင်ခင်ဗျ။ ဘာရမလဲ . . . ခြေထောက်တွေချည်း ဖြတ်ရိုက်ပစ်တဲ့အကောင်။ အထက်တန်းကျောင်းသားကော၊ ရပ်ကွက်မှာပါ လက်ရွေးစင်ခင်ဗျ။ ခင်ဗျားက ဒီရပ်ကွက်ထဲ ပြောင်းလာတာ ကြာမှမကြာသေးတော့ ဘယ်သိပ့်ါမလဲ။ ကျွန်တော်က အရန်ထိုင်ခုံမှာ ဆယ်နှစ်ထိုင်ပြီး ပွဲတွေကို ကြည့်လာတာ။ ပွဲအတွေ့အကြုံ ကျွန်တော့လောက် ရှိတဲ့သူ ပါသလားပြော . . ."

"ကဲ . . . ဦးသာဗျင်ဆိုတဲ့ ကျုပ်စကားပြောမယ်။ ကျုပ်က ဘောလုံးအသင်း နာယကလုပ်မယ်။ ကျေနပ်တယ်မို့လား"

www.linhtet.com
လင်းထက် မြန်မာ မှ စီစဥ်တင်ဆက်သည်



ဓမ္မာရုံထဲမှာ ရှိနေသူအားလုံးက လက်ညှိုးထောင်ကြသည်။ သူတို့အဖို့ ဦးသာဗျင်နာယကဖြစ်ဖြစ်၊ မဖြစ်ဖြစ် သိပ်အရေးကြီးပုံမရ။ ကိုယ့်ထမင်း ကိုယ်စားပြီး နာယကလုပ်သော ဘောလုံးအသင်းအုပ်ချုပ်သူတွေ ရပ်ကွက်ထဲမှာ မကြာခဏ ရန်ဖြစ်နေတာတွေ့ရတော့ သူတို့အဖို့ အဆန်းမဟုတ်တော့။

"ဒါဆို . . . ဘောလုံးသမားတွေ ကျွေးမွေးဖို့ကိစ္စကကော . . ."

"ဒီစပွန်ဆာကို အရက်ပုန်းဆိုင်ဖွင့်တဲ့ မောင်ဆန်နီနဲ့ အပေါင်ခံစားတဲ့မရွှေမိ ထရိန်နင်ဆင်းတဲ့ကာလအတွင်း တာဝန်ယူမယ်"

ရပ်ကွက်ထဲက မရှိမဖြစ်ကိုလှသောင်း စကားအဆုံး ဦးသာဗျင်က ထပ်မံပြောဆိုလိုက်သည်။

ဤသို့ဖြင့် ရပ်ကွက်ထဲက မူလတန်းကျောင်းရှေ့ မြေမညီ၊ ချိုင့်ပေါ်နေသော ဘောလုံးကွင်းရှေ့မှာ လူရွေးပါသည်။ ဘောလုံး လူရွေးချယ်မှုလူကြီးက ဖိုးတာပဲဖြစ်ပါသည်။

"ကိုဖိုးတာ . . . ရှေ့တန်းကစားပြီး ခေါင်းတိုက်ကောင်းတဲ့ သန်းဆောင်ကို မရွေးဘူးလား၊ သူက ရပ်ကွက်ပွဲတိုင်း အမြဲတမ်းဂိုးသွင်းနေတာပဲ။ တစ်ခြားရပ်ကွက်တွေကတောင် ချိန်းပွဲဆိုရင် သူ့ကိုထမင်းကျွေးပြီး အရက်ဖိုးပေးနဲ့ အချိန်ပိုင်းကြေးစားငှားနေရတာ"

ဆယ်အိမ်မှူးကိုလှသန်းက အကြံပြုသည်။

"လျှာမရှည်နဲ့။ ဒီကောင်က သူ့အမေစကားတောင် နားမထောင်တာ၊ နည်းပြဆရာစကား နားထောင်ပါ့မလား"

"ဟ. . . ဒီလိုဆို ဒီရပ်ကွက်မှာ ဂိုးသွင်းသိပ်ကောင်းတဲ့ ရှေ့တန်းတိုက်စစ်မှူး မျိုးဝင်းလှိုင်နဲ့ အလယ်တန်း ကစားကွက်ဖန်တီးရှင် ဆန်းမျိုးမောင်ကိုကော မရွေးဘူးလား"

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ရပ်ကွက်ထဲက ကိုအုန်းကျော်ကလည်း အားကျမခံ အကြံပြုပြန်သည်။

"မရွေးဘူး။ ဒီကောင်တွေက တားမြစ်ထားတဲ့ တောအရက်ကို သောက်တယ်။ တားမြစ်ထားတဲ့ သုံးလုံးကိုထိုးတယ်။ အရက်မူးလို့ အိပ်ရေးမမှန်မှာ၊ အိပ်ရေးပျက်ခံပြီး ဟိုချိုင်းဒီချိုင်းကြည့် စဉ်းစားနဲ့ မဖြစ်ဘူး"

"မဟုတ်သေးဘူးထင်တယ်။ သူတို့က တစ်နှစ်ကျော်က ရပ်ကွက်ဘောလုံးအသင်းကို ဆီမီးဖိုင်နယ်ရောက်အောင် စွမ်းဆောင်ခဲ့သေးတာပဲ။ တစ်ခြားရပ်ကွက်တွေကလည်း သူတို့အရည်အသွေးကို သိပြီးသား။ သူတို့သမ္မာကို လေးစားပြီးသား။ ကိုယ့်ရပ်ကွက်အတွက် ရွေးသင့်တယ်"

ကိုလှသောင်းက ဖိုးတာကို စောဒကတက်ပါသည်။

"လူဟောင်းတွေမသုံးဘူး။ လူသစ်တွေနဲ့ ဖိုးတာနည်းပြလုပ်တဲ့ လက်ထက်မှာ နိုင်အောင်လုပ်ပြမယ်"

ဖိုးတာကြုံးဝါးသံကို မည်သူမျှဂရုမစိုက်။ အားလုံးထပြန်သူပြန်၊ သမ်းသူသမ်းနှင့်။

ဘောလုံးလူရွေးပွဲက သိပ်အားရဖို့ကောင်းပါသည်။ လူရွေးပွဲမှာ လာရွေးသော ကစားသမားလေးတွေ၏ အစ်မ၊ အဒေါ်၊ ညီမတို့က ဖိုးတာ ရည်းစားစကားပြောဖူးတာကို သူတို့လေးတွေက သိနေကြသည်။ ဖိုးတာကတော့ ရှေ့ရေးမျှော်ကိုးလို့ ရွေးချယ်ပါသည်။ သူတို့လေးတွေမှာ အတွေ့အကြုံ နုနယ်လှသည်။ ဘောလုံးကန်လျှင် ကွင်းလယ်ကို မကျော်ချင်။ ဘောလုံးကန်နေရင်း ဘောလုံးလေထဲမြောက်သွားရမည့်အစား စီးထားသော ဘောလုံးကန်ဖိနပ် လေထဲကျွတ်ထွက်သွားခြင်း၊ ဘောလုံးကန်မည့်အစား တစ်ဖက်နှင့်တစ်ဖက် ခြေထောက်ရိုက်ပြိုင်ကြခြင်း။ သို့သော် မည်သို့ပင်ဆိုစေကာမူ ဖိုးတာရွေးချယ်မှုက အောင်မြင်ပါသည်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ရွေးချယ်ထားသော ရပ်ကွက်ထဲက လက်ရွေးစင်ဘောလုံးသမားများကို ဘောလုံးယှဉ်ပြိုင်ပွဲ ဗီဒီယိုအခွေတွေ ကြည့်ခိုင်းပါသည်။ ထိုကဲ့သို့ ဘောလုံးပွဲများကိုကြည့်ရင်း ဖိုးတာသည် နောက်ဆုံးပေါ်တီထွင်ထားသော ကစားကွက်များကို အတွေးထဲမှာ ပေါင်းစပ်လို့နေပါသည်။

"မင်းတို့အထဲမှာ ဘယ်သူအပြေးမြန်သူရှိလဲ၊ ခွန်နဲ့အားနဲ့ ပြေးနိုင်တာမျိုးပေါ့ကွာ"

"ကိုဖိုးတာရဲ့ သုံးလမ်းကျော်က ကိုဖိုးတာရည်းစားစကားနှစ်ရာ ကျော်လိုက်ပြောပြီး အဖြေမရတဲ့ အပျိုကြီးမခင်တင့်ရဲ့မောင် ညီတင့်ရှိတယ်။ ရန်ဖြစ်ရင် ရိုက်ပြီးတာနဲ့ပြေးတာ၊ အစတောင်ရှာမရဘူး"

"ဒါဖြင့်ရင် ကောင်းတယ်။ တို့အသင်းနဲ့ ယှဉ်ရမယ့်အသင်းက လေးနှစ်ဆက်တိုက် ဗိုလ်စွဲထားတာ။ ဒီအသင်းကို ငါ့ရဲ့ တစ်-တစ်ဆယ် ကစားကွက်နဲ့ ကစားမယ်။ တို့အသင်းဂိုးသမားရှေ့မှာ ကစားသမား ဆယ်ယောက်ပိတ်ထားမယ်။ တစ်ဖက်အသင်းက ဘယ်လောက်ကန်ကန် ကိုယ့်လူနဲ့ ထိလို့ထွက်လာရင် အပြေးသန်တဲ့လူက မရပ်မနားဆွဲပြေးပြီး တစ်ဖက်အသင်းကို ဂိုးပေါက်ထဲ ဝင်ဝင်၊ မဝင်ဝင် ကန်သွင်း၊ အလုံးနှစ်ဆယ်မှာ တစ်လုံးဝင်မှာပဲ။ ကိုယ့်အသင်း ဂိုးမဝင်ရင်ပြီးရော"

ဖိုးတာ၏ တိုက်စစ်နည်းဗျူဟာကို ကစားသမားများက အားသွန်ခွန်စိုက် နားထောင်ပါသည်။ ပေါင်ကုတ်သူကုတ်၊ ဖိနပ်ကြိုးချည်သူချည်၊ ရေသောက်သူသောက်နှင့် . . .။

ယနေ့သည် ဖိုးတာတို့ရပ်ကွက်ဘောလုံးအသင်းနှင့် လေးနှစ်ဆက်တိုက် ရပ်ကွက်ပေါင်းစုံမှာ ဗိုလ်စွဲထားသော အသင်းတို့ ယှဉ်ပြိုင်ကစားရမည့် နေ့ရက်သို့ရောက်လာပါသည်။ ဘောလုံးကွင်းပတ်ပတ်လည်မှာ ပရိတ်သတ်က ကွင်းလုံးအပြည့်။ လက်မှတ်ဝယ်သူရော၊ ဘောလုံးသမားတွေနှင့် ကပ်ဝင်သူတွေရော၊ ခြံစည်းရိုးကျော်ဝင်သူတွေရော စုံလို့နေသည်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ဘောလုံးကွင်းပတ်ပတ်လည်မှာ ကြော်ငြာသူတွေကလည်း အပြည့်။ *"ခေတ်မီသူတိုင်း မြင့်မြင့်ဆီမှာ ဗေဒင်မေးကြသည်"*။ *"သုံးဆယ့်ခုနစ်မင်း အကျိုးတော်ဆောင် မနဲ့လေးခဲအို ကနားစီးမော်မော်"*။ *"အိမ်သာတွင်းတူးမယ်ဆိုရင် ကိုမြကို သတိရပါ"*။ *"ဆရာကြီးဦးမြသန်း ပဲခူးကပြန်လာပြီ"*။ *"ပျိုမေတို့အတွက် XYZ မျက်ခုံးမွေးဆွဲတံလို မည်းနက်တဲ့ အောင်လံမီးသွေး"*။

ဘောလုံးပွဲကို မှတ်တမ်းတင်မည့် ရပ်ကွက်ထဲက ဓာတ်ပုံဆရာမောင်မျိုး (အညာမြေ) လည်း အလုပ်ရှုပ်လို့နေသည်။ နှစ်ဖက်သောဘောလုံးသမားတွေက ဘောလုံးကို စကန်လို့နေပါပြီ။ ထိုသို့ယှဉ်ပြိုင်နေသည့်အချိန်မှာ ဘောလုံးပွဲက ကစားသမားတွေကို စပွန်ဆာလုပ်တဲ့မောင်ဆန်နီ အရက်ပုန်းဆိုင်ဖွင့်လို့ အဖမ်းခံရတာ ဦးသာဗျင်၏ အာမခံကောင်းမှုကြောင့် ပြန်လွတ်လာပြီး ဘောလုံပွဲကို ရောက်လာပါသည်။ အပေါင်ခံစားသည့် မရွှေမိလည်း ယောက်ျားနှင့်စိတ်ဆိုးပြီး အိမ်ပေါ်ကဆင်းသွားတာ ဘောလုံးပွဲရှိလို့ ပြန်ရောက်လာသည်။ ဘောလုံးကွင်းထဲမှာ အားပေးလို့နေသည်။ ဗေဒင်ဆရာ မတင့်ကလည်း ယတြာကို ဂိုးတိုင်ဘေးမှာ သွားမြှုပ်ပြီးပြီ။

ဘောလုံးပွဲက စပါပြီ။ ဘောလုံးကွင်းဘေးမှာ ရပ်ကွက်ထဲကနေရာတကာ ဆရာလုပ်သူကိုရွှေက ဘောလုံးသမားတွေကို ဟိုလိုကစား၊ ဒီလိုကစားနှင့် အလံကိုင်ဒိုင်လူကြီးနှင့် နင်လားငါလားပြောရင်း ညွှန်ကြားနေစဉ် ပရိသတ်ထဲက မည်သူက ပြောင်းဖူးရိုးနှင့် ပေါက်လိုက်သလဲမသိသူ့နဖူးထိမှ ငြိမ်သွားသည်။ ရပ်ကွက်လက်ရွေးစင် ဘောလုံးသမားတွေကတက်ကြွစွာနှင့် ဘောလုံးကန်ကြပါသည်။ ဘောလုံးကွင်းထဲ ဘောလုံးလိုက်လုတာထက် လမ်းလျှောက်သူလျှောက် ဘေးကန်ထုတ်သူထုတ်နှင့် . . .။

**ကြယ်ပွင့်စာပေ**

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



"ဟာ. . . ဟိုမှာ ရှေ့တန်းကနေ ဆွဲပြေးသွားပြီ။ ဟော. . . ဂိုးသမားနဲ့ နှစ်ယောက်တည်း တွေ့ပြီ၊ ကန်ပြီ။ ဟာ. . . ဘေးလွဲသွားပြီ။ မျက်စိမမြင်တဲ့သူကန်ရင်တောင် ဂိုးတယ်။ အဲဒါ ဘယ်ကလဲ"

စပွန်ဆာမောင်ဆန်နီ ဒေါသတကြီးနှင့်မေးသည်။

"အဲဒါ ကိုဖိုးတာခေါင်းရင်း ငါးအိမ်ကျော်က ကျောင်းဆရာမ အပျိုကြီးမသိန်းရဲ့ မောင်လေ"

"ဟိုမှာ ဘောလုံးဆွဲလာတာကကော၊ ကိုယ့်လူကို လွတ်လွတ် ကျွတ်ကျွတ် ဘောလုံးမပေးဘဲ ဘာဖြစ်လို့ တစ်ခြားရပ်ကွက်က ဘောလုံး သမားကို ပေးရတာလဲ"

"သူကပြောဖူးတယ်။ ဟိုဘက်အသင်းက ရှေ့တန်းကစား သမားက သေသွားတဲ့ သူ့ဦးလေးနဲ့တူလို့" တဲ့။

ဘောလုံးပွဲက ကြမ်းသထက်ကြမ်းလာသည်။ အဝါကတ်တွေက လှိုင်ဘောလည်နေသည်။ ထမ်းစင်နဲ့ထမ်းထုတ်သူထုတ်ရ၊ နှာနှပ်သူနှပ်ရနှင့်။

"ဟာ. . . ငါတို့ဂိုးသမားဘောလုံးဖမ်းတာ ငါးရှည့်ဖမ်းတဲ့ အတိုင်းပဲ။ ဂိုးဝင်သွားပြီ။ အဲဒီဂိုးသမားက ဘယ်သူလဲ"

"အဲဒါ ကိုဖိုးတာကြီး ရည်းစားစကားပြောတဲ့ လှိုင်လှိုင်ရဲ့ မောင်လေ"

"ဟာ. . . ပင်နယ်တီ ငါတို့ပေးရပြီ။ ဘောလုံးမကန်ဘဲ ခြေသလုံးဖြတ်ကန်တာ ဘယ်နောက်တန်းသမားလဲ"

"အဲဒါလည်း ကိုဖိုးတာကြီး တစ်ရာ့နှစ်ဆယ်မြောက် ချစ်ခွင့် ပန်ထားတဲ့ မနှင်းဆီရဲ့မောင် တစ်ဝမ်းကွဲ"

"ဟိုမှာ ဘောကန်ဖိနပ်ကျွတ်ထွက်ပြီး ဒိုင်လူကြီးမျက်နှာမှန်လို့ အဝါကတ်ပြတာကကော"

"ဒါလား . . . ဒါက ကိုဖိုးတာ တစ်ဖက်သတ်ကြိုက်နေတဲ့

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



မခင်မြရီရဲ့တူလေ၊ ငြိမ်းချမ်း”တဲ့။

စပွန်ဆာလုပ်တဲ့ မောင်ဆန်နီ၏အမေးကို တစ်ယောက်တစ်ခွန်း ပြန်ဖြေသူကမရှား။

ဘောလုံးပွဲက ပြီးခါနီးပါပြီ။ ဖိုးတာအသင်းဖက်ကို ဂိုးနှစ်ဆယ် သွင်းပြီးပါပြီ။ ဖိုးတာအသင်းက ဘဲဥမကွဲသေး။ ဂိုးအရေအတွက်ကို ကျောက်သင်ပုန်းပေါ်မှာဖော်ပြဖို့ ရေးသူခမျာ အတော့်ကို လက်ညောင်း နေပါပြီ။ ဖိုးတာကတော့ ကျေနပ်နေသည်။ လူသစ်တွေနှင့် အတွေ့ အကြုံရှာတာ ဒီလောက်တော့ ရှိမှာပေါ့လို့။ အနာဂတ်အတွက် အလား အလာ တော်တော်ကောင်းလှသည်။

“ဟေ့လူ. . . ဖိုးတာ. . . ”

သည်လိုနှင့် ဘောလုံးပွဲပြီးပြီးချင်း စပွန်ဆာလုပ်သည့် မောင်ဆန်နီက ဒေါသတကြီးနှင့် ဖိုးတာကိုအော်ပြောရင်း ပြေးလာပါ သည်။ လက်သီးကိုလည်း ကျစ်ကျစ်ပါအောင် ဆုပ်ထားသည်။

“ခင်ဗျားကို နည်းပြခန့်မိမှ ရပ်ကွက်ရုပ်ပျက်ဆင်းပျက်ဖြစ်ရပြီ။ တကယ်တမ်း တော်တဲ့သူကိုမရွေး၊ ကိုယ်ကြိုက်တဲ့ အမျိုးသမီးတွေရဲ့ ဆွေမျိုးသားချင်းတွေကို ဘောလုံးကန်တတ်မှန်းမသိ၊ မကန်တတ်မှန်း မသိရွေး အခုတော့ ရပ်ကွက်ဘောလုံးပြိုင်ပွဲမှာ အရှုံးစံချိန်တင်လောက် အောင် ကောင်းလိုက်တဲ့နည်းပြ ခင်ဗျားကတော့ဗျာ. . . ”

ဖိုးတာကို အနီးအနားမှာရှိသည့် အလံတိုင်ချွတ်ပြီး လိုက်ရိုက် သည့်အတွက် ရပ်ကွက်ဘောလုံးအသင်းနည်းပြ ဖိုးတာခမျာ ဘောလုံးကွင်း ထဲကနေ သုတ်ခြေတင်ပြေးရပါသည်။ ရပ်ကွက်ထဲကို နှစ်ပတ်လောက် ကြာမှ ပြန်လာခဲ့ရပါသည်။ နည်းပြဆရာလုပ်တာ မှားများမှားမိသွားလား မသိ။ ။

Faces မဂ္ဂဇင်း

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

## ဖြစ်မှဖြစ်ရလေ

"ဒီလိုရှိတယ် ညီလေးရာ၊ ညီလေးက ကိုယ့်ခွန်ကိုယ့်အားနဲ့ ဆိုက်ကားကိုနင်းရင်း ဝမ်းစာရှာရတာ။ ဦးလေးမူးလို့ပြောတာလို့ မယူဆနဲ့။ ကြိုးစားကွာ"

"ဒီလို ဆိုက်ကားမျိုးကို ဦးလေးစီးချင်တာ မဟုတ်ဘူး။ ခွန်နဲ့ အားနဲ့ နင်းနေရတဲ့ လူကိုကိုယ့်ရဲ့ဇိမ်ခံမှုအတွက် ဦးလေးခမျာ မညှာမတာ ပြုရက်သူဖြစ်မှာပေါ့။ ဆိုက်ကားနင်းနေတဲ့ ငါ့တူကို ဦးလေးက ဦးလေးရဲ့ အိမ်အရောက် ငါ့တူဆိုက်ကားကိုမစီးဘဲ၊ ငါ့တူရဲ့ လုပ်အားခအတွက် ကျသင့်ငွေကိုပေးပြီး ငါ့တူဆိုက်ကားနောက်က လမ်းလျှောက်လိုက်ပြန်ရင် ပတ်ဝန်းကျင်က ဘာပြောမလဲ ဒါ့ကြောင့်ပါ"

"နောင်ကြီး ဆိုက်ကားကို အမြဲတမ်း မနင်းနဲ့ဗျာ။ ဒီအသက် ဒီအရွယ်ကြီးနဲ့ နားနေရမယ့်ကိစ္စ ဥတုသုံးပါးစလုံး ရုန်းကန်နေရရင် ဒုက္ခနော်"

**ကြယ်ပွင့်စာပေ**

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



အထက်ပါစကားလုံးများကို ကြားရသူအဖို့မှာ ကွေသွားနိုင်ပါသည်။ လူသားချင်းစာနာစိတ်ရှိသည့် လူပါလားဟု ထိုစကားများကို ပြောလေ့ပြောထရှိသည့် ရပ်ကွက်ထဲက လူပျိုကြီးဦးတင်ငြိမ်းကို ချီးကျူးကြမှာအမှန်ပါ။ သို့သော် လူပျိုကြီးဦးတင်ငြိမ်း စီးနင်းလာသည့် ဆိုက်ကားက လူပျိုကြီး၏လမ်းထိပ်သို့ ရပ်လိုက်ပြီဆိုသည်နှင့် ထိုဆိုက်ကားဆရာမှာ တစ်လမ်းလုံး လူပျိုကြီးပြောလာသမျှ စကားလုံးတွေဟာ အိပ်မက်တစ်ခုလေလား သို့မဟုတ် နင်းလာသည့်ဆိုက်ကားကိုရပ်ရင်း ထွက်ပြေးမိမှာ အမှန်ပါ။ ထို့နောက် "တဟဲဟဲ" နှင့် ရယ်မောမိမည်ကလည်း အမှန်ပါ။ အထက်ပါအကြောင်း ပြောရမည်ဆိုသော်. . .

"ဆိုက်ကားခ ဘယ်လောက် . . . ဘာ . . . တစ်ရာ . . . ဟုတ်လား။ ဒီလမ်းကို တစ်ရာမဟုတ်ပါဘူး ကျသင့်တာကိုပဲယူကွာ"

"ဟာ ဆရာကြီး ဒါဈေးအမှန်ပါ။ ဆရာကြီးပဲ ဈေးမေးပြီး ကျေနပ်လို့ ဆိုက်ကားစီးတာပဲ။ ကျုပ်တို့က ဆိုက်ကားသာနင်းပေမယ့် ခရီးသည်တွေကို မလိမ်မညာဘူးဗျ"

"မင်း ဒါကိုက ညာနေတာ ဘာလဲ ငါ့အရက်မူးတယ်ထင်လို့လား ငါမမူးဘူး မင်းတို့က ငါ့ကိုမူးတယ်ထင်ပြီး အချဉ်ဖောက်တာ ဒါမျိုးမရဘူး။ မပေးဘူးကွာ။ ဘယ်သူ့သွားတိုင်မလဲ၊ တိုင်ချင်ရာတိုင်။ အသိသက်သေ ဘယ်သူရှိလဲ"

"ခင်ဗျားနော် ကျုပ်ဦးလေးအရွယ်ဖြစ်နေလို့။ အလာတုန်းက ပြောတာနဲ့ တစ်ခြားစီပဲ"

"ဟား ဟား ရော့ မင်းတောင်းတဲ့ ဆိုက်ကားခ။ မင်းမဆိုးဘူး ပေါက်ကွဲတတ်သားပဲ။ ရော့ ရော့ ငါကစ,ပါကွာ"

ဆိုက်ကားသမားခမျာ လူပျိုကြီးဦးတင်ငြိမ်းကို ဘယ်လိုနားလည်ရမှန်းမသိဘဲ သူပေးသည့်ပိုက်ဆံကိုယူပြီး အူကြောင်ကြောင်နှင့် ထွက်ခွာ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



သွားလေ့ရှိပါသည်။ ထိုလိုမြင်ကွင်းမျိုးက လူပျိုကြီးဦးတင်ငြိမ်း ဆိုက်ကား စီးတိုင်း ဆိုက်ကားနင်းသူ အရွယ်အစားအလိုက် အခေါ်အဝေါ် အမျိုးမျိုး ပြောင်းပြီး ပြုလုပ်လေ့ရှိပါသည်။ အချိန်ကာလတွေ ကြာလာသည့်အခါ သူ့အကြောင်းကောင်းကောင်းသိသွားသော ဆိုက်ကားဆရာများက သူ့ကို ဆိုက်ကားနှင့်လိုက်ပို့မည့်အစား နီးစပ်ရာဓာတ်တိုင် ခေါင်းနှင့်ပင်ပြေးတိုက် လိုက်ချင်သည်ဟု ပြောကြပါသည်။

"ဟား ဟား ဟား တင်ငြိမ်းတို့က လူတစ်ဘက်သားကို ရစ်လိုက်ရမှ နေလို့ကောင်းတာဗျ"

ထိုစကားသည် သူ၏လက်သုံးတော်စကားပင် ဖြစ်သည်။ ထို့ကြောင့် ရပ်ကွက်ထဲက လူတွေက ဦးတင်ငြိမ်း၏ အရစ်မခံရလျှင် ရပ်ကွက်ထဲမှာ ခေတ်မမီဟုတောင် ပြောကြပါသည်။

တစ်ခါကလည်း ရစ်ပြီးအရွဲ့တိုက်ကောင်းလို့ လူပျိုကြီးဦးတင်ငြိမ်း ခမျာ စည်းကမ်းမလိုက်နာမှုကြောင့် အချုပ်ကျမည့်အဖြစ်မှ ရပ်ကွက် လူကြီးများကောင်းမှုကြောင့် ဒဏ်ငွေနှင့်တင် ပြီးသွားခဲ့ရသည့်ဖြစ်စဉ် ကလည်း ရှိခဲ့ဖူးသည်။

ရပ်ကွက်ထဲမှာ နွေရာသီရောက်ပြီဆိုလျှင် မီးခဏခဏလန့်သည်။ တစ်ခါက နဝဒေးရုပ်ရှင်ရုံမှာ In The Line Of Duty Part (2) ပြသည့် အချိန် အနီးအနားက ရပ်ကွက်တစ်ခုမှာ နှစ်ရက်ဆက်တိုက် မီးလောင် သည်။ မီးလောင်သည့်အချိန်က တစ်ချိန်တည်း တိုက်ဆိုင်လှသည်။ အိမ်ခြေ ထောင်ကျော် မီးလောင်ခဲ့သည်။ ထို့အတွက် မီးလောင်မည်ကိုတားဆီး သည့်အနေဖြင့် ကြေညာချက်အမျိုးမျိုး ထုတ်ပြန်သည်။ ထိုကြေငြာချက် များထဲတွင် လမ်းသွားရင်း ဆေးလိပ်မသောက်ရသည့် အချက်လည်း ပါသည်။ တစ်နေ့ လူပျိုကြီးဦးတင်ငြိမ်းက ညဘက်ဆေးလိပ်သောက်ပြီး လမ်းလျှောက်လာသည်။ သက်ဆိုင်ရာ တာဝန်ကျသူတွေက လမ်းသွားရင်း

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ဆေးလိပ်မသောက်ရဘူးဆိုတာ မသိဘူးလားဟု ပြောသောအခါ ဦးတင်ငြိမ်းက ရုတ်တရက် ထိုင်ချလိုက်ရင်းမှ ဆေးလိပ်ကို ဖွာလို့နေသည်။

"လမ်းသွားရင်း ဆေးလိပ်မသောက်ရဘူးဆိုတော့ ထိုင်ပြီး သောက်လို့ရတာပေ့ါနော်။ ဒီတော့ ထိုင်သောက်မယ်ဗျာ"

ထိုစကားအဆုံးမှာ စကားတွေများကြရင်း ရပ်ကွက်ရုံးကနေ ရဲစခန်းထိ ရောက်သွားသည်။ နည်းနည်းလေး ယမကာထွေနေသဖြင့် အားလုံးက မူးလို့ပဲလေဆိုပြီး ဖြေသိမ့်အလျှောက်ကောင်းသဖြင့် သင်ခန်းစာ ပေးသည့်အနေဖြင့် ဒဏ်ငွေဆောင်ခိုင်းလိုက်သည်။

လူပျိုကြီးဦးတင်ငြိမ်းမှာ အကျင့်တစ်ခုက ရှိသေးသည်။ ထိုအကျင့်က ရပ်ကွက်ထဲသို့ နေ့စဉ်အိမ်လည်ထွက်ခြင်းပင် ဖြစ်သည်။ ရပ်ကွက်ထဲမှ သတင်းစုံကို အိမ်ပေါက်စေ့ သတင်းအပြန်အလှန် ဖောက်သည်ချခြင်းပင်ဖြစ်သည်။ သူအမြဲတမ်းလိုလို သွားလေ့သွားထရှိ သည်ကား ကိုသာခင်တို့အိမ်ပင်ဖြစ်သည်။ ကိုသာခင်က ရေပိုက်ပြင်သည်။ ဇနီးမသက်နှင့် သားဖိုးထောင်၊ သမီးရွှေခင်တို့ရှိသည်။ ဖိုးထောင်က ရှစ်တန်း။ တစ်နေ့ ကိုသာခင်မိန်းမ မသက်က ကိုသာခင်၏လက်မှာ ဝဲပေါက်သဖြင့် "ဗာစကေဘီ" ဝဲဆေးဘူး ဝယ်လာသည်။ ကိုသာခင်က လိမ်းသည်။ ဝဲဆေးပေမယ့် ခေါင်းလိမ်းဆီမျိုး အနံ့ကလည်း မွှေးသည်။ မသိလျှင် ခေါင်းလိမ်းဆီဗူးဟုပင် ထင်ရသည်။

တစ်နေ့ညပိုင်း ကိုသာခင်တို့လင်မယား အပြင်သွားစဉ် ဦးတင်ငြိမ်း ရောက်လာသည်။ ဖိုးထောင်က သူအဖေနှင့်အမေ မရှိဘူးဟုပြောသည်။ ရုတ်တရက်ဆိုသလို မှန်တင်ခုံနားတွင်ရှိနေသော ဝဲဆေးဗူးကို မြင်သွား သည်။

"ဖိုးထောင် ဒါ ခေါင်းလိမ်းဆီဗူးလား"

ဖိုးထောင်က အကွက်ဝင်သွားသည်။ နေရာတကာ သူများကို

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



စိတ်ညစ်အောင်လုပ်နေသော ဦးတင်ငြိမ်းအား ပညပေးရမည်ဟု ဆုံးဖြတ်ရင်း . . .

"ဟုတ်တယ် အဖေလိမ်းတဲ့ ခေါင်းလိမ်းဆီ နိုင်ငံခြားဖြစ်"

"မင်းအဖေက ကလေးနှစ်ယောက်ရနေတာတောင် လူပျိုလုပ်ချင်တုန်းပဲလား။ ငါတို့လို လူပျိုကြီးတွေ လူးရမှာကွ။ ပေးစမ်း"

ဖိုးထောင်ဆီက ဗာစကေဘီဝဲဆေးဗူးကို ခေါင်းလိမ်းဆီအမှတ်နှင့်တောင်းရင်း ဆေးဗူးနံမည်တောင်မကြည့်ဘဲ လိမ်းလို့နေသည်။ ရှေ့ခင်က ရယ်နေလို့။ ဖိုးတောင်က မျက်စိမှိတ်ပြသည်။

"အံမယ်၊ အနံ့က မွှေးသား"

ဦးတင်ငြိမ်းက ထိုသို့ပြောရင်း ကျေနပ်နေသည်။ သုံးရက်ခန့်ကိုသာခင်အိမ်သို့လာတိုင်း ဖိုးထောင်ဆီက တောင်းတောင်းလူးသည်။ တစ်နေ့မှာ

"ဟဲ့ မသက် ငါ့ခေါင်းကဆံပင်တွေ ကျွတ်လိုက်တာဟယ်။ ခေါင်းလိမ်းဆီနဲ့ မတည့်လို့လားမသိဘူး"

"ဦးတင်ငြိမ်းက ဘယ်ခေါင်းလိမ်းဆီ လိမ်းလို့လဲ"

"ဝယ်မလိမ်းပါဘူးဟာ နင်တို့အိမ် ငါလာတိုင်း နင့်သားဖိုးထောင်ဆီက နင့်ယောက်ျားလိမ်းတဲ့ ခေါင်းလိမ်းဆီတောင်းပြီး သုံးရက်လောက်လူးတာ ဆံပင်တွေ ကျွတ်ကုန်တာ"

"ဟာ၊ မဟုတ်ပါဘူး ကိုသာခင် ခေါင်းလိမ်းဆီမလူးပါဘူး"

"ဟိုမှာဟာ မှန်တင်ခုံပေါ်မှာ မြင်နေရတာ ခေါင်းလိမ်းဆီဗူးမဟုတ်ဘူးလား" ဦးတင်ငြိမ်းပြသည့်ဗူးကို မသက်ကြည့်ပြီး ရယ်ပါတော့သည်။

"ဟာ ဖိုးထောင်တော့ လူကြီးကို သွားနောက်တာ ငရဲကြီးပါပြီ အဲ့ဒါ ကိုသာခင်ဝဲပေါက်လို့လူးတဲ့ ဗာစကေဘီဝဲဆေးဗူး။ ဘယ်ကသာ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ခေါင်းလိမ်းဆီရမှာလဲ။ အနံ့ကမွှေးတော့ ခေါင်းလိမ်းဆီထင်တာကိုး ဖိုးထောင်ရယ် နင်တော့နော်"

"ဘာ ဝဲဆေး"

အလန့်တကြား ဦးတင်ငြိမ်းက ရေရှုတ်ရင်း အိမ်ပေါ်ကနေ ပြေးဆင်းသွားပါသည်။ နောက်တစ်နေ့မှာ အရပ်ထဲ ဝဲဆေးနှင့် ခေါင်းလိမ်းဆီ မှားလူးသည့်သတင်းနှင့်အတူ ဦးတင်ငြိမ်းကို ဦးပြည်ကတုံးပြောင် နေအောင် တုံးထားတာကို တွေ့ရပါသည်။

သတင်းစုံဂျာနယ်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

## ဗေဒိုးပုံရွာနဲ့ သဝေထိုးပုံရွာကအဖြစ်အပျက်

ဗေဒိုးပုံရွာနဲ့ သဝေထိုးပုံရွာက ရွာချင်းကပ်လို့နေတယ်။ အဲဒီရွာနှစ်ရွာလုံးက စီးပွားရေးကလည်းကောင်းသမို့ အလှူအတန်း၊ ပျော်ပွဲရွှင်ပွဲ၊ ဘုရားပွဲတွေနှင့် နှစ်စဉ်စည်ကားလို့နေတယ်။ ရွာနှစ်ရွာလုံးကလည်း အိမ်ခြေကများဆိုတော့ အခြားရွာက ရွာသားတွေကပါ အဲဒီရွာနှစ်ရွာမှာ သူရင်းငှားအဖြစ် လာလုပ်တဲ့သူတွေတောင် ရှိသေးတယ်။ ဗေဒိုးပုံရွာနဲ့ သဝေထိုးပုံရွာနှစ်ရွာရဲ့ ရွာအဝင်လမ်းထိပ်တည့်တည့်မှာ ရေနံချေးတွေ အထပ်ထပ်သုတ်ထားလို့ ရေနံချေးဝနေတဲ့ ဇရပ်ကြီးတစ်ဆောင်ရှိတယ်။ အဲဒီဇရပ်ကြီးမှာ ရွာကလူတွေက ခေတ္တအမောဖြေပြီးမှ ရွာထဲကို သွားသူသွား၊ အချို့ကလည်း မြို့သွားဖို့ အဲဒီဇရပ်မှာနားရင်း ဇရပ်ရှေ့က ဖုန်တထောင်းထောင်းထနေတဲ့လမ်းက ရှားရှားပါးပါးလာမယ့်ကားကို မျှော်သူကမျှော်ပေါ့။

အဲဒီရွာနှစ်ရွာ အဝင်အဝက ဇရပ်ကြီးမှာ ထူးခြားချက်တစ်ခု

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ရှိပါတယ်။ အဲဒီထူးခြားချက်ကြောင့်လည်း ဇရပ်မှာရွာနှစ်ရွာက ခရီးသွားနားနေသူတွေနဲ့ စည်ကားနေတယ်လို့ ပြောရမယ့်အကြောင်းအရာတစ်ခုက ရှိနေလို့ပါ။ အဲဒါကတော့ ရေနံချေးဝနေတဲ့ ဇရပ်ရဲ့ သစ်သားနံရံတွေမှာ ဝါးချောင်းဖြစ်ဖြစ်၊ တုတ်နဲ့ဖြစ်ဖြစ်ရေးခြစ်ပြီး ရွာနှစ်ရွာမှာဖြစ်ပျက်နေတဲ့ သတင်းတွေကို မထပ်ရအောင် ကြုံတဲ့လူက ရေးထားလို့ပါ။ ရွာနှစ်ရွာမှာ ဘာဖြစ်သလဲ။ အဲဒီဇရပ်နံရံတွေမှာ ရေးထားတာဖတ်ကြည့်လိုက်ရုံပဲ။ သဘောကတော့ ဂျာနယ်တွေပေါင်းစုံဖတ်ရင်း သိသလိုပေါ့။ ဝါကျတွေကလည်း တိုတိုနဲ့ ထိသမှကွက်တိပါပဲ။

"ဗေဒိုးဗုံရွာက ကာလသားခေါင်းတို့ရဲ့ ခေါင်သူကြီးမတစ်ဦး ဒီဝါမကုန်ခင် အစွံထုတ်တော့မယ်။"

"သဝေထိုးပုံရွာ ဒိုးပတ်ဝိုင်းမှ တတိယနေရာက ကရသူမင်းသမီး တစ်ဦး ကနေရင်း ဖိနပ်ခိုးခံလိုက်ရခြင်း။"

"ဗေဒိုးဗုံရဲ့ ကွမ်းတောင်ကိုင်က သဝေထိုးပုံက ထန်းတက်သမားကိုအဘွာဟာ သူ့ရဲ့အချစ်ဦးပါ။"

"ခင်ပွန်းနဲ့ စိတ်ကောက်တဲ့ အငြိမ့်မင်းသမီးဟောင်းတစ်ဦး သဝေထိုးပုံလယ်ကွင်းပြင်ဘေး နွားလှည်းရှေ့မှာ နွားကျောင်းသားလေးနှင့် ဘာလိုလို ညနေခင်းတွေမှာ တွေ့ရဆိုပဲ"

"ဘုရားကိုးဆူဆရာသမီး မွေးနေ့ပွဲကို သမီးဖြစ်သူရဲ့ ဆန်ပြာဘက် လုပ်ဖော်ကိုင်ဖက်များနှင့် တပျော်တပါးကျင်းပ။ သူရဲ့ရည်းစားလုဖက်လည်း ပျော်ပျော်ပါးပါးတက်ရောက်။"

အထက်ဖော်ပြပါ သတင်းမျိုးတွေက ရွာနှစ်ရွာရဲ့အဝင် ဇရပ်ရဲ့နံရံမှာ တစ်နေ့တစ်မျိုးမရိုးစေရ။ အခုတစ်လောမှာဆို သဝေထိုးပုံရွာမှာကော၊ ဗေဒိုးဗုံရွာမှာပါ လာမယ့်ဘုရားပွဲအတွက် အလုပ်ရှုပ်နေကြတယ်။ ဘုရားကလည်း ရွာနှစ်ရွာရဲ့ အလယ်မှာ တည်ထားတော်မူတာမို့ နှစ်ရွာလုံးနဲ့

www.linhtet.com
လင်းထက် မြန်မာ မှ စီစဥ်တင်ဆက်သည်



သက်ဆိုင်တော့ ရွာသူရွာသားတွေက အလုပ်ရှုပ်လို့နေပါတယ်။ အရုပ်ဇာတ်ပွဲ၊ ဟိုဘက်ရွာ၊ ဒီဘက်ရွာ ဘောလုံးပြိုင်ပွဲ၊ သီချင်းဆိုပြိုင်ပွဲ၊ အလှမယ်ပြိုင်ပွဲ စသည်ဖြင့် ပြိုင်ပွဲတွေကလည်း စုံပါဘိသနဲ့။ အဲဒီပြိုင်ပွဲတွေကို သတင်းယူမှတ်တမ်းတင်ဖို့ ဗေဒိုးဗုံနဲ့ သဝေထိုးပုံရွာနှစ်ရွာက ကိုယ့်ထမင်းကိုယ်စားစပ်စုပြီး အခြားရွာတွေကိုကော ကိုယ့်ရွာတွေကိုပါ သတင်းဖြန့်ချိပေးမယ့် အကျိုးဆောင်တွေကလည်း ရွာနှစ်ရွာမှာ ကူးလူးရောယှက်လို့နေပါတယ်။

ဒီနှစ်မှာ ထူးထူးခြားခြား သဝေထိုးပုံရွာက ဗလာဇာတ်ပြဇာတ်မင်းသား လူလည်အေးကြောင်ကလည်း ရွာရဲ့ဘုရားပွဲမှာ ဖျော်ဖြေမယ်လို့ သိရပါတယ်။ သူက ဗလာဇာတ်တွေ အခြေအနေမကောင်းလို့ ရွာမှာလာပြီး သောင်တင်နေပါတယ်။ ရွာနှစ်ရွာမှာကလည်း တစ်သက်လုံး လူလည်အေးကြောင်လို ဗလာပြဇာတ်မင်းသားတစ်ယောက်သာ ပေါ်ထွန်းခဲ့လေတော့ ဖူးဖူးကို မှတ်ထားလို့ပေါ့။ မကြာပါ ရွာနှစ်ရွာရဲ့ အဝင်ဇရပ်မှာ ဟောဒီလို စာသားတွေကို တွေ့ရတော့တာပါပဲ။

"ဗေဒိုးဗုံရွာမှဖိုးရွှေဝ ပြဇာတ်ထဲ တောက်တိုမည်ရခန်းက ပါချင်လို့ မိုးကျရွှေကိုယ်တော်လေးကို ထန်းရည်နှစ်လုံး နေ့စဉ်ပေးရဆိုပဲ"

"အမျိုးသမီး ဘောလုံးပွဲပြိုင်ရန်အတွက် ကိုကိုစူပါ ရွာနှစ်ရွာလှည့်ပြီး အမျိုးသမီးတွေနဲ့ သရုပ်ပြအလှူခံတာ ခါးတို့ပြီး လက်သရမ်းနေပုံက တံတောင်တွတ်ပြီး ပြောရဦးမယ်"

"သဝေထိုးပုံရွာမှ အရုပ်ဇာတ်ဒုတိယမင်းသမီးလေး ဇာတ်တိုက်ရင်း ကိုကိုစူပါနဲ့ မရီးမတင်ချစ်တို့ အိမ်ရှေ့နတ်စင်အောက်မှာ ကျလီလိ၊ ကျလီလိ"

"ဇာတ်တိုက်တဲ့နေရာမှာမရှိဘဲ ထန်းရည်ဝိုင်းရောက်နေတဲ့ စိတ်အဝင်စားဆုံးခံရသူက ဘယ်သူလဲသိသလား။"

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



“ပြဇာတ်ထဲမှာ မင်းသမီးလက်ကိုင်ခွင့် များများမရလို့ အရပ်ဇာတ်က ထွက်သွားပြန်သည့် ဒုတိယလူ”

“ဖက်ခန်းများများပါမှ သဘောကျသူကြီးရဲ့”

“အလှမယ်ပွဲမှာ ဆုရမယ်ဆိုလို့ ဆန် (၁၀) ပြည်ပေးပြီးကာမှ စာရင်းပိတ်သွားပြီလို့ ပြောရက်လေခြင်း”

“ဗေဒိုးဗုံမှာ သနပ်ခါးဘဲကျား ဖက်ရှင်ထွင်တာ ဂွက်တော်သာ ပထမဆိုပဲ”

“လော်စပီကာက သီချင်းသံကြားမှ အလှူအိမ်သွားပါ။”

အဲဒီလို ဇရပ်ပေါ်မှာ ရေးသားထားချက်တွေကြောင့် လတ်တလောမှာ ရွာနှစ်ရွာမှာကော အခြားရွာတွေမှာပါ ဇရပ်ပေါ်မှာရေးထားတဲ့ သတင်းတွေက ခေတ်စားလို့နေပါတယ်။ လယ်ထဲဆင်းရင်း၊ စပါးလှေ့ရင်း၊ ရေခပ်ရင်း၊ နွားကျောင်းရင်း ဒီအကြောင်းတွေကိုသာ ပြောဆိုလို့နေပါတယ်။

ဒီလိုနဲ့ရွာနှစ်ရွာရဲ့ ဘုရားပွဲကျင်းပတဲ့နေ့ ရောက်လာပါတယ်။ မနက်နဲ့ နေ့လယ်ပိုင်းတွေမှာ အမျိုးသမီးဘောလုံးပွဲတွေကော၊ သီချင်းဆိုပွဲတွေကော၊ အလှမယ်ပြိုင်ပွဲတွေကိုပါ ကျင်းပပါတယ်။ အမျိုးသမီးဘောလုံးပွဲမှာ နှစ်ဖက်ကစားကြသူအချို့ အရင်အကြွေးကိစ္စနဲ့ ဘောလုံးကန်ရင်း ကွင်းထဲမှာရန်ဖြစ်ကြလို့ ပူးတွဲချန်ပီယံဆုပေးရတဲ့သတင်း၊ အလှမယ်ပြိုင်ပွဲမှာ ဆယ်အိမ်ခေါင်းသမီး အသားမည်း၊ ပုကွ၊ ဝတုတ်၊ မျက်နှာမှာ မှည့်ခြောက်ရှိသူက ဦးလေးဒိုင်ဖြစ်လို့ ပထမရတဲ့အတွက် ပူညံပူညံဖြစ်လို့ ဆုကိုပြန်ရုပ်သိမ်းရတာက တစ်ဖုံ၊ သီချင်းဆိုပြိုင်ပွဲမှာ သဝေထိုးပုံရွာက အလွမ်းသမားလေး မယ်ဒလင်ကိုသာအေး ပြိုင်ပွဲဝင်အလွမ်းသီချင်းနဲ့တင်အားမရဘဲ စင်ပေါ်ကမဆင်းဘဲ တောက်လျှောက်တစ်နာရီလောက်ဆိုပြီး လွမ်းရင်းမျက်ရည်တွေကျပြီး ကျူကျူပါအောင်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ငိုလို့ ကျန်သူတွေက ပြိုင်ပွဲမဝင်တော့ဘဲ နုတ်ထွက်သွားရတာက တစ်နည်း၊ ဒီလိုနဲ့အရပ်ဇာတ်ကမယ့် ညဘက်အချိန်ရောက်လာပါတယ်။ ဇာတ်လည်း ထွက်ရော ဇာတ်စင်ရှေ့ကို နေကာမျက်မှန်တပ်၊ မျက်နှာမှာ မိတ်ကပ် အဖွေးသားလူးထားတဲ့ ဗလာပြဇာတ်မင်းသား လူလည်အေးကြောင်က မိုက်ကရိုဖုန်းရှေ့မှာရပ်ရင်း ပရိသတ်ကို စကားပြောလိုက်ပါတယ်။

"ပရိသတ်တွေကို ပြောပါရစေ။ ရွာနှစ်ရွာအဝင်က ဇရပ်ရဲ့ နံရံမှာ ဟိုလိုဒီလို၊ ဟိုလူလိုလို ဒီလူလိုလိုနဲ့ ရေးထားတဲ့အကြောင်းအရာတွေ အတွက် အဲဒီလိုရေးမယ့်အစား ပြောင်ရေးပါ။ အခုဟာက ကျုပ်တို့ကို စော်ကားနေသလိုပဲ။ ကျုပ်အကြောင်းဆိုလည်း ပြောင်သာရေး"

လူလည်အေးကြောင်က အဲဒီလိုလည်းပြောလိုက်ရော ပရိသတ်ထဲက သဝေထိုးပုံရွာက ကိုချက်ကြီးက မတ်တပ်ထရပ်လိုက်တယ်။

"အေး၊ ချက်ကြီးတို့က ဇာတ်မစီးဘဲ ပြောမယ်။ တစ်နေ့က ငါ့အရက်ဖြူဆိုင်မှာ ဆေးဘဲဥသုပ်နှစ်ပွဲဖိုးကို ပိုက်ဆံမပေးဘဲ ဘာဖြစ်လို့ ပန်းကန်ကို ဆိုင်ရှေ့မှာ လွှင့်ပစ်ခဲ့သလဲ"

အဲဒီစကားအဆုံး ဗေဒိုးဗုံရွာက ဘကြီးညိုထွန်းက

"ဒီလိုလား၊ မင်းနေ့ပြန်တိုးယူပြီး ငါ့ဆီကယူသွားတဲ့ ပုဆိုးဖိုး သုံးရက်ပဲသွင်းပြီး အခုမေ့ချင်ယောင်ဆောင်နေတာကကော"

သဝေထိုးပုံမှ အကြော်သည် ဒေါ်ဥကလည်း မနေပါ။

"ဟဲ့ အေးကြောင်၊ ငါ့ကို နင့်ပြဇာတ်မှာ မင်းသမီးအမေခန်းက ပါရမယ်ဆိုပြီး ငါ့ဆီကအကြော်တွေ တစ်နေ့နှစ်ပွဲ အလကားလာလာ စားတာကကော"

ဗေဒိုးဗုံရွာမှ တက်သစ်စလူငယ်သာအေးကလည်း "ကျုပ်ကို ဒုတိယမင်းသားနေရာ ပါရမယ်ဆိုပြီး ကျုပ်အဒေါ်အပျိုကြီးကို ခင်ဗျား စာပေးခိုင်းတာလေ၊ ကျုပ်မှာ အဖေသိသွားလို့ ကြိမ်နဲ့အရိုက်ခံရတာ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



အခုထိ နာနေတုန်း”

သဝေထိုးပုံရွှာက နောက်တစ်ယောက် ထလိုက်ပြန်ပါတယ်။ စက်ဘီးပြင်တဲ့ ဦးထော်ရာပါ။

“ငါ့ရုပ် ငါ့ရည်က ကွယ်လွန်သူ မင်းသားကြီးမြတ်လေးနဲ့ တူတယ်ဆိုပြီး ငါ့ကိုစက်ဘီးနင်းခိုင်းပြီး ထန်းတောလိုက်လိုက်ပို့ခိုင်းတာ မင်းစက်ဘီးမှ မစီးတတ်တာကို ငါပြောရတော့မလား”

ဗေဒိုးဗုံမှ ကိုဆယ်ပြားကလည်း

“မျောက်ကလေး ခုန်ချ-ခြောက်လေးသုညဆိုပြီး အတိတ်ပေးပြီး လက်ဖက်ရည်ဝိုင်းမှာ ရှိတာရင်းထည့်လိုက်တာ အခုစီးပွားပျက်ပြီကွ။ အဲဒါ မင်းကြောင့်”

သဝေထိုးပုံမှ လယ်သမားကြီး ဦးသာမောင်ကလည်း -

“ငါ့နွားမကြီး မမွေးနိုင်တော့ဘူးဆိုလို့ ဟိုဘက်ရွာရောင်းလိုက်မှ မွေးလိုက်တဲ့ နွားပေါက်လေးတွေ၊ အမလေး ဉာဏ်ကြီးရှင်ကြီးရာ”

စကားသံတွေက မရပ်မနား တစ်ယောက်ချင်းထရပ်ပြီးပြောလို့ ဇာတ်စင်ပေါ်က ဗလာပြဇာတ်မင်းသား လူလည်အေးကြောင်လည်း ဇာတ်စင်နောက် အတင်းဝင်ပြေးရင်းက ဇာတ်ရုံနောက်ပေါက်ကနေ အသားကုန်လစ်ထွက်သွားလို့ အဲဒီညက ဘုရားပွဲမှာ ပြဇာတ်မကဖြစ်ဘဲ အခြားတင်ဆက်မှုလေးတွေသာ ရွာသားတွေ ကြည့်ခဲ့ရပါတော့တယ်။ နောက်ရက်မှာတော့ ရွာနှစ်ရွာအဝင်ဝက ဇရပ်နံရံတွေမှာ မနေ့ကဖြစ်ပျက်တာတွေ ရေးထားတာတွေ ပွစာကျဲနေတာကို ဖတ်နေကြတဲ့ ရွာသားတွေကတော့ ပြုံးပြုံး၊ ပြုံးပြုံးနဲ့ ရှိလို့နေပါတယ်။

၃၀ ရက်၊ ၁၁ လ၊ ၂၀၀၁ ခုနှစ်
ပြည်မြန်မာသတင်းဂျာနယ်

**ကြယ်ပွင့်စာပေ**

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

## ဂျာနယ်လစ်ရာဇာသိုင်းကျမ်း

လွင်ပြင်ကျယ်တွေကို ဖြတ်သန်းပြီး မြင်းတစ်ကောင်က ကဆုန်ပေါက် ပြေးလွှားနေတယ်။ မြင်းကိုစီးနင်းလာသူက ဝတ်စုံဖြူနှင့် ရုပ်ရည်ချောမောယောကျ်ားပီသတဲ့သူ။ ဓားနှစ်လက်ကို စလွယ်သိုင်းထားတယ်။ မြင်းက ကဆုန်ပေါက်ပြေးလွှားလေတိုင်း ဓားအိမ်နှစ်လက်က အသံတွေ လမ်းတစ်လျှောက်မှာ လွင့်ပျံ့နေတယ်။ မြင်းပေါ်ကဝတ်စုံဖြူနဲ့လူက အဲဒီအသံတွေကို သတိမထား။ သူ့ရဲ့မျက်နှာမှာ ယုံကြည်ချက် အပြည့်၊ စူးရှတဲ့ မျက်စိရဲ့အကြည့်နဲ့ သူ့ခရီးကို ဆက်လက်သွားနေဆဲ။ သူ့ကို သိုင်းလောကသားတွေက ဘွဲ့ပေးထားတယ်။ ဓားနှစ်လက်တေလေ သိုင်းသမား ပဥ္စမံဒီရိုင်းတဲ့။ ဓားနှစ်လက်။ မြင်းတစ်ကောင်နဲ့နေရာအနှံ့ ခရီးသွားလာသူ။ မတရားမှုမှန်သမျှ။ သိုင်းလောက ဗိုလ်ကျစိုးမိုးရေး မှန်သမျှ လက်ပိုက်ကြည့်မနေတတ်သူ။ ယခု သူသွားမယ့်ခရီးစဉ်က

**ကြယ်ပွင့်စာပေ**

www.linhtet.com
လင်းထက် မြန်မာ မှ စီစဥ်တင်ဆက်သည်



လေထန်ကုန်းတောင်ပေါ်သို့။ အဲဒီလေထန်ကုန်းတောင်ပေါ်မှာ **"ဂျာနယ်လစ်ရာဇာ"** သိုင်းကျမ်းကို ရယူဖို့။ ထို "ဂျာနယ်လစ်ရာဇာ" သိုင်းကျမ်းကို သိုင်းဧကရာဇ်ကြီး **"ချွန်ဖြတ်ချိုင်"** က အဓမ္မရယူချင်နေလို့ အဲဒီသိုင်းကျမ်းကို သိုင်းလောကရဲ့ အခြားထိပ်သီးသိုင်းသမားများကလဲ အပိုင်စီးချင်နေချိန်မှာ ပဥ္စမံဒီရိုင်းက အဲဒီသိုင်းကျမ်းကို မရရအောင်ယူပြီး သိုင်းလောကကောင်းကျိုးလုပ်သူတွေလက်ထဲ ပေးရမှာမို့ဖြစ်တယ်။ ထိုစဥ် . . .

"ဝှစ် . . ."

"ဝှစ် . . ."

လေထဲမှာ အဆိပ်အပ်နှစ်စင်းက ပဥ္စမံဒီရိုင်းဆီကို တည့်တည့်ကြီး ဝင်ရောက်လာတယ်။ အဆိပ်အပ်ရဲ့ အရှိန်ကိုကြည့်ရင်း လက်နက်ပုန်းနဲ့ ပစ်သူရဲ့အတွင်းအား မည်ရွေ့မည်မျှရှိမယ်ဆိုတာကို ပဥ္စမံဒီရိုင်းက ခန့်မှန်းမိလိုက်ရင်းက ဓားကိုထုတ်ပြီး အဆိပ်အပ်နှစ်စင်းကို ကာကွယ်လိုက်တယ်။ ဓားချက်ရဲ့ အရှိန်နဲ့ အဆိပ်အပ်နှစ်စင်းက အဝေးတစ်နေရာမှာရှိတဲ့ သစ်ပင်မှာသွားစိုက်နေလေရဲ့။ တစ်ဆက်တည်းဆိုသလို မြင်းဇက်ကြိုးကို ဆွဲလိုက်ရင်းက ရှေ့ကနေဘွားခနဲပေါ်လာတဲ့ အနီရောင်ဝတ်စုံနဲ့ လှံရှည်ကိုင်ထားတဲ့လူကို သေသေချာချာကြည့်လိုက်တော့ **"အရှက်ဦးမင်းသားလေးလုံအောင်ထိုင် (ဒိန်းမတ်ဆောင်)"** ဖြစ်နေတယ်။ သူက အရှက်ဦးအချိန်ရောက်ရင် မင်းသားလို ထထကလွန်းလို့။ အဲဒီလိုကမှ သိုင်းကွက်တွေက ဆန်းသစ်လာတယ်။ အဲဒီနာမည်ကို သိုင်းလောကသားတွေက ပေးထားတာပါ။

"ဒီလမ်း၊ ဒီစခန်းကို ဒီလောက်ခရီးနှင်လာတာ လေထန်ကုန်းတောင်ပေါ်မှာရှိတဲ့ ဂျာနယ်ပြစ်ရာဇာသိုင်းကျမ်းကို ပဥ္စမံဒီရိုင်း သွားယူဖို့ပဲဖြစ်ရမယ်။ ခင်ဗျားနဲ့ ဒီသိုင်းကျမ်းဘာဆိုင်လဲ။ ခင်ဗျားလို တေလေတစ်ယောက်က ဒီသိုင်းကျမ်းရသွားရင် မလွယ်ဘူး"

www.linhtet.com
လင်းထက် မြန်မာ မှ စီစဥ်တင်ဆက်သည်



"ဝှစ်. . ."

"ဝှစ်. . ."

"ဖပ်. . ."

"ဖပ်. . ."

(စာဖတ်သူမအံ့သြပါနဲ့။ ထိုအသံတွေက လက်နက်ပုန်းနဲ့ပစ်တဲ့ အသံနဲ့ ကိုယ်ဖော့လမ်းလျှောက်တဲ့အသံတွေပါ။)

အရှက်ဦးမင်းသားလေး လုံအောင်ထိုင်က **"ကက်ဆက်ကိုကိုင်ကာ ဘာပဲပြောပြောအသံဖမ်းမှာပဲ"** ဆိုတဲ့ သိုင်းကွက်ကို ပြင်ဆင်လိုက်မှန်းသိနေတဲ့ ပဥ္စမံကလဲ **"ကြိုက်တာရေးစမ်း ဝေဖန်လိုက်မယ်"** ဆိုတဲ့ သိုင်းကွက်ကိုထုတ်ပြီး ပြင်ဆင်လိုက်ပါတယ်။ နှစ်ယောက်သားလေထဲ မြောက်တက်သွားတယ်။ အရှက်ဦးမင်းသားလေးရဲ့ လုံရှည်ကို ဝင့်ကာဝင့်ကာ တိုက်ခိုက်မှုကို ပဥ္စမံဒီရိုင်းက ဓားနှစ်လက်နဲ့ ဖယ်ထုတ်လို့နေပါတယ်။ သူ့လုံချက်တွေက အတော့်ကိုထိမိပါတယ်။ နှစ်ရှည်လများ လေ့ကျင့်ထားတဲ့ သိုင်းကွက်တွေပါ။

"ထန်း. . ."

"ချလွင်. . ."

"ထန်. . ."

"ထန်. . ."

(ဒါက ဓားနဲ့လုံတို့ ထိမိသံ)

လေထဲမှာနှစ်ယောက်သား **"သူကပွဲဆူ၊ ကိုယ်ကပွဲဆူ" "ဂျာနယ်လစ်မှာ ဆရာရှိ မရှိ"** စတဲ့ သိုင်းကွက်ကြီးနှစ်ကွက်နဲ့ သူတစ်ပြန် ကိုယ်တစ်ပြန် တိုက်ခိုက်ကြတာ အချိန်အတော်ကြာလာတဲ့အထိ တစ်ယောက်နဲ့ တစ်ယောက်ဘာမှမဖြစ်ကြသေး။ နှစ်ယောက်သား မြေပြင်ပေါ်ကို ပြန်ရောက်လာကြတယ်။

**ကြယ်ပွင့်စာပေ**

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



"ပဥ္စမံဒီရိုင်း . . . စောစောက ကျုပ်လုံတံတစ်ချက်အဟမှာ လွတ်နေတဲ့ ကျုပ်ရင်အုံကို ဘာဖြစ်လို့ ဓားနှင့်မပိုင်းလိုက်တာလဲ"

ကိုယ့်ရဲ့ဓားချက်ဟာ ဂျာနယ်လစ်ရာဇာသိုင်းကျမ်းကို အဓမ္မ ယူဖို့လုပ်တဲ့ သိုင်းသမားဆိုးတွေကိုထိဖို့။ ခင်ဗျားမှာ ရည်ရွယ်ချက်ရှိတယ်။ အဲ့ဒီရည်ရွယ်ချက်က ကျွန်တော့်လို ခင်ဗျားလည်း ဒီဂျာနယ်လစ်ရာဇာ သိုင်းကျမ်းကြီးကို မဟုတ်တဲ့လူတွေလက်ထဲ ရောက်မသွားစေချင်တာဘဲ"

"ဟုတ်တယ် ပဥ္စမံ။ အခုဆို တစ်ကိုယ်တော်ရွှေကြိမ်လုံး (ဗိုက်ပူ ရသေ့)၊ ဖိတ်စာမလိုဂိုဏ်းတို့၊ ဖိတ်စာလိုဂိုဏ်းတို့၊ ဘောလုံးဂိုဏ်းတို့၊ ဖက်ရှင်မယ်ဂိုဏ်းတို့၊ မော်ဒယ်ဂိုဏ်းတို့စတဲ့ သိုင်းဂိုဏ်းတော်တော်များများ ဟာ ဒါကိုလိုချင်နေကြတယ်"

"ဟန်ကျပြီ အရှဏ်ဦးမင်းသားလေးရယ် ဒီမှာ ဒီသိုင်းကျမ်းကြီးကို ခင်ဗျားနှင့် ကျွန်တော် အတူလက်တွဲပြီး ယူရအောင်ဗျာ၊ ဒါမှသိုင်းလောက ကြီးအတွက် ကောင်းမှာ"

ပဥ္စမံဒီရိုင်း အဲ့ဒီလိုပြောတဲ့အခါ အရှဏ်ဦးမင်းသားလေးရဲ့ မျက်နှာမှာ တကယ့်ကိုဝမ်းနည်းတဲ့ အသွင်သဏ္ဌာန်ဆောင်တဲ့ ပုံစံမျိုး ဖြစ်ရင်းက ပဥ္စမံမျက်နှာကို တွေတွေကြီးကြည့်ရင်း-

"ပဥ္စမံဒီရိုင်းနဲ့ အတူလိုက်ချင်ပါတယ်ဗျာ၊ ဒါပေမယ့် အတွင်းအား ကောင်းအောင် ပဲစားပြီးကျင့်လို့ အခုဝမ်းတွေသွားနေတာ အတွင်းအားကို မနည်းထိန်းထားရတယ်။ တာတာဆတ်ဆိုတဲ့ ပင်လယ်ကျောက်ခက်တွေ၊ သစ်သီးသစ်ဥ ဆေးမြစ်တွေနဲ့ ဖော်စပ်ထားတဲ့ဆေးကို သောက်နေရတယ်။ အရင်အတွင်းအားတွေရဖို့ မနည်းပြန်ကျင့်ရဦးမယ်။ ဒီတော့ ကျုပ်ဆီမှာ ရှိတဲ့ ကျုပ်ကိုယ်တိုင်မသုံးရသေးတဲ့ သိုင်းကွက်သုံးကွက်ကို သင်ပေးလိုက် မယ်။ လိုလိုမယ်မယ် ယူသွားဗျာ။ ပဥ္စမံဒီရိုင်းရဲ့ သိုင်းပညာနဲ့ပေါင်းစပ် လိုက်ရင် ပိုကောင်းလာမှာ"

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



အရဏ်ဦးမင်းသားလေးက ပဉ္စမံဒီရိုင်းကို **"လက်ဆောင်ရရင် အကောင်းရေး" "ဘာမှမဟုတ်တဲ့အကြောင်းအရာ ပုံကြီးချဲ့" "ဂျာနယ်ဆိုတာ ကိုယ့်ဟာမှ ဂျာနယ်အစစ်"** ဆိုတဲ့ သိုင်းကွက်သုံးကွက်ကို သင်ကြားပြသလိုက်ပါတယ်။ ပဉ္စမံဒီရိုင်းလဲ သူ့ရဲ့ သိုင်းကွက်သုံးကွက်ကို တစ်ထိုင်တည်း အပြတ်သင်ယူပြီး လေထန်ကုန်းတောင်ပေါ်သို့ ခရီးဆက်လက် ထွက်ခွာလာခဲ့ပါတာတော့တယ်။ ဟိုးနောက်မှာ အရဏ်ဦးမင်းသားလေးက လက်ပြကျန်ရစ်ခဲ့လို့။ ပဉ္စမံဒီရိုင်းကတော့ သူနဲ့ဝေးသထက် ဝေး . . . ဝေး . . . ဝေးကွာလာခဲ့လေရဲ့ . . . ။

နေကဝင်တော့မယ်။ ဖယောင်းတိုင်မီးရောင်တွေ မှုန်ပျပျနဲ့ မြို့ကလေးကို လှမ်းမြင်နေရပြီ။ မြို့ကလေးထဲကို ပဉ္စမံဒီရိုင်း မြင်းစီးပြီး ဝင်လာတဲ့အခါမှာ ဝတ်စုံဖြူနဲ့ပဉ္စမံဒီရိုင်းကို မြို့ခံလူတွေက တစ်ခြားအရပ်ဒေသက ဧည့်သည်သိုင်းသမားမှန်း သိနေကြပုံပါပဲ။ စူးစမ်းတဲ့အကြည့်တွေနဲ့ ကြည့်နေကြတယ်။ မီးရောင်တွေလင်းထိန်နေတဲ့ "စားချင်ရာစား သောက်ချင်ရာသောက်" စားသောက်ဆိုင်ထဲ ဝင်လာခဲ့တယ်။ နံရံထောင့်မှာထိုင်ရင်း စားစရာတွေမှာလိုက်တယ်။

"ဟေ့ ဒီနယ်မှာ တို့ကိုဘယ်သူလာကျောလို့ရမလဲ။ မင်းတို့ ဆက်ဆံရေး မပြေမပြစ်မလုပ်နဲ့။ ဟုတ်တာရော မဟုတ်တာရော ရွှေပေလွှာဂျာနယ်ထဲ ရေးထည့်ပစ်လိုက်မယ်"

အရပ်ရှည်ရှည်၊ ပိန်ပိန်ပါးပါး၊ မျက်နှာစုတ်ချွန်းချွန်း၊ အသားမည်းမည်း၊ နဖူးမောက်မောက် အနက်ရောင်ဝတ်စုံနဲ့လူက အရက်သောက်မူးနေတဲ့ပုံစံ။ သေသေချာချာကြည့်လိုက်တော့ အလကားလိုက်သောက်ကြုံရာရေး၊ ဖြစ်သလိုနေ ရွှေဂနိုင်မူးကြယ် သိုင်းသမားဖြစ်နေတယ်။ သူက သိုင်းလောကမှာ အနက်ရောင်နာမည်ဆိုးနဲ့ ကျော်ကြားသူ၊ သိုင်းလောကအတွက် ကောင်းတာလုပ်တော့မလိုလိုနဲ့ နောက်ဆုံး ကိုယ့်သိုင်းလောကကို

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ဖျက်ဆီးနေတဲ့သူ။

"ဟေ့ အိမ်ကမိန်းမဖို့ ခေါက်ဆွဲကြော်ပေးလိုက်စမ်း"

"မလုပ်ပါနဲ့ဗျာ၊ ကျွန်တော့်ဆိုင်အကြောင်း ခင်ဗျားတို့သိုင်းသမားတွေသိဖို့ ကြော်ငြာခိုင်းဖို့ဖိတ်တာ၊ ကျွေးတာမွေးတာ အိမ်ကမိန်းမအတွက် မပါဘူး"

"တော်"

"ဝှီး"

"အား"

(မှတ်ချက်။ ပန်းကန်လုံးက ရွှေဂနိုင်မူးကြယ်နဖူးကို ထိတဲ့အသံ)

မူးမူးရူးရူးနဲ့ ဆိုင်ရှင်ကို ရန်ရှာမယ့် ရွှေဂနိုင်မူးကြယ်ကို ပဉ္စမံဒီရိုင်းက စားပွဲပေါ်မှာရှိတဲ့ ပန်းကန်လုံးနဲ့ ပစ်လိုက်လို့ပါ။

"ဟေ့ ဘယ်သူလဲကွ။ ဩော် လက်စသတ်တော့ ပဉ္စမံဒီရိုင်းဆိုတဲ့ ဓားသမားကိုး၊ ဟေ့ ချ အသေသတ်"

ရုတ်တရက်ဆိုသလို ပဉ္စမံဒီရိုင်းအနီးကို အနက်ရောင်ဝတ်စုံနဲ့ ဓားသမားတွေက ဝိုင်းထားလိုက်တယ်။ သူတို့လက်ထဲမှာ ဓားကိုယ်စီနဲ့ ပဉ္စမံဒီရိုင်းကို မျက်တောင်မခတ်ကြည့်ရင်း တိုက်ခိုက်ဖို့ အဆင်သင့်ပြင်ထားတယ်။ သူတို့သိုင်းကွက်ကို ပဉ္စမံဒီရိုင်းက ကောင်းကောင်းသိတယ်။ **"ဝိုင်းကြီးပတ်ပတ် ဒူဝေဝေ"** ဆိုတဲ့ ယောင်ချာချာသိုင်းကွက်ပဲဆိုတာ။

"ယား"

ပဉ္စမံဒီရိုင်းက အတွင်းအားကို စုစည်းပြီး **"ကိုယ့်ကိုရေးရင် ငယ်ကျိုးငယ်နာဖော်"** သိုင်းကွက်နဲ့ ခုန်ကျော်ထွက်လိုက်ရင်းက တိုက်ခိုက်မှုကို စလိုက်တယ်။

"ဝှီး"၊ "ဒုတ်"

"ယား"၊ "အား"၊ "အား"

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ပဥ္စမံဒီရိုင်းရဲ့ သိုင်းကွက်က မြန်လွန်းလို့ ဘယ်လိုလုပ် တိုက်ခိုက်လိုက်တယ်ဆိုတာ မသိလိုက်ကြဘူး။ ရွှေဂနိုင်မူးကြယ်နဲ့တကွ အနက်ရောင်သိုင်းသမားအားလုံး ပြေးသူပြေး၊ လဲကျပြီး သတိမေ့သူမေ့နဲ့။

"ကြိုက်ပြီဟေ့၊ မင်းရဲ့စိတ်ဓာတ်ကိုတော့ ကြိုက်သွားပြီ"

ကြိမ်လုံးကြီး တရွှမ်းရွှမ်းရိုက်ရင်း အာပေါင်အာရင်းသန်သန်နဲ့ ဆူဖြိုးနေတဲ့ ဗိုက်ကြီးကိုပွတ်ပြီး မျက်နှာမှာ ရေဘင်မျက်မှန်တပ်ထားတဲ့ လူဝကြီးတစ်ဦးက အော်ဟစ်ပြောဆိုရင်း ပဥ္စမံဒီရိုင်းနားရောက်လာလို့ ကြည့်လိုက်တော့ တစ်ကိုယ်တော်ရွှေကြိမ်လုံး (ဗိုက်ပူရသေ့) ဖြစ်နေတယ်။ ရသေ့မဝတ်ခင်ဘဝက ရွာမှာမူကြိုဆရာလုပ်ခဲ့ရင်းက ကလေးတွေဆူလို့ ကျောက်သင်ပုန်းကိုရိုက်ရင်း၊ မိန်းမရတော့လဲ မိန်းမကြောက်ရတော့ မိန်းမကိုမနိုင်လို့၊ မရိုက်ရလို့ ကြုံရာ၊ နီးစပ်ရာ မြင်မြင်သမျှ ပစ္စည်းတွေကို ရိုင်ရင်းက ရသေ့ဘဝနဲ့ သိုင်းလောကကို ကြိမ်လုံးတစ်လုံးကိုင်ပြီး ကူးပြောင်းလာခဲ့သူလည်း ဖြစ်ပါတယ်။

"ဒီပွဲမှာ ရသေ့ကြီးမပါလိုက်ရတာ အတော်နာတယ် ပဥ္စမံဒီရိုင်းရယ်။ ဒီလိုကောင်မျိုးတွေကို ဒီလောက်ဆုံးမတာနဲ့တင် မလုံလောက်ဘူးကွ"

ပဥ္စမံက ရွှေကြိမ်လုံးဗိုက်ပူရသေ့ကြီးစကားကို နားထောင်နေစဉ်မှာ ဆိုင်ရှင်ကလည်း ကျေးဇူးတင်ကြောင်းပြောရင်းက အခုဖြစ်တဲ့ကိစ္စကို သိုင်းလောက စာစောင်တွေမှာ မျက်နှာဖုံးအဖြစ် ဖော်ပြမယ်ဆိုရင် သူ့ဆိုင်ဟာ အခုထက် နာမည်ကြီးလာမှာဖြစ်ကြောင်း အားရဝမ်းသာ ပြောဆိုနေပါတယ်။

"ဒါနဲ့ ရသေ့ကြီး အခုဒီကိုခရီးထွက်လာတာ ဂျာနယ်လစ်ရာဇာသိုင်းကျမ်းအတွက်ပဲ မဟုတ်လား"

"ဟုတ်တယ် လမ်းမှာ အရဟံဦးမင်းသားလေး လုံအောင်ထိုင်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



(ဒိန်းမတ်ဆောင်) နဲ့ တွေ့တယ်။ သူ့ရဲ့အတွင်းအားတွေ "ပဲ" တန်ခိုးကြောင့် လုံးဝပြန်ရဖို့ လမ်းစမရှိတော့လို့ သိုင်းလောကို စွန့်ခွာသွားပြီတဲ့။ ဒါကြောင့် ရသေ့ကြီးက ပဥ္စမံဒီရိုင်းနဲ့ ပူးပေါင်းပါတဲ့။ ပြီးတော့ ပစ္စည်းတစ်ခု ပေးလိုက်သေးတယ်။ အဲဒါက အသံဖမ်းစက်အစုတ်လေး၊ တစ်ချိန်ချိန်မှာ အသုံးဝင်မယ်တဲ့။"

ရသေ့ကြီးက သူ့ရဲ့ဆူဖြိုးနေတဲ့ ဝမ်းဗိုက်ကြီးကိုပွတ်ရင်း အိတ်ကပ်ထဲက အထုပ်နီလေးကို ပေးလိုက်ပါတယ်။ အဲဒီအချိန်မှာ လေတွေ မိုးတွေကလဲ ရုတ်တရက်ဆိုသလို ကျလို့လာပါတယ်။ လေတိုက်သံကလဲ ကျယ်လောင်၊ မိုးကလဲ သဲသဲမဲမဲ ရွာလာ။ ဒါကြောင့် ဒီညအဖို့ ဒီစားသောက်ဆိုင်လေးမှာပဲ နှစ်ယောက်သားအိပ်ဖို့ ဆုံးဖြတ်ချက်ချလိုက်ကြပါတယ်။ ထိုအခိုက်မှာပဲ-

"ဒေါက်"

"ဒေါက်"

"တံခါးခေါက်နေတယ်။ ဆိုင်တံခါးဖွင့်ပေးလိုက်ပါဟေ့"

ဆိုင်ရှင်၏စကားအဆုံး ဆိုင်အလုပ်သမားလေးက ဆိုင်တံခါးကို ဖွင့်ပေးလိုက်တဲ့အခါမှာ မိုးတွေလေတွေ သည်းထန်နေတဲ့ဆိုင်ဝမှာ အနက်ရောင်အင်္ကျီလက်ပြတ် ဆင်တူဝတ်ထားတဲ့ နှုတ်ခမ်းနီ၊ ပါးနီတွေနဲ့ အမျိုးသမီးအုပ်စုတစ်စုကို တွေ့လိုက်ရတဲ့အတွက် ပဥ္စမံဒီရိုင်းနဲ့ ရွှေကြိမ်လုံးဗိုက်ပူရသေ့ပါ အံ့အားသင့်သွားမိပါတယ်။

"ပဥ္စမံကြီး၊ အဲဒါ မော်ဒယ်မယ်ဂိုဏ်းက ဂိုဏ်းသားတွေ"

ဗိုက်ပူရသေ့ ရွှေကြိမ်လုံးက ပဥ္စမံကို ရှင်းပြလိုက်တယ်။

"နေပါဦး ရသေ့ကြီးရဲ့ ဒီမော်ဒယ်လေးတွေက ပိန်လှချည့်လား။ ကြက်သားဆို ဘယ်လိုလုပ် လူဝယ်စားပါ့မလဲ။ ဒီလိုခန္ဓာကိုယ်ဖွဲ့စည်းမှုမျိုးနဲ့ ဘယ်လိုလုပ် ရန်သူကို တိုက်ခိုက်မှာလဲ"

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



"ဟာ ပဥ္စမံကလဲ ပူတတ်ရန်ကော၊ ဒင်းတို့တွေ ဒီလိုဖြစ်နေတာ Cat Walk သိုင်းကွက်တွေကို မရပ်မနားလေ့ကျင့်လို့လေ။ ဒင်းတို့ဂိုဏ်းရဲ့ အထိမ်းအမှတ်ဟာ Cat Walk ပဲ။ ဟော ရှေ့ဆုံးက အင်္ကျီအနက်ပေါ်မှာ အစိမ်းရောင်လည်စည်းနဲ့ အမျိုးသမီးတွေ့လား။ အဲဒါမော်ဒယ်တွေရဲ့ ခေါင်းသူကြီးဂိုဏ်းချုပ် ရွှင်ဖုန်းခွင်ဆိုတာပဲ"

ပဥ္စမံကို ဗိုက်ပူရသေ့ရွှေကြိမ်လုံးက ရှင်းပြနေစဉ်မှာပဲ မော်ဒယ်ဂိုဏ်းသားတွေက ဆိုင်ရဲ့စားပွဲခုံအန္တံ့မှာထိုင်ရင်းက စားသောက်ဖွယ်ရာများကို မှာလို့နေတယ်။ ဆိုင်ရှင်နဲ့ စားပွဲထိုးလေးခမျာမှာတော့ စောစောကလိုမဟုတ်ဘဲ မိုးထဲရေထဲမှာ လာရောက်အားပေးသူလဲဖြစ်ပြန်၊ လှပတဲ့မော်ဒယ်မလေးတွေကိုကြည့်ရင်း မျက်နှာတွေက ပြုံးဖြီးဖြီးနဲ့ မောတယ်၊ ပန်းတယ်မှန်းမသိအောင် ဧည့်ခံပြုစုလို့နေပါတယ်။ ထိုစဉ်

"ဗိုး . . . ဗိုး"

တူနှစ်ချောင်းက ပဥ္စမံဒီရိုင်းရဲ့ နဖူးပြင်ဆီ တည့်တည့်။ **မော်ဒယ်ဂိုဏ်းချုပ် ရွှင်ဖုန်းခွင်** က ပစ်လွှတ်လိုက်တာပါ။ ပဥ္စမံဒီရိုင်းက သူ့ရဲ့တိုက်ကွက်ကို သိလိုက်တယ်။ **"မော်ဒယ်ဆိုရင် စာချုပ်ချုပ်ရမယ်"** ဆိုတဲ့ တိုက်ကွက်ဆိုတာ။ ပဥ္စမံဒီရိုင်းက သူ့ရဲ့တိုက်ကွက်ကို ဖျက်ဖို့ **"စာချုပ်ဖောက်တဲ့ မော်ဒယ်တွေအများကြီး"**ဆိုတဲ့ သိုင်းကွက်ကိုသုံးရင်း သူပစ်လွှတ်လိုက်တဲ့ တူနှစ်ချောင်းကို လက်ဖနောင့်နဲ့ခံရင်း ရွှင်ဖုန်းခွင်ဆီကို ပြန်ပစ်လိုက်တယ်။ မော်ဒယ်ခေါင်သူကြီးက အလိုက်သင့်ဖမ်းလိုက်တယ်။

"ရှင်က ကျွန်မရဲ့သိုင်းကွက်ကို သိနေပုံထောက်ရင် ရှင်ဟာ တစ်ကိုယ်တော် ဓားနှစ်လက်တေလေသိုင်းသမား ပဥ္စမံဒီရိုင်းဖြစ်ရမယ်။ ဟုတ်တယ်မို့လား။ ရှင့်ပညာကို လေးစားပါတယ်။ ရှင်ပြန်ပြီး ကျွန်မသိုင်းကွက်ကို ကာကွယ်လိုက်တဲ့ တူနှစ်ချောင်းမှာ ရှင့်ရဲ့အမှန်တရားတွေ၊ ရှင့်ရဲ့ရိုးသားမှုတွေကို ကျွန်မတွေ့လိုက်ရတယ်။ ကျွန်မသာ မော်ဒယ်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ဂိုဏ်းချုပ်မလုပ်ခဲ့ရင် ကျွန်မရှင့်ကို စိတ်ဝင်စားမိမှာ အမှန်ပဲ” မော်ဒယ်ဂိုဏ်ချုပ် ရွှင်ဖုန်းခွင်က တကယ့်ကို လေးလေးနက်နက်ကြီးနဲ့ ပြောသွားပါတယ်။

“ခွင့်လွှတ်ပါ ရွှင်ဖုန်းခွင်၊ ကိုကိုမံရဲ့ဘဝမှာ ဘယ်အချစ်ကိုမှ မပေးနိုင်ဘူး။ သိုင်းလောကသားတွေ အကျိုးရှိဖို့ ဂျာနယ်လစ်ရာဇာ သိုင်းကျမ်းကို ရအောင်ယူရမယ်။ ဒါ့ကြောင့် ရွှင်ဖုန်းခွင်ရဲ့ မေတ္တာကို မယူနိုင်တာ ခွင့်လွှတ်ပါ”

ပဥ္စမံက အဲဒီလိုပြောတဲ့အခါ မော်ဒယ်ဂိုဏ်းချုပ်ခမျာ ပဥ္စမံရဲ့ လက်ကိုကိုင်ရင်း တရှုပ်ရှုပ်ငိုပါလေရော။ ဒီအချိန်မှာ ဘာမှမသိတဲ့ မော်ဒယ်ဂိုဏ်းသားတွေက သူတို့ရဲ့ဂိုဏ်းချုပ်ကို ပဥ္စမံက တစ်ခုခုလုပ်လိုက်တယ်ထင်ပြီး ပဥ္စမံရှိရာ ပြေးဝင်လာကြတဲ့အတွက် ဗိုက်ပူရသေ့ ရွှေကြိမ်လုံးက ကြိမ်လုံးနဲ့ **“ရုတ်ရုတ် ရုတ်ရုတ် မလုပ်နဲ့ ရည်းစားစာတွေ တစ်ယောက်ချင်း မရပ်မနားပေးလိုက်မယ်”** ဆိုတဲ့ သိုင်းကွက်ကို ထုတ်သုံးလိုက်လို့ အားလုံးနောက်ဆုတ်သွားကြတယ်။

“ရွှင်ဖုန်းခွင် . . . ကိုတို့ သိုင်းလောကကောင်းကျိုးဆောင်ရွက်ဖို့ ကိုနဲ့လက်တွဲပါလား”

“တွဲချင်ပါတယ် ကိုပဥ္စမံရယ်၊ ဒါပေမယ့် ကျွန်မတို့လို မော်ဒယ်ဂိုဏ်းကို သိုင်းလောသားတွေက အမျိုးမျိုးပြောနေကြ၊ ရေးနေကြတာ။ မော်ဒယ်သိုင်းပြိုင်ပွဲလုပ်ရင် ဘယ်သူကဒိုင်လဲ။ အိမ်မှာ ဝက်သားပေါက်စီပေးလို့ အနိုင်ပေးတာလား။ ဒါမတရားတဲ့ပြိုင်ပွဲ။ သိုင်းလောကစာနယ်ဇင်းသမားတွေကို သက်သေမထားဘူးနဲ့ ဝေဖန်လွန်းလို့ အပြင်ကနေဘဲ ကိုပဥ္စမံရဲ့လိုရာကို ကူညီပါရစေနော်”

မိုးကတိတ်သွားပြီ။ လေကလဲ ငြိမ်သွားပြီ။ မိုးကောင်းကင်မှာ ကြယ်ကလေးတွေလဲ ထွက်ပေါ်စပြုလာပြီ။ ကျန်တဲ့လူတွေအားလုံးလဲ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



အိပ်စက်ကုန်ပြီ။ ဗိုက်ပူရသေ့ဆို ဟောက်လိုက်တာမပြောနဲ့။ မအိပ်စက်နိုင်သူက ပဥ္စမံဒီရိုင်းနဲ့ မော်ဒယ်ဂိုဏ်းချုပ် ရှင်ဖုန်းခွင်ဖြစ်ပါတယ်။ အဲဒီလိုနဲ့ မိုးစင်စင်လင်းတဲ့အခါမှာ စားသောက်ဆိုင်ကနေ လမ်းခွဲလိုက်ကြပါတယ်။ ပဥ္စမံနဲ့ ဗိုက်ပူရသေ့ရှေ့ကြိမ်လုံးက တောင်ဘက်သို့၊ မော်ဒယ်ဂိုဏ်းသားတွေက မြောက်ဘက်သို့၊ ဘယ်တော့များမှ ပြန်ဆုံကြမလဲသိ။

ပဥ္စမံဒီရိုင်းနဲ့ ဗိုက်ပူရသေ့တို့ မြင်းစီးပြီး ခရီးနှင်လာနေတဲ့အချိန်မှာ ဖြတ်သွားဖြတ်လာလူတွေဟာ ပျာယီးပျာယာပုံစံ၊ အလျင်စလိုပုံစံမျိုးနဲ့ သွားလာနေကြတာကို တွေ့ရပါတယ်။ မကြာခင်မှာ ဖုန်းလုံးကြီးလွင့်လာသလို နှုတ်ခမ်းမွှေး၊ မုတ်ဆိတ်မွှေး ဗရပျစ်နဲ့ လူတစ်ယောက်ကိုတွေ့ရပါတယ်။ **ပျာယီးပျာယာသိုင်းသမား ယွမ်ကြွက်နီ** ဆိုတာပါပဲ။

**"ဟေ့ စာမူမပြီးသေးဘူးလား၊ မြန်မြန်လုပ်" "နင်ကတော့ ငါ့ကိုလုပ်ချလိုက်ပြန်ပြီ" "ငါ ဘာတတ်နိုင်မလဲ၊ မသိမှုမသိတာကို"** စတဲ့သိုင်းကွက်နဲ့ သူ့ကကိုယ်ဖော့ပြီး ပဥ္စမံဒီရိုင်းရှိရာ ခုန်ဝင်လာပါတယ်။ ပဥ္စမံဒီရိုင်းလဲ **"နားအေးပြီး စာမူဖြစ်ရင်ပြီးရော"** ဆိုတဲ့ သိုင်းကွက်ကိုထုတ်သုံးလိုက်ပါတယ်။ ယွမ်ကြွက်နီနဲ့ ပဥ္စမံတို့နှစ်ယောက်စလုံး မြေပြင်ပေါ်မှာ ပြိုင်တူရယ်မိလျက်သား ဖြစ်သွားပါတယ်။

"အံမယ် ပဥ္စမံကြီးက ဘယ်ဆိုးလို့လဲ။ ငါ့တိုက်ကွက်တွေကိုသိသားပဲ"

ယွမ်ကြွက်နီက အနှစ်နှစ်အလလ မတိုက်ဘဲထားတဲ့ သွားတွေကိုဖြဲပြရင်း ပြောပါတယ်။

"နင့်ကို ငါ ပြောရဦးမယ်။ နင်အခု ဘာသွားလုပ်မယ်ဆိုတဲ့ ရည်ရွယ်ချက်ကို ငါသိတယ်။ ဒီတော့ အရဏ်ဦးမင်းသားလေးက နင့်ကို သိုင်းကွက်သုံးကွက် ပေးလိုက်တယ်လို့ပြောတယ်။ ငါလဲ ငါ့ရဲ့သိုင်းကွက်သုံးကွက်ကို ပေးလိုက်မယ်။ နင်ယူသွား၊ ငါကဆက်ပြီး ပျာယီးပျာယာ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



လုပ်ရဦးမယ်"

ယွမ်ကြွက်နီက မုတ်ဆိတ်မွေးတွေကို လက်နဲ့သပ်ချရင်းက ပြောလိုက်ပါတယ်။

"ဒါနဲ့ နင်ခရီးသွားရင် ဘီယာဆိုင်တွေတွေ့ရင် သတိထားပါ။ အဲဒီနေရာတွေမှာ **ဘီယာထဲ အရက်မသိအောင်ရော သိုင်းသမားဘိုမြူးဝေ** ကို တွေ့နိုင်တယ်။ ရှောင်ပါ။ သူယမကာတိုက်ရင် မသောက်နဲ့။ ကဲခဏ နားဦး။ ငါနင့်ကို အရင်ဆုံး သိုင်းကွက်သုံးကွက်မသင်ခင် ဒီသိုင်းကွက် တွေနဲ့ပတ်သက်တာ ပြောရဦးမယ်"

အဲဒီနောက် ညောင်ပင်ကြီးအောက်မှာ ယွမ်ကြွက်နီ၊ ပဥ္စမံနဲ့ ရသေ့ကြီးတို့ ထိုင်လိုက်ရင်းက ယွမ်ကြွက်နီပြောမယ့် အကြောင်းအရာကို နားထောင်ဖို့ အသင့်ပြင်လိုက်ပါတယ်။

"ဒီသိုင်းကွက်သုံးကွက်ဟာ ပဥ္စမံကြီးအတွက် မရှိမဖြစ်အသုံးဝင် မှာ။ ပထမဦးဆုံးသိုင်းကွက်က **သူကလက်မခံလဲ ဆက်သာပိုး။** ဒုတိယ သိုင်းကွက်က **ပါးချခံရလဲ ဆက်သာကြိုးစား။** တတိယသိုင်းကွက်က **ကိုယ့်ကို ပြန်မကြိုက်ရင်လဲ ဘုရားမှာဆုတောင်းပြီး သူပြန်ချစ်လာတဲ့ထိစောင့်** ဆိုတဲ့ သိုင်းကွက်တွေပဲ။ ဒီသိုင်းကွက်သုံးကွက်က ငါ့ဘဝမှာ မျက်ရည်တွေနဲ့ နှစ်ပေါင်းများစွာ ရင်းနှီးပြီးရခဲ့တာ၊ ငါ့ရဲ့မစွံတဲ့ ချစ်ကံကြမ္မာကြောင့် ဒီသိုင်းကွက်တွေ ထွက်လာတာ"

ယွမ်ကြွက်နီက ငိုသံပါကြီးနဲ့ သူ့ရဲ့သိုင်းကွက်သုံးကွက် အကြောင်းကို ရှင်းပြပါတယ်။ ရွှေကြိမ်လုံးဗိုက်ပူရသေ့ကလဲ သူ့ရဲ့ ငယ်ဘဝနဲ့ ကြုံကြိုက်တိုက်ဆိုင်ပြီး မျက်ဝန်းမှာ မျက်ရည်စတွေနဲ့။

"ကဲ ပဥ္စမံကြီး ပထမဦးဆုံး သိုင်းကွက်ကြည့်"

ချက်ချင်းဆိုသလို ယွမ်ကြွက်နီရဲ့ မျက်နှာက အရှက်မရှိတဲ့ ပုံစံ မျိုးနဲ့သွားဖြပြီး "အဟီး" လို့ ရယ်ရင်းက သိုင်းကွက်ကို စတင်ပြသပါတယ်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ပြီးတော့ ပါးပြင်ကို လက်ကလေးနှစ်ဘက်နဲ့ပွတ်ရင်း နာတယ်လို့ပါးစပ်က ညည်းညူဟန်ပြရင်းက သနားစရာ မျက်နှာအမူအရာမျိုး ဖြစ်လာပါတယ်။ ဆက်ပြီး တတိယမြောက်သိုင်းကွက်ကို ပြသတဲ့အခါ လက်နှစ်ဖက်က လက်အုပ်လေးချီပြီး ငုတ်တုတ်ကလေးထိုင်ရင်း ပါးစပ်က တတွတ်တွတ် ရေရွတ်နေတဲ့ မျက်နှာအမူအရာမျိုးလေးပေါ့။

"ပဥ္စမံ ဒါ ငါ့ရဲ့ သိုင်းကွက်ပဲ မြန်မြန်ကျင့်တော့"

မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးနဲ့ ခေါင်းကိုအလှည့်ကျ လက်နှစ်ဖက်နဲ့ တဗျင်းဗျင်းကုတ်ရင်း ယွမ်ကြွက်နီကသင်ပေးတဲ့ သိုင်းကွက် သုံးကွက်ကို ပဥ္စမံ ချက်ချင်းလေ့ကျင့်လိုက်ပါတယ်။ ဒါပေမယ့် သူ့ရဲ့သိုင်း သုံးကွက်ကို အချိန်အတော်ကြာသည်အထိ လေ့ကျင့်ပေမယ့် ဘာမှ ဖြစ်မလာပါဘူး။ ယွမ်ကြွက်နီလဲ စိတ်ဓာတ်ကျနေပြီ။ ဘာဖြစ်လို့ သူ့ရဲ့ သိုင်းကွက်တွေကို ကျင့်လို့မရသလဲပေါ့။ ဗိုက်ပူရသေ့ကလည်း တစ်ရေး တောင် နိုးလာပြီ။ ပဥ္စမံ ချက်ချင်းဆိုသလို အတွေးတစ်ခုရသွားပါတယ်။

"အခုမှသိတယ်။ ဒီမှာယွမ်ကြွက်နီ ခင်ဗျားရဲ့သိုင်းသုံးကွက်ကို ဘယ်ကျင့်လို့ရမလဲ။ အခုလို ခင်ဗျားရဲ့သိုင်းသုံးကွက်က ကောင်မလေး တွေကို ကိုယ်ကချစ်ခွင့်ပန်လို့ မစွံတဲ့အပေါ်မှာ အခြေခံပြီးဖြစ်လာတာ။ ကျွန်တော်က အချိန်တိုင်း၊ နေရာတိုင်းမှာ ကောင်မလေးတွေက ချစ်စကား စတင်အပြောခံရသူဆိုတော့ ဆန့်ကျင်ဘက်တွေ ဖြစ်နေတယ်။ ဘယ်လိုမှ မရဘူး။ အဲဒါ မှားယွင်းမှုတွေ ဖြစ်နေတယ်"

ထိုအခါ ယွမ်ကြွက်နီက ပေါင်ကိုလက်နဲ့ရိုက်ပြီး ရုတ်တရက် မျက်နှာညှိုးငယ်သွားရင်း . . .

"ဟုတ်တယ် ပဥ္စမံ၊ ငါက ငါ့ခံစားချက်နဲ့နှိုင်းပြီး နင့်ကို ပြောလိုက်တာကိုး။ နင်က မဒီတွေနဲ့စွံတဲ့လူပဲ။ ကိုယ့်ကိုခွင့်လွှတ်ပါကွာ။ ဒါပေမယ့် ကိုယ့်ရဲ့နောက်ဆုံးအတွင်းအားတွေ နင့်ကိုပေးလိုက်မယ်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



နင့်အတွင်းအားတွေ ပိုကောင်းလာအောင်လို့ နင်အရက်နှစ်ပက်ပဲ သောက်နိုင်ရာကနေ တစ်ထိုင်တည်းတစ်လုံးသောက်ပြီး ဘာမှမဖြစ်တဲ့ အတွင်းအားမျိုး ငါပေးမယ်လာ”

အဲဒီနောက် ယွမ်ကြွက်နီက သူ့လက်နှစ်ဖက်နဲ့ ပဥ္စမံဒီရိုင်းရဲ့ နောက်ကျောပြင်ကို ဖိလိုက်ပါတယ်။ စိတ်ထဲမှာ ယမကာနှစ်ပက်ဝင်သွားလို့ မူးတဲ့အရသာမျိုး ခံစားမိရဲ့။ တစ်ဆက်တည်းဆိုသလို ယမကာသုံးပက်အရသာမျိုး၊ အဲဒီကနေ လေးပက်၊ ငါးပက်၊ ခြောက်ပက်၊ ခုနစ်ပက်၊ ရှစ်ပက်၊ ကိုးပက်၊ ဆယ်ပက် အစရှိတဲ့ ပုလင်းတစ်လုံး ကုန်တဲ့အထိ ရီဝေဝေအရသာမျိုး စိတ်ထဲမှာ ခံစားနေရပါတယ်။

“ဟုတ်ပြီ နင်အတွင်းအားတွေ ပြည့်ပြီ။ ကဲ နင့်ကိစ္စဆက်ပေတော့။ ငါစာမူတွေ တောင်းရဦးမယ်။ ဒီဇိုင်းတွေလုပ်ရဦးမယ်။ ကြော်ငြာလိုက်ရဦးမယ်၊ ဒုက္ခပါပဲ။”

ပျာယီးပျာယာသိုင်းသမား ယွမ်ကြွက်နီက ရုတ်တရက်ဆိုသလို ပြေးထွက်သွားလိုက်တာ ဖုန်လုံးကြီးတွေတောင် သူနဲ့အတူလိုက်ပါသွားပါတယ်။ ပဥ္စမံဒီရိုင်းနဲ့ ရွှေကြိမ်လုံးဗိုက်ပူရသေ့လဲ ဆက်လက်ခရီးထွက်လာခဲ့ပါတယ်။ ညနေမိုးချုပ်ခါနီးပြီမို့ ဆူညံတဲ့ဂီတသံများကို ကြားနေရပါတယ်။ လှမ်းကြည့်လိုက်တော့ **“ဝက်သားပေါက်ဆီအစ ဂျုံနဲ့နယ်တာက”** ဆိုတဲ့ ဘီယာဆိုင်တစ်ခုကို တွေ့ရပါတယ်။ ရွှေကြိမ်လုံးဗိုက်ပူရသေ့က ခြေလှမ်းတွေကို အရင်ထက်ပိုသွက်အောင် အဲဒီဘီယာဆိုင်ရှိရာကို လျှောက်လှမ်းနေပါတယ်။

ဆိုင်ထဲကိုဝင်လိုက်တဲ့အခါမှာ အနီရောင်ဝတ်စုံနဲ့ လူတစ်ယောက်က စားပွဲပေါ်မှာရှိနေတဲ့ ဘီယာခွက်ထဲကို သူကိုင်ထားတဲ့ ပုလင်းထဲက အရက်တွေ သွန်ထည့်နေပါတယ်။ အဲဒီ ဘီယာခွက်ပိုင်ရှင်က တစ်ခြားစားပွဲမှာ မူးမူးနဲ့စကားတွေပြောနေတော့ သိပုံမရပါဘူး။ အနီရောင်ဝတ်စုံနဲ့

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



လူရဲ့ ပါးစပ်က "ဟီဟိ ဟီဟိ" လို့ရယ်ရင်းက သူ့နေရာမှာ ပြန်ထိုင်နေပါတယ်။

"ပဥ္စမံ ဒါ ဘီယာထဲအရက်မသိအောင်ရောတဲ့ သိုင်းသမား ဘိုမြူးဝေပဲ။ ကြည့် သူမလုပ်သလိုနဲ့ ခပ်တည်တည် ပြန်ထိုင်နေတာတွေ့လား"

"တွေ့တယ် ရသေ့ကြီး၊ ဟောကြည့် ညာဘက်အိတ်ထဲက ဖိတ်စာကို ရင်ဘတ်ကြားထဲ ထိုးထည့်နေတာတွေ့လား"

"တွေ့တယ်လေ။ သူက ဖိတ်စာမလိုဂိုဏ်းရဲ့ ခေါင်းဆောင်လေ။ **ဘယ်အလှူ ဘယ်နေရာပဲသွားသွား၊ ဖိတ်စာမပါဘဲသွားလို့ရတယ်။ စားလို့ရတယ်။ ပြုံးပြရင်ပြီးရော** ဆိုတဲ့ သိုင်းကွက်တွေနဲ့ သိုင်းလောကမှာ နာမည်ကြီးလာတာသူပေါ့"

ရွှေကြိမ်လုံးဗိုက်ပူရသေ့ကြီးက စကားပြောရင်းနဲ့ စားပွဲခုံလွတ်တစ်လုံးမှာ ဝင်ထိုင်လိုက်တယ်။ ပဥ္စမံဒီရိုင်းကလဲ သူ့ဘေးမှာ ဝင်ထိုင်လိုက်ပါတယ်။

အဲဒီလို ပဥ္စမံနဲ့ ရွှေကြိမ်လုံး ဗိုက်ပူရသေ့ကြီးတို့ နှစ်ဦးသား စင်မြင့်ထက်က ငဖောင်ရိုးမယ်လေးတွေ သီချင်းဆိုတာ အာရုံဝင်စားနေချိန်မှာ အသံကြားလို့ ကြည့်လိုက်တဲ့အခါ ပဥ္စမံဒီရိုင်းနဲ့ ဗိုက်ပူရသေ့ကြီးရဲ့ ဘီယာခွက်တွေထဲ အရက်ခိုးထည့်နေတဲ့ ဘိုမြူးဝေကို တွေ့လိုက်ရပါတယ်။

"ဒါ ဘာလုပ်တာလဲ"

"ဟဲ ဟဲ နောက်တာ၊ နောက်တာမသိဘူးမှတ်လို့ စကြည့်တာ ဘာဖြစ်သွားလို့လဲ"

"မစနဲ့ ဘိုမြူးဝေ။ ဘီယာနဲ့အရက်ပေါင်းရင် ပိုမူးတယ်"

ရွှေကြိမ်လုံးဗိုက်ပူရသေ့က **"ပွဲဆူအောင် စကြည့်မယ်"** သိုင်းကွက်နဲ့

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



တိုက်ခိုက်လို့ ဘိုမြူးဝေက **"သူများထက် သတင်းဦးတာကို သနားတယ်"** သိုင်းကွက်နဲ့ ပြန်လည်ခုခံပါတယ်။ ဒီသိုင်းကွက်ရဲ့ အလစ်အငိုက် ခံလိုက်ရတဲ့ ရွှေကြိမ်လုံး ဗိုက်ပူရသေ့ကို ကာကွယ်ဖို့ **"ဖိတ်စာတွေ ငါ့မှာလဲရှိတယ်" "စူပါရွှေ့ရောက် ကိုယ်ဒူးထောက်" "ရော့စီးကရက်ဘူး သောက်ဦးလေ"** ဆိုတဲ့ သိုင်းကွက်သုံးကွက်ကို ထုတ်သုံးရင်း ဗိုက်ပူရသေ့ရဲ့ အန္တရာယ်ကို ကာကွယ်လိုက်ပါတယ်။

"ဒီက နောင်တော်က အကျွန်ုပ်ရဲ့ သိုင်းကွက်တွေကို သိနေပုံထောက်ရင် တစ်ကိုယ်တော်သိုင်းသမား ပဥ္စမံဒီရိုင်း ဖြစ်ရမယ်။ ဟုတ်ပါစ"

ပဥ္စမံဒီရိုင်းက သူ့ရဲ့အမေးစကားကို ခပ်တည်တည်နဲ့ ခေါင်းညိတ်ပြလိုက်ပါတယ်။

"သေချာပြီ နောင်တော်ကြီးပဥ္စမံရယ်။ နောင်တော်ဟာ ဂျာနယ်လစ်ရာဇာသိုင်းကျမ်းကို လေထန်ကုန်းတောင်မှာ သွားယူမယ့်သူဆိုတာ ကျွန်တော်သိတယ်။ လွယ်တော့မလွယ်ဘူးဗျ။ သိုင်းဧကရာဇ်ကြီး ချွန်ဖြတ်ချိုင်ကလဲ ဒါကိုလိုချင်နေတာ။ ဒီတော့ နောင်တော် ပဥ္စမံကို ဒီသိုင်းကျမ်းကြီးယူဖို့ လျှို့ဝှက်ချက်တွေ ပြောပြထားမှဖြစ်မယ်"

"ဘာတွေများလဲ ဘိုမြူးဝေရဲ့။ မဟုတ်လို့ကတော့ ငါ့ရွှေကြိမ်လုံးကို ကြည့်"

ရွှေကြိမ်လုံးဗိုက်ပူရသေ့က ခပ်မာမာပြောရင်းမှ ပဥ္စမံဒီရိုင်းရဲ့ အင်္ကျီအိတ်ထဲက အရက်ဦးမင်းသားလေးပေးတဲ့ အသံဖမ်းကတ်ဆက် အစုတ်လေးကို ခလုတ်ဖွင့်ပြီး အသံဖမ်းဖို့ ပြင်ဆင်လိုက်ပါတယ်။

"ဒီသိုင်းဧကရာဇ်ကြီးနဲ့ ပဥ္စမံ ယှဉ်တဲ့အခါမှာ တစ်ဖက်ရဲ့ လျှို့ဝှက်ချက်တွေကို သိမှ . . . ဒီတော့ သိုင်းဧကရာဇ်ကြီးရဲ့ အဓိက သိုင်းကွက်ဖြစ်တဲ့ **"သိုင်းလောကကို နောက်ဖေးပေါက်ကဝင်လာတာ မဟုတ်ဘူး"** ဆိုတဲ့ မူလသိုင်းကွက်ကြီးရယ် . . . အဲ့ဒီက ဖြာထွက်လာတဲ့ သိုင်းကွက်ငယ်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



**"မွေးနေ့မှတ်တမ်းစာအုပ်ယူပြီး သိသိမသိ ဖော်ပြမှာပဲ". . . သိုင်းသမားမို့ ခေတ်ပုံကင်မရာ မကိုင်ရဘူးလား . . . သူများကို ပွဲဆူအောင်မလုပ်ဖို့ တားပေမယ့် ကိုယ်ကပွဲဆူအောင်ဖန်တီးပြ"** ဆိုတဲ့ သိုင်းကွက်တွေကို သုံးပြီးတန်ပြန်ထိုးစစ်ဆင်ရမယ်။ ဒီတော့ ပဥ္စမံကြီးက အခုအတွင်းအား ကောင်းနေတယ်။ ဒီသိုင်းကွက်တွေကို ချေဖျက်မယ့် သိုင်းကွက်တွေကို ကူညီပံ့ပိုးနိုင်တဲ့ သူတစ်ယောက်ရှိတယ်။ သူ့နာမည်က **"မျက်နှာမည်း ဟန်းချိန်း ကျင့်နန်းမိုး"** လို့ခေါ်တယ်။

ပဥ္စမံဒီရိုင်းက သိုင်းသမားဘိုမြူးဝေပြောတဲ့ မျက်နှာမည်း ဟန်းချိန်းကျင့်နန်းမိုးဆိုတဲ့ တစ်ကိုယ်တော်သိုင်းသမား မှတ်မိလိုက်ပါ တယ်။ ဘယ်လိုဖြစ်လို့ ဘိုမြူးဝေက သူ့ဆီကို လမ်းညွှန်ရပါလိမ့်ဆိုတာ တွေးမိပါရဲ့။ မျက်မှာမည်းလွန်းလို့ လက်မှာလဲ ရွှေဟန်းချိန်းအမြဲတမ်း ဝတ်လို့။ ထင်ရာကို မကြောက်မရွံ့ ထင်တိုင်းကြဲတိုက်ခိုက်တတ်လို့ မျက်နှာမည်းဟန်းချိန်း ကျင့်နန်းမိုးလို့ အမည်ရတဲ့ သိုင်းသမားနဲ့ ဘိုမြူးဝေ နဲ့က မတည့်ရေးချမတည့်။ ဘိုမြူးဝေက ဖိတ်စာမလိုဂိုဏ်းက၊ ကျင့်နန်းမိုး က ဖိတ်စာလို တစ်ကိုယ်တော်ဂိုဏ်းချုပ်၊ ဂိုဏ်းသားမရှိ။ တစ်ကိုယ်တည်း ကိုယ့်ဖာသာကိုယ် ထူထောင်ထားသူ။ ကျင့်နန်းမိုးရဲ့ **"ဖိတ်စာလိုတယ် သိုင်းသမားတွေ ထောက်ခံချက်ရေးခိုင်းမယ်" . . . "သိုင်းသမားတွေ လန့်အောင် စကားလုံးကြီးတွေသုံးပြမယ်"** ဆိုတဲ့ သိုင်းကွက်တွေအပြင် သူ့ရဲ့ သိုင်းလောကထဲမှာ ထင်ရှားတဲ့ ပွဲဆူစေတဲ့ သိုင်းကွက်ကတော့ **"သိုင်းလောကထဲ ဝင်လာတာ သိုင်းလောကမှာ ဆရာမရှိ"** ဆိုတဲ့ သိုင်းကွက်က အတော့်ကိုထင်ရှားခဲ့တာပါ။အခု ဘိုးမြူးဝေနဲ့ ကျင့်နန်းမိုးက ဘယ်လိုဖြစ်ပြီး တည့်သွားကြတာလဲလို့ အံ့သြမိပါတယ်။ ပဥ္စမံလိုပဲ ကက်ဆက်လေးကိုကိုင်ပြီး အသံဖမ်းနေတဲ့ ရွှေကြိမ်လုံးဗိုက်ပူရသေ့လဲ အံ့သြနေမှာအမှန်ပါပဲ။

ကြယ်ပွင့်စာပေ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



"ဒီမှာ ဘိုမြူးဝေရဲ့ ရသေ့ကြီးရွှေကြိမ်လုံး မေးပါရစေဦး မောင်ရင်နဲ့ ကျင့်နန်းမိုးက ဘယ်လိုလုပ် သင့်မြတ်သွားကြတာလဲ . . ."

"ဟဲ . . . ဟဲ . . . ဒါကဒီလိုပါ . . . ကျင့်နန်းမိုးလက်မှာပတ်တဲ့ ရွှေဟန်းချိန်းလိုမျိုး ကျုပ်လဲလက်မှာပတ်ထားတယ်လေ . . . အဲဒီ ရွှေဟန်းချိန်း ဝယ်ကတည်းက သူနဲ့ကျုပ် စိတ်ဓာတ်ချင်းကတူသွားပြီ . . . ညီညွတ်သွားတဲ့သဘောပေါ့။ ပြီးတော့ သိုင်းလောကကြီးကောင်းစားဖို့ ဝါသနာတူတွေ ဆိုတော့ဗျာ . . ."

အဲဒီနောက် ဘီယာစတေရှင်ဆိုင်ထဲက သုံးယောက်သား ထွက်ခွာ လာကြပါတယ်။ အပြင်ဘက်မှာတော့ လူသွားလူလာ အတော်လေးရှင်း သွားပြီပေါ့။

"ပဥ္စမံ ခင်ဗျားကိုမှာရဦးမယ် . . . ဒီကျင့်နန်းမိုးဆီသွားတဲ့အခါ အထူးသတိထားရမှာရှိတယ် . . . အဲ့ဒါက လမ်းခရီးမှာ မိတ်ကပ်နံ့၊ ရေမွှေးနံ့ရနေရင် သတိထားပါ။ မိတ်ကပ်မာမီဂိုဏ်းရဲ့ အလစ်ချောင်း တိုက်တာခံရတတ်တယ် . . . အဲ့ဒါကို ဂရုစိုက်နိုင်ရင် အားလုံးရှေ့ဆက် ရမယ့်ကိစ္စတွေ အဆင်ပြေကောင်းပါရဲ့ . . ."

သိုင်းသမားဘိုမြူးဝေရဲ့ အမှာစကားအဆုံးမှာ ဘိုမြူးဝေနဲ့ ပဥ္စမံဒီရိုင်းတို့ နှစ်ယောက်သား အခြားဆက်လုပ်ရမယ့်ကိစ္စတွေကို တိုင်ပင်ပြီး ရှေ့ဆက်ရမယ့် ခရီးအတွက် ရွှေကြိမ်လုံးဗိုက်ပူရသေ့နဲ့ ခရီးဆက်လာခဲ့ကြပါတယ်။

ပဥ္စမံဒီရိုင်းနဲ့ ရွှေကြိမ်လုံးဗိုက်ပူရသေ့ကြီးတို့ ခရီးဆက်လာတာ ခရီးအတော်ကြီးပေါက်လာပါပြီ။ သိုင်းသမားဘိုမြူးဝေရဲ့ ပြောပြချက်အရ ထူးခြားမှု ဘာမှမတွေ့ရသေးပါဘူး။ ဒီလိုနဲ့ မြင်နေရတဲ့ တောအုပ်ထဲကို ခရီးဆက်ဖို့ ဖြတ်သန်းဝင်ရောက် လာခဲ့ကြပါတယ်။ တောအုပ်ထဲကို ဝင်တဲ့အခါမှာ ထူးခြားချက်က ဘာသံမှမကြားရခြင်းပဲ ဖြစ်ပါတယ်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



တစ်တောလုံး တိတ်ဆိတ်ငြိမ်သက်နေပါတယ်။

"ပဥ္စမံကြီး သတိထားနော် . . . တောဆိုတာ တိရစ္ဆာန်တွေရဲ့ အသံတွေနဲ့ ဆူညံနေရမှာ အခုလို ဘာမှမကြားရတော့ တစ်ခုခုပဲ . . ."

ရွှေကြိမ်လုံးဗိုက်ပူရသေ့ရဲ့ သတိပေးသံစကားအဆုံး အနံ့တွေ ရသလို ခံစားလိုက်ရပါတယ်။ နှာခေါင်းအဝမှာ ရှူရှိုက်ရတဲ့အနံ့က ရေမွှေးလိုလို၊ ပေါင်ဒါနံ့လိုလို၊ မိတ်ကပ်နံ့လိုလိုနဲ့ပေါ့။ အနံ့တွေက တဖြည်းဖြည်း ကိုယ်နဲ့နီးကပ်လာသလို ထင်ရပြီး အဲဒီအနံ့အသက်တွေနဲ့တင် မူးချင်သလိုလို ဖြစ်လာပါတယ်။

" ဟဲ့ . . . ဟဲ့ . . ."

" ဖပ် . . . ဖပ် . . ."

" ဟယ် . . . မျက်နှာလေးက ချစ်စရာလေး . . ."

" ဟဲ့ ကောင်မ . . . ဒီမှာ ဗိုက်ရွှဲရွှဲကြီးနဲ့ . . ."

ရုတ်တရက်ဆိုသလို ပဥ္စမံဒီရိုင်းနဲ့ ရွှေကြိမ်လုံးဗိုက်ပူရသေ့ကြီးကို နှုတ်ခမ်းနီ၊ ပါးနီရဲရဲတွတ်အောင်ဆိုးထားပြီး လှလှပပဝတ်ဆင်ထားတဲ့ မိန်းကလေးတွေက ဝိုင်းထားလိုက်ကြပါတယ်။

" ပဥ္စမံကြီးရေ . . . ကောင်မလေးတွေက ချောလိုက်တာဗျာ . . . ဟီ. . . ဟီ. . . ကျုပ်တော့ သွားရည်ကျ . . ."

" ရသေ့ကြီး . . . ပေါက်ကရတွေ လျှောက်မပြောနဲ့ . . . လည်ပင်းမှာ စလုတ်တွေနဲ့ ကြည့်ပါလား . . . ဒါ မာမီတွေဗျ . . ."

ပဥ္စမံရဲ့ သတိပေးစကား မဆုံးခင်မှာပဲ။

"ဝိုး . . ."

"ဝိုး . . ."

"ဖြောင်း . . ."

"အမယ်လေး . . . များနာတယ် . . . နာတယ် . . ."

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



မထင်မှတ်ဘဲ သစ်ပင်ပေါ်ကနေ ကိုယ်ဖော်ပညာနဲ့ ခုန်ဆင်းလာပါတယ်။ ပြီးတော့ **"ဆယ်လူလာဖုန်း မသိအောင်ယူတာ တို့မဟုတ်"** ဆိုတဲ့ ဒေါသတကြီးသိုင်းကွက်နဲ့ အလစ်တိုက်ခိုက်တာကို ပဥ္စမံက ချက်ချင်းဆိုသလို **"မာမီ့နောက်လိုက် မိတ်ကပ်မမယူတာ"** ဆိုတဲ့ သိုင်းကွက်နဲ့ ပြန်လည်ခုခံလိုက်လို့ ဗေဒါရောင်ဝတ်စုံနဲ့ မာမီတစ်ယောက် ပုံလျက်သား လဲကျကာ ညည်းညူနေပါတယ်။

"ဟယ် . . . မာမီကို သူက တစ်ခါထဲလဲသွားအောင် တိုက်နိုင်တယ် . . . သိပ်တော်တာပဲ . . . သူ့ကို သွပ်ပြားတို့ယူမယ် . . . သိုင်းလောကနေထွက်ပြီး အလှပြင်ဆိုင်ဖွင့်ကျွေးမယ် . . . မိတ်ကပ်လိမ်းကျွေးမယ် . . . ယူမယ် . . . ယူမယ် . . . "

"သွပ်ပြားတို့ကတော့ ဟိုဘက်က ဗိုက်ရွဲရွဲကြီးပဲ ယူမယ် . . . ဗိုက်ခေါက်ကြီးကို လိမ်လိမ်ဆွဲပစ်မယ် . . . ရှယ်ပဲ . . . "

မိတ်ကပ်မာမီဂိုဏ်းချုပ် **စူပါမင်းသမီး လိမ်းပြောင်ပြောင်** လဲကျနေရာကနေ မထခင်မှာ ပဥ္စမံဒီရိုင်းနဲ့ ဗိုက်ပူရသေ့ကြီးရှိရာကို ရွေ့လာလို့ သူတို့ဝိုင်းလုတဲ့ဒဏ်နဲ့ စိစိညက်ညက်ကြေမှာကို တွေးကြောက်သွားမိပါတယ်။ မာမီတွေလက်ထဲမှာ ကိုယ့်ဘဝကို စိစိညက်ညက်ဖြစ်အောင်အထိ ဘယ်လိုနည်းနဲ့မှ အဖြစ်မခံနိုင်။ ထိုစဉ် . . .

"ပြွတ် . . . "

"ပဥ္စမံကြီး . . . ဒီမာမီက ကျုပ်ကိုနမ်းသွားပြီ . . . လုပ်ပါဦး . . . ဒုက္ခပါပဲ . . . "

အလန့်တကြားအော်လိုက်တဲ့ ရသေ့ကြီးအသံကြောင့် လှည့်ကြည့်မိတဲ့အခါမှာ ဗိုက်ပူရသေ့ကြီးရဲ့ ပါးပြင်မှာ နှုတ်ခမ်းနီရာတွေ တွေ့လိုက်ရပါတယ်။ ရသေ့ကြီးခမျာလဲ ရှက်နေတဲ့ အမူအယာမျိုးနဲ့မို့ ပဥ္စမံဒီရိုင်းလဲ မဖြစ်တော့ဘူးလို့ တွေးရင်းက **"လာရဲလာကြည့် အကုန်ကတုံး တုံးပစ်မယ်၊**

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



**မာမီတွေကို ဘောလုံးကန်ခိုင်းမယ်၊ လိုင်းကားခိုစီးခိုင်းမယ်၊ အုန်းပင်တက်ခိုင်းမယ်"** စတဲ့ သိုင်းကွက်လေးကွက်နဲ့ တရစပ် တန်ပြန်တိုက်ခိုက်လို့ နေပါတယ်။

"အမယ်လေး . . . ကိုကိုရဲ့ သွပ်ပြားတို့ကို တကယ်တိုက်ခိုက်တယ် တွေ့မယ် . . . ဖိနပ်နဲ့ကို ပါးချပစ်မယ် . . . သွပ်ပြားတို့ရဲ့ ပါးချတိုက်ကွက်က မိန်းကလေးတွေထက် လက်စောင်းပိုထက်တာ ပြကိုပြရမယ် . . . "

ပဥ္စမံဒီရိုင်းရဲ့ တိုက်ကွက်တွေအောက်မှာ အတုံးအရုံး ရှုံးနိမ့်နေကြတဲ့ မာမီအချို့က **"ဖိနပ်ကိုကိုင် ပါးရိုက်မယ်၊ မာမို့လက်ဝါးပါးမရွေး မာမီကိုယူရင် ရာသက်ပန်လုပ်ကျွေးမယ်၊ ယောကျ်ားလေးချောလို့ကြိုက်တာ မာမို့အပြစ်လား၊ ကျားဆိုရင် မာမီအကြိုက်တွေ့"** စတဲ့ သိုင်းကွက်တွေနဲ့ တရကြမ်းတိုက်ခိုက်ပါတယ်။

ရွှေကြိမ်လုံးဗိုက်ပူရသေ့ကြီးခမျာမှာလဲ မာမီဂိုဏ်းသားတွေနဲ့ စိန်ပြေးတမ်း၊ ထုပ်ဆီးတိုးတမ်း ကစားနေသလိုမျိုး ဖြစ်လို့ပေါ့။ မာမီတွေက မီးပွင့်တစ်ထောင်အနမ်းနဲ့ အလစ်ဝင်ဝင်ပြီး တိုက်ခိုက်နေလို့ သူ့လက်ထဲက ကြိမ်လုံးကြီးနဲ့ တရွှမ်းရွှမ်းမြည်အောင် ဝှေ့ယမ်းတိုက်ခိုက်နေရပါတယ်။

"အမယ်လေးဗျ . . . အဲတော့ . . . နာလိုက်တာ . . . သွပ်ပြားကို သူက တကယ်ရိုက်တယ် . . . "

မာမီတွေရဲ့ နာကျင်အော်ဟစ်သံတွေနဲ့အတူ ပဥ္စမံဒီရိုင်းက ရွှေကြိမ်လုံးဗိုက်ပူရသေ့ကြီးကို မျက်နှာရိပ် မျက်နှာကဲပြလိုက်ရင်းက မာမီဂိုဏ်းကို အပြတ်အသတ် အနိုင်တိုက်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။ နှစ်ယောက်သား ကျောချင်းကပ်ရင်း အဓိကလျှို့ဝှက်သိုင်းကွက်နှစ်ကွက်ကို ထုတ်သုံးလိုက်ပါတယ်။ အဲ့ဒီ သိုင်းကွက်နှစ်ကွက်ကတော့ အရေးကြုံမှ သုံးရတာပါ။

**ကြယ်ပွင့်စာပေ**

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



**"မာမီယောင်ဆောင်လို့ရယ် မိတ်ကပ်တို့ပတ် ရိုက်ပြမယ်၊ မိတ်ကပ်ဘူးကို ကိုင်ကာဆွဲ စူပါမင်းသမီးနောက်လိုက်မှာပဲ"** ဆိုတဲ့ သိုင်းကွက်နှစ်ကွက်နဲ့ပါ။

"ဖပ် . . . ဖပ် . . . အား . . . "

"ဖပ် . . . ဖပ် . . . အား . . . "

ပဉ္စမံဒီရိုင်းနဲ့ ရွှေကြိမ်လုံး ဗိုက်ပူရသေ့တို့ရဲ့ တိုက်ကွက်က ဘာမြန်သလဲ မမေးပါနဲ့။ မည်သို့မည်ပုံ တိုက်ခိုက်ကြောင်း စာနဲ့ရေးပြလို့ပင်မရပါ။ မိတ်ကပ်မာမီဂိုဏ်းသားတွေ အလဲလဲအကွဲကွဲနဲ့ကျဆုံးသွားကြပါတယ်။

"ပဉ္စမံကြီးရေ . . . ဒင်းတို့တွေ မထနိုင်တော့ဘူး . . . ကျုပ်တို့လဲ ပြေးကြရအောင် . . . "

ပဉ္စမံရဲ့လက်ကိုဆွဲပြီး ရွှေကြိမ်လုံးက အတင်းခေါ်လို့ တောအုပ်ထဲကနေ ခြေကုန်သုတ်ပြေးခဲ့ပါတယ်။

"အား . . . သေချင်းဆိုး . . . ကာလနာ ပဉ္စမံ၊ ငါ့ကို တက်နင်းသွားတယ် . . . ပါးချမယ် . . . ဟဲ့ အကောင် . . . "

ပြေးရင်းလွှားရင်း စောစောတုန်းက ပဉ္စမံဒီရိုင်းရဲ့ တိုက်ခိုက်မှုကြောင့် လဲရာကမထနိုင်တဲ့ မာမီဂိုဏ်းချုပ် စူပါမင်းသမီး မိတ်ကပ်လိမ်းပြောင်ပြောင်က သူ့ကို ပဉ္စမံတက်နင်းပြေးလို့ လှမ်းအော်ပါတယ်။ မတတ်နိုင်ပါ။ ပဉ္စမံနဲ့ ရွှေကြိမ်လုံးဗိုက်ပူရသေ့လဲ တောအုပ်ထဲကနေ ပိုဝေးတဲ့ ကျင့်နန်မိုးရှိရာကို မနားတမ်း အပြေးလှမ်းလျှက်ပေါ့။

အနောက်တောင်အရပ်မှာ မှုန်ပြာရီမှိုင်းနေပြီ။ ပဉ္စမံဒီရိုင်းနဲ့ ရွှေကြိမ်လုံးဗိုက်ပူရသေ့တို့လဲ ဘယ်သိုင်းကျမ်းမှာမှမပါတဲ့ အပြေးနှုန်းနဲ့ မိတ်ကပ်မာမီဂိုဏ်းသားတွေနဲ့ ဝေးရာကို ပြေးလာလိုက်တာ ကြော်သံ၊ လှော်သံ၊ ခေါ်သံ၊ လူသံ ဆူညံနေတဲ့ မြို့ကြီးတစ်မြို့ကို ရောက်လာပါတယ်။ လမ်းဘေးဝဲယာမှာလဲ ကြော်ငြာဆိုင်းဘုတ်တွေက အပြည့်ပါပဲ။

**ကြယ်ပွင့်စာပေ**

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



**ပဲဟင်း၏ ထူးကဲသောအရသာ၊ ရေနံချေးမှာ ဓာတ်ဆီမရောပါ။ ထန်းရည်အစ ထန်းနို့က။ စူပါဗေဒင်လွဲတယ်ဗျာ။ သသသမှ ဆန်းသစ်ထူးခြားတဲ့ သရက်သီးသနပ်၊ လူတွေမျှော်လင့်တာ လဆန်းသုံးရက်မှ ဆယ်ရက်ပါ။ ငိုယိုလွမ်းမောမျက်ရည်ကျဖို့ အားလုံးကြိုက်တာ တရုတ်ဇာတ်လမ်းတွဲတွေပါ။**

ကြော်ငြာဆိုင်းဘုတ်တွေရဲ့ "နာမည်ကို ရွှေကြိမ်လုံးဗိုက်ပူရသေ့က အော်ဖတ်နေလို့ ပဥ္စမံဒီရိုင်းရှက်တာနဲ့ စိတ်ထဲကဖတ်ပါလို့ သတိပေးရင်း မြို့လယ်ကောင်ရဲ့ လမ်းတစ်လမ်းထဲကို ချိုးဝင်လိုက်ပြီး **ဖိတ်စာလို မူမနေပါ** ဆိုတဲ့ သိုင်းသင်တန်းကျောင်းရှေ့မှာ ရပ်လိုက်ပါတယ်။ စေ့ထားတဲ့တံခါးကို တွန်းဖွင့်ပြီး သင်တန်းခန်းမထဲကို ရောက်တဲ့အခါ မျက်နှာမည်းမည်းနဲ့ လူတစ်ယောက်က သူ့ပလက်ကောက်ဝတ်မှာ ပတ်ထားတဲ့ ရွှေဟန်းချိန်းကို အကြိမ်ကြိမ်နမ်းနေတာတွေ့ရလို့ ဒီလူဟာ မျက်နှာမည်းရွှေဟန်းချိန်းမှန်း သိလိုက်ပါတယ်။

"ရပ်လိုက် မိတ်ဆွေ၊ ခင်ဗျားတို့ လူနှစ်ယောက်ဟာ တစ်ယောက်က ရသေ့ကြီး။ တစ်ယောက်က အဖြူရောင်ဝတ်စုံနဲ့လူ၊ ရသေ့ကြီးပါးမှာ နှုတ်ခမ်းနီရာတွေ့တယ်"

"ပဥ္စမံကြီး ဒီလူပြောတာ မှန်လှချည်လား" ဆိုတဲ့ ရသေ့ကြီးရဲ့ စကားမဆုံးမီ

"မှန်တာပေါ့ဗျ . . . ကျုပ်ရှေ့မှာ မှန်ရှိနေတာကိုး။ ဒါကြောင့်လဲ သိုင်းလောကမှာ ဖိတ်စာလို မျက်နှာမည်းရွှေဟန်းချိန်းလို့ နာမည်ကြီးနေတာလေ"

ပဥ္စမံဒီရိုင်းကတော့ သူ့ရဲ့ထက်မြက်မှုကို မချီးကျူးဘဲ မနေနိုင်ပါဘူး။

"ခင်ဗျားတို့ ကျုပ်ဆီလာတာ ဂျာနယ်လစ်ရာဇာသိုင်းကျမ်း

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



အတွက် မဟုတ်လား။ လမ်းမှာ အရုဏ်ဦးမင်းသားလေး၊ မော်ဒယ်ဂိုဏ်း၊ ယွမ်ကြွက်နီ၊ ဖိတ်စာမလို ဘိုမြူးဝေ၊ မာမီဂိုဏ်းတွေနဲ့ တွေ့ခဲ့တယ် မဟုတ်လား"

ပဉ္စမံဒီရိုင်းလဲ သူ့ကိုမလေးစားဘဲ မနေနိုင်အောင် ဖြစ်သွား မိရင်းက. . .

"ဒါတွေကို ခင်ဗျားဘယ်လိုသိတာလဲ ကျင့်နန်းမိုး"

"ဟဲ . . . ဟဲ သိတာပေါ့ဗျာ။ ဒီနေရာကိုရောက်ဖို့ ဒီလိုပဲ ဇာတ်လမ်းက ဖန်တီးထားရမယ်ဆိုတာ။ ဒါမျိုးကို ဒီအကြောင်းရေးတဲ့ စာရေးဆရာကလဲ ဒီလိုပဲရေးမှာကိုး"

သူ့စကားကြောင့် ပဉ္စမံဒီရိုင်းခမျာ ကိုယ့်နဖူးကိုယ် လက်နဲ့ရိုက်မိ မတတ် ဖြစ်သွားပါတယ်။

"အို . . . ဗိုက်ပူကြီးရယ် . . . ဗိုက်ပူကြီးရယ်" ရုတ်တရက် ဆိုသလို ပဉ္စမံဒီရိုင်း၊ ရွှေကြိမ်လုံးဗိုက်ပူရသေ့နဲ့ ကျင့်နန်းမိုးတို့ ရှိနေရာကို မာမီတစ်ယောက် စွေ့ခနဲရောက်လာလို့ အံ့အားသင့်သွားမိပါတယ်။

"များလေ . . . ဗိုက်ပူကြီးရဲ့ပါးကို နမ်းလိုက်တကည်းက ရှေးရေစက်ကြောင့် ထင်ပါရဲ့။ အရမ်း . . . အရမ်းကို ဗိုက်ပူကြီးကို စွဲသွားတယ်။ ဗိုက်ပူကြီးရယ် များကိုသနားပါ။ ဗိုက်ပူကြီးကို များလေ အိမ်ဦးခန်းမှာထားပြီး ဆံပင်ကောက်၊ အလှပြင်၊ မိတ်ကပ်လိမ်းပြီး လိုလေသေးမရှိအောင် ထားပါ့မယ်။ များနဲ့လိုက်ခဲ့နော်။ ဗိုက်ပူကြီးမရှိရင် မနေတတ်တော့ဘူး။ ဟီး . . . ဟီး . . . "

အဲဒီလို မာမီဂိုဏ်းသားက ငိုတဲ့အခါ ရွှေကြိမ်လုံးရဲ့ မျက်နှာ မှာလဲ ရုတ်တရက်ဆိုသလို ဝမ်းနည်းခြင်းအသွင်ဆောင်ရင်းက . . .

"ပဉ္စမံကြီးရယ် လူတစ်ယောက်ရဲ့ ဆန္ဒကို ဖြည့်ဆည်းကောင်း ပါတယ်။ ရသေ့ကြီးရဲ့ဘဝမှာ ဒီလိုမျိုးရသေ့ကြီးကို လေးစားတဲ့လူမျိုး

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



မတွေ့ဖူးဘူး။ ဒီတော့ ကုသိုလ်ယူတဲ့အနေနဲ့ ကျုပ်ဆုံးဖြတ်လိုက်ပြီ။ ဒီတော့ ရှေ့ဆက်မယ့်ခရီးကို ပဥ္စမံကြီးက ဟောဒီက ကျင့်နန်းမိုးနဲ့ပေါင်းပြီး ဆက်လက်ဆောင်ရွက်ပါ။ ရသေ့ကြီးတော့ ဒီကမာမီလေးနဲ့ လိုက်သွားပြီး သူ့ရဲ့အလှပြင်ဆိုင်၊ မိတ်ကပ်လိမ်း၊ ဆံပင်ညှပ်ကိစ္စတွေကို ဆောင်ရွက်ပေးလိုက်ပါ့မယ်။ ခွင့်လွှတ်ပါ ပဥ္စမံရယ်"

ပဥ္စမံဒီရိုင်းနဲ့ ကျင့်နန်းမိုး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြပါတယ်။ အကြည့်တွေရဲ့ အဓိပ္ပာယ်ကတော့ ရွှေကြိမ်လုံး ဗိုက်ပူရသေ့ကို စွန့်လွှတ်လိုက်ရတော့မယ်ဆိုတာပါပဲ။

"ဘာတတ်နိုင်မလဲ ရသေ့ကြီးရယ် သိုင်းကျမ်းထက် သိုင်းလောကကြီးအတွက် မာမီတို့အရေးက မရှိမဖြစ်လိုအပ်တယ်လေ"

ပဥ္စမံဒီရိုင်းက အဲဒီလို ပြောလိုက်တဲ့အခါ ရသေ့ကြီးက သူ့အိတ်ကပ်ထဲက အသံဖမ်းကက်ဆက်ကလေးကို ထုတ်ပေးပါတယ်။ အဲဒီနောက် ပဥ္စမံဒီရိုင်းနဲ့ ကျင့်နန်းမိုးတို့နှစ်ယောက်က ရသေ့ကြီးနဲ့မာမီကို မြို့ပြင်ရောက်တဲ့အထိ လိုက်ပို့ကြပါတယ်။ လမ်းခွဲခါနီးမှာ ရသေ့ကြီးက ပဥ္စမံဒီရိုင်းကို ခွဲခွာရလို့ ဝမ်းနည်းတဲ့ အမူအရာပြပေမယ့် ရသေ့ကြီးဘေးနားက မာမီကတော့ ပျော်မြူးတဲ့ အမူအရာမျိုးနဲ့ ရသေ့ကြီးလက်ကို ချိတ်ပြီး ထွက်သွားပါတော့တယ်။

"ပဥ္စဒီရိုင်း . . . ဆေးဖြစ်ဝါးဖြစ်လောက် သောက်တတ်စားတတ်သလား"

ကျင့်နန်းမိုးရဲ့ အမေးစကားမဆုံးခင် ပဥ္စမံဒီရိုင်းက သူ့လက်ကို ဆွဲရင်း အနီးအနားမှာရှိတဲ့ စတေရှင်တစ်ခုထဲ လှမ်းဝင်လိုက်ပြီး အရက်တစ်အိုးနဲ့ အမြည်းမှာလိုက်ပါတယ်။

"ဟာ ပဥ္စမံကြီး သောက်တာမြန်လိုက်တာ။ ကျုပ်တစ်ခွက်မကုန်သေးဘူး ခင်ဗျားက အရက်တစ်အိုးနီးပါးသောက်ချလိုက်ပြီ။"

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



"မအံ့သြနဲ့ မျက်နှာမည်းကြီးရေ . . . အဲဒါ ယွမ်ကြွက်နီရဲ့ အတွင်းအားကြောင့် . . ."

ပဉ္စမံဒီရိုင်းရဲ့ စကားကို ကျင့်နန်းမိုးက အကျေနပ်ကြီး ကျေနပ်နေပါတယ်။ ကျင့်နန်းမိုးရဲ့ သိုင်းသင်တန်းကျောင်းဆီ ပြန်ရောက်တဲ့အခါ ဂျာနယ်လစ်ရာဇာသိုင်းကျမ်းကိုရယူဖို့ ကျင့်နန်းမိုးနဲ့ ပဉ္စမံဒီရိုင်း နှစ်ယောက်သား အသံဖမ်းကက်ဆက်ခွေထဲက ဘိုမြူးဝေပြောတဲ့ အကြောင်းအရာတွေကို နားထောင်ကြပါတယ်။ ပြီးမှ ကျင့်နန်းမိုးက . . .

"ဒီမှာ . . . ပဉ္စမံကြီး . . . ဂျာနယ်လစ်ရာဇာသိုင်းကျမ်းကိုရဖို့ ဘာမှမပူနဲ့။ အခု ကက်ဆက်ထဲက လျှို့ဝှက်ချက်တွေနဲ့တင် လုံလောက်တယ်။ သိုင်းဧကရာဇ်ကြီး ချွတ်ဖြုတ်ချိုင်ရဲ့ သိုင်းကွက်တွေကို ဖျက်ဖို့ သိုင်းကွက်က ရှိပြီးသား။ ဒီမှာကြည့် . . ."

ကျင့်နန်းမိုးက သိုင်းဧကရာဇ်ကြီးရဲ့ သိုင်းကွက်တွေကို အနိုင်ယူဖို့ သိုင်းကွက်တွေ ပြသပါတယ်။ ကျင့်နန်းမိုးရဲ့ သိုင်းကွက်တွေကလဲ သိုင်းလောကသားတွေ အတုယူလောက်အောင် ဗျူဟာမြောက်ပါပေရဲ့။

**သိုင်းလောကကို ပြတင်းပေါက်က ဝင်တော့လွယ်တာပေါ့။ မှတ်တမ်းစာအုပ် ယူတာသိလို့ ဟီဟီလို့ရယ်လိုက်မယ်။ သိုင်းသမားမို့ ကင်မရာမကိုင်ဘူး။ ဓာတ်ပုံဆရာ သီးသန့်ထားတယ်။ ကိုယ်က ပွဲဆူအောင် လုပ်ပြီး ကိုယ်ပြန်အဆုံးမသတ်နိုင်။ ကိုယ့်ပေါင်ကိုယ်လှန်ထောင်း** အစရှိတဲ့ သိုင်းကွက်တွေဖြစ်နေလို့ပါ။

"ကဲ . . . ပဉ္စမံကြီး . . . ခင်ဗျားနဲ့ကျုပ် ဒီသိုင်းကွက်တွေ အတူတူကျင့်ပြီး နောက်သုံးရက်ကြာရင် ခရီးထွက်မယ်"

အဲဒီလိုနဲ့ ကျင့်နန်းမိုးရယ် ပဉ္စမံရယ် သိုင်းကွက်တွေကို နှစ်ရက်တိတိ နေ့မနား ညမနား လေ့ကျင့်ပြီးတော့ တတိယမြောက်နေ့မှာ လေထန်ကုန်းတောင်ပေါ်ကို ခရီးဆက်ထွက်လာကြပါတယ်။ ခရီး

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ထွက်လာခဲ့တဲ့ လမ်းတစ်လျှောက်မှာ တမျှော်တခေါ် ကွင်းပြင်ကျယ်ကြီးတွေကို လှမ်းတွေ့ရပါတယ်။ အဲဒီအချိန်မှာပဲ . . .

**"ဂိုး . . . ဂိုး . . . "**

အမှတ်မထင် လေထဲကနေ ဘောလုံးတစ်လုံးလို လူအုပ်ကြီးဝဲပျံလာရင်း ပဥ္စမံဒီရိုင်းနဲ့ ကျင့်နန်းမိုးတို့ကို ဝိုင်းထားလိုက်ပါတယ်။

**"ပဥ္စမံကြီး . . . ဒါ ဘောလုံးဂိုဏ်းကပဲ။ တာလီမှတ်လောက်အောင် ဂိုးသွင်းမယ်** ဆိုတဲ့ သိုင်းကွက်ကို ကျုပ်ထုတ်သုံးပြမယ်"

ကျင့်နန်းမိုးက အဲဒီလိုပြောရင်း တစ်ယောင်ချင်းဆီကို ခြေထောက်နဲ့ ဘောလုံးဂိုးသွင်းသလိုမျိုး တရစပ်တိုက်ခိုက်လိုက်တာ ဘောလုံးဂိုဏ်းသားတွေ လဲကျလွင့်စင်ကုန်ပါတယ်။ ဒီလောက်သွက်တဲ့ ခြေထောက်မျိုး တစ်မိုးအောက်တစ်ယောက် မရှိပါဘူး။ အဲဒီအချိန်မှာ ရယ်သံကြားလို့ လှည့်ကြည့်လိုက်တော့ ဘောလုံးဂိုဏ်းချုပ်ကြီးကို တွေ့လိုက်ရပါတယ်။

''ဒီလိုနဲ့ လေထန်ကုန်းတောင်ပေါ်ကို သွားလို့ရမလား။ ပဥ္စမံဒီရိုင်းနဲ့ ကျင့်နန်းမိုးတို့ သွားမယ်ဆိုတာသိလို့ ဒီကိုလာစောင့်နေတာ"

**ဘောလုံးဂိုဏ်းချုပ်ကြီး ယွန်အော်ကြွေး** က ပြောလိုက်ပါတယ်။ အဲဒီလိုပြောနေချိန်မှာပဲ လဲကျနေတဲ့ ဘောလုံးဂိုဏ်းသားတွေကလဲ အလူးအလဲထလာရင်းက ပဥ္စမံဒီရိုင်းနဲ့ ကျင့်နန်းမိုးတို့ကို ဝိုင်းထားပါတယ်။ သူတို့အားလုံး ဘောလုံးကိုင်သူကိုင်၊ ခြေထောက်နဲ့ ဘောလုံးတော့သူကတော့နဲ့ ပဥ္စမံနဲ့ ကျင့်နန်းမိုးတို့နှစ်ယောက်ကို တိုက်ခိုက်ဖို့ အသင့်ပြင်လျက်ရှိနေပါတယ်။ သူတို့တစ်တွေ တိုက်ခိုက်မယ့်သိုင်းကွက်က ဘောလုံးဂိုဏ်းက နောက်ဆုံးတီထွင်ထားတဲ့ **တိုတယ်လ်ဖွတ်ဘောကစားတာ မောတယ်** ဆိုတဲ့ သိုင်းကွက်သုံးကွက်ဖြစ်ကြောင်း တွေ့ရပါတယ်။ "ဗွိုး" "ဗွိုး"

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ဝီစီသံလိုလို ဘောလုံးပွဲတစ်ပွဲ ကျင်းပသလိုလိုပေါ့။ ဘောလုံးဂိုဏ်းသားတွေနဲ့ ပဥ္စမံဒီရိုင်းရယ်၊ ကျင့်နန်းမိုးတို့ရယ် တိုက်ခိုက်နေတာ တကယ့်ဘောလုံးပြိုင်ပွဲကြီးတစ်ပွဲ ကျင်းပနေသလိုပါပဲ။ အနီကတ်တွေ၊ အဝါကတ်တွေ၊ သတိပေးစကားတွေနဲ့အတူ ရှုပ်ထွေးသွားပါတယ်။

**ဗွက်ထူကွင်းမှာလဲ ကန်နိုင်တယ်၊ ရေဝပ်တာလောက်တော့ ရယ်တာပေါ့။ ကွင်းလယ်ကျော်အောင် ကန်တတ်တယ်၊ မနိုင်ရင် လူချမယ်** ဆိုတဲ့ တန်ပြန်သိုင်းကွက်တွေကို ပဥ္စမံဒီရိုင်းက ထုတ်သုံးပြီး တရစပ်တိုက်ခိုက်လိုက်ပါတယ်။ ကျင့်နန်းမိုးကလဲ ဘောလုံးကို ခေါင်းခုန်တိုက်သလိုမျိုးနဲ့ **ပင်နယ်တီရဖို့ လက်ကိုထိအောင်ကန်မယ်၊ ကိုယ့်ကွင်းမှာဆို ကိုယ်နိုင်တယ်** ဆိုတဲ့ သိုင်းကွက်တွေနဲ့ တိုက်ခိုက်ပါတယ်။

"အား" "အား"

ပဥ္စမံနဲ့ ကျင့်နန်းမိုးတို့ရဲ့ နှစ်ယောက်သား ပူးပေါင်းတိုက်ခိုက်မှုတွေကြောင့် ဘောလုံးဂိုဏ်းသားတွေဟာ ပွဲပြီးကာနီးမှ အလစ်ဂိုးသွင်းခံလိုက်ရလို့ ရှုံးသွားသလိုမျိုးနဲ့ ဒဏ်ရာအနာတရ ဖြစ်ကုန်ကြတာကို တွေ့ရပါတယ်။

"ပဥ္စမံကြီးတို့က ဘယ်ဆိုးလို့လဲ။ တစ်ပွဲတစ်လမ်း ကျုပ်နဲ့ အကဲစမ်းလိုက်ကြရအောင်။ ဘောလုံးဂိုဏ်းချုပ်ကြီးဖြစ်သူ ယွန်အော်ကြွေးက **ဖာဂူဆန်လို ဖလားသုံးလုံး အိပ်မက်ထဲမှာ ရအောင်ယူပြမယ်** ဆိုတဲ့ သိုင်းကွက်နဲ့ စတင်တိုက်ခိုက်ပါတယ်။ သူ့တိုက်ကွက်က အင်မတန်ပြင်းထန်လှပါတယ်။ အလွတ်တည်ကန်ဘော၊ ခေါင်းတိုက်ဘော၊ တစ်ဦးချင်းလူငါးယောက်ကို လွတ်လွတ်ကျွတ်ကျွတ်ဆွဲကန် ဂိုးသွင်းသလိုမျိုးနဲ့ တိုက်ခိုက်တာပါ။ ပဥ္စမံဒီရိုင်းနဲ့ ကျင့်နန်းမိုးတို့ အလူးအလဲရှောင်ရှားရင်းက **ဘက်ခမ်းမပါလို့ ရမလား။ ဘောလုံးသမားကို ပိုက်ဆံအများကြီးပေးမဝယ်ဘူး။ ရှိတဲ့လူနဲ့ ရအောင်ကန်မယ်** ဆိုတဲ့ ကမ္ဘာသုံး ကမ္ဘာသိ လျှို့ဝှက်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



သိုင်းကွက်ကို ထုတ်သုံးလိုက်ပါတယ်။ ရုတ်တရက်ဆိုသလို ဘောလုံးဂိုဏ်းချုပ်ကြီး အံ့အားသင့်ရင်းမှ **ဇီဂိုကို လာဇီယိုက ခေါ်ပြီး၊ အင်တာမီလန်ကဂျော့ဝီယာ မန်ချက်စတာစီးတီးမှာ ကစားပြီ။ နာကာတာ မန်ချက်စတာယူနိုက်တက်မှာ ကစားမယ်။ ဘားသက်နဖူး ရှိုင်ကိန်းနမ်းပြီ** ဆိုတဲ့နောက်ဆုံးပေါ် အဆင့်မြင့်သိုင်းကွက်တွေကို ထုတ်သုံးပါတယ်။ အဲဒီသိုင်းကွက်တွေဟာ မသိတဲ့သိုင်းသမားတွေအဖို့တော့ ကြောက်စရာကောင်းတဲ့ သိုင်းကွက်တွေပါ။

"ပဥ္စမံကြီး ဘောလုံးဂိုဏ်းချုပ်ကြီးကတော့ တကယ့်ကို သူ့ပညာတွေ အားကစားစာစောင်တွေမှာရေးသလို လက်စွမ်းပြနေပြီ။ ရယ်တော့ရယ်ရတယ်။ ဒီတော့ ဒီတစ်ချီ သူ့ကိုပွဲသိမ်းရမယ် ကဲ . . . "

"ယား"

ပဥ္စမံဒီရိုင်းနဲ့ ကျင့်နန်းမိုးတို့နှစ်ဦး အတွင်းအားတွေ ပြိုင်တူထုတ်သုံးရင်း ဘောလုံးဂိုဏ်းချုပ်ကြီးကို ပွဲသိမ်းသိုင်းကွက်နဲ့ တိုက်ခိုက်ဖို့ ပြင်ဆင်လိုက်ပါတယ်။ အဲဒီသိုင်းကွက်က ပဥ္စမံဒီရိုင်းအနှစ်နှစ် အလလက လေ့လာထားတဲ့ သိုင်းကွက်ပါ။ **နိုင်ငံခြား အားကစားသတင်းအမှားတွေ ရေးမိတာ မရှက်ဘူးလား** ဆိုတဲ့ အဆင့်မြင့်သိုင်းကွက်ပါ။ တစ်ဆက်တည်း ဆိုသလို **ပြိုဟ်တုစလောင်းက တိုက်ရိုက်ကြည့်ထားတာ** ဆိုတဲ့ နောက်ဆုံး ပိတ်သိုင်းကွက်ကို ထုတ်သုံးလိုက်တဲ့အခါမှာ ဘောလုံးဂိုဏ်းချုပ်ကြီး ခမျာလဲ အချိန်အနည်းငယ်အတွင်းမှာ ပဥ္စမံဒီရိုင်းတို့ရဲ့ တိုက်ခိုက်မှုကို မခံနိုင်ဘဲ ခြေကုန်လက်ပန်းကျရင်းက သတိလစ်မတတ် ဖြစ်သွားတာကို တွေ့လိုက်ရပါတယ်။

"ပဥ္စမံတို့နှစ်ယောက် တော်ပါတော့ဗျာ။ ကျုပ်ရဲ့ ဘောလုံးဂိုဏ်းကို နိုင်အောင်တိုက်နိုင်တာ အံ့ဩမိပါတယ်။ အခုဆို လေထန်ကုန်းတောင်ပေါ်ကို သွားရမယ့်ခရီးက သိပ်မဝေးတော့တာမို့ မှာလိုက်ပါရစေ။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



လမ်းမှာ ဘောလုံးကို ပါးစပ်နဲ့မနားတမ်း နည်းပြဆရာလိုလို အစီအစဉ် ကြေညာသလိုလိုနဲ့ ကြားရသူအပေါင်းကို စိတ်ညစ်အောင် အစွမ်းပြနိုင်တဲ့ သိုင်းသမားရှိတယ်။ သူရှိတဲ့ အရပ်ကိုဖြတ်ရင် သတိထားပါ။ သူ့အသံ တွေကို ရှောင်ရှားပြီးသွားပါ။ ထိပ်တိုက်တွေ့ရင်လဲ ဘယ်လိုယှဉ်ပြိုင်မလဲ ဆိုတာ အကြံထုတ်ပါ။ သူ့ရဲ့အန္တရာယ်ကို ကျော်နိုင်ရင်တော့ ဂျာနယ်လစ် ရာဇာသိုင်းကျမ်းရဖို့က လွယ်သွားပြီ။

ဘောလုံးဂိုဏ်းချုပ်ကြီးက မှာကြားရင်း သူ့ရဲ့အိတ်ကပ်ထဲမှ စာအုပ်လေးတစ်အုပ် ထုတ်ပေးပါတယ်။

"ဒါ . . . ဘောလုံးဂိုဏ်းရဲ့ ဘောလုံးသိုင်းနည်းစနစ် စာအုပ်။ လမ်းမှာ ဖတ်နိုင်သလောက် ဖတ်သွားပါ။ အသုံးချလို့ ရပါလိမ့်မယ်။"

ပဉ္စမံဒီရိုင်းနဲ့ ကျင့်နန်းမိုးတို့လဲ ဘောလုံးဂိုဏ်းချုပ်ကြီးပေးတဲ့ စာအုပ်လေးကိုယူရင်း ခရီးဆက်ထွက်လာခဲ့ကြပါတယ်။ ညက မှောင်လဲ မှောင်၊ မိုးတွေကလဲချုန်း၊ မိုးတွေလေတွေ အပြိုင်ရွာလိုက်၊ လေတိုက် လိုက်နဲ့ ချမ်းလွန်းလို့ အနီးအနားမှာရှိတဲ့ ဇရပ်ကြီးတစ်ဆောင်မှာ တစ်ညတာနားခိုဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ဇရပ်ထဲရောက်တဲ့အခါ ဇရပ်ထဲမှာရှိနေတဲ့ ထင်းတွေနဲ့ မီးဖိုကမီးအလင်းရောင်နဲ့ နှစ်ယောက်သား ဖတ်ရင်း အိပ်ပျော်သွားလိုက်တာ နောက်တစ်နေ့မိုးလင်းမှပဲ အိပ်ရာက နိုးပါတော့တယ်။

ဒီလိုနဲ့ ကျင့်နန်းမိုးနဲ့အတူ ပဉ္စမံဒီရိုင်းတို့ လေထန်ကုန်း တောင်ပေါ်ကို ခရီးဆက်လက် ထွက်ခွာလာခဲ့ကြချိန်မှာ ရာသီဥတုဟာ မနေ့ကနဲ့မတူဘဲ တမူထူးခြား သာယာနေလေရဲ့။

မြင်းနှစ်ကောင်ပေါ်မှာ လူနှစ်ယောက် တစ်ယောက်က ဝတ်စုံဖြူ နဲ့၊ တစ်ယောက်က သူ့အသားအရေနဲ့လိုက်ဖက်တဲ့ ဝတ်စုံအနက်ကို ဝတ်ဆင်ထားတယ်။ အဲဒီနှစ်ယောက်ကတော့ အားလုံးသိထားတဲ့

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ပဥ္စမံဒီရိုင်းနဲ့ မျက်နှာမည်းရွှေဟန်းချိန်း ကျင့်နန်းမိုးတို့ပါပဲ။

"ပဥ္စမံကြီး ရှေ့မှာ မြို့တောင်ရောက်တော့မယ်။ ဘောလုံးဂိုဏ်းချုပ်ကြီးပြောတဲ့ လူလဲမတွေ့သေးပါလား"

ကျင့်နန်းမိုးရဲ့ စကားအဆုံးမှာ အဝေးတစ်နေရာကနေ လွင့်ပျံ့လာတဲ့ အသံသဲ့သဲ့ကို ကြားလိုက်ရပါတယ်။ သီချင်းဆိုနေသလိုလို၊ ကဗျာရွတ်နေသလိုလိုမျိုးပေါ့။

**တွန့်ခေါက်နေတဲ့ မြွေလို**
**လမ်းတွေဟာ ချိုင့်တွေပေါ**
**မိုးတွင်းအခါ ရေတွင်စင်**
**ဗွက်တွေထ**
**အမှိုက်ပုံဘေးက ထမင်းဆိုင်**
**လက်မှတ်တန်းစီသလို**
**လူကစည်**
**ကြော်ငြာသရုပ်ဆောင်**
**ကောင်မလေး**
**ငါ့ရည်းစားအဖြစ်**
**အိပ်မက်တွေ ခဏခဏပေး**
**ပေးစမ်း စည်ဘီယာ**
**ဆောခရတ္တိရဲ့ အဆိပ်နဲ့**
**လဲသောက်မယ်။**

"ကျင့်နန်းမိုးကြားလား။ ဒါမော်ဒန်ကဗျာဆရာ တစ်ကိုယ်တော်သိုင်းသမား ပေါင်သြလွယ်ရဲ့အသံ။ သူလာရင် ကြည့်နေ၊ ကဗျာတွေရွတ်ရင်း အဲဒီကဗျာတွေဟာ သိုင်းလောကအတွက် ဘယ်လောက်အကျိုးရှိကြောင်း၊ သိုင်းလောကကြီးအတွက် သူ့ရင်ဘတ်ကြီးနဲ့ ဘယ်နှဇက

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ထွန်ယက်ခဲ့ကြောင်း၊ ရန်သူတွေကို အဲဒီကဗျာစကားလုံးတွေနဲ့ သိုင်းကွက်ဖော်ပြီး တိုက်ခိုက်လို့ရကြောင်းပြောရင်းက အရက်ဖိုးတောင်းမယ်။ ရှိတဲ့ပစ္စည်းတောင်းမယ်။ မော်ဒန်ကဗျာသိုင်းဂိုဏ်းကို နာမည်ဖျက်နေတဲ့ လူပေါ့"

"ဟာ . . . ဒါဆို မဖြစ်ဘူး။ ကျုပ်ရဲ့ ရွှေဟန်းချိန်း အမြန်သိမ်းမှ။ တော်ကြာ အတင်းတောင်းနေဦးမယ်။ ဒါက လှုပ်ဖြူသိုင်းမယ်တွေရှေ့မှာ ကြွားဖို့ဗျ၊ မဖြစ်သေးဘူး"

ကောက်ကာငင်ကာဆိုသလို ကျင့်နန်းမိုးက သူ့ရဲ့ရွှေဟန်းချိန်းကို အမြန်ဝှက်လိုက်ပါတယ်။ အဲဒီအချိန်မှာ ကဗျာရွတ်သံက ပဥ္စမံဒီရိုင်းတို့ အနား ရောက်လာပါတယ်။

"သာယာတဲ့ ဟောဒီအဆုံးမဲ့ ကောင်းကင်ပြာအောက်မှာ ကမ္ဘာကြီးထဲက အစက်ငယ်နှစ်စက်ကို တွေ့လိုက်ရတာ ဘဝသံသရာသီချင်းကို သတိရတယ်။ သေချာတာတစ်ခုကတော့ အတ္တတွေနဲ့ ရွက်လွင့်တဲ့ ဒီက ခင်ဗျားတို့နှစ်ယောက် အမှတ်သညာရှိတဲ့ ဒေသတစ်ခုဆီကို ခရီးထွက်မယ် မဟုတ်လား"

စကားကို အဆက်မပြတ်ရေပက်မဝင် အသက်မရှူဘဲပြောနေတဲ့ မော်ဒန်ကဗျာသိုင်းသမား ပေါင်ဩလွယ်ကိုကြည့်ပြီး ပဥ္စမံဒီရိုင်းနဲ့ မောင်နန်းမိုးတို့နှစ်ယောက် အာခေါင်ခြောက် ရေငတ်လာသလိုမျိုး ခံစားလိုက်ရပါတယ်။

"ခင်ဗျားတို့နှစ်ယောက်ရဲ့ မျက်နှာမှာ ဓားနှစ်လက်ကို အားကိုးတဲ့ မျှော်လင့်ချက်တွေ ရှိနေတယ်။ အဲဒီဓားနှစ်လက်ကို အသူရာချောက်ထဲ ပစ်။ ကျုပ်နဲ့အတူ တောတောင်ရဲ့ သဘာဝ၊ စမ်းရေစီးသံနဲ့ ငှက်တွေရဲ့ ဂီတကိုခံစား၊ လာမိတ်ဆွေတို့ ကဗျာတွေ ရွတ်ဆိုရအောင်"

ပေါင်ဩလွယ်က တကယ့်ကို ညင်သာပျော့ပျောင်းတဲ့ လေသံမျိုးနဲ့

www.linhtet.com
လင်းထက် မြန်မာ မှ စီစဥ်တင်ဆက်သည်



ပြောရင်းက ရုတ်ချည်းဆိုသလို . . .

"အဲဒီလိုအရာတွေ ဖန်တီးဖို့ အခုချိန်မှာ ကျုပ်ရဲ့ ခန္ဓာကိုယ် စက်ယန္တရားကြီးက သဘာဝလောင်စာလိုနေတယ်။ သူ့ကို ဖြည့်စွမ်းမှ လိုရာကိုရောက်နိုင်မှာ။ ဒီတော့ ဟဲ . . . ဟဲ . . . ကျုပ်ကို အရက် တစ်လုံးဖိုးလှူဗျာ"

ကျင့်နန်းမိုးက ပဋ္ဌမံပြောပြထားလို့ သိထားပြီးသားမို့ သူ့ရဲ့ နားဒုက္ခ မခံချင်တာနဲ့ အရက်တစ်လုံးဖိုး ငွေထုတ်ပေးလိုက်တဲ့အခါ ပေါင်ဩလွယ်က . . .

"ဟာ . . . ဒီဘက်က မျက်နှာမည်းနဲ့ညီငယ်ရဲ့ အဝတ်အစားက သစ်လွင်တောက်ပနေတယ်။ ကိုယ်တို့က ရင်ခုန်သံချင်းတူတဲ့ သွေးကြော တွေ မဟုတ်လား။ ယဉ်ကျေးမှုပွဲတော်ကို ကျင်းပတဲ့အခါမှာ ရင်ခုန်သံချင်း တူညီမှုဖြစ်မှာမို့ ညီငယ်ရဲ့ဝတ်စုံ ကိုယ့်ကိုစွန့်ကြဲရင် ဘဒ္ဒကမ္ဘာမှာရှိတဲ့ သူတော်စင်အပေါင်း ကောင်းချီးပေးမှာပါ။ ကျေနပ်နော် ညီငယ်"

ပေါင်ဩလွယ်စကားကြားတဲ့အခါ ကျင့်နန်းမိုးက . . .

"မပေးဘူးဗျာ၊ ခင်ဗျားက မော်ဒန်ကဗျာသိုင်းလောကကို အရောင်ဆိုးပြီး နာမည်ပျက်အောင် လုပ်နေတာ။ ခင်ဗျားကြောင့် မော်ဒန် ကဗျာဂိုဏ်းသားတွေ နာမည်ပျက်တာ"

"ဩော် . . . မင်းက ဒီလိုလား"

"ယား" "ဝှစ် . . ."

ပေါင်ဩလွယ်က ညာလက်မောင်းကိုပင့်ရင်း ဒယီးဒယိုင်ပုံစံ မျိုးနဲ့ **"ဂန္ထဝင်ကိုပယ် လွတ်လပ်ကာရန်နဲ့ ရေးမယ်။ နိုင်ငံခြားစကားလုံး သုံးမှ မော်ဒန်။ ရစ်သမ်ပါမှ မော်ဒန်ကဗျာ"** စတဲ့ သိုင်းကွက်တွေနဲ့ တရစပ် တိုက်ခိုက်ပါတယ်။

"ကျင့်နန်းမိုး ဖယ်"

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



မော်ဒန်ကဗျာသိုင်းမှာ ကိုယ်ခံအတွင်းအား နည်းပါးလှတဲ့ ကျင့်နန်းမိုးကို တွန်းဖယ်ရင်းက . . .

"ဖောင်း" "ဖောင်း"

ပဥ္စမံဒီရိုင်းက အသံထက်မြန်ဆန်လှတဲ့ **ပို့စ်မော်ဒန်အတွင်းသား သဘော၊ ဖျပ်ခနဲအလင်းပွင့်မှု၊ အစဉ်အလာတွေကိုဖယ်၊ စံသွေမှုသီအိုရီ** စတဲ့ အဆင့်မြင့်ပို့စ်မော်ဒန် သိုင်းကွက်တွေကို ထုတ်သုံးလိုက်ပါတယ်။

**တောင်တန်းတွေရဲ့ ပဲ့တင်သံ**

**ကျားရဲ့မာယာ**

**သစ်ခုတ်သမားရဲ့ လွမ်းချင်း**

**နှင်းဆီရဲ့မာန**

**ကဲ . . . ဟောဟိုမှာ အိုးစည်သံ**

**လာကြ . . . လာကြ . . . ထွန်ကြ**

**ယက်ကြ . . .**

**ဒါ အနုပညာ ပန်းပွင့်ကွ**

ကဗျာတွေကိုရွတ်ရင်း ပေါင်ဩလွယ်က အဆက်မပြတ် တိုက်ခိုက်နေဆဲပါပဲ။ ပဥ္စမံဒီရိုင်းက သူ့ရဲ့တိုက်ကွက်တွေကို လှလှပပ ရုပ်ရှင်တွေထဲကလို (Slow Motion) အနှေးပြကွက်နဲ့ ရှောင်လိုက်၊ တိမ်းလိုက်၊ တူတူပုန်းလိုက်နဲ့ ပေါင်ဩလွယ်ခမျာ အတော်ကို မောပန်း သွားရှာပါတယ်။

"ယား"

နောက်ဆုံး ပဥ္စမံဒီရိုင်းက အတွင်းအားအနည်းငယ်ကို ထုတ်လိုက်ရင်း **ပို့စ်မော်ဒန်ရေချမ်းစင်တစ်စင် ဆောက်လိုက်ပြီ။ ရေသောက်ချင်သူသောက်၊ မသောက်ချင်နေ၊ လက်မဆေးရ၊ ခြေမဆေးရ၊ ရေခွက်မခိုးရ** စတဲ့ သိုင်းကွက်တစ်ကွက်ကို ပွဲသိမ်းတိုက်ကွက်အဖြစ် အသုံးပြု

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



လိုက်တဲ့အခါမှာတော့ ပေါင်ဩလွယ်ခမျာ ဘယ်လိုမှ မယှဉ်နိုင်တော့ပါဘူး။ ဒါ့ကြောင့် တစ်ဆက်တည်းဆိုသလို ပေါင်ဩလွယ်ကို ပညာပေးရအောင်လို့ ဆုံးဖြတ်ရင်း . . .

**"နေဝင်ပြီ၊ စင်ဒီကရော့ဖို့ဒ် အလွန်လှသည်။ ပဲဟင်းနှင့်ကြက်သား စားပြီးပြီလား။ မော်တော်ကားတွေ နေ့လယ်မှာ လူချောင်သည်။ ဈေးရောင်းဖို့ နေရာမလုပ်ပါနှင့်။ ကြော်ငြာများမှ သရုပ်ဆောင်တွေ အဝတ်အစား လက်ဝတ်ရတနာ ကြွားလွန်းသည်။ ဒါရိုက်တာတစ်ဦး ရူးသွပ်နေသည်၊ ဆေးမရှိပါ။ သော့တွဲတစ်တွဲ ကောက်ရထားသည်။ မီးကင်းသမားကို ခြင်ကိုက်သဖြင့် ကျိန်ဆဲနေသောကြောင့် ရော်နယ်ဒိုငိုနေသည်။ ရိုမာရီယို ဂိုးတွေသွင်းသဖြင့် ကိုသာလှ ပိုက်ပျော်ခြင်းခတ်နေသည်။ ပုရွတ်ဆိတ်ကို နင်းမိသဖြင့် ဆယ်ဘီးကားတစ်စီး ဘီးပေါက်သွားသည်။ မလှရွှေ . . . တွတ်ပီကာတွန်း အလွန်ကြိုက်သည်"** စတဲ့ သိုင်းကွက်တွေနဲ့ တိုက်ခိုက်လိုက်ပါတယ်။

"အမယ်လေး ကြောက်ပါပြီ။ ကြောက်ပါပြီ။ နောက်ကို မော်ဒန်ကဗျာတွေ မရေးတော့ပါဘူး။ ဒီသိုင်းကွက်တွေကို မယှဉ်နိုင်တော့ပါဘူး"

ပဥ္စမံဒီရိုင်းက ပို့စ်မော်ဒန်အဘဆီက နည်းနာနိဿယယူပြီး တီထွင်ထားတဲ့ **ပို့စ်မော်ဒန် သိုင်းဖတ်စာထဲက အဆက်အစပ်မဲ့သိုင်းကွက်**တွေကို မရပ်မနား ထုတ်သုံးလိုက်တဲ့အခါ ပေါင်ဩလွယ်မှာ ကြောက်လန့်တကြား အော်ဟစ်ပြောဆိုရင်း ထွက်ပြေးသွားပါတယ်။ ထိုစဉ် . . .

**"ကိုရေ . . . ကိုကိုမံ . . . ကိုကိုမံ . . . "**

အဝေးတစ်နေရာဆီက ပဥ္စမံဒီရိုင်းကို ခေါ်သံကြားလို့ လှမ်းကြည့်လိုက်တဲ့အခါ တိမ်စိုင်တစ်အုပ် လွင့်မျောလာသလို မော်ဒယ်ဂိုဏ်းချုပ်ရှင်ဖုန်းခွင်ဖြစ်လို့နေတာကို တွေ့လိုက်ရပါတယ်။

လှပတဲ့ ကောင်းကင်အောက်မှာ တစ်ခါတုန်းက ပဥ္စမံဒီရိုင်းကို

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



စိတ်ဝင်စားခဲ့တဲ့ မော်ဒယ်ဂိုဏ်းချုပ်ရှင်ဖုန်းခွင်ဟာ လှချင်တိုင်းလှနေပါတယ်။ ရှည်လျားတဲ့သူရဲ့ ဆံကေသာတွေနဲ့ လိုက်ဖက်အောင် အနက်ရောင် သစ်ခွပန်းတစ်ပွင့်ပန်လို့။ ခရမ်းရောင်ဝတ်စုံနဲ့ ကြွကြွရွရွ မြင်းဖြူကြီးကို စီးလို့ တိုက်ခတ်နေတဲ့ လေပြည်ညင်းနဲ့အပြိုင် ပဒ္မမံဒီရိုင်းရှိရာကို အသော့နှင်လာနေပုံဟာ ရုပ်ရှင်ဇာတ်ကားတစ်ကားကို ကြည့်နေရသလို ပါပဲ။

"ဟာ . . . လှလိုက်တာ ပဒ္မမံကြီးရယ်။ တကယ့်ကို နတ်သမီး လေးတစ်ပါးပါပဲ"

ရွှေဟန်းချိန်း ကျင့်နန်းမိုးက စောစောတုန်းက ဝှက်ထားတဲ့ ရွှေဟန်းချိန်းကို ပြန်လည်ဝတ်ဆင်ရင်း မော်ဒယ်ဂိုဏ်းချုပ်ရှင်ဖုန်းခွင်ကို အနှစ်နှစ်အလလက အိပ်မက်ထဲမှာ မြင်တွေ့နေရတဲ့ချစ်သူကို ပစ္စုပ္ပန်မှာ ပြန်တွေ့ပြီး ခံစားနေရပုံနဲ့ ရေရွတ်လိုက်ပါတယ်။

"ကိုရယ် . . . ဒီလမ်းဒီစခန်းကိုလာဖို့ တောတောင်အထပ်ထပ် မြစ်တွေကိုဖြတ်သန်းရင်း လာခဲ့ရတာပါ"

ပဒ္မမံဒီရိုင်းခမျာ ဘာပြောရမှန်းမသိအောင် ဖြစ်သွားရပါတယ်။ ရှင်ဖုန်းခွင်တစ်ယောက် ဘယ်အချစ်ကဗျာ ဝတ္ထုတွေဖတ်ပြီး ပဒ္မမံကို လာပြောနေပါလိမ့်။ အခေါ်အဝေါ်တွေကအစ ပဒ္မမံဒီရိုင်းအပေါ် သိမ်မွေ့ လှပနေလို့ပေါ့။

"ကို . . . ကျွန်မလေ ကိုနဲ့ခွဲချန်ပြီး မော်ဒယ်ဂိုဏ်းချုပ်ကို ပြန်တည်ထောင်နေချိန်မှာ ကျွန်မကို သိုင်းသမားတွေက အမျိုးမျိုးဝေဖန် လိုက်ကြတာ။ မိန်းမတန်မဲ့ ပဒ္မမံဒီရိုင်းကို စိတ်ဝင်စားတာ မရှက်ဘူးလား။ ပဒ္မမံဒီရိုင်းရုပ်ရည်က ပေါင်မုန့်ကို ဖနောင့်နဲ့ပေါက်ထားတဲ့ရုပ်။ ကိုယ့်ရုပ် ကိုယ့်ရည်နဲ့ စိတ်ဝင်စားစရာလိုသလား။ ဝါကျွတ်ခါနီးလို့ အဦးဆုံးမင်္ဂလာ စုံတွဲကို အထူးလျှော့ဈေးနဲ့ပေးတဲ့ ခန်းမသစ်ကြီးကို ဖွင့်ချင်လို့လားဆိုပြီး

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



သိုင်းလောကမှာ တော်တော်လေး ဝေဖန်တာခံလိုက်ရတယ်။ ကိုရယ် . . . ကျွန်မလေ ညစဉ် အိပ်မက်တွေမက်တယ်။ ကျွန်မရဲ့လက်ကို ကိုက ဆွဲလို့ အဲဒီဝေဖန်တဲ့ စကားလုံးတွေကို ကျွန်မတို့နှစ်ယောက် ရဲရဲရင့်ရင့် ကျော်လွှားပစ်ခဲ့ကြတယ်လို့ အိပ်မက်တွေ ခဏခဏမက်တယ်။ ကျွန်မတို့ နှစ်ယောက် ကြည်ကြည်နူးနူးနဲ့ သောကတွေကို ပျားရည်အဖြစ်နဲ့ ရှူးမိုက်ခဲ့ မိတယ်။ အဲဒီလို အိပ်မက်တွေထဲမှာကော ပစ္စုပ္ပန်မှာပါ ကျွန်မရဲ့ ရှူးမိုက်မှုတွေဟာ ဆင်ခြင်မှုကင်းမဲ့တယ်လို့ပြောရင် အဲဒါဟာ ကို့ကို မြတ်နိုးလွန်းလို့ ကျေကျေနပ်နပ်ကြီး မိုက်မဲမိခဲ့တာပါ။ အဲဒီအတွက် ကျွန်မနောင်တမရပါဘူး ကိုရယ်" ပဥ္စမံဒီရိုင်း အိပ်မက်မက်နေတာ မဟုတ်ကြောင်းတော့ သေချာပါတယ်။ မော်ဒယ်ဂိုဏ်းချုပ်ရှင်ဖုန်းခွင် ပြောတဲ့ စကားလုံးတွေကို နားထောင်နေမိတဲ့ ကျင့်နန်းမိုးလဲ ပဥ္စမံဒီရိုင်းရဲ့ မျက်နှာကို အထင်ကြီးလေးစားတဲ့ အကြည့်နဲ့ကြည့်ရင်း သက်ပြင်းအခါခါ ချလို့ သူနဲ့သာနေရာချင်း လဲလိုက်ချင်ပါတော့တယ်ဆိုတဲ့ အမူအယာမျိုးနဲ့ ကြည့်နေပါတယ်။ ပဥ္စမံဒီရိုင်းက ရှင်ဖုန်းခွင်ရဲ့မျက်နှာကို ကြည့်လိုက်တော့ သူ့ရဲ့မျက်ဝန်းမှာ ကြည်နူးမှုမျက်ရည်ဥတွေ တွဲလဲခိုနေတာ တွေ့ရပါတယ်။ အဲဒီအချိန်မှာ ပဥ္စမံဒီရိုင်းရင်ထဲက မဖော်ပြနိုင်တဲ့ ခံစားမှုမျိုးကို ခံစားရ ပါတယ်။ ပဥ္စမံဒီရိုင်းရဲ့ လက်ချောင်းကလေးတွေဟာ သူ့ရဲ့မျက်ရည်ဥလေး တွေကို အလိုလိုသုတ်ပေးနေမိလျက်သား ဖြစ်နေပါတယ်။ အေးမြလိုက် တာ။ ရှင်ဖုန်းခွင်ဟာ ပဥ္စမံဒီရိုင်းကို ကြည့်လိုက်ပါတယ်။ ကြည်နူးတဲ့ အကြည့်နဲ့ပေါ့။

"ကိုရယ် . . . ဟောဟိုရှေ့မှာ မြင်နေရတဲ့ တောင်ကုန်းလေး ပေါ်ကို ကျွန်မတို့နှစ်ယောက် သွားထိုင်ကြရအောင်နော်။ အဲဒီကနေ ကျွန်မတို့ရဲ့ ဦးခေါင်းပေါ်မှာရှိနေတဲ့ ကောင်းကင်ကြီးကို နှစ်ယောက်သား ပြိုင်တူမော့ကြည့်ကြမယ်။ ပြီးရင် ကျွန်မတို့နှစ်ဦးထဲ တစ်မျှော်တစ်ခေါ်မှာ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ရှိတဲ့ တောအုပ်ရယ်၊ စမ်းချောင်းကလေးရယ်ကို ကိုနဲ့အတူ ကြည့်ကြရအောင်နော်။ ကျွန်မရဲ့ ဆန္ဒတွေကို ကို့ကိုမြတ်နိုးတဲ့စိတ်နဲ့ ရှုံးသွပ်မိုက်မဲစွာ တောင်းဆိုမိတာကို ခွင့်ပြုပါနော်”

ပဥ္စမံဒီရိုင်းဟာ ရှင်ဖုန်းခွင်ရဲ့ လက်ကိုဆွဲပြီး တောင်ကုန်းရှိရာကို လှမ်းလာခဲ့ပါတယ်။ တောင်ကုန်းပေါ်မှာတော့ မြက်ခင်းတွေက စိမ်းစိုနေလို့။ ပဥ္စမံဒီရိုင်းတို့နှစ်ယောက်ထိုင်ချပြီး ဘာစကားမှမဆိုဘဲ သဘာဝရဲ့ အလှတရားတွေကို ခံစားရင်း ကဗျာတစ်ပုဒ်ကို ပဥ္စမံဒီရိုင်း ရွတ်ဆိုနေမိတယ်။

**ကောင်းကင်ဘုံကို သွားချင်သူ**
**ပဲရှိတယ်။**
**ငရဲကိုကျတော့ တစ်ယောက်မှ**
**ဆုမတောင်းကြဘူး။**
**အမုန်းများ ကင်းဝေးရပါလို၏။**
**ချစ်ခြင်းမေတ္တာတရားများ**
**ကမ္ဘာအဆက်ဆက်**
**စာမရိုင့်ကလို**
**ရှင်သန်ထမြောက်ရပါစေသား။**

ရှင်ဖုန်းခွင်ဟာ ပဥ္စမံဒီရိုင်းကို ကြည့်လိုက်တယ်။ ပဥ္စမံဒီရိုင်းကလဲ သူ့မျက်နှာကို ကြည့်လိုက်တယ်။ နှစ်ဦးသားရဲ့ အကြည့်တွေမှာ မြင်နိုင်စွမ်းမရှိတဲ့ နှောင်ကြိုးတွေ ဖြတ်လို့မရအောင် ရစ်ပတ်နေပြီဆိုတာ ပြောဖို့မလိုတော့ပါဘူး။ အချိန်တွေ ဘယ်လောက်ကြာသွားသလဲဆိုတာကိုတောင် မသိတော့။ လမင်းလေးတောင် ထွက်လာပြီ။ တောင်ကုန်းလေးပေါ်ကနေ နှစ်ယောက်သား ဆင်းလာခဲ့ကြတယ်။ ကျင့်နန်းမိုးကတော့ တောင်ကုန်းလေးအောက်မှာ ထိုင်စောင့်နေတုန်း။

**ကြယ်ပွင့်စာပေ**

www.linhtet.com
လင်းထက် မြန်မာ မှ စီစဥ်တင်ဆက်သည်



"သူငယ်ချင်း . . . ကိုယ့်ကို ခွင့်လွှတ်ပါ၊ ကိုယ်စဉ်းစားမိတယ်။ ဂျာနယ်လစ်ရာဇာ သိုင်းကျမ်းကိုရရင်ကော ကိုယ့်အတွက် ဘာထူးမှာလဲ။ ကိုယ်တို့လူ့ဘောင်အဖွဲ့အစည်းက ဘာမှမဖြစ်ဘူး။ တစ်နေ့ ထမင်းနှစ်နပ် စားမယ်၊ အိပ်မယ်၊ နောက်တစ်နေ့ ကိုယ်အသက်ရှင်ရပ်တည်ဖို့အတွက် လှုပ်ရှားရုန်းကန်ကြရမှာပဲ။ ဒီတော့ လက်တစ်ဆုပ်စာရှိတဲ့ သိုင်းလောက ကို ကိုယ်ကယ်တင်လဲ ဘာမှမဖြစ်ဘူး။ အချိန်ကာလက စကားပြောပါ လိမ့်မယ်။ ဒါ့ကြောင့် သူငယ်ချင်းက သိုင်းလောကကို ကယ်တင်ချင်ရင် ဂျာနယ်လစ်ရာဇာသိုင်းကျမ်းကို သူငယ်ချင်းအရယူပါ။ ကိုယ်ကတော့ ကိုယ့်ရဲ့အမှန်တရားကို ရှာဖွေတွေ့ရှိသွားပါပြီ။ ကိုယ်သွားမယ် သူငယ်ချင်း" ကျင့်နန်းမိုးက ပဥ္စမံဒီရိုင်းကို အံ့အားသင့်တဲ့ ပုံစံမျိုးနဲ့ ကြည့်လိုက်ပါတယ်။ ပဥ္စမံဒီရိုင်းက မြင်းပေါ်ခုန်တက်ရင်း ကျင့်နန်းမိုးအနားကနေ ရွှင်ဖုန်းခွင်နဲ့ အတူ ထွက်ခွာသွားပါတယ်။ ကျင့်နန်းမိုးကတော့ တစ်ယောက်တည်း ခပ်ငေါင်ငေါင်လေး ကျန်ရစ်ခဲ့ရှာလေရဲ့။ လရောင်က ကောင်းကင်မှာပိုမို ထွန်းလင်းလာသလို ထင်ရပါတယ်။ ကြယ်တွေကလဲ စုံလိုက်တာ။ ရွှင်ဖုန်းခွင်နဲ့ ပဥ္စမံဒီရိုင်း တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက် ပါတယ်။ တစ်သက်လုံး သိုင်းလောကကိုစွန့်ခွာပြီး သာမန်လူသားတွေလို ကိုယ့်ချစ်သူနဲ့ နှစ်ယောက်တည်း နေထိုင်ဖို့ ဆုံးဖြတ်လိုက်ပြီ။ တစ်သက်နဲ့ တစ်ကိုယ် အခုမှ လူဖြစ်ရခြင်းအဓိပ္ပာယ်ကို သိလိုက်ရပါတော့တယ်။

အရှေ့ဆီမှာ လင်းအရုဏ်ပေါ်လာပြီ။ ကျင့်နန်းမိုးကို တစ်ယောက်တည်းထားပြီး ပဥ္စမံဒီရိုင်းနဲ့ ရွှင်ဖုန်းခွင်တို့ ခရီးဆက်လာ ခဲ့ကြတာ အတော့်ကို ခရီးပေါက်လာပါပြီ။ နှစ်ယောက်သားရဲ့ ရှေ့ဖြစ်လာ မယ့် အနာဂတ်ကို စိတ်ကူးယဉ်မလို့ပေါ့။ အဲဒီစိတ်ကူးတွေနဲ့ ကြည်နူးရင်း အိပ်စက်ဖို့တောင် မေ့လျော့ခဲ့ကြပါတယ်။ အဲဒီလိုနဲ့ မနက်မိုးလင်းလို့ ခရီးဆက်ထွက်ပြီး မြို့တစ်မြို့ရဲ့ လူစည်ကားတဲ့ဈေးကို ရောက်လာပါတယ်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



"ဖျပ်" "ဖျပ်"

ရုတ်တရက်ဆိုသလို အလင်းတန်းတွေ ဝင်လာသလိုမျိုး တွေ့လိုက်ရလို့ ချစ်သူရှင်ဖုန်းခွင်အတွက် စိတ်ပူသွားမိပါတယ်။

"ရှင်ဖုန်းခွင် ကိုယ့်ကျောကိုကပ်ထား။ ဒါ ဓာတ်ပုံဂိုဏ်းသားတွေကွ"

"ဖျပ်" "ဖျပ်"

**ဓာတ်ပုံရိုက်ပြီး ဂျာနယ်တွေမှာ လုပ်စားပစ်မယ်။ ဒါဘယ်သူ့ပုံလဲလောက်တော့ ရယ်တာပေါ့။ ဓာတ်ပုံကိုင်ပြီး အတွင်းရေးတွေ ဖော်ပစ်မယ်** သိုင်းကွက်တွေသုံးပြီး ပဥ္စမံဒီရိုင်းနဲ့ ရှင်ဖုန်းခွင်ကို ဝိုင်းရံတိုက်ခိုက်ကြပါတယ်။ ဂျင်းဘောင်းဘီအတို၊ လက်မပါတဲ့အင်္ကျီကိုဝတ်လို့ ဂျာနယ်တွေမှာ ရေးချင်ရာရေးဖို့ ဟုတ်တာကော၊ မဟုတ်တာကော ဓာတ်ပုံတွေ ရိုက်ချင်သလိုရိုက်တဲ့ **ဓာတ်ပုံဂိုဏ်းချုပ်အူကြောင်အီး (ဝူဇူကီး)** က ကင်မရာအလုံးတစ်ရာလောက် ရိုက်သလိုမျိုး သူ့ရဲ့ လျှို့ဝှက်သိုင်းကွက်တွေကိုသုံးလို့ ပဥ္စမံဒီရိုင်းနဲ့ ရှင်ဖုန်းခွင်တို့ကို မနားတမ်းတရစပ် ဓာတ်ပုံရိုက်သလို တိုက်ခိုက်ပါတယ်။ သူ့ရဲ့ လက်နက်ကလဲ အမှိုက်ပုံမှာ လွှင့်ပစ်ထားတဲ့ ကင်မရာကို ဆေးပြတ်သုတ်ပြီး လက်နက်အဖြစ် အသုံးပြုထားတာပါ။

"ဘယ်ရမလဲ ပဥ္စမံကြီးရယ်၊ ခင်ဗျားနဲ့ မော်ဒယ်ဂိုဏ်းချုပ်ရှင်ဖုန်းခွင်တို့နှစ်ယောက် ရှေ့ဆက်ဘာဖြစ်လာမလဲဆိုတာကို ကျုပ်က သိပြီးသား။ ဒါမျိုးက ဒီလိုပဲဖြစ်ရမယ်။ သိုင်းလောကမှာ ကောလာဟလပေါ်လာပြီဆိုကတည်းက တကယ်ဟုတ်လို့ပေါ်တယ်ဆိုတာ သိပြီးသား။ ရှင်ဖုန်းခွင်က ပဥ္စမံဆီလာတယ်။ ဒီလမ်းခရီးကို ဒီလိုပြန်လာမယ်ဆိုတာ သိပြီးသား။ အခုချောင်းပြီး ဓာတ်ပုံရိုက်တာ သိုင်းလောကမှာ ဒီဓာတ်ပုံတွေ ဖြန့်လိုက်ရင် ဘာဖြစ်သွားမလဲ။ ကဲ . . . ချစ်သူမတွေ့သေးပါဆိုတဲ့ ဒီကရှင်ဖုန်းခွင်ကော ဘာတတ်နိုင်သေးလဲ။ ဟား . . . ဟား . . . ဟား

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



. . . ဟား . . . ”

ပဥ္စမံနဲ့ ရှင်ဖုန်းခွင်တို့နှစ်ယောက်ကို သူ့ရဲ့ ခတ်ပုံဂိုဏ်းသား တွေက ဝိုင်းထားလို့ ရှေ့လဲတိုးလို့မရ၊ နောက်လဲဆုတ်လို့မရ ဖြစ်လို့နေပါတယ်။ ဘာလုပ်ရမှန်း မသိအောင်ပါပဲ။

“ကို . . . သိုင်းလောကမှာ ကျွန်မတို့နှစ်ယောက် ဒင်းတို့တွေရဲ့ လုပ်စားတာခံရမှာလား။ ကျွန်မရဲ့ကိုရဲ့ ခတ်ပုံနဲ့ သူတို့တစ်သက်လုံး သိုင်းလောကဂျာနယ်တွေမှာ လုပ်စားကြတော့မယ်။ ဒီတော့ ကျွန်မတို့ နှစ်ယောက် အသေခံပြီး တိုက်ခိုက်ကြမယ်”

ရှင်ဖုန်းခွင်ဟာ ပဥ္စမံဒီရိုင်းရဲ့လက်ကိုဆွဲပြီး ခတ်ပုံဂိုဏ်းချုပ် အုကြောင်အီး (ဝူဇူကီး) ကို တိုက်ခိုက်ဖို့ ပြင်လိုက်ပါတယ်။ ရှင်ဖုန်းခွင် တိုက်ခိုက်တဲ့ သိုင်းကွက်ကို ပဥ္စမံသိပါတယ်။ **ကောလာဟလတွေကို စာစောင်ထဲက ပြန်ရှင်းမှာပေါ့** ဆိုတဲ့ သိုင်းကွက်ပါ။ ဒါပေမယ့် အဲဒီ သိုင်းကွက်က ခတ်ပုံဂိုဏ်းကို ဘယ်လိုမှလှန်လို့မရဘူးဆိုတာ သိပါတယ်။ သူတို့ဆီက **ရှင်းလည်းအပိုပဲ။ ခတ်ပုံမိတ္တူတွေ အများကြီးရှိတယ်** ဆိုတဲ့ လျှို့ဝှက်သိုင်းကွက် ကျန်သေးတယ်ဆိုတာ ရှင်ဖုန်းခွင်က လုံးဝမသိပါဘူး။ ဒါ့ကြောင့် ပဥ္စမံဒီရိုင်း စိတ်ပူမိတာအမှန်ပါ။

အဲဒီအချိန်မှာ . . .

“ဒေါက်”

“အား”

မထင်မှတ်ဘဲ ကျောက်ခဲတစ်လုံးက ဘယ်လိုဝဲပျံလာတယ်မသိ။ ခတ်ပုံဂိုဏ်းချုပ်ကြီးရဲ့ နဖူးပြင်ကိုထိမှန်ပြီး ခတ်ပုံဂိုဏ်းချုပ်ကြီးရဲ့ နဖူးကနေ သွေးတွေဒလဟောကျလာရင်း အော်ဟစ်လဲကျသွားပါတယ်။ ပဥ္စမံဒီရိုင်း သိလိုက်ပါတယ်။ ခတ်ပုံဂိုဏ်းချုပ်ကြီး တော်တော်နဲ့ ပြန်သတိရမှာ မဟုတ်ပါဘူး။ ပစ်လွှတ်လိုက်တဲ့ ခဲလုံးရဲ့အရှိန်ထဲမှာ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



အတွင်းအားက နှိုင်းမရအောင် ပြင်းထန်နေလို့ပါ။

"ပဥ္စမံကြီး"

ရင်းရင်းနှီးနှီးခေါ်သံမျိုးဖြင့်လို့ ကြည့်လိုက်တဲ့အခါ မျက်နှာမည်း ရှေ့ဟန်းချိန်း ကျင့်နန်းမိုးကို မထင်မှတ်ဘဲ တွေ့လိုက်ရပါတယ်။ ရှင်ဖုန်းခွင်ကလဲ ကျင့်နန်းမိုးကို တွေ့လိုက်ရလို့ အံ့အားသင့်နေတဲ့ အမူအရာ ပေါ်နေပါတယ်။

"ကျင့်နန်းမိုး . . . ခင်ဗျား ဒီကို ဘယ်လိုရောက်လာတာလဲ"

"မပြောနဲ့ ပဥ္စမံကြီး။ နင်က ဂျာနယ်လစ်ရာဇာသိုင်းကျမ်းကို ငါတစ်ယောက်တည်းသွားယူဖို့ ပြောပေမယ့် ငါကနင်တို့နှစ်ယောက်လုံးကို လုံးဝစိတ်မချဘူး။ စိတ်တွေက လေးနေတယ်။ ဒါနဲ့ နင်တို့သွားတဲ့ဘက်ကို မြင်းခွာရာတွေ ကြည့်ပြီးလိုက်လာတာ ဒီမြို့မှာ ဓာတ်ပုံဂိုဏ်းသားတွေ တွေ့လိုက်ရလို့ နင်တို့အန္တရာယ်တစ်ခုခုတော့ ဖြစ်တော့မယ်ဆိုတဲ့အထင်နဲ့ ဒီကိုရောက်လာတာ"

ပဥ္စမံဒီရိုင်းလဲ ကျင့်နန်းမိုး တော်လှချည်လားလို့ ချီးကျူးလိုစိတ်တောင် ဖြစ်မိပါတယ်။

"ဟုတ်တယ် ကျင့်နန်းမိုးရယ်။ ဒီဓာတ်ပုံဂိုဏ်းချုပ်ကြီးရဲ့ သိုင်းကွက်တွေထဲမှာ တို့တစ်တွေပိတ်မိပြီး ဘာလုပ်ရမှန်း မသိဖြစ်နေတာ"

ပဥ္စမံဒီရိုင်းက အဲဒီလို ပြောလိုက်တဲ့အခါမှာ ကျင့်နန်းမိုးက ကျေနပ်တဲ့အမူအရာနဲ့ . . .

"သိနေတယ် ပဥ္စမံကြီးရယ်၊ ဒီဓာတ်ပုံဂိုဏ်းချုပ်က ဘယ်သိုင်းကွက်သုံးမယ်ဆိုတာ။ ဒါကြောင့် ပဥ္စမံကြီး နင်သိလား။ ငါ့မှာရှိတဲ့ အတွင်းအားတွေကို ထုတ်သုံးပြီး **ဓာတ်ပုံကို ဓာတ်ပုံဆရာသာမက သူနဲ့ဆက်နွယ်တဲ့ လူအားလုံးပိုင်တယ်** ဆိုတဲ့ သိုင်းကွက်ကို ထုတ်သုံးလိုက်တာ တစ်ခါတည်း မရှုနိုင်မကယ်နိုင်ဖြစ်သွားတာ ကြည့်ပါလား"

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ကျင့်နန်းမိုးပြောတဲ့စကားကို နားထောင်ရင်း ခေတ်ပုံဂိုဏ်းချုပ်ကိုကြည့်လိုက်တဲ့အခါ မြေပြင်ပေါ်မှာ မလှုပ်မယှက် တွေ့လိုက်ရပါတယ်။ အခြားခေတ်ပုံဂိုဏ်းသားတွေလဲ ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်ကြတာ တွေ့ရပါတယ်။

"ပဥ္စမံကြီးကို စကားကောင်းတစ်ခုပြောမယ်။ ဂျာနယ်လစ်ရာဇာသိုင်းကျမ်းကို ပြန်ယူပါ။ အခုခေတ်ပုံဂိုဏ်းသားတွေ ထွက်ပြေးကုန်ကြပြီ။ ဘယ်အဖွဲ့တွေကို သတင်းသွားလွှင့်ဦးမယ် မသိဘူး။ ဒီကြားထဲလမ်းမှာ ကိုယ်ကြားလာရတာက **ရှုံးသွပ်မှုဒါရိုက်တာ သိုင်းသမားနဲ့ တွေ့သမျှ ဗျူးဖြစ်ရင်ပြီးရော အင်တာဗျူးဂိုဏ်း** ကလူတွေကလဲ ပဥ္စမံနဲ့ ရွှင်ဖုန်းခွင်နောက်ကို ထပ်ကြပ်မကွာ လိုက်နေကြပြီ။ ရှုံးသွပ်မှုဒါရိုက်တာက ရွှင်ဖုန်းခွင်နဲ့ပဥ္စမံဒီရိုင်းကို မင်းသား၊ မင်းသမီးတင်ရိုက်မယ်လို့ သိရတယ်။ ဒါကသိုင်းလောကနဲ့ မအပ်စပ်ဘူး"

တကယ့်ကို လေးလေးနက်နက်နဲ့ ပြောတဲ့ကျင့်နန်းမိုးရဲ့ စကားတွေကိုနားထောင်ရင်း ပဥ္စမံနဲ့ရွှင်ဖုန်းခွင် တစ်ယောက်ကိုတစ်ယောက် ရှေ့ဆက်ဘာလုပ်ရမယ်ဆိုတာကို နားလည်လိုက်ပါတယ်။

"ရွှင်ဖုန်းခွင် . . . ကိုဟာ သိုင်းလောကကိုစွန့်ခွာပြီး သာမန်လူတစ်ယောက်အဖြစ် နေမယ်လို့ဆုံးဖြတ်ခဲ့ပေမယ့် ရှေ့အနာဂတ်မှာ ဘယ်လိုကျရောက်လာမယ်မှန်း မသိတဲ့အကြောင်းတွေအတွက် ကိုယ်သိုင်းလောကကို ပြန်ဝင်ရတော့မယ်။ ဂျာနယ်လစ်ရာဇာသိုင်းကျမ်းကို ရလာတဲ့တစ်နေ့ကျရင် ရွှင်ဖုန်းခွင်နဲ့ ကိုနဲ့ပြောခဲ့တဲ့ ရည်ရွယ်ချက်တွေကို အကောင်အထည်ဖော်ကြတာပေါ့"

"ဟုတ်ပါတယ် ကို၊ ကျွန်မသဘောပေါက်ပါတယ်။ ကို့ရဲ့ရည်ရွယ်ချက်ကို ဆက်လုပ်ပါ။ ကျွန်မဖြစ်လာတဲ့ ပြဿနာတွေကို ရဲရဲဝံ့ဝံ့ရင်ဆိုင်ပါ့မယ်။ ကျင့်နန်းမိုးနဲ့လိုက်သွားပါ ကိုရယ်။ မလိုက်သွားခင်မှာ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ကျွန်မအတွက် အမှတ်တရတစ်ခု ပေးခဲ့ပါနော်။ ကျွန်မအတွက် အလွမ်းပြေပေါ့”

ပါးပြင်ပေါ်ကိုကျလာတဲ့ မျက်ရည်တွေကိုသုတ်ရင်း ရွှင်ဖုန်းခွင်က ပဥ္စမံဒီရိုင်းကို မော့ကြည့်လိုက်ပါတယ်။ ပဥ္စမံဒီရိုင်းက ရွှင်ဖုန်းခွင်ရဲ့ မျက်ရည်တွေကိုသုတ်ရင်း ဝဲကျနေတဲ့ ရွှင်ဖုန်းခွင်ရဲ့ ဆံပင်တွေကို လက်နဲ့ဆုပ်ကိုင် နမ်းလိုက်မိပါတယ်။

“ရွှင်ဖုန်းခွင် . . . ဒါ ကိုရဲ့ အမှတ်တရပါ”

“ကို . . . ကျွန်မလေ ဒီဆံပင်တွေကို ပြန်ဆုံတဲ့အထိ မညှပ်ပဲထားပါ့မယ်။ ကျွန်မရဲ့ ဆံပင်တွေကိုဖြီးတိုင်းလဲ ကိုက ကျွန်မအနားမှာရှိနေသလို ကြည်နူးမယ်၊ သွားမယ် ကိုရယ်၊ နှုတ်ဆက်တဲ့စကား မပြောချင်ဘူး”

ပြောရင်းဆိုရင်း ရွှင်ဖုန်းခွင်က မြင်းပေါ်ခုန်တက်ရင်း ထွက်ခွာသွားပါတယ်။ ကျင့်နန်းမိုးက ပဥ္စမံဒီရိုင်းရဲ့မျက်နှာကို ဝမ်းနည်းတဲ့အကြည့်နဲ့ကြည့်လိုက်ပါတယ်။ ပဥ္စမံဒီရိုင်းက ကျင့်နန်းမိုးရဲ့ လက်ကိုဆွဲကိုင်လို့နှစ်ယောက်သား အသီးသီး မြင်းပေါ်ခုန်တက်လိုက်ရင်းက ဂျာနယ်လစ်ရာဇာသိုင်းကျမ်းအတွက် ဖြစ်ပေါ်လာမယ့် အန္တရာယ်တွေကို ရင်ဆိုင်ဖို့ အသင့်ပြင်လိုက်ကြပါတယ်။

တောင်စဉ်အသွယ်သွယ်ကို ဖြတ်၊ လွင်ပြင်ကျယ်တွေကို ဖြတ်ပြီး တံတားတွေ၊ အိမ်တွေ၊ ရွာတွေကို ဖြတ်သန်းလာခဲ့တယ်။ ပဥ္စမံဒီရိုင်းနဲ့ ကျင့်နန်းမိုးတို့နှစ်ယောက်ရဲ့ စိတ်ထဲမှာက ဂျာနယ်လစ်ရာဇာသိုင်းကျမ်းကို ရယူရေး။ ဒီသိုင်းကျမ်းနဲ့ သိုင်းလောကကို ပြန်လည်အကျိုးပြုရေးစတဲ့ ရည်ရွယ်ချက်တွေနဲ့ပေါ့။ လေထန်ကုန်းတောင်ကလဲ စိတ်နဲ့မှန်းပြီး နီးတယ်လို့ထင်နေတာ။ တကယ်တော့ ဝက်ပါလို ခရီးလမ်းက ကွေ့ကောက်ရှုပ်ထွေးလွန်းပါတယ်။ နီးလျက်နဲ့ ဝေးဆိုပါတော့။

**ကြယ်ပွင့်စာပေ**

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



"ယား"

"ဝှစ်"

"ဖပ်" "ဖပ်"

ရှေ့ကမြင်ရတဲ့ မြင်ကွင်းမှာ လူနှစ်ယောက် တစ်ယောက်နဲ့ တစ်ယောက် အသေအကြေ တိုက်ခိုက်နေကြတယ်။ တစ်ဦးကိုတစ်ဦး အလျှော့မပေးဘဲ တိုက်ခိုက်နေကြတာပါ။ သိုင်းကွက်တွေကလဲ အမျိုးမျိုး ထုတ်သုံးလို့။

"ပဥ္စမံကြီးရေ . . . ရှေ့ကတိုက်ပွဲကို ကျုပ်တို့ ဒီကနေကြည့်ရအောင်။ ဘယ်သူတွေလဲသိလား"

"သိတာပေါ့ဗျာ။ **ရှူးသွပ်မှုဒါရိုက်တာ သိုင်းသမားနဲ့ ကြိုက်တာလာရိုက်မယ် ကင်မရာမင်း သိုင်းသမား** တို့ တစ်ယောက်နဲ့တစ်ယောက် ယှဉ်ပြိုင်နေကြတာပဲ"

"ဟုတ်တယ် ပဥ္စမံကြီးရာ။ ဘာကြောင့် ဒီလောက်တောင် တစ်ယောက်နဲ့တစ်ယောက် ယှဉ်ပြိုင်နေကြတာလဲ မသိဘူး"

ပဥ္စမံဒီရိုင်းနဲ့ ကျင့်နန်းမိုးတို့ နှစ်ဦးသား အဲဒီတိုက်ပွဲကို ထိုင်ကြည့်နေကြပါတယ်။ ရှူးသွပ်မှုဒါရိုက်တာ သိုင်းသမားက **နိုင်ငံတကာမီအောင်ရိုက်ပြမယ်။ အိန္ဒိယကား၊ အမေရိကန်၊ ပြင်သစ်၊ ဘယ်ဇာတ်ကားမှ ခိုးမချဘူး**ဆိုတဲ့ သိုင်းကွက်တွေနဲ့ တိုက်ခိုက်တာကို ကင်မရာမင်း သိုင်းသမားက **ရယ်ချင်လိုက်တာ ခေတ်အဆက်ဆက် မှီငြမ်းပြုလာတာ မသိတာမှတ်လို့။ သီချင်ဆိုရင် အိန္ဒိယကား၊ လက်သီးထိုးကားဆို တရုတ်ကား၊ ပစ်ကားခတ်ကားဆိုရင် အမေရိကန်ကား**ဆိုတဲ့ သိုင်းကွက်တွေနဲ့ တန်ပြန်တိုက်ခိုက်ပါတယ်။ တစ်ဦးနဲ့တစ်ဦး သိုင်းပညာရပ်ချင်းက အဆင့်တူနေလို့ ဘယ်သူ့ဘယ်သူမှ မနိုင်ကြ၊ မရှုံးကြပါဘူး။ အဲဒီအချိန်မှာ ရှူးသွပ်မှုဒါရိုက်တာ သိုင်းသမားက မထင်မှတ်ဘဲ သိုင်းကွက်တစ်ကွက်ကို

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ထုတ်သုံးလိုက်ပါတယ်။ သူထုတ်သုံးလိုက်တဲ့သိုင်းကွက်က အင်မတန်မှ အဆင့်မြင့်ပါတယ်။ **ဖြတ်၊ ညှပ်၊ ကပ် လုပ်တာ မသိဘူးလား** ဆိုတဲ့ သိုင်းကွက်ပါ။ ကင်မရာမင်းသိုင်းသမားလဲ ဘာမှမတတ်နိုင်ဘဲ မြေပြင်ပေါ် လဲကျသွားပါတယ်။ "ဟား . . . ဟား . . . ဟား . . . ဒီသိုင်းကွက်နဲ့ သိုင်းလောကမှာ ကျင်လည်လာတာကြာပြီ။ အားလုံးကို သနားတယ်။ ဘယ်သူယှဉ်မလဲ" ရှုးသွပ်မှုဒါရိုက်တာ သိုင်းသမားက ရယ်မောပြောဆို နေပါတယ်။ ဒီတစ်ခါတော့ ရုတ်တရက်ဆိုသလို ကျင့်နန်းမိုးက မြင်းကို အလျင်အမြန် ဒုန်းစိုင်းရင်း . . .

"ဗိုး"

လေထက်မြန်တဲ့ အရှိန်မျိုးနဲ့ ပြေးလွှားတိုက်ခိုက်လိုက်ပါတယ်။ သူ့တိုက်ကွက်က **ဒါမျိုးကို ဂျာနယ်ထဲမှာဆို အယ်ဒီတာက သနားတယ်။ ကလောင်ခွဲပြီး ရေးပစ်လိုက်မယ်**ဆိုတဲ့ သိုင်းကွက်နှစ်ကွက်နဲ့ပါပဲ။ ရှုးသွပ်မှုဒါရိုက်တာ သိုင်းသမားလဲ ရုတ်တရက် အလစ်အငိုက်ခံလိုက်ရလို့ ဘာလုပ်ရမှန်းမသိ ဖြစ်သွားရင်းက လဲကျသွားပါတယ်။ ပဥ္စမံဒီရိုင်းကလဲ မဖြစ်ချေဘူးဆိုပြီး သူတို့ရှိရာ အပြေးရောက်သွားပါတယ်။

"ကျင့်နန်းမိုး တော်ပါတော့"

မြေပြင်ပေါ်မှာ လဲကျနေတဲ့ ရှုးသွပ်မှုဒါရိုက်တာ သိုင်းသမားက ကျင့်နန်းမိုးနဲ့ ပဥ္စမံဒီရိုင်းတို့ နှစ်ယောက်ကြည့်ပြီး . . .

"ဟာ . . . ခင်ဗျားတို့နှစ်ယောက် ပေါင်းမိနေပြီ မဖြစ်ဘူး၊ ပြေးမယ်မလွယ်ဘူး"

အလန့်တကြား အော်ဟစ်ပြောဆိုရင်း ခြေထောက်နဲ့တင်ပါး တစ်သားတည်းကျအောင် ပြေးထွက်သွားပါတယ်။ ပဥ္စမံဒီရိုင်းနဲ့ ကျင့်နန်းမိုး တို့နှစ်ယောက်သား နားမလည်ဖြစ်ရင်းက . . .

"ကဲ . . . ကင်မရာမင်း သိုင်းသမားလေးရယ် ပြောစမ်းပါဦး။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ခင်ဗျားတို့နှစ်ယောက် ဘယ်လိုဖြစ်လို့ သူသေကိုယ်သေ တိုက်ခိုက်နေကြတာလဲ"

"ဒီလိုပါ ပဥ္စမံကြီးရယ်။ သူက ကျွန်တော့်ကို အတင်းမရှူးရှူးအောင် ပဒိုင်းသီးစားပြီး ကမ္ဘာကျော်မယ့် ဇာတ်ကားတစ်ကား ဖန်တီးခိုင်းတယ်။ အဲဒီကားက မြန်မာပြည်ရဲ့ နေရာအနှံ့ပါရမယ်။ မင်းသမီးအများကြီးနဲ့ မင်းသားက တစ်ယောက်ထဲ သရုပ်ဆောင်ရမယ်။ အဲ . . . မင်းသားက သဘာဝမင်းသားတဲ့။ စကားမပီ၊ မျက်စိစွေစွေ၊ ခြေမသန်၊ လက်မသန်၊ ခဏခဏဝက်ရူးပြန် အဲဒီမင်းသားသစ်နဲ့ ရိုက်မယ်တဲ့။ ကဲ . . . ဓာတ်ပုံရှုခင်းတွေကလဲ လှရဦးမယ်တဲ့။ ကျွန်တော်ဘာလုပ်ရမလဲ စဉ်းစားပေးပါဦး"

ကင်မရာမင်း သိုင်းသမားရဲ့စကားကို ကြားရတဲ့အခါ ပဥ္စမံဒီရိုင်းလဲ ကိုယ်လဲသူ့နေရာမှာဆို ဒီလိုဖြစ်မှာပဲလို့ တွေးနေမိပါတယ်။ ထိုစဉ် "ပဥ္စမံကြီးကြားလား။ လေနဲ့ပါလာတဲ့အသံတွေ ဝပ်ချလိုက်။ ဒါအတွင်းအားတွေ အုပ်စုလိုက်ပစ်လွှတ်တိုက်ခိုက်နေတာ။ လေထဲကပါလာတဲ့ အဲဒီအတွင်းအားနဲ့ဆို မဖြစ်ဘူး။ အားလုံးဒုက္ခရောက်နိုင်တယ်။ ကျင့်နန်းမိုး သတိပေးလို့မဆုံးခင် ကင်မရာမင်းသိုင်းသမားက ရုတ်တရက်ဆိုသလို မတ်တပ်ရပ်ရင်းက လေနဲ့အတူပါလာတဲ့ အတွင်းအားကို သတိမထားမိဘဲလက်မနဲ့လက်ညှိုးဝိုင်းပြီး ကင်မရာပေါက်က ချောင်းကြည့်သလို ကြည့်လိုက်ပါတယ်။ အကျင့်ပါနေလို့ ထင်ပါရဲ့။ အတွင်းအားတွေက သူ့ရင်ဘတ်ကို ပြေးဆောင့်တဲ့အရှိန်နဲ့ လဲကျသွားပါတယ်။

"ကျင့်နန်းမိုး . . . အသင့်ပြင်။ ဒီပွဲက သူသေကိုယ်သေ ယှဉ်မယ့်ပွဲ"

ပဥ္စမံက ကျင့်နန်းမိုးကို သတိပေးရင်း ကျောချင်းကပ်ပြီး သိုင်းကွက်ကိုပြင်ဆင်လိုက်ပါတယ်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



"ကျင့်နန်းမိုး . . . ဒါ **တွေ့သမျှဗျူးဖြစ်ရင်ပြီးရော** အင်တာဗျူးဂိုဏ်းရဲ့ သိုင်းကွက်တွေ။ သူတို့ဘယ်လိုလူတွေနဲ့ ပူးပေါင်းမိပြီး ဒီလိုဖြစ်လာကြသလဲ မသိဘူး"

"ဒါဆို မပူနဲ့ ပဥ္စမံ။ ကဲ . . . အဆင်သင့်လုပ်"

ကျောချင်းကပ် အနေအထားကနေ **ထမင်းစားပြီးပြီလား။ ဘာလုပ်မှာလဲ။ တစ်နေ့ ရေဘယ်နှခါချိုးသလဲ။ ဘာကားတွေ ရိုက်နေလဲ။ ရည်းစားဘယ်နှယောက်ရှိလဲ** စတဲ့ သိုင်းကွက်တွေကို ပြင်ဆင်လိုက်ပါတယ်။ ဒီသိုင်းကွက်က သူတို့အင်တာဗျူးဂိုဏ်းရဲ့ လျှို့ဝှက်သိုင်းကွက်တွေပါ။ ဒါကို ပဥ္စမံဒီရိုင်းသိနေပြီးသားမို့ . . .

"ယား" "ဖပ်" "ဖပ်"

ကိုယ်ဖော့ပြီး လေမှာဝဲသူကဝဲ မြေပြင်မှာ ရပ်သူကရပ်နဲ့ ပဥ္စမံတို့ကို ဝိုင်းထားလိုက်ပါတယ်။

"ဝှစ်" "ရှွတ်"

အလစ်မှာပစ်လိုက်တဲ့ အဆိပ်အပ်နှစ်ချောင်းက ပဥ္စမံဒီရိုင်းနဲ့ ကျင့်နန်းမိုးတို့ရဲ့ နဖူးပြင်တည့်တည့်ဆီကို ရောက်လာတာမို့ ပဥ္စမံနဲ့ ကျင့်နန်းမိုးက အလွယ်တကူ လက်နှစ်ချောင်းစီနဲ့ ဖမ်းဆုပ်လိုက်ပါတယ်။

"ဒီလို သိုင်းသမားမဆန်ဘဲ အောက်လမ်းနည်းကို သုံးလို့ရမလား။ မင်းတို့တွေ သိုင်းလောကကိုဝင်ပြီး အင်တာဗျူးဂိုဏ်းထဲရောက်တာမကြာသေးဘူးထင်တယ်"

"ရော့" "ဒုတ်" "ဒုတ်" "အား"

ပဥ္စမံဒီရိုင်းနဲ့ ကျင့်နန်းမိုးတို့က သူတို့တစ်တွေရဲ့ အပေါ်ကို အတွင်းအားနဲ့ ခုန်တက်လိုက်ပြီး သူတို့ဦးခေါင်းထက် နှစ်ပေခန့်မှာ လေပေါ်ပျံဝဲရင်းက နှစ်ယောက်သား အနီးအနားမှာရှိတဲ့ အင်တာဗျူးဂိုဏ်းသားအချို့ကို လျှပ်တစ်ပြက် တိုက်ခိုက်လိုက်ပါတယ်။ အဲဒီသိုင်းကွက်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



**အယ်ဒီတာက လမ်းကြောင်းချပြီးမေးခိုင်းတဲ့ ဗျူးသိုင်းကွက်** ပါပဲ။

"ဟာ . . . ဒီနှစ်ယောက် တို့ရဲ့သိုင်းကွက်တွေကို သိနေပြီ ဟေ့၊ တိုက်"

အင်တာဗျူးဂိုဏ်းသားတွေက အလုံးအရင်းနဲ့ တိုက်ခိုက်ပါတယ်။ သူတို့သိုင်းကွက်တွေကိုသိနေတဲ့ ပဥ္စမံနဲ့ကျင့်နန်းမိုးက ရယ်မိပါတယ်။ သူတို့သိုင်းကွက်တွေက **နည်းနည်းပါးပါး လက်ဖက်ရည်ဖိုးပေးဗျူးပြီး မဂ္ဂဇင်းထဲ ထည့်ပေးမယ်။ အိမ်စရိတ် ထောက်ပံ့မလား အပတ်စဉ် ဗျူးတွေ ပါရမယ်။ နာမည်ကြီးစုပါတွေ့ရင် ကိုယ်ကဓာတ်ပုံတွဲရိုက်ပြီး ဗျူးဖြစ်အောင် လုပ်ပြမယ်** ဆိုတဲ့ သိုင်းကွက်တွေပါ။

"ပဥ္စမံ . . . ဒင်းတို့တွေကို တစ်ချိန်တည်းပွဲသိမ်း" "ယား"

ပဥ္စမံဒီရိုင်းနဲ့ ကျင့်နန်းမိုးတို့နှစ်ယောက် သံပြိုင် ပြိုင်တူအော်ဟစ်ရင်းက အင်တာဗျူးဂိုဏ်းသားတွေကို ဆိုင်းတီးသလိုမျိုး လေထက်မြန်တဲ့ သိုင်းကွက်နဲ့ ပွဲသိမ်းတိုက်ခိုက်လိုက်ပါတယ်။ သိုင်းကွက်က **ကြိုက်တာ ဗျူးစမ်း၊ ဒယ်ဒီတာကြိုက်မှထည့်မှာ** ဆိုတဲ့ သိုင်းကွက်ပါ။ ပဥ္စမံနဲ့ကျင့်နန်းမိုး တို့ရဲ့ သိုင်းကွက်ကို မယှဉ်နိုင်လို့ အင်တာဗျူးဂိုဏ်းသားတွေ အတုံးအရုံး လဲကျသွားပါတယ်။

"ဟား . . . ဟား . . . "

ပဥ္စမံတို့ အနောက်ဘက်ကနေ ရယ်သံကြားလို့ ကြည့်လိုက်တဲ့ အခါ ဧည့်ခံပွဲတွေက လက်ဆောင်ပေးတဲ့ ပစ္စည်းတွေကို တစ်မျိုးစီ ဆင်မြန်းထားတဲ့ အင်တာဗျူးဂိုဏ်းချုပ်ကြီး **ယွန်ဝူးဗွေ** ဖြစ်နေပါတယ်။

"ကျင့်နန်းမိုး သတိထား။ ဒင်းက **ပြဿနာမရှိ ပြဿနာဖန်တီး စာမျက်နှာပေါ်တင်** ဆိုတဲ့ သိုင်းကွက်ကို သုံးလိမ့်မယ်"

"မပူနဲ့ ပဥ္စမကြီး။ ဒင်းကို ကျုပ်တစ်ကွက်တည်းနဲ့ အနိုင်ယူ ပြမယ်"

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



"ယား" "ဖပ်" "အား"

ကျင့်နန်းမိုးက ပဥ္စမံဒီရိုင်းအနားကနေ ကိုယ်ဖော့ပြီးပြေးရင်းက လေထဲဝဲပျံနေလို့ အင်တာဗျူးဂိုဏ်းချုပ်ကြီး ယွန်ဝူးဗွေက ကျင့်နန်းမိုး ဝဲပျံနေတာကိုကြည့်ရင်း မူးသလိုဖြစ်နေချိန်မှာ ကျင့်နန်းမိုးက အလစ်ချောင်းပြီး **အင်တာဗျူးမမှန်ရင် အယ်ဒီတာချုပ်ပဲဖြစ်ဖြစ်၊ ထုတ်ဝေသူမကြိုက်ရင် နုတ်ထွက်ရမယ်** ဆိုတဲ့ သိုင်းကွက်ကို သုံးလိုက်ပါတယ်။

"ပဥ္စ . . . . ပဥ္စမံ . . . ခင်ဗျားတို့နိုင်သွားပြီပေါ့ဗျာ။ ရှေ့ . . . ရှေ့မှာ တစ်ကိုယ်တော် သိုင်းသမားတွေနဲ့ တွေ့ . . . တွေ့ . . . ရဦးမယ်"

အင်တာဗျူးဂိုဏ်းချုပ်ကြီးက စကားကို ဗလုံးဗထွေးပြောရင်းက ကျင့်နန်းမိုး တိုက်ခိုက်လိုက်တာ သိုင်းကွက်ကြောင့် မြေပြင်ပေါ်လဲကျ ငြိမ်သက်သွားပါတော့တယ်။

"ကဲ . . . ပဥ္စမံကြီး၊ အမြန်ခရီးဆက်ကြစို့ နောက်ထပ် ဘာတွေရင်ဆိုင်ရဦးမလဲ မသိဘူး" ဆိုပြီး မြင်းပေါ်ကို နှစ်ယောက်သား အသီးသီးခုန်တက်ရင်းက ရှေ့ဆက်ဖြစ်လာမယ့် အန္တရာယ်တွေကို ရင်ဆိုင်ဖို့ ပြင်ဆင်ထားလိုက်ပါတယ်။

မိုးက သဲသဲမဲမဲ ရွာနေတယ်။ ပဥ္စမံဒီရိုင်းနဲ့ ကျင့်နန်းမိုးတို့ နှစ်ယောက်လဲ လက်ကျန်သိုင်းသမားတွေကို အပြတ်ရှင်းပြီး မိုးထဲလေထဲမှာပဲ ခရီးဆက်ထွက်ခွာလာခဲ့ပါတယ်။ လရောင်ကလဲ မရှိ။ တစ်လောကလုံး မည်းမှောင်လို့ နေပါတော့တယ်။

"ဝှီး"၊ "ဝုန်း"

မထင်မှတ်ဘဲ မိုးသံလေသံကြားထဲကနေ ပေါက်ကွဲသံတွေနဲ့အတူ မီးခိုးငွေ့တွေက ပဥ္စမံဒီရိုင်းနဲ့ ကျင့်နန်းမိုးတို့ရှေ့မှာ ယှက်သန်းလို့ နေပါတယ်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



"ပဥ္စမံကြီး . . . မြန်မြန်ရှောင်။ ဒါဆပ်ပြာမှုန့်အဆိပ်ငွေ့တွေ၊ မျက်စိထဲဝင်ရင်စပ်ပြီး ရန်သူကို ပြန်မတိုက်ခိုက်နိုင်ဘဲ ဖြစ်နေမယ်"

ကျင့်နန်းမိုးက ရုတ်တရက် သတိပေးလိုက်လို့ ပဥ္စမံဒီရိုင်းလဲ သတိထားပြီး မြင်းပေါ်က ခုန်ဆင်းလိုက်ပါတယ်။

ကျင့်နန်းမိုး . . . ဒါဆပ်ပြာမှုန့်ကြော်ငြာမယ် အမျိုးသမီး သိုင်းသမားလိုင်တင်းစီပဲ။ သတိထားနော်။ သူ့ရဲ့ လှုပ်လှုပ်ခါခါ သိုင်းကွက်က ညို့ဓာတ်ပါတယ်"

ပဥ္စမံက ကျင့်နန်းမိုးကို သတိပေးနေတုန်းမှာပဲ ပဥ္စမံဒီရိုင်းနဲ့ ကျင့်နန်းမိုးတို့ရဲ့ရှေ့မှာ ခရမ်းရောင်ဝတ်စုံနဲ့ အမျိုးသမီးက ခါးကိုင်ပြီး ပိတ်ရပ်လိုက်ပါတယ်။ **ဆပ်ပြာမှုန့်ကြော်ငြာမယ် အမျိုးသမီးသိုင်းသမား လိုင်တင်းစီ** က ပဥ္စမံဒီရိုင်းတို့ကို အလွတ်မပေးတဲ့ပုံစံနဲ့ စိုက်ကြည့်နေပါတယ်။ သူ့အကြည့်က ဘယ်သိုင်းသမားယောကျ်ားကိုမှ အထင်မကြီးဘူး။ ကိုယ့်ဘာသာကိုယ် အပျိုကြီးလုပ်နေတာဆိုတဲ့ မာနမျက်နှာမျိုးနဲ့ပါ။

"ဒီမှာ . . . လိုင်တင်းစီ။ လမ်းဖယ်ပေါ့ဗျာ။ ဘာဖြစ်လို့ ဒီလိုမိုးတွေ လေတွေထဲမှာ ပဥ္စမံတို့ကို တိုက်ခိုက်ချင်ရတာလဲ"

"ဒီမှာ . . . ဒီမှာ . . . ဂျာနယ်လစ်ရာဇာသိုင်းကျမ်းကို သွားယူပြီးရလာရင် ကျွန်မအကြောင်း ဂျာနယ်ထဲထည့်ရေးမှာစိုးလို့ ရှင်တို့ကို သွားခွင့်မပြုနိုင်ဘူး။ တားလို့မှ မရဘူးဆိုရင် စမ်းကြည့်လိုက်လေ"

ဆပ်ပြာမှုန့်ကြော်ငြာမယ် လိုင်တင်းစီရဲ့ စကားမဆုံးခင်မှာ ကျင့်နန်းမိုးက ဝမ်းသာအားရနဲ့ လိုင်တင်းစီထံ ပြေးအသွားမှာပဲ . . .

"ဖပ်"

"ဝုန်"

လိုင်တင်းစီက ကိုယ်ဖော့ပြီး လေထဲခုန်တက်ရင်းက **တွန့်တာလေးကို ကြိုက်ကြတာ** ဆိုတဲ့ သိုင်းကွက်နဲ့ အဆက်မပြတ် တိုက်ခိုက်ပါတယ်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ကျင့်နန်းမိုးကလဲ သတိရှိပါတယ်။ **လာခဲ့ စာလုံးသုံးလုံးထဲနဲ့ ဆပ်ပြာမှုန့် ကြော်ငြာသီချင်းရေးပြမယ်** ဆိုတဲ့ သိုင်းကွက်နဲ့ ကာကွယ်လိုက်ပါတယ်။ ဆက်တိုက်ဆိုသလို လိုင်တင်းစီက **စတိုးဆိုင်က အင်္ကျီအသစ်ကို ရေထဲ ထည့်ပြီး ကိုယ့်ဆပ်ပြာမှုန့်သုံးသလို ဖျော့စင်ရမယ်။ အဝတ်အစားအလှ မပျက် ရွှရွှကလေး ဆပ်ပြာမှုန့်နဲ့လျှော်မယ်။ နောက်ဆုံးပေါ်စက်သစ်ကြီးနဲ့ ဖော်စပတယ်။ ကံစမ်းမဲလဲပါတယ်** ဆိုတဲ့ သိုင်းကွက်တွေကို တရစပ် သုံးရင်းက ကျင့်နန်းမိုးကို တိုက်ခိုက်လို့နေပါတယ်။ သူ့ရဲ့အတွင်းအားနဲ့ ဆပ်ပြာမှုန့်အဆိပ်ငွေ့တွေကို အသုံးပြုရင်း ခါးကလေးကိုတွန့်လို့ ညို့ခာတ် ပါတဲ့ အကြည့်လေးတွေနဲ့ ကျင့်နန်းမိုးကို အပြတ်ရှင်းဖို့ အသေအကြေ တိုက်ခိုက်နေပါတယ်။

"ယား"

ပဥ္စမံလဲ မဖြစ်ချေတော့ဘူးဆိုပြီး အတွင်းအားထုတ်သုံးရင်းက လိုင်တင်းစီရှိရာကို လေမှာဝဲပျံသွားရင်း **ဆပ်ပြာမှုန့်ကံစမ်းမဲထဲမှာ ပိုက်ဆံအပြဲတွေချည်းပဲ** ဆိုတဲ့ သိုင်းကွက်နဲ့ တန်ပြန်တိုက်ခိုက်လိုက် ပါတယ်။ လိုင်တင်းစီကလဲ ချာခနဲအလှည့် ပဥ္စမံဒီရိုင်းကလဲ သူ့ရှေ့ အရောက် လိုင်တင်းစီရဲ့ ပါးပြင်နဲ့ ပဥ္စမံဒီရိုင်းနဲ့ မျက်နှာသွားထိမိလျက် သား ဖြစ်သွားပါတယ်။

"အို" "ဟင်"

လိုင်တင်းစီထံမှ အာမေဋိတ်သံ ထွက်လာပြီး . . .

"ကျွန်မဘဝမှာ ဒီနေ့ထိ အပျိုကြီးလုပ်တာ ဘယ်ယောကျ်ားမှ ကျွန်မပါးပြင်ကို မထိဖူးဘူး။ ရှင်ဟာ ပထမပဲ။ ကျွန်မအနှစ်နှစ်အလလ စောင့်ထိန်းခဲ့တဲ့ သိက္ခာတွေ ရှင်နဲ့ကျမှ ပျက်စီးကုန်ပြီ။ ကျွန်မရှက်တယ်။ ဟင့် . . . ဟင့် . . . ရှက်တယ် . . . ရှင့်ကို ကျွန်မ အရှုံးပေးပါပြီ။ ရှင်သွားလိုရာ သွားပါတော့"

**ကြယ်ပွင့်စာပေ**

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ဘာမပြောညာမပြောနဲ့ လိုင်တင်းစီဟာ ပဥ္စမံဒီရိုင်းနဲ့ ကျင့်နန်းမိုး တို့အနားက ပြေးထွက်သွားတဲ့အခါ . . .

"လိုင်တင်းစီ . . . လိုင်တင်းစီ"

"ဝုန်း"

ကျင့်နန်းမိုးက လိုင်တင်းစီထံ အပြေးလိုက်သွားပါတယ်။ လိုင်တင်းစီထံကနေ မထင်မှတ်ဘဲ ဆပ်ပြာမှုန့်အဆိပ်ခါတ်ငွေ့ လွှတ်လိုက်တာ ကျင့်နန်းမိုးခမျာ သတိမထားမိဘဲ အလစ်ခံလိုက်ရလို့ မြေပေါ်လဲကျသွားပါတယ်။

"ပဥ္စမံကြီး ကျုပ်တော့ အဆိပ်ငွေ့ထိပြီ။ ကယ်ပါဦး။ ဒင်းရဲ့ လှုပ်လှုပ်ခါခါ ညှို့ခါတ်သိုင်းကွက်ကို သဘောကျမိလို့ ကျုပ်ဆပ်ပြာမှုန့် အဆိပ်ငွေ့ဒဏ်ခံလိုက်ရပြီ။ ကျုပ်ကိုထားခဲ့တော့ . . . ခင်ဗျားက အရေးကြီးတယ် . . . အမြန်ဆုံး ဒီအနားကသွားတော့"

ရင်ဘတ်ကို လက်နဲ့ဖိရင်း မချိမဆံ့ဝေဒနာ ခံစားနေရတဲ့ ကျင့်နန်းမိုးကို တွေ့ရတဲ့အခါ ပဥ္စမံဘယ်လို လုပ်ရပါ့မလဲ စဉ်းစားရင်း . . .

"ကျင့်နန်းမိုး . . . ခင်ဗျား ဘာမှမဖြစ်စေရဘူး . . . စိတ်ချ။ မိုးတွေလေတွေကြားထဲက ခင်ဗျားအသက်မသေဖို့ ပဥ္စမံကယ်မယ်။ ခင်ဗျား ဒီအဆိပ်ငွေ့နဲ့ မသေရဘူးဗျာ။ အားတင်းထား"

အဲဒီနောက် ပဥ္စမံဒီရိုင်းဟာ လိုင်တင်းစီရဲ့ အဆိပ်ငွေ့ဒဏ် ခံထားရတဲ့ ကျင့်နန်းမိုးကို သူ့ရဲ့မြင်းပေါ်တင်ပေးပြီး ပဥ္စမံလဲ မြင်းပေါ် တက်ရင်း ဖြည်းညင်းစွာနဲ့ မိုးတွေလေတွေ ကြားထဲကနေ ကျင့်နန်းမိုးကို အားပေးရင်း ခရီးနှင်လာခဲ့ပါတယ်။ အတော်လေးခရီးရောက်တော့ ဟိုးဝေးဝေးမှာရှိနေတဲ့ အဆောက်အအုံပျက်ကြီးကို တွေ့လိုက်ရလို့ ဝမ်းသာအားရဖြစ်ပြီး အဆောက်အအုံပျက်ကြီးဆီ အရောက်သွားလိုက်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ပါတယ်။

အဆောက်အအုံပျက်ကြီးထဲ ရောက်တဲ့အခါမှာ မီးလင်းနေတာကြောင့် အံ့အားသင့်ရင်းက ကြည့်လိုက်တဲ့အခါ အဖြူရောင်ဝတ်စုံဝတ်ဆင်ထားပြီး မျက်မှန်တပ်ထားတဲ့ အသက် ၆၀ ကျော်အရွယ်လူတစ်ဦးကို တွေ့လိုက်တဲ့အခါ ပဥ္စမံပိုအံ့အားသင့်သွားပါတယ်။ သူက သိုင်းလောကမှာ နာမည်ကြီးတစ်ယောက်ပါပဲ။ သူ့အမည်က ထင်တာလုပ်၊ ဘယ်သိုင်းသမားမှ ဂရုမစိုက်၊ အားလုံးကို လေးစား၊ လူငယ်သိုင်းသမားတွေဆို မြေတောင်မြှောက် လူငယ်တွေဘက်က အမြဲတန်းရပ်နေတဲ့ **ပို့စ်မော်ဒန်သိုင်းဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီးယွန်ယော်ဝေါင်** ဖြစ်နေလို့ပါပဲ။

"အား . . . ရင်ဘတ်ထဲက အောင့်လိုက်တာ ပဥ္စမံကြီးရယ် . . . မျက်စိတွေကလဲ ပြာလာပြီ . . . "

အဆောက်အအုံပျက်ကြီးထဲ ရောက်ရောက်ချင်းမှာပဲ ကျင့်နန်းမိုးက ဒဏ်ရာနာကျင်လာလို့ ညည်းတွားနေပါတယ်။

"ဒီလိုကိုလာခဲ့"

မျက်မှန်ထူထူနဲ့ ပို့စ်မော်ဒန်သိုင်းဂိုဏ်းချုပ် ယွန်ယော်ဝေါင်က လှမ်းခေါ်တဲ့အတွက် သူ့ထံရောက်ရှိသွားပါတယ်။ အနီးအနားမှာ မီးကဖိုထားတော့ နွေးထွေးနေပါတယ်။

"ဟာ . . . ဒီကောင် ဆပ်ပြာမှုန့်အဆိပ်ငွေ့မိလာတာပဲ . . . မဖြစ်ဘူး . . . တစ်ကိုယ်လုံးမပျံ့ခင် အမြန်ဒီအဆိပ်ငွေ့ကိုထုတ်ပစ်ရမယ်. . . "

"ယား . . . ဖျပ် . . . ဖျပ် . . . ဖျပ် . . . "

တစ်ဆက်တည်းဆိုသလို နံပြားရိုက်သလိုမျိုး ပို့စ်မော်ဒန်ဂိုဏ်းချုပ်ကြီးက လက်နှစ်ဖက်နဲ့ ကျင့်နန်းမိုးကျောပြင်ကို အဆက်မပြတ်ရိုက်လိုက်တယ်။ ကျင့်နန်းမိုးရဲ့ ခပ်သဲ့သဲ့အော်သံနဲ့အတူ ဆပ်ပြာမြှုပ်တွေ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ပါးစပ်ထဲက ထွက်ကျလာပါတယ်။

"မိထားတဲ့ အဆိပ်တွေကတော့ အန်ထွက်ကုန်ပြီ။ ဒီကောင့်ကို ကိုယ်ခံအားတွေ ပြန်ကောင်းလာအောင် ဆေးတိုက်ရမယ် . . ."

ပို့စ်မော်ဒန်ဂိုဏ်းချုပ်ကြီး ယွန်ယော်ဝေါင်က ပြောရင်းဆိုရင်း လွယ်အိတ်ထဲက ပန်းကန်လုံးတစ်လုံးကိုထုတ်လို့ အစိမ်းရောင်ဆေးရည်တွေကို ပုလင်းတစ်လုံးထဲကငှဲ့ထည့်ပြီး ကျင့်နန်းမိုးကို တိုက်လိုက်တယ်။

"ဒီဆေးက တို့ရဲ့ရှေ့က ပို့စ်မော်ဒန်ဆရာ့ဆရာကြီးတွေ ဖော်စပ်ခဲ့တဲ့ဆေးနည်းကို ထပ်မံတီထွင်ထားတဲ့ အတွင်းအားကောင်းဆေးကွ၊ သူ့ကို **ဖျတ်ခနဲလင်းပွင့်မှု သိစိတ်အလျဉ်၊ ရည်ရွယ်ချက်နဲ့ ဇာတ်လမ်းမရှိလို့** အမည်ပေးထားတယ် . . ."

သံသရာသည် အလွန်ရှည်၏။ ဘဝသံသရာသီချင်းကို အားလုံးဆိုကြပါ။ ကံ့ကော်ပန်းများမွှေးသည်။ လှပြီးမွှေးသော ကံ့ကော်ပန်းများကို ပန်ဆင်ပါ။ မရောင်းစားကြပါနှင့်။ ကြော်ငြာသည် သီချင်းလား၊ သရုပ်ဆောင်လား၊ ကုန်ပစ္စည်းအတွက်လား။ ငိုသောရုပ်ရှင်ဇာတ်ကားများ အကယ်ဒမီရသည်။ ရှိတ်စပီးယားက ဘဝသည် ဇာတ်ခုံဖြစ်သည်ဟု ပြောသည်။ နေပူသည်။ ရေခဲရေ သောက်ချင်သည်။ ဈေးတက်သည်။ ပါးချိုင့်လေးနှင့် မော်ဒယ်ကောင်မလေးလှသည်။ ပွဲတော်နားနီးပြီ။ ကလေးတွေ ပျော်ကြသည်။ အာလူးနှင့် ကြက်သားဟင်း အလွန်ကောင်းသည်။ ဧရာဝတီမြစ်က စီးမြဲပင်။ ပြီးတော့ ဘာမှမဟုတ်။ ငါဘယ်သူလဲ။

ယွန်ယော်ဝေါင်က အထက်ပါစာသားတွေကို တစ်ကိုယ်တည်း တိုးတိုးလေး ရွတ်ဆိုနေပါတယ်။ ကျင့်နန်းမိုးက ဆေးသောက်ထားပြီး မှိန်းနေလေရဲ့။ ပဥ္စမံဒီရိုင်းက ယွန်ယော်ဝေါင်ရွတ်ဆိုနေတဲ့ စကားသံတွေကို ကြားရတော့ မထင်မှတ်လောက်အောင် အံ့အားသင့်မိပါတယ်။ ဘာဖြစ်လို့လဲဆို ယွန်ယော်ဝေါင်ရွတ်ဆိုနေတဲ့ စကားလုံးတွေဟာ ပို့စ်မော်ဒန်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ဂိုဏ်းချုပ်ကြီးရဲ့ ဂိုဏ်းချုပ်ကြီးတွေ သံဝေဂတရားရပြီး သိုင်းလောကကနေ စွန့်ခွာသွားတဲ့အခါ ရွတ်ဆိုတဲ့ သံဝေဂစာသားတွေ ဖြစ်နေလို့ပေါ့။ ယွန်ယော်ဝေါင်က တကယ်ပဲ သိုင်းဂိုဏ်းချုပ်ရာထူးကနေ စွန့်တော့မယ် အထင်နဲ့။

"အဘ . . . ဒီစာသားတွေကိုရွတ်နေတော့ အဘက သိုင်းလောကကနေ စွန့်ခွာတော့မှာလား၊ ကျွန်တော်က ဟောဟိုက ကျင့်နန်းမိုးနဲ့ လေထန်ကုန်းတောင်ပေါ်ကိုသွားပြီး ဂျာနယ်လစ်ရာဇာသိုင်းကျမ်းကို ရယူကာ သိုင်းလောကကြီးကောင်းလာအောင် ပြုပြင်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့လာတာ။ အခု အဘကိုတွေ့လို့ အားတက်ပြီး အကူအညီ တောင်းမယ်လို့ စိတ်ကူးနေတုန်း အဘက သိုင်းဂိုဏ်းချုပ်ဘဝက စွန့်ခွာတော့မယ်ဆိုတော့ . . ."

"ဟား . . . ဟား . . . ဟား . . . လောကကြီးက ဒါပါပဲဟေ့ . . . ရယ်ရတယ် . . ."

ပဉ္စမံဒီရိုင်းခမျာ ရုတ်တရက်ဆိုသလို ယွန်ယော်ဝေါင်ရဲ့ ရယ်မောသံကြောင့် လန့်သွားပါတယ်။

"ကဲကွာ . . . မင်းအိပ်လိုက်ဦး . . . အချိန်က အတော်လင့်ပြီ . . . မနက်ရောက်ရင် ကျင့်နန်းမိုးလဲ လုံးဝပကတိ ကောင်းသွားမှာပါကွာ . . . အဲဒီတော့မှ မင်းတို့နှစ်ယောက်ကိုထပ်ပြီး အံ့သြစရာတစ်ခု ပြရဦးမယ်. . ."

ပဉ္စမံဒီရိုင်းလဲ ကျင့်နန်းမိုးရဲ့ဘေးမှာ လှဲချလိုက်ရင်း မောမောနဲ့ အိပ်ပျော်သွားပါတယ်။ နိုးလာတဲ့အခါ မိုးလင်းလို့ နေပြင်းပြင်းပူနေပါပြီ။ ကျင့်နန်းမိုးကလဲ ဒဏ်ရာတွေ ပျောက်ကင်းသွားလို့ ယွန်ယော်ဝေါင်နဲ့အတူ ပေါက်စီစားလို့နေပါတယ်။

"ပဉ္စမံကြီးရေ . . . လာဟေ့ . . ."

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ကျင့်နန်းမိုးက လှမ်းခေါ်လို့ ပဥ္စမံဒီရိုင်းလဲ သူတို့အနီးအနား သွားလိုက်ပါတယ်။

"ဒီမှာ ပဥ္စမံနဲ့ ကျင့်နန်းမိုး ကြည့်စမ်း"

"ဟာ . . . "

ယွန်ယော်ဝေါင်က သူ့ရင်ဘတ်ကြားထဲကနေ အထုပ်တစ်ထုပ်ကို ထုတ်ယူပြီး ဖြေပြလိုက်တဲ့အခါ ပဥ္စမံဒီရိုင်းကော ကျင့်နန်းမိုးပါ လုံးဝ မထင်ထားတဲ့ ရွှေရောင်ကတ္တီပါဖုံးနဲ့ ဂျာနယ်လစ်ရာဇာသိုင်းကျမ်းကြီး ဖြစ်လို့နေပါတယ်။

"အဘ ဒါ . . . ဒါ . . . အဘလက်ထဲ ဘယ်လိုရောက်လာ တာလဲ. . . "

ပဥ္စမံဒီရိုင်းက အံ့ဩတကြီး အထစ်ထစ်အငေါ့ငေါ့ မေးလိုက်တဲ့ အခါမှာတော့ . . .

"လောကကြီးဟာ သိပ်ပြီးအံ့ဩဖို့ သံဝေဂရဖို့ ကောင်းတယ်ကွာ . . . တကယ်တော့ မင်းတို့အပါအဝင် သိုင်းလောကသားတွေက ဒီဂျာနယ်လစ်ရာဇာသိုင်းကျမ်းကြီး လေထန်ကုန်းတောင်မှာ ရှိနေတယ်လို့ ထင်နေကြတာကိုက အမှားကွ၊ သိုင်းကျမ်းက လေထန်ကုန်းတောင်ပေါ်မှာ မရှိဘူး၊ ဒီလိုကွ . . .

တစ်နေ့မှာ ငါလဲ မထင်မှတ်ဘဲ မြင်းစီးလာရင်း မြင်းကခြေချော် ဇက်ကြိုးပြတ်လို့ လန့်ပြီးပြေးမိပြေးရာပြေးရင်းက လှိုဏ်ကြီးတစ်ခုထဲ ကျသွားတယ်။ အဲဒီလှိုဏ်ကြီးထဲမှာ ရေတံခွန်တစ်ခုရှိတယ်။ အဲဒီ ရေတံခွန်အဝမှာ ဂူတစ်လုံးတွေ့လို့ ဝင်ကြည့်လိုက်တဲ့အခါ ဂူထဲမှာ ရောဂါ ဝေဒနာ ခံစားနေရတဲ့ လူတစ်ယောက်ကို တွေ့ရတယ်။ ကြည့်လိုက်တော့ ဂျာနယ်လစ်ရာဇာသိုင်းကျမ်းကိုရထားတဲ့ သိုင်းဇကေရာဇ်ကြီး ချွန်ဖြတ်ချိုင် ဖြစ်လို့နေတယ်။ အတွင်းဒဏ်အပြင်းအထန် ရနေတယ်ပေါ့။ သူ့ဘဝမှာ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ဒီသိုင်းကျမ်းကိုရဖို့ ကြိုးစားခဲ့ရပေမယ့် ဒဏ်ရာဒဏ်ချက်အမျိုးမျိုးနဲ့ သောကတွေ ဒုက္ခတွေပဲ ရခဲ့တယ်။ အခုကွယ်လွန်ခါနီးမှာ ဒီသိုင်းကျမ်းကြီးကို ငါ့လက်ထဲထည့်ပြီး သိုင်းလောကကောင်းကျိုးအတွက် လုပ်ပါလို့ တတွတ်တွတ်မှာကြားရင်း ကွယ်လွန်သွားရှာတယ်။

ငါလဲ ဒီသိုင်းကျမ်းကြီးကိုကိုင်ပြီး စဉ်းစားတယ်။ ဘာလုပ်ရမလဲပေ့ါ။ ကိုယ်ကလဲ အသုံးချဖို့ မလိုတော့ဘူးဆိုတော့လေ။ ကိုယ့်အယူအဆ ကိုယ့်ပညာရပ်တွေအတွက် တိုက်ကြခိုက်ကြရင်း တွေ့သမျှလူနဲ့ ရန်ဖြစ်နေရတယ်။ ဒါတွေဟာ သုညပါကွာ၊ အကောင်းဆုံးက ဒီသိုင်းလောကကြီးကို စွန့်ခွာတာအကောင်းဆုံးပဲ။ မင်းတို့နှစ်ယောက် ဒီဂျာနယ်လစ်ရာဇာ သိုင်းကျမ်းကြီးနဲ့ သိုင်းလောကရဲ့ ကောင်းကျိုးတွေကို ထမ်းရွက်ပါ"

ပြောရင်းဆိုရင်း အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားတဲ့ ပို့စ်မော်ဒန်ဂိုဏ်းချုပ်ကြီး ယွန်ယော်ဝေါင်တစ်ယောက် ပဉ္စမံဒီရိုင်းတို့အနားက ထွက်ခွာသွားပါတယ်။ ပဉ္စမံဒီရိုင်းရဲ့လက်ထဲမှာ ဂျာနယ်လစ်ရာဇာ သိုင်ကျမ်းကြီး ကိုင်မိလျက်သားပေ့ါ။

"ကဲ . . . ပဉ္စမံကြီးရေ ဂျာနယ်လစ်ရာဇာသိုင်းကျမ်းကြီးကို လူ့အသက်တွေ စတေးမခံရဘဲ ရခဲ့တာကိုက သိပ်တန်ဖိုးရှိနေပြီ၊ လာဗျာ . . . ဒီသိုင်းကျမ်းကြီးသုံးပြီး ဂျာနယ်လစ်သိုင်းလောကကြီးကို ကယ်တင်ရအောင် . . . "

ကျင့်နန်းမိုးက အဲဒီလိုပြောရင်း မြင်းပေါ်ပြေးတက်လိုက်ပါတယ်။ ပဉ္စမံဒီရိုင်းလဲ ကျင့်နန်းမိုးနဲ့အတူ လိုက်ပါလာခဲ့ပါတယ်။ စိတ်တွေကတော့ ရှင်ဖုန်းခွင်ထံ ရောက်နေလေရဲ့။ မထင်မှတ်ဘဲ ဂျာနယ်လစ်ရာဇာသိုင်းကျမ်းကိုရလာတဲ့ ပဉ္စမံဒီရိုင်းကိုမြင်ရရင် ဘယ်လောက်ကြည်နူးနေရှာမလဲလို့ ရင်ခုန်တွေးတောရင်းပေ့ါ။ ပဉ္စမံလာပြီ ရှင်ဖုန်းခွင်ရေ . . . ။

ပဉ္စမံဒီရိုင်းနဲ့ ကျင့်နန်းမိုးတို့နှစ်ယောက် မြင်းကိုဖြည်းညင်းစွာ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



စီးရင်း ပဉ္စမံဒီရိုင်းရဲ့လက်ထဲက ဂျာနယ်လစ်ရာဇာသိုင်းကျမ်းကြီးကို ထုတ်ပြီး ဘယ်လိုသိုင်းကွက်တွေများ ပုံဖော်ပြုစုထားသလဲလို့ ဖွင့်ကြည့်လိုက်တဲ့အခါ ဘာသိုင်းကွက်မှ မတွေ့ရပါဘူး။ ရှားရှားပါးပါး တွေ့မြင်လိုက်ရတဲ့ စာတန်းတစ်ခုကတော့ အောက်ပါအတိုင်းဖြစ်ပါတယ်။

**ကွယ်လွန်တိုင်းမပြီးပါ။**

(ဂျာနယ်လစ်ရာဇာသိုင်းကျမ်း ပြီးပါပြီ။)

ပြည်မြန်မာသတင်းဂျာနယ်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဥ်တင်ဆက်သည်

